www.burmeseclassic.com

# ရွက်ကြမ်းရေကြို




www.burmeseclassic.com

www.burmeseclassic.com

# ရွက်ကြမ်းရေကြို


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၃၇၁၀၄၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၃၆၈၀၄၀၇ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၇ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေသူ | - | မျိုးမင်းသန်း (၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>အမှတ်(၃၆၇)၊<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း။<br>ရန်ကုန်။ ဖုန်း ၇၀၀၅၇၉ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | - | ဦးဇော်မင်းအေး (၀၇၁၂၅)<br>ဇော်ပုံနှိပ်တိုက်<br>အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း<br>သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | - | ခိုင်လင်း (openeyes) |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

## ဖြန့်ချိရေး

မျက်ပွင့်စာပေ

အမှတ်(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။ (ဗိုလ်ဆွန်ပက်လမ်းထိပ်)

ရန်ကုန်။ ဖုန်း ၇၀၀၅၇၉


www.burmeseclassic.com

www.burmeseclassic.com


ရုရှားအရုပ်ဆိုတာရှိပါတယ်။ အရုပ်တစ်ခုရဲ့ အပေါ်ဆုံးအလွှာကို ဖြုတ်ထုတ်လိုက်ရင် အထဲမှာ ပုံသဏ္ဌာန်တူ အခြားအရုပ်တစ်ခု ထွက်လာပါတယ်။ အဲဒီအရုပ်ကို ထပ်ပြီးဖြုတ်ထုတ်လိုက်ရင် အထဲမှာ ပုံသဏ္ဌာန်တူ နောက်ထပ်တစ်ရုပ်။ အဲဒီလို တစ်ခုပြီး တစ်ခု ဖြုတ်ထုတ်ရင်း တဖြည်းဖြည်းသေးသွားတဲ့ ပုံစံတူ အရုပ်ကလေးတွေ ရလာပါတယ်။ ဒီလိုပဲ သူတို့နှစ်ယောက်ရဲ့ ဒီနေ့ပစ္စုပ္ပန်ဆိုတာကို ခွာချလိုက်ရင် မနေ့ကဆိုတဲ့ အတိတ်ကို ရလာပါတယ်။ မနေ့ကဆိုတဲ့ အတိတ်ကို ခွာချလိုက်ရင် တစ်နေ့က။

အဲဒီလို ဆင့်ကဲ ဆင့်ကဲ ခွာချလိုက်မယ်ဆိုရင်. . .


www.burmeseclassic.com

www.burmeseclassic.com



'အဲဒီညက
လရောင် မစိုမိအောင်
ငါ့ကိုယ်ငါ ထုပ်ပိုးပြီး
ငေးငိုင်နေမိတယ်။
အရုပ်ဆိုးဆိုး ပက်ကျိတစ်ကောင်
သူ့အခွံထဲ ပုန်းခိုနေသလိုမျိုး။

အဲဒီညက လရောင်က ရက်ရက်ရောရော ဖြာနေပါတယ်။ တိတ်ဆိတ်နေတဲ့ ရပ်ကွက်လေးထဲ ညဥ့်ငှက်သံမြည်သံကလွဲလို့ အရာအားလုံး ငြိမ်သက်လို့။ လမ်းထိပ်က မီးကင်းတဲလေးတောင် အိပ်မောကျနေပုံပဲ။ မီးကင်းစောင့်တဲ့လူကလည်း တုတ်တုတ်မျှမလှုပ်။ အိပ်ပျော်နေတဲ့ပုံပါပဲ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာများ ဟောက်သံလေးတောင် ပေးဖော်မရဘူး။

ဒါပေမယ့် အဲဒီညမှာ အိပ်မပျော်တဲ့ လူတစ်ယောက်ရှိပါတယ်။ အဲဒီလူကတော့ ကဗျာဆရာလေးပါ။ ကဗျာဆရာလေးက သူ့အိမ်ကုပ်ကုပ်လေးရဲ့ ပြတင်းပေါက်ကို ဟင်းလင်းဖွင့်ပြီး ဒီညရဲ့ ဒီလကို အပီအပြင် ခံစားလို့နေပါတယ်။

'အား၊ တယ်ကောင်းတဲ့ငါပါလား။ ဒီလိုညမျိုးကို ငါတစ်ယောက်တည်း အပိုင်ရတယ်'

ကဗျာဆရာလေးက ကျေကျေနပ်နပ်ကြီး တစ်ကိုယ်တည်း ပြောလိုက်တာပါ။ ဒီလိုညမျိုးမှာ ကဗျာတစ်ပုဒ်လောက်မှ မရေးဖြစ်ရင် ဒီကမ္ဘာကြီးအတွက် အတော်နစ်နာသွားမှာပဲ။ ဒီလိုရခဲလှတဲ့ မဟာဒုလ္လဘ အခွင့်အရေးကြီးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒါနဲ့ပဲ ကဗျာဖော် အပေါက် ဘောလ်ပင်ကို ကောက်ပြီး ချရေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


'အဲဒီအချိန်မှာ
လရောင်တစ်မျှင်က
ငါ အခွံတံခါးကို လာခေါက်
တစ်ဒေါက်ဒေါက်နဲ့
မင်းဘယ်သူလဲ။
အိုရှင့် ကဗျာဆရာ
ဘယ်အတွက်ကြောင့်များ
လရောင်ကို မုန်း
ညကို ပုန်းနေလျှော့သလား
ထလှည့်ပါ
ကလှည့်ပါ
ကျွန်မ လနတ်သမီးနဲ့
ရင်ဘတ်ချင်းထပ်
နှလုံးသားချင်းကပ်လို့
ကလှည့်စမ်းပါ။

စိတ်ကူးထဲမှာ ကဗျာဆရာဟာ လနတ်သမီးနဲ့ ကခုန်နေပါတယ်။ သူ့ခမျာလည်း စိတ်ကူးထဲမှာပဲ မိန်းမနဲ့တွဲရတာပါ။ အပြင်မှာတော့ အင်မတန် အင်မတန် ကုသိုလ်နည်းရှာတဲ့လူပါ။ မိန်းမနဲ့ တွဲချင်ရှာလွန်းလို့ ရပ်ကွက်ဘုံကထိန်မှာ ဦးရွှေရိုးလုပ်တာတောင်မှ ဒေါ်မိုးလုပ်မယ့်သူ မရှိတာနဲ့ အခြောက်ကြီးနဲ့ တွဲကလိုက်ရတာပါ။ အခုစိတ်ကူးထဲမှာတော့ လနတ်သမီးနဲ့ အချစ်ဇာတ်လမ်းခင်းမလို့ ကြံနေပါတယ်။ အင်း သူ့စိတ်ကူးထဲဆိုတော့လည်း ဘယ်သူမှ ကန့်ကွက်လို့ မရဘူးပေါ့။ ကဗျာဆရာက သူ့ရျာန်ဝင်စားမှုကို upgrade လုပ်လိုက်ပြီး ဘောလ်ပင်ကောက်ကိုင်လိုက်ပါတယ်။ ဒါပေမယ့် သူ ကံမကောင်းရှာပါဘူး။ ဘောလ်ပင်ဆီ လက်လှမ်းလိုက်ရုံရှိသေး. . .

"အူဝဲ၊ အူဝဲ၊ အူဝဲ"

"ဟိုက်"

လရောင်ကို ဟက်တက်ခွဲပြီး စူးစူးရှရှ ထွက်လာတဲ့ ကလေးငိုသံ။ မျက်မှန်လွဲရော ဒါ လနတ်သမီး အရင်ယောကျ်ားနဲ့ရတဲ့ ကလေးများ


www.burmeseclassic.com

www.burmeseclassic.com

လား။ အဲလေ ဘာတွေများချော်တွေးနေမိပါလိမ့်။ ကဗျာဆရာတာ အသေအချာ နားစွင့်လိုက်ပါတယ်။

"အူ အု. . . အဲ အဲ. . . ဝဲ ဟဲ ဟဲ"

ကလေးငိုသံက ဆွဲဆွဲငင်ငင် ဖြစ်လာပါတယ်။ ဒါ သူ့ခြေရင်း အိမ်ကပဲ။ သေချာပါပြီ။ ခြေရင်းအိမ်က မဗိုက်တစ်ယောက်စူပူးကွဲပြီ ထင်ပါရဲ့။ ဟို လေးငါးရက်လောက်ကတော့ အထုပ်အပိုးတွေနဲ့ ဆေးရုံကို သွားတာတော့ တွေ့သား။ ဘယ်အချိန်က မွေးပြီး အိမ်ပြန်ရောက်နေပါ လိမ့်။ ကလေးလေးက သူ့အိမ်သူ့ယာမှာ ပထမနေ့ ပထမညဆိုတော့ သိပ်အထာမကျသေးဘူး ထင်ပါရဲ့။ တအဲအဲ တပြပြနဲ့ လောကကြီးကို စိန်ခေါ်နေပါတယ်။ သူ ငိုတာက အရေးမကြီးဘူး။ ကဗျာဆရာလေးမှာ တော့ ဖီလင်တွေ အောက်ကုန်တယ်။ လနတ်သမီးလည်း ဘယ်လစ်သွား မှန်း မသိဘူး။ သူလည်း ကလေးထိန်းရမှာ ကြောက်လို့ထင်ပါရဲ့။

"အု. . အူ. . အဲ. . ဝဲ. . ဟဲ ဟဲ"

ကလေးရဲ့ငိုသံက ကီးမြင့်လာတယ်။ ဇော်လျှမ်းလည်း ကျယ်လာ တယ်။ မီးကင်းစောင့်တဲ့ ပုဂ္ဂိုလ်လေးတောင် အခုမှ လန့်နိုးလာပြီး ကဗျာ ကယာ သံချောင်းခေါက်လိုက်ပါတယ်။

"ဒေါင်၊ ဒေါင်. . . ဒေါင်"

ဟုတ်မဟုတ်တော့ မသိဘူး။ ခေါက်ထည့်လိုက်တာတော့ ဆယ့်နှစ်ချက်တိတိ။ ကိုယ်လူနဲ့ ကိုယ့်ရပ်ကွက်ပဲ။ မှားသွားတော့လည်း ဘွာတေးပေါ့။ ဘယ်သူမှလည်း ဂရုတစိုက်ရေတွက်နေမှာမှ မဟုတ်တာ။ သံချောင်းခေါက်သံအဆုံးမှာ ကလေးရဲ့ငိုသံက ကာလာချိန်းသွားပါ တယ်။ ကဗျာဆရာလေးရဲ့ ခြေရင်းတစ်အိမ်ကျော်က အဖိုးကြီးအဖွားကြီး လင်မယားအိမ်က လှုပ်လှုပ်ရွရွ အသံတွေကြားရတယ်။

ကလေးကတော့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုတုံးပါ။ ဟာ ဒီလင်မယား ဟုတ်ရော ဟုတ်ရဲ့လား မသိဘူး။ ဒီလောက် ကလေးငိုနေတာတောင် နိုးပုံမရဘူး။ ကဗျာဆရာက မနေနိုင်မထိုင်နိုင် ပြတင်းပေါက်က ကျော်ပြီး ခြေရင်း အိမ်သွားနိုးပါတယ်။

"ဗျို့၊ ကိုအောင်ချမ်း၊ ဗျို့ မတိုးတိုး"

နိုးပုံမရပါဘူး။ ဒါနဲ့ နံရံကို တစ်ဗုန်းဗုန်းနဲ့ ရိုက်နိုးရတယ်။ ...းစပ် တလည်း


www.burmeseclassic.com

www.burmeseclassic.com


"ဗျို့ ကိုအောင်ချမ်း"

အဲဒီတော့မှ

"ဘယ်သူလဲကွ၊ ဆူညံဆူညံနဲ့၊ ဒါ လူတွေ အိပ်ချိန်ကွ၊ နားမလည်ဘူးလား. . . ဝါး"

အမယ် သူကပဲ တစ်ပြန်စီးဟောက်နေရသေး။ ကဗျာဆရာလေးက စိတ်တိုတိုနဲ့ ပြန်အော်လိုက်ပါတယ်။

"ဟေ့လူ၊ အိပ်ချင်မူးတူးနဲ့ လျှောက်အော်မနေနဲ့။ ခင်ဗျားတို့ ကလေးငိုနေတာ တစ်ရပ်ကွက်လုံး နိုးတယ်။ ခင်ဗျားတို့ မနိုးလို့ အော်နှိုးနေတာ"

"ကလေး. . . ဘယ်က ကလေးလဲ. . ."

အရေးထဲ ကိုအောင်ချမ်းဆိုတဲ့လူက သူ့ကလေးသူမေ့နေပြန်ပါပြီ။

"အခု ငိုနေတာ ခင်ဗျားကလေးမဟုတ်ဘူးလား"

"ကလေး၊ ဟာ. . . ဟုတ်တယ်။ မိန်းမထပါဦး။ ကလေး၊ ကလေး ငိုနေတယ်"

"အင်း၊ အဲ"

အခုမှပဲ ကိုအောင်ချမ်းရဲ့ မဟေသီက နိုးလာပုံပါပဲ။ ဒီလောက် ပွတ်လောရိုက်နေတာ၊ ဒင်းက အိပ်ပျော်တော်မူသေးတယ်။ ကာလနဂါးဆိုက သွေးဆေးဖော်မျူလာများ ရထားသလား မသိဘူး။

"ကလေး၊ ဟုတ်လား၊ ဘယ်မှာလဲ၊ ရှာပါဦး"

တော်တော့်ကို ဟုတ်တဲ့ လင်မယား၊ ကိုယ့်ကလေးကို ဒီလောက်တောင် ဂရုစိုက်ရလား မသိဘူး၊ ကလေးခမျာ ငိုနေရတာ အသံတွေ တောင်ပြာလို့"

"ခင်ဗျားတို့ကလည်း ဒီလောက်တောင် အိပ်ရလားဗျ"

"အဟီး၊ ဆေးရုံမှာ အတော်ပင်ပန်းတာဗျာ။ လင်ကိုယ်မယားဖက် နှစ်ယောက်တည်း ဆိုတော့ သေချင်စော်နံရောဗျို့။ အမျိုးတွေက စစ်ကိုင်းမှာဆိုတော့ မလာနိုင်ကြဘူး။ ကဗျာဆရာရေ ခင်ဗျားလည်း မိန်းမယူမယ်ဆိုရင် ဒါတွေပါ ထည့်စဉ်းစားဦးဗျို့"

"အေးပါဗျာ၊ ဒါနဲ့ ဘာလေးလဲဗျ၊ ဒီလောက် ငိုတဲ့ကလေး၊ မနက်ကျမှ လာကြည့်ဦးမယ်"

"မိန်းကလေးဗျ၊ ကျွန်တော်တော့ ကန်တော့ပွဲ စားရပြီ"


www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ စီးပွားတွက် တွက်နေသေးတယ်။ ကဗျာဆရာက ပြတင်းပေါက်ကနေ ကျော်ပြီးတော့ပဲ သူ့အိမ်ထဲ ပြန်ဝင်လိုက်ပါတယ်။ ကလေးကတော့ အငိုတိတ်သွားပါပြီ။ လကလည်း သာနေတုံးပါပဲ။ ဒါပေမယ့် ကဗျာလေးက တို့လို့တန်းလန်း။

"ဆိုးလိုက်တဲ့ ငါ့ကံ၊ အပြင်မှာတင် မဟုတ်ဘူးလား၊ အောင့်မေ့တယ်။ စိတ်ကူးထဲမှာတောင်လိုက်ပြီး အဆင်မပြေပါလား။ အော် မိန်းမ၊ မိန်းမ၊ ဘယ်ဘဝကျမှ ကိုင်တွယ်သုံးစွဲရမှာပါလိမ့်နော် ဟင်း။ အိမ်ထောင်လုံးဝမကျဖူး၊ ရည်းစားတစ်ခါမှ မထားဖူးတဲ့ အသက်သုံးဆယ်ကျော်တွေကို ဟန်းဖုန်းပေးမယ်ဆိုရင် ငါအရင်ဆုံးရမှာပဲ"

ကဗျာဆရာလေးက သောင်စဉ်ရေမရ စဉ်းစားရင်း ဘောလ်ပင်ကို တဒေါက်ဒေါက် ခေါက်နေစဉ်မှာပဲ ကဗျာပိုးက အစွမ်းပြလာပါတော့တယ်။ ကဲ လာလေရော့။

လကလေးက ဝိုင်းစက်စို
မီးမီးလေးက ငို။
ငိုပါသော်ငြား၊ ငိုသော်ငြား
သူ့ အဖေ အမေက မကြား။
ကင်းသမားက ငုတ်တုတ်ထိုင်
အိပ်ရေးပျက်လို့ မှိုင်
သံချောင်းကိုင်ကာ နာနာနှက်
သန်းခေါင် ဆယ့်နှစ်ချက်။
ငိုသံကြားတော့ ကဗျာဆရာ
စိတ်ကူးပျက်ရရှာ။
ဟဲ့ ဒိုင်ယာနာ ပြန်လာခဲ့
ကလေးလာထိန်းကွဲ့။
လမင်းကြီးက ဝိုင်းစက်စို
မီးမီးလေးကငို
ကဗျာဆရာ နာမည်ပေး။
'တီတာအောင်ချမ်း' လေး။

ကဗျာတစ်ပုဒ်တော့ ဖြစ်သွားပါပြီ။ အချစ်ကဗျာမဟုတ်ဘဲ ကလေးကဗျာလေးပါ။ မနက်မိုးလင်းတော့ ကဗျာဆရာက စာရွက်လေး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြီး ခြေရင်းအိမ်ကို ကူးသွားပါတယ်။ ကလေးအဖေ ကိုအောင်ချမ်းတ ကဗျာဖတ်ကြည့်ပြီး သဘောတွေကျလို့။

"ကောင်းတယ်ဗျာ၊ ဒါဆိုရင် သမီးလေးနာမည်က တီတာအောင်ချမ်းပေ့ါ၊ ဟေး ဟေး။ ကဗျာဆရာစိတ်ကူးက အတော်ကောင်းတာပဲ။ ဒါတောင် ခင်ဗျားကဗျာတွေက မစွံရှာဘူးနော်။ ကျွတ် ကျွတ်။ ဒါနဲ့ ဒိုင်ယာနာဆိုတာ အင်္ဂလန်က တော်ဝင်မင်းသမီး မဟုတ်လား။ ဘာကြောင့် သူ့ကို ကလေးထိန်းခိုင်းရတာတုံး။ အော် ဟုတ်ပြီ။ သူ မင်းသမီးမဖြစ်ခင် နေ့ကလေးထိန်းကျောင်းမှာ လုပ်ဖူးတာကိုး"

"ဟာ၊ ကျုပ်ရေးတဲ့ ဒိုင်ယာနာက အဲဒီဒိုင်ယာနာမဟုတ်ဘူး။ လနတ်သမီးကို ပြောတာ"

"အော်၊ လနတ်သမီးနာမည်က ဒိုင်ယာနာတဲ့လား။ မသိပါဘူးဗျာ။ ဒါနဲ့ သူက ဆန်ဖွပ်တဲ့ အဖိုးကြီးနဲ့ ဘာတော်တုံး"

ရှုပ်ကုန်ပါပြီ။ အရှေ့တိုင်း ပုံပြင်နဲ့ အနောက်တိုင်း ဒဏ္ဍာရီနဲ့တော့ ရောကုန်ပါပြီ။ ကဗျာဆရာလည်း ရှည်ရှည်ဝေးဝေး မပြောတော့ပဲဘဲ. .

"အဲဒီ အဖိုးကြီးကို လနတ်သမီးက လစာပေးပြီး အစောင့်ထားတာ။ တော်တော်ကြာ အမေရိကန်တို့၊ ရုရှားတို့၊ တရုပ်တို့က လပေါ်တက်ပြီး မြေကွက်ရိုက်သွားမှာစိုးလို့။ နတ်သမီးက လပေါ်မှာ မနေနိုင်ဘူး။ ဗျူတီပါလာလည်း မရှိ။ shoping mall လည်းမရှိ ဆိုတော့ ပျင်းတယ်လေ"

"အော် ဒီလိုလား၊ မသိပါဘူးဗျာ"

"ဒါနဲ့ ခင်ဗျား သမီးလေးကို ပြပါဦးဗျ"

ကိုအောင်ချမ်းက ခြင်ထောင်လေးကို အသာလှစ်လို့ ကလေးကို ပြပါတယ်။ ကလေးလေးက အခုမှ အတိုးနဲ့ အရင်းပေါင်းပြီး အိပ်ပျော်နေပါတယ်။ ကလေးကို ကြည့်ပြီး ကဗျာဆရာ စိတ်ညစ်သွားတယ်။

"ဆိုးလိုက်တဲ့ရုပ်။ ငါပေးတဲ့ နာမည်လေးတောင် နှမြောတယ် ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"သို့
အဖေနဲ့ အမေ
ဒီစာကို ဖတ်နေရတဲ့ အချိန်မှာ သမီးတစ်ယောက် ဒီလောက ထဲမှာ မရှိတော့ပါဘူး"

ညမှောင်မှောင်ထဲမှာ ကောင်မလေးတစ်ယောက် လက်နှိပ်ဓာတ်မီး ဖွင့်ပြီး ကြိုးစားပမ်းစား စာရေးနေပါတယ်။ အင်း ကောင်မလေးလို့သာ ပြောရတာ၊ အသက်က သုံးဆယ်နားနီးနီး။ အဲဒီတော့ ကောင်မကြီးပေါ့။ အပျိုကြီးလို့ပဲ ဆိုကြပါစို့။ အဲဒီအပျိုကြီးဘဝကို စွန့်လွှတ်ပြီး လင်နောက် မလိုက်ခင် နောက်ဆုံးမိနစ်လေးမှာ အဖေနဲ့အမေဆီကို စာရေးနေတာ ပါ။ တောင်းပန်တဲ့စာလို့ ခေါ်မလား၊ အသိပေးတဲ့စာလို့ ပြောရမလား မဆိုနိုင်တော့ဘူး။

"ကျွတ် ငါ့နှယ် ဘာတွေ ရေးနေမိပါလိမ့်။ လင်နောက်လိုက်မှာများ သေရွာသွားမယ့်အတိုင်း။ ဖွတ်ဲ၊ လွဲပါစေ၊ ဖယ်ပါစေတော်"

အပျိုကြီးက ဒီလောကဆိုတာကြီးကို ဖိုးဖိုးဇတ်ဇတ် ခြစ်ပစ်လိုက်ပြီး ပြန်ပြန်ရေးလိုက်ပါတယ်။

'အပျိုကြီးဘဝမှာ မရှိတော့ပါဘူး၊ အအိုကြီး ဖြစ်နေ လောက် ပါပြီ၊ ဟီဟိ၊ လူတကာတွေက အပျိုကြီး၊ အပျိုကြီးနဲ့ မေးငေါ့ လှောင်ပြောင် ကဲ့ရဲ့ရှုံ့ချ အပြစ်တင် ဝေဖန် စောကြော လွန်းကြလို့ သမီးတစ်ယောက် မခံချင်တဲ့စိတ်နဲ့ ရေလာ မြောင်းပေး၊ အမိုက်ဆယ်၊ တာဘောင်ဖို့ပြီး ကြိုးစားခဲ့တာ အခု ဆိုရင် ဆိုက်ကားနင်းတဲ့ မုဆိုးဖို ကိုဝင်းထူးနဲ့ သမီးရည်းစား ဘဝ တိတိကျကျ ဖြစ်ခဲ့ရပါပြီ၊ မိဘသားဖသားပီပီ လာရောက် တောင်းရမ်းချင်ပေမယ့် ကိုဝင်းထူးခမျာ စုထားဆောင်းထား တာလည်းမရှိ၊ နောက်ဘဝရောက်တောင် စုမိဆောင်းမိမှာ လည်း မဟုတ်၊ သမီးအနေနဲ့လည်း လူတကာ လက်ညှိုးထိုးခံ ရတဲ့ အပျိုကြီးဘဝမှာ နောက်ထပ် တစ်စက္ကန့်တောင် မနေ


www.burmeseclassic.com

www.burmeseclassic.com



ချင်တော့တဲ့အတွက် ကိုဝင်းထူးကို အမြန်ဆုံးလာခိုးဖို့ အကြောင်းကြားလိုက်ပါပြီ။

သမီးကညာ အခါမလင့်စေနဲ့ ဆိုတဲ့ စကားပုံကို မေ့ချင်ယောင်ဆောင်ပြီးနေတဲ့ အဖေနဲ့အမေတို့အတွက် သမီးကပဲ မိဘတွေရဲ့ ဝတ္တရားကို ကိုယ်စားဆောင်ရွက်လိုက်ပါတယ်။ အဖေ အမေတို့ ရင်ဝကို စုံကန်ပြီး သမီး ထွက်သွားတာ မဟုတ်ပါဘူး အမေရယ်။ ပါသွားတာလေးတွေ ကုန်ရင် ကိုဝင်းထူးနဲ့သမီး အိမ်ကိုတန်းတန်းကြီး ပြန်လာခဲ့မှာပါ။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိတယ်။ သားဆိုးသမီးဆိုး ပစ်ရိုးမရှိဘူးဆိုတဲ့ စကားအတိုင်း ဝမ်းမြောက်ဝမ်းသာ ရင်ဖွင့်ပြီး ကြိုဆိုနေပါတော့ အဖေနဲ့အမေတို့ရယ်။

ယောက်မဆိုက်ကားစီးထွက်တဲ့
အလိမ္မာတုံးလေး
ဂျမ်းဂျမ်း

အပျိုကြီးက စာကို ကျကျနနခေါက်လိုက်ပြီး၊ စားပွဲပေါ်တင်ပြီး သနပ်ခါးတုံးနဲ့ ဖိလိုက်ပါတယ်။ အသင့်ပြင်ထားတဲ့ အဝတ်အစားထုပ်ကို ဆွဲပြီး လက်နှိပ်ဓာတ်မီးလေး ဖွင့်ချည်ပိတ်ချည်နဲ့ အိမ်ရှေ့တံခါးဆီက ခြေဖော့ပြီး လျှောက်သွားတယ်။

"အမယ်လေး၊ လင်နောက်လိုက်ရတာ အတော်ကျောချမ်းတဲ့ အလုပ်ပါလား။ ရင်တွေတုန် ဖင်တွေတုန်လို့ အဟိ။ ကိုဝင်းထူးရော၊ ဘာတွေများ တုန်နေမလဲ မသိဘူး။ ခစ် ခစ်"

အပျိုကြီးခဗျာ ခြေသံချွတ်နင်းလို့ တံခါးဝရောက်တယ်ဆိုရင်ပဲ။

"အူဝဲ အူဝဲ အူဝဲ"

အောင်မြင်စူးရှတဲ့ ကလေးငိုသံက တိတ်ဆိတ်နေတဲ့ ညဥ့်ယံကို ထိုးဖောက်ထွက်လာပါတယ်။ ငိုသံကြားရတာက အိမ်ခေါင်းရင်းခြမ်းနဲ့ ကပ်လို့။

"ဟိုက်၊ ဘယ်က ကလေးငိုတာပါလိမ့်၊ အဲ ခေါင်းရင်းအိမ်က ကလေးငိုတာထင်တယ်၊ ဒီသေနာလေးက အခုမှ ထငိုရသယ်လို့။ ဦးစော့ရဲ့ လူတွေမအိပ်ခင် ဝအောင်ငိုထားတာ မဟုတ်ဘူး။ လူများတွေ



www.burmeseclassic.com

www.burmeseclassic.com

သွားခါနီး လာခါနီးမှ၊ တောက်၊ အဖေနဲ့အမေ နိုးကုန်တော့မှာပဲ။ အအိပ်က ဆတ်ပါဘိသနဲ့"

အပျိုကြီးက စိတ်ထဲက ကျိန်ဆဲလိုက်ပြီး တံခါးချက်ဆီ လက်လှမ်းလိုက်တယ်။

"ဂျလောက်"

တံခါးချက်က ညင်ညင်သာသာလေး ကျပေမယ့်၊ အပျိုကြီးစိတ်ထဲမှာတော့ သူ့ဘေးနား ဟိုက်ဒရိုဂျင် ဗုံးကွဲသလောက် ခံစားသွားရပါတယ်။

ဘုရား ဘုရား ဘုရား"

သူ့အဖေနဲ့အမေ ကြားများကြားသွားပလား။ အပျိုကြီးခမျာ၊ အသက်တောင် ရဲရဲမရှူရဲပါဘူး။ အိပ်ခန်းထဲက ချိုးချိုးချွတ်ချွတ် အသံတွေကြားရတယ်။ ကလေးငိုသံကလည်း ဆူညံနေတုန်းပဲ။

"တိတ်ပါတော့ ငိုချင်းကြာလေရဲ့၊ ဟင်း"

အပျိုကြီးက အရဲစွန့်ပြီး တံခါးတစ်ခြမ်းကို အသာလှပ်လိုက်ပါတယ်။

'ကျွီ'

ဆီနည်းနေတဲ့ တံခါးပတ္တာက ကျီကနဲ။

"အဟမ်း အဟမ်း"

အိပ်ခန်းထဲက သူ့အဖေရဲ့ ချောင်းဟန့်သံ ကြားရတယ်။ ဟယ် မဖြစ်ပါဘူး။ ဒီတံခါးကျော်ရင် လွတ်လပ်ရေးရပြီ ဥစ္စာ။ ဂျမ်းဂျမ်းရော လုပ်စရာရှိတာလုပ်ပေတော့။ အပျိုကြီးက ကိုယ့်ကိုယ်ကို အားပေးရင်း ကျန်တံခါးတစ်ချပ်ကို မရဲတရဲ လှစ်လိုက်တယ်ဆိုရင်ပဲ. . .

"အမယ်လေး၊ သ. . . သရဲ"

သူ တွေ့လိုက်ရတာက ဆံပင်ဖွားဖွားကြီးနဲ့ တစ်ကိုယ်လုံးဖြူဖြူကြီး။ အပျိုကြီးခမျာ သူဆွဲထားတဲ့အထုပ် ဖုတ်ကနဲ ပြုတ်ကျသွားပြီး လူကလည်း ခွေကနဲ လဲကျသွားပါတယ်။ သရဲကလည်း လန့်သွားပုံပါပဲ။ နောက်ကို ခုန်ထွက်သွားပြီး အသံကုန် အော်လိုက်ပါတယ်။

"အမယ်လေး. . . လူ. . . လူ"

အိပ်ခန်းထဲကလည်း ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်ကုန်တယ်။

"ယောက်ျားရေ၊ ထပါဦးတော့၊ သရဲတဲ့၊ ထထ"

"အား. . . မထဘူး၊ ငါသရဲကြောက်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"အို ထစမ်းပါရှင်၊ တော့်သမီး အော်သံပဲ၊ ယောက်ျားဖြစ်ပြီး တကတည်း"

"လာကြပါဦးရှင်၊ ဟောဒီမှာ အပျိုကြီး မေ့လဲသွားလို့"

"ယောက်ျား၊ ဒါ ခေါင်းရင်းအိမ်က ကျောင်းဆရာမ မသန္တာအသံပဲ၊ ထပါဆို့"

"မင်း အရင်ရှေ့ကသွား"

"ငါ့နှယ်နော်"

လင်မယားနှစ်ယောက်သား တွန်းထိုး ဆုတ်ကန်ရင်း အိမ်ရှေ့ခန်း ရောက်တော့ သူတို့ရဲ့ သမီးလှရတနာလေးက အိမ်ပေါက်ဝမှာ ခွေခွေလေး။ ခေါင်းရင်းအိမ်က ဆရာမလေး မသန္တာကလည်း ခြေမကိုင်မိ လက်မကိုင်မိ။

"အမယ်လေး၊ ဘယ်လိုဖြစ်ကြတာတုံး"

"ကျွန်မလည်း ဒီအိမ်ရှေ့အရောက်၊ သူလည်း တံခါးဖွင့်ပြီး အပြင် အထွက်၊ ရုတ်တရက် ကျွန်မကို မြင်ပြီး လဲကျသွားတယ်"

"သမီးရေ ဂျမ်းဂျမ်း၊ ယောက်ျားရေ၊ ရှူဆေး၊ ရှူဆေး"

"အင်း၊ ဟင်း အင်း"

"ဟော သတိရလာပြီ၊ မိဂျမ်းဟဲ့ မိဂျမ်း"

မျက်လုံးဖွင့်လာတဲ့ အပျိုကြီးခမျာ ဆရာမလေးကိုလည်း တွေ့ရော။

"အောင်မလေး သရဲ"

"ကျွန်မ မသန္တာပါ၊ သရဲမဟုတ်ပါဘူး၊ အပျိုကြီးရဲ့"

"နေစမ်းပါဦး၊ ဆရာမက ညကြီးမင်းကြီး ဒီကို ဘယ်လိုလုပ် ရောက်နေတာတုံး"

"ဟို ကျွန်မသားလေး ဘာဖြစ်မှန်း မသိဘူး၊ အရမ်းငိုနေလို့။ သူ့အဖေ ကိုကောင်းမြတ်ကလည်း ဒီနေ့မှ အရေးကြီးလို့ စက်ရုံပြန်သွား ရတယ်။ အဲဒါ မလုပ်တတ် မကိုင်တတ်မို့ ဦးနဲ့အဒေါ်တို့ကို အကူအညီ တောင်းမလို့ ထွက်လာတာ။ အပေါက်ဝမှာ အပျိုကြီးနဲ့ တန်းတိုးတာပဲ"

"ဒါနဲ့ မိဂျမ်းကရော ဘာလို့ ဒီနားရောက်နေရတာလဲ၊ ဟင် ဒီမှာလဲ အထုပ်ကြီးနဲ့၊ မဟုတ်မှလွဲရော၊ ဒါ. . . မင်းသမီး လင်နောက်လိုက်တာနဲ့ တူတယ်"

အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားတဲ့ အပျိုကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com

မိဘနှစ်ပါးက-

"ကဲ ယောကျ်ား၊ တော် ဒီဟာမကို ကြည့်ထား၊ ကျုပ်ဟိုဘက်အိမ် သွားပြီး ကလေးလိုက်ကြည့်လိုက်ဦးမယ်။ ပြန်လာမှ ဒင်းကို အကြောင်း ပြရသေးတာပေါ့"

ခေါင်းတင် မောင်းတင်ပြီး အိမ်ပေါ်က ဆင်းသွားတဲ့ အဘွားကြီး နောက် ဆရာမလေး မသန္တာ ကုပ်ကုပ်နဲ့ ပါသွားပါတယ်။ အပျိုကြီး ဂျမ်းဂျမ်းခများတော့ ဒူးကလေးပိုက်ပြီး တအင့်အင့်နဲ့ ရှိုက်လို့၊ အခုတော့ လည်း မဂျမ်းနိုင်တော့ပါလား၊ အပျိုကြီးရယ်။

"ဒါ ဒင်းကြောင့်၊ အချိန်မဲ့ အခါမဲ့၊ ဒင်း ထငိုလို့ ဖြစ်ရတာ"

အခုထိ အငိုမတိတ်သေးတဲ့ ကလေးကိုလည်း ပယ်ပယ်နယ်နယ် ကျိန်ဆဲနေပါတယ်။

"လွဲကုန်ပြီ ကိုဝင်းထူးရဲ့။ သေနာလေး၊ ငိုချင်းကြာလေး၊ ရောဂါပေး လေး၊ ငါတို့ချစ်ခြင်းကို ခွဲတဲ့ကောင်စုတ်လေး"

ခဏကြာတော့ ခေါင်းရင်းအိမ်က ကလေးငိုသံတိတ်သွားပါတယ်။ ခေါင်းရင်းအိမ်က ငိုသံတိတ်ပြီး နောက်မှာတော့-

"ဖုန်း ဖုန်း"

"ဟင် အဖေနဲ့အမေက ညည်းက ရှူးပေါ်ပေါ်မို့ လင်မပေးစားတာ ကိုများ မိဘဝတ္တရား မေ့သလေးဘာလေးနဲ့"

"ဖုန်း"

"ကြောက်ပါပြီ အမေရဲ့"

"တောင်းဆိုးပလုံးဆိုးသာ ပစ်ရတယ်လေး ဘာလေးနဲ့၊ ညည်းတို့ကို ကျုပ်တို့လင်မယားက အိုကြီးအိုမနဲ့ အိမ်ဦးခန်းတင်ကျွေးထားရဦးမယ် ပေါ့"

"မဟုတ်ပါဘူး၊ အမေရဲ့။ သမီးက အမေတို့ စိတ်ဆိုးပြီး အမွေဖြတ် မှာစိုးလို့ပါ ဟီးဟီး"

"တယ် ငါဖနောင့်နဲ့ ပေါက်လိုက်ရ"

သန်းခေါင်သန်းလွဲ၊ မိဘနှစ်ပါးက ကြက်မွေးနဲ့ရိုက်၊ ပေါင်တွင်းကြော ဆွဲလိမ်၊ ကျောကုန်းကိုထု၊ ဆံပင်ကိုဆွဲ၊ ဖနောင့်နဲ့ပေါက် အဲဒီလို ဂျပန် ကင်ပေတိုင်နဲ့ ဂျာမန်ဂက်စတာပိုတွေရဲ့ လှို့ဝှက်နည်းတွေနဲ့ ပေါင်းစပ်ပြီး ဘက်ညီလက်ညီ ဝိုင်းဝန်းဆုံးမလိုက်ကြတာ ရပ်ကွက်ကလာပြီး တောင်း


www.burmeseclassic.com

www.burmeseclassic.com



ခန့်ရတဲ့အထိပါပဲ။ ဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် အော်ကြီးဟစ်ကျယ် ငိုတဲ့ ကောင်ကလေးကို အပျိုကြီးက တူးတူးခါးခါး မုန်းသွားပါတယ်။ သူ့ကို လာခိုးမယ်ဆိုတဲ့ ဘသားချောကလည်း လာကယ်ဖော်မရပါဘူး။ ဘယ်အရက်အိုးထဲ ခေါင်းစိုက်နေလည်း မပြောတတ်ဘူး။ နောက်တစ် နေ့ နေ့ခင်းကြောင်တောင်ကြီးမှာ မိဘတွေ မျက်စေ့ဒေါက်ထောက် ကြည့်တဲ့ကြားက အပျိုကြီးတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွား ပါတယ်။ ရဲတိုင်၊ စခန်းတိုင်နဲ့ အလုပ်တွေရှုပ်သွားလိုက်ရသေးတယ်။ ဝင်းထူးဆိုတဲ့ ပုဂ္ဂိုလ်အကောင်းစားလေးခမျာလည်း ဟိုကမေး ဒီကစစ် အလုပ်ခံလိုက်ပါသေးတယ်။

"ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ။ ကျွန်တော် မခိုးရပါဘူး။ ကျွန်တော်တကယ်မသိတာပါဗျာ။ ကျွန်တော်မရှိလို့ ဆိုက်ကားနင်းစား တာပါဗျာ။ အရက်သောက်တတ်ပေမယ့် လိမ်မပြောတတ်ပါဘူး။ မယုံရင် ဂိတ်မှူးကို ခေါ်မေးကြည့်ပါဗျာ"

ဝင်းထူးဆီမှာလည်း မရှိဘူးဆိုရင် ဒီအပျိုကြီးဘယ်ရောက်သွားပါ လိမ့်။ အားလုံးခေါင်းစားသွားရတယ်။ ဒါပေမယ့် သိပ်ကြာကြာ ခေါင်းမစားလိုက်ရပါဘူး။ နောက်တစ်နေ့မှာပဲ တစ်ရပ်ကွက်လုံး အဖြေမှန် သိသွားရတာက အပျိုကြီးတစ်ယောက် သီလရှင် ဝတ်သွားတာ ပါပဲ။

"ကိလေသာ အပူမီးဆိုတာ အင်မတန်ပူလောင်တဲ့ အမျိုး၊ ဒကာမကြီးရဲ့။ ဆရာလေးတော့ အချိန်မီတားနိုင်ဖို့ ကြိုးစားရမှာပဲ။ ဒကာကြီးနဲ့ ဒကာမကြီးတို့လည်း ဒီတိုင်းမနေကြနဲ့။ မသေခင် ကိုယ့်နောက်ပါအောင် ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်လေး ပွားများကြ။ အင်း အနိစ္စ ဒုက္ခ အနတ္တ အမြဲမရှိပါတကား"

တစ်ရပ်ကွက်လုံးလှည့်ပြီး ဆန်အလှူခံသွားပေမယ့် ခေါင်းရင်းအိမ် ကိုတော့ ကျော်သွားပါတယ်။ အင်း တမင်ပဲလား၊ မေ့သွားလို့လားတော့ မပြောတတ်တော့ဘူး။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"မောင်အောင်ချမ်းနဲ့ မောင်ကောင်းမြတ်ကို ရပ်ကွက်ရုံးကို ခေါ်ရတာက မင်းတို့ နှစ်ယောက်ရဲ့ သားရေးသမီးရေး ဆွေးနွေးဖို့ပဲကွ"

"ခင်ဗျာ" "ဗျာ"

ရပ်ကွက်ဥက္ကဋ္ဌရှေ့မှာ ကုပ်ကုပ်ကလေးထိုင်နေတဲ့ ကိုအောင်ချမ်းနဲ့ ကိုကောင်းမြတ်တို့ နှစ်ယောက်သား ဆန့်ဆန့်ကလေးဖြစ်သွားပါတယ်။

"ဥက္ကဋ္ဌကြီးရယ်၊ သားရေး သမီးရေး ဆွေးနွေးရအောင် ကျွန်တော့် သမီးက အခုမှ တစ်လခွဲ သမီးပဲ ရှိပါသေးတယ်"

"ဟုတ်ပါတယ်၊ ဥက္ကဋ္ဌကြီးရယ်။ ကျွန်တော့်သားလေးဆိုလည်း အခုမှ တစ်လကျော်ကျော်ပဲ ရှိပါသေးတယ်။ သူကလည်း နို့ဆာရင် ငိုတတ်တာ ကလွဲလို့ မိန်းမလိုချင်တယ်လို့ မပြောတတ်သေးပါဘူး ခင်ဗျာ"

ဥက္ကဋ္ဌကြီးက သူပြောတဲ့စကား ဘာများမှားသွားပါလိမ့်လို့ ပြန်စဉ်းစားသွားရတယ်။ သူ့ဘေးက ရပ်ကွက်လူကြီးက-

"ခင်ဗျားကလည်း ကိုယ်ပြောတဲ့စကား ဘာအဓိပ္ပာယ်ပေါက်မှန်းတောင် နားမလည်ဘူး။ သားရေး သမီးရေးဆိုတာ မင်္ဂလာဆောင်တဲ့ အာဝါဟ ဝိဝါဟကိုပြောတာ"

"ကျုပ်လည်း မီးရေး၊ ထင်းရေး၊ သန့်ရှင်းရေး၊ ရပ်ရေးရွာရေး လုပ်နေတာနဲ့ရောသွားလို့။ ဆောရီး၊ ဆောရီး၊ ငါဆိုလိုတာက မင်းတို့ရဲ့ သားနဲ့ သမီးကို ရပ်ကွက်က အမြင်မတော်လို့ကွ"

လုပ်လာပြန်ပြီ နောက်တစ်မျိုး။ ဒီ ဥက္ကဋ္ဌ ပြောလိုက်ရင် ဘူးလုံးနား မထွင်းချည်းပဲ။ အမြင်မတော်မရအောင် ကိုယ့်သားကိုယ့်သမီးကို ကိုယ်လုံးတီးနဲ့ လမ်းပေါ်ပစ်ထားတာလဲ မဟုတ်။ အိမ်ထဲမှာ ပိုးမွေးသလို မွေးထားရတာ။ ဘယ်သူက မနာလိုရှုဆိမ့် ဖြစ်ရပါလိမ့်။

"ဥက္ကဋ္ဌပြောမှ ရှုပ်ကုန်ပြီ။ ကျုပ်ဘာသာ ကျုပ်ပဲပြောမယ်။ ဒီလိုဟေ့ မင်းတို့နှစ်အိမ်ကြား ငါတို့လင်မယား နေရတာ နေ့ရောညပါ အိပ်မရလို့ကွ။ ဘယ့်နှယ်ကွာ၊ ငိုလိုက်တဲ့ ကလေးတွေ။ ပိုက်ဆံမပေးရတိုင်း ငိုနေတော့တာပါပဲ။ တို့လင်မယား အသက်ကြီးပါပြီကွာ၊ အေးအေး


www.burmeseclassic.com

www.burmeseclassic.com

ဆေးဆေး နေချင်လို့ သားတွေသမီးတွေနဲ့တောင် ကင်းကင်းနေတာ။ အခုတော့ ကားဘော်ဒီရုံနဲ့ ပန်းပဲဖိုကြားသွားနေရင်တောင်မှ ညအိပ် ရဦးမယ် ဟင်း"

ပြောလိုက်တဲ့လူက ကိုအောင်ချမ်းရဲ့ ခြေရင်း၊ ကိုကောင်းမြတ်ရဲ့ ခေါင်းရင်းအိမ်က အဖိုးကြီးဦးစိုးသိန်းပါ။ သူ့ခမျာ ကလေးနှစ်ယောက်ရဲ့ အသံနဲ့ နှိပ်စက်တာကို အတော်ခံစားလိုက်ရတယ်ထင်ရဲ့။ မျက်တွင်းတွေ တောင်ချောင်လို့။ ကိုအောင်ချမ်းနဲ့ ကိုကောင်းမြတ်တို့ကလည်း ဘာထူး လို့တုံး။ သူတို့ခမျာလည်း ချောင်လို့၊ မျက်တွင်းတွေပြောပါတယ်။

"မင်းတို့ ကောင်တွေက မိန်းမကျ ယူတတ်တယ်။ ကလေးကျ မငိုအောင် မလုပ်နိုင်ဘူးလား။ အရေးထဲ ကောင်းမြတ်မိန်းမ မသန္တာက သူ့ပါရော ငိုလိုက်သေး"

သားသမီးမကောင်း မိဘခေါင်းတဲ့။ သူတို့သားသမီးလေးတွေ ငိုကြောရှည်သမျှ မိဘတွေလည်း မျက်နှာပျက်ရတော့တယ်။

"တောင်းပန်ပါတယ် ဦးလေးရယ်။ ဒီည ကျွန်တော့်သားကို အသံ မထွက်အောင် ကြည့်လုပ်လိုက်ပါ့မယ်"

ကိုကောင်းမြတ်က ခပ်သွက်သွက်လေး ဖြေလိုက်ပါတယ်။

"နေစမ်းပါဦး၊ မင်းက ဒီလူမမယ်လေးကို အသံမထွက်အောင် ဘယ်လိုများ လုပ်မလို့တုံး"

"ပါးစပ်ကို ပလာစတာနဲ့ ပိတ်ထားလိုက်မယ်လေ"

"ဘုရား ဘုရား၊ အဲဒီလိုလုပ်ရင် မင်းကလေး သေသွားမှာပေါ့ကွ"

"ဟင် ဒါဆို ဘယ်လိုလုပ်ရမလဲ"

"ဒီလိုလုပ်ပါလား၊ ကိုကောင်းမြတ်ရ"

ဒီတစ်ခါ ဝင်ပြောလိုက်တာက မီးကင်းစောင့်တဲ့ ကျော်ဇောဝင်း။ ခေါင်းတွေအားလုံး ကျော်ဇောဝင်းဆီ လှည့်သွားတယ်။

"နို့ဗူးလေးထဲမှာ ဘီအီးနဲ့ သွေးဆေးရောပြီး ရေဆာတိုင်း တိုက်လိုက်လေ။ ငွတ်ရှယ်ပဲ"

"အရေးထဲ ဒီအရက်သမားက တစ်မျိုး။ မင်းကလေးကျမှ အဲဒီလို တိုက်ဟဲ့"

"ကဲ အခု ဘယ်လိုလုပ်ကြမလဲ။ ငါပဲ ပြောင်းပြေးရမလား၊ မင်းတို့ပဲ ပြောင်းကြမလား၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"အဘတော့ မပြောင်းပါနဲ့ဗျာ။ ဒီလမ်းထဲမှာ အဘက ရွာတော်ရှင်ပြီးရင် အသက်အကြီးဆုံးပဲ မဟုတ်လား။ ရပ်ကွက်ကန်တော့ခံ ပုဂ္ဂိုလ်ကြီးပြောင်းလို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ပြီး မနက်ဖြန်ပဲ ပြောင်းပါ့မယ် အဘရယ်"

ကိုအောင်ချမ်းက မျက်နှာသေလေးနဲ့ ပြောရှာတယ်။ ကိုကောင်းမြတ်က မျက်လုံးကြီးပြူးပြီး ကိုအောင်ချမ်းကိုကြည့်တယ်။ ဦးစိုးသိန်းကတော့ စိတ်မကောင်းဖြစ်သွားပုံပါပဲ။

"အောင်ချမ်းရာ၊ ငါက စိတ်တိုလို့ စကားအဖြစ်ပြောတာပါ။ မင်းတို့မလဲ လူမမည်လေးတွေနဲ့ ဘယ်ပြောင်းလို့ ဖြစ်မှာတုံး"

"ရှိပါစေတော့ အဘရယ်။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ ရှိပါစေတော့။ ကျွန်တော်တို့နှစ်ယောက် မနက်ဖြန်ပဲ ပြောင်းပါတော့မယ်ဗျာ"

"ဟာ မပြောင်းပါနဲ့ကွာ"

"ပြောင်းတော့မယ် အဘရယ်။ အဘတို့ကို ပြောမှားဆိုမှား ရှိသမျှကျွန်တော်အခုပဲ ကန်တော့ပြီး တောင်းပန်ပါတယ်။ ကိုကောင်းမြတ်လာဗျာ ကျွန်တော်တို့ ကန်တော့ရအောင်"

ကိုကောင်းမြတ်ကလည်း ယောင်နနနဲ့ ဒူးတုပ်လိုက်ရတယ်။ နှစ်ယောက်သား လက်အုပ်လေးချီပြီး ဦးသုံးကြိမ် ချလိုက်ကြပါတယ်။ အဘိုးကြီးဦးစိုးသိန်းခမျာ အတော့်ကို ကြေကွဲသွားရှာတယ်။ သူ့ရှေ့ ဦးချကန်တော့နေတဲ့ ဟိုလူနှစ်ယောက်ကို ကြည့်ပြီး ဘာပြောရမှန်းလည်းမသိ။ 'ဘုန်းကြီးပါစေ' 'အသက်ရှည်ပါစေ' ဆိုပြီး ဆုပေးလို့လည်း မဖြစ်။ 'ခွင့်လွှတ်ပါတယ်' လို့ ပြောရအောင်လည်း ညညထငိုတာက သူတို့နှစ်ယောက်မှ မဟုတ်တာ။ ဟိုကလေးနှစ်ကောင်ကလည်း ဦးစိုးသိန်းကခွင့်လွှတ်ရုံနဲ့ အငိုတိတ်မှာလည်းမဟုတ်။ ရပ်ကွက်လူကြီးတွေကလည်း ဘာပြောလို့ ဘာဆိုရမှန်းမသိ။ ဥက္ကဋ္ဌက သူတို့နှစ်ယောက်ကို ကြည့်ပြီးမေးပါတယ်။

"ဒါနဲ့ မင်းတို့က ဘယ်ကိုပြောင်းကြမှာတုံး"

ကိုအောင်ချမ်းက ခပ်တည်တည်ပဲ ဖြေပါတယ်။

"ကျွန်တော်က ကိုကောင်းမြတ်အိမ်ကို ပြောင်းပြီး၊ သူက ကျွန်တော့်အိမ်ကို ပြောင်းမှာပါ"

"အော် အေး အေး၊ ဒီလိုကျတော့ အဆင်ပြေသွားပဲ"


www.burmeseclassic.com

www.burmeseclassic.com


အဘိုးကြီး ဦးစိုးသိန်းက မျက်မှောင်ကုတ်သွားတယ်။ ဟိုကောင်က ဒီအိမ်ပြောင်းပြီး ဒီကောင်က ဟိုအိမ်ပြောင်းဆိုတော့. . .

"ဟော့ကောင်တွေ မင်းတို့ဟာက ဘာထူးလို့တုံး။ ငါ့အိမ်က မင်းတို့နှစ်အိမ်ရဲ့ အလယ်မှာပဲလေ"

"အဘပဲ ပြောင်းဆို"

"အော် မင်းတို့က ငါ့ကို ဒေါက်ဖြုတ်တာပေါ့။ စိုးသိန်းတဲ့ တစ်သိန်းတည်းရှိတယ်"

"အဘရယ်။ အဲဒီရှိတဲ့ တစ်သိန်း ကျွန်တော်တို့ကို ချေးပါလားဟင်။ ကလေးတွေအတွက် နို့မှုန့်ဝယ်ချင်လို့ပါ။ အတိုးပေးပါ့မယ်"

"ဟော့ကောင်၊ အောင်ချမ်း၊ မင်းတော့လားကွာ"

အဘိုးကြီးက ပြောပြောဆိုဆို သူ့တုတ်ကောက်ကို ထဆွဲပါတယ်။

ဟိုနှစ်ယောက်ကလည်း လျင်ပါတယ်။ ဝုန်းကနဲရပ်ပြီး ပြေးပေါက်ရှာပြီးနေပြီ။ဒါတောင် ကိုအောင်ချမ်းက နောက်လို့ကောင်းတုံး။

"အဘလွန်မယ်နော်၊ အဘရိုက်မိလို့ ကျွန်တော်တစ်ခုခုဖြစ်ရင် အဘပဲ ရဲစခန်းရောက်မှာ။ လည်ပင်းက စိတ်ပုတီးနဲ့ လက်ထိပ်နဲ့ မလိုက်ပါဘူး အဘရယ်"

"ငါနော်"

ရပ်ကွက်ရုံးထဲမှာတော့ အတော့်ကို မြိုင်ဆိုင်သွားပါတယ်။ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေလည်း ဦးစိုးသိန်းကို ဝိုင်းဆွဲထားရတယ်။

"ကိုစိုးသိန်း၊ ထိုင်ပါဗျာ၊ တုတ်ကြီးချလိုက်ပါ"

ဦးစိုးသိန်းခမျာ ဒေါသတွေ ထွက်ပြီး၊ အမောတွေ ဖောက်လို့။ ဒီလောက်ဖြစ်နေတာတောင် ကိုအောင်ချမ်းက နောက်နေသေးတယ်။

"အဘမောလား၊ မောရင် ရေသောက်။ အိမ်ပြန်ရင် ဆိုက်ကားစီးပြန်"

"ဟင်းနော်"

"ထမင်းရော မပါဘူးလား၊ အဘ"

အဲဒီနေ့က အဖိုးကြီး ဦးစိုးသိန်းလည်း ကိုအောင်ချမ်းပြောသလို ဆိုက်ကားစီးပြီး အိမ်ပြန်သွားရတယ်။ ကလေးတွေရဲ့ အငိုဇာတ်လမ်းက လည်း သောင်မတင်ရေမကျနဲ့ ပြီးဆုံးသွားပါတယ်။ ဒါပေမယ့် ကလေးတွေ အငိုတိတ်စေတဲ့နည်းလမ်းတစ်ခုကို မကြာခင်မှာပဲ ရှာတွေ့



www.burmeseclassic.com

www.burmeseclassic.com


သွားပါတယ်။ ဖြစ်ပုံက အဲဒီညဦးမှာ သူတို့ရဲ့ ရပ်ကွက်မီးလောင်ပါတယ်။ မသန္တာနဲ့ မတိုးတိုးတို့လည်း ကလေးကိုယ်စီပိုက်လို့ ရပ်ကွက်ထိပ်က ရေကန်ကြီးဆီ ပြေးကြရပါတယ်။ ရေကန်လေးမှာတော့ ရပ်ကွက်သူ ရပ်ကွက်သားတွေနဲ့ စည်စည်ကားကားပေါ့။ ကလေးပေါက်စနလေး နှစ်ယောက်ကို ဟိုလူကချီ၊ ဒီလူကချီပေါ့။ ကလေးတွေကလည်း တစ်ဝါးဝါးနဲ့ ငိုလို့လေ။ ရပ်ကွက်က လူကြီးလူငယ်တွေ ကြိုးစားပမ်းစား တက်ညီလက်ညီ မီးငြိမ်းလိုက်ကြတာ၊ ခဏအတွင်းမှာပဲ မီးငြိမ်းသွားပါတယ်။ အဲဒီတော့မှ ရပ်ကွက်လူထုကလည်း သက်ပြင်းကို ဟင်းကနဲ ချပြီး အထုပ်ကိုယ်စီ ဆွဲလို့ အိမ်ပြန်ကြရပါတယ်။ တော်သေးတာပေါ့။ တစ်ရပ်ကွက်လုံး ထမင်းထုပ်သုံးဆောင်ရတော့မလို့။ ကလေးအမေနှစ် ယောက်လည်း ကလေးကိုယ်စီပိုက်လို့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လာရတော့ တယ်။ မီးလောင်တယ်ဆိုတော့ လျှပ်စစ်လိုင်းတွေပါ ဖြတ်တောက်ထား ရတယ်လေ။ အားလုံးမောမောနဲ့ မှောင်မှောင်မည်းမည်းထဲ အိပ်ယာဝင် ကြရတယ်။ ထူးဆန်းတာက အဲဒီညက ကလေးနှစ်ယောက်စလုံး ညတစ်ရေးမနိုးကြတာပဲ။ အဖိုးကြီး ဦးစိုးသိန်းတောင် ကလေးငိုသံမကြား လို့ အိပ်ရတာ အဆင်မပြေဘူး ဖြစ်နေတယ်။

"တောက်၊ ကလေးတွေ ဘာလို့ မငိုကြပါလိမ့်"

သူ့ခမျာလည်း ကလေးငိုတော့လည်း အိပ်မရ။ မငိုပြန်တော့လည်း အိပ်မရနဲ့။ ခက်တော့ ခက်နေပါပြီ။ မနက်မိုးလင်းတော့ မတိုးတိုးရော၊ မသန္တာရော နှစ်ယောက်စလုံး အတော့်ကို အထိတ်တလန့် ဖြစ်သွားရ ပါတယ်။ အကြောင်းရင်းကတော့ မသန္တာရဲ့ သားလေးဆီမှာ မွေးရာပါ လေး မရှိတော့ပဲ၊ မတိုးတိုးရဲ့ သမီးလေးဆီမှာ အပိုပစ္စည်းလေး ရောက်နေတာပါပဲ။ ဘယ်သူများ လဲတပ်ထားလိုက်ပါလိမ့်။ အဲ မဟုတ်သေးပါဘူး။ ကိုယ့်သားသမီး မျက်နှာကိုယ် သေသေချာချာ ကြည့်မိတော့မှပဲ။

"ဟင်. . . ကလေးမှားလာပြီ"

ညတုန်းက ရုတ်ရုတ် ရုတ်ရုတ်နဲ့ ဟိုလူချီ ဒီလူချီနဲ့ လက်ထဲရောက်လာ တဲ့ ကလေးကို သေချာမကြည့်မိကြဘူး။ ကလေးတွေကလည်း သူတို့ အမေမဟုတ်တာ မသိကြဘူးလား မသိဘူး။ ဒါမှမဟုတ် ကြောက်လို့ပဲ ငြိမ်နေကြတာထင်တယ်။ ဘာပဲပြောပြော အဲဒီညက နှစ်ယောက်စလုံး


www.burmeseclassic.com

www.burmeseclassic.com


လုံးဝမငိုကြတော့တာပါပဲ။ နှစ်မိသားစု အပြန်အလှန် ချစ်ကြည် ရေးပစ္စည်းတွေ လဲလှယ်ပြီးတဲ့အချိန်၊ အဲလေ၊ သူ့ကလေးကိုယ့်ကလေး အပြန်အလှန် လဲလှယ်ပြီးတဲ့အချိန်မှာတော့ အတွေ့အကြုံတွေ ဆွေးနွေးနှီးနှောပြီး ညဘက်ကလေးမငိုအောင် ထိန်းနည်းကို နှစ်အိမ်ထောင်ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်လိုက်ပါတယ်။ အဲဒါကတော့ ညဘက်ကျရင် ကလေးတွေကို သူ့အိမ်ကိုယ့်အိမ်ပြောင်းသိပ်ဖို့ပါပဲ။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com

၅

ကိုကောင်းမြတ်ရဲ့ မသန္တာတို့ရဲ့ သားလေး ကို သားကောင်းမြတ်ဆိုပြီး အမည်နာမ ကင်ပွန်းသလိုက်ကြပါတယ်။ နာမည်ကိုက ဘယ်ဗေဒင်ဆရာ ဘယ်ကဝိကမှ ပေးတာမဟုတ်ပါဘူး။ မီးကင်းစောင့်တဲ့ အရက်သမား ကျော်ဇောဝင်းက ပေးတာပါ။ ကိုကောင်းမြတ်ကတော့ အဲဒီနာမည်ကို ဒီလိုမှတ်ချက်ချပါတယ်။

"ကြီးပွားတာ မကြီးပွားတာ၊ အသာထား၊ အရက်သမား မဖြစ်ရင်တော်ပြီတဲ့"

ကိုအောင်ချမ်းနဲ့ မတိုးတိုးတို့ရဲ့ သမီးလှရတနာလေးဟာလည်း ကဗျာဆရာပေးတဲ့ တီတာအောင်ချမ်းဆိုတဲ့ နာမည်လေးနဲ့ လူလားမြောက်ခဲ့ရပါတယ်။ နာမည်လေးက ချစ်စရာကောင်းပေမယ့် လူကတော့ ရုပ်ဆိုးဆိုးရယ်ပါ။ ဒီရုပ်ကြီးကိုတောင် ကိုအောင်ချမ်းဆိုတဲ့လူက-

"ကျုပ်သမီးရုပ်က ဆိုမာလီနိုင်ငံက မော်ဒယ်ဂဲလ် ရုပ်မျိုးဗျ"

ဆိုပြီး ဂုဏ်တင်ပြောတတ်သေးတယ်။ သူ့သမီးမဟုတ်လား။ သူ့ဘာသာသူ ဘာပြောပြောပေ့ါ။ သားကောင်းမြတ်နဲ့ တီတာအောင်ချမ်းတို့ကတော့ တစ်အိမ်ပြီး တစ်အိမ်ညာစားရင်း သူ့အမေနို့ ကိုယ်စို့၊ ကိုယ့်အမေနို့ သူစို့ရင်း ကြီးပြင်းလာခဲ့ရတာပါ။ ပြောသာပြောရတာ၊ သားကောင်းမြတ်ရဲ့ အမေဒေါ်သန္တာက ဆရာမဆိုတော့ ခွင့်ရက်စေ့တာနဲ့ ကျောင်းပြန်သွားရတော့ကာ သားကောင်းမြတ်က ဒေါ်တိုးတိုးရဲ့ လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာပါ။ သားကောင်းမြတ်အတွက်ဆိုရင် သူ့အမေရင်းဆီက စို့ခဲ့တဲ့ နို့ရည်ကို ရေဆယ်ပိဿာလောက်ရောမှ ဒေါ်တိုးတိုးဆီက စို့တဲ့ နို့ရည်နဲ့ ပမာဏညီမျှမယ်ထင်ရဲ့။ ဒါကြောင့်လဲ တီတာအောင်ချမ်းက သားကောင်းမြတ်ကို စိတ်ဆိုးရင် 'နို့သူခိုး' ဆိုပြီး ခေါ်တတ်ပါတယ်။ သူစို့ရမယ့် နို့ဝေစုကို သားကောင်းမြတ်က လုသွားလို့တဲ့။ လုသွားတယ်ဆိုတော့ ဒမြလောက်ဖြစ်ရမှာ။ နို့ဒမြပေါ့။ ဒါပေမယ့် တီတာအောင်ချမ်းခေါ်တဲ့အတိုင်း နို့သူခိုးပဲ ထားလိုက်စို့ရဲ့။ သားကောင်းမြတ်ကလည်း တီတာအောင်ချမ်းကို စိတ်နာတဲ့ အချိန်ဆိုရင် 'ရုပ်ဆိုးမ'


www.burmeseclassic.com

www.burmeseclassic.com

လို့ ခေါ်တတ်ပါတယ်။

"စိတ်ကောင်းမရှိလို့ နင်ရုပ်ဆိုးနေတာ။ တော်သေးတာပေါ့။ ရုပ်ဆိုးတာတွေ ငါ့ဆီကို မကူးကုန်တာ"

"နင်သာ ငါစို့ရမယ့် နို့တွေကို ခိုးစို့တာ၊ နို့သူခိုးမ နို့သူခိုးအစစ်"

"နင်သာ ရုပ်ဆိုးမအစစ်"

"နို့သူခိုး" "ရုပ်ဆိုးမ"

ဒါ တီတာအောင်ချမ်းနဲ့ သားကောင်းမြတ်တို့ရဲ့ ကနဦးနေ့ရက်တွေပါ။ သားကောင်းမြတ်က ဒေါ်တိုးတိုးကို 'အမေ'ခေါ်ပြီး ချွဲတတ်သလို တီတာအောင်ချမ်းကလည်း ဒေါ်သန္တာကို 'အမေ'ခေါ်ပြီး နွဲ့တတ်ပါတယ်။ ယောကျ်ားလေးတွေများတဲ့ ဒီရပ်ကွက်ထဲမှာ တီတာအောင်ချမ်း တစ်ယောက် သားကောင်းမြတ်နဲ့ လုံးထွေးရင်း ဘောလုံးကန်လိုက်၊ ဂေါ်လီရိုက်လိုက်၊ ဂျင်ပေါက်လိုက်၊ ထိုးလိုက်ကြိတ်လိုက်၊ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ ကြီးပြင်းလာခဲ့ရတာပါ။ ဒီလောက်ဆိုရင် သားကောင်းမြတ်နဲ့ တီတာအောင်ချမ်းတို့ရဲ့ ငယ်ဘဝလေးတွေကို ရိပ်စားမိလောက်ပြီထင်ပါရဲ့။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com


'တစ်စစီဖြုတ်ထားတဲ့ အရုပ်ကလေးတွေကို

ပြန်လည်တပ်ဆင် လိုက်ကြရအောင်'


www.burmeseclassic.com

ညနေခင်းရဲ့ လေပြေလေးက သွေ့သွေ့ခြောက်ခြောက်ရယ်ပါ။ မကြွေချင့်ကြွေချင် ကြွေကျနေတဲ့ သစ်ရွက်တွေကလည်း ပြီးပြီးရောဆိုပြီး ကမ္ဘာမြေနဲ့ အနီးကပ်ဆုံး လမ်းကို ရွေးပြီး၊ ဖြောင့်ဖြောင့်ကြီး ကြွေကျနေပါတယ်။ လေအတိုက် ဝေ့ကာဝိုက်ကာ ကြွေကျတတ်တဲ့ သစ်ရွက်တွေကို စာဖွဲ့တတ်တဲ့ စာဆိုပညာရှင်တွေအတွက် စိတ်ပျက်စရာ အနေအထားပါ။ အဲဒီလိုအချိန်မျိုးမှာ တီတာအောင်ချမ်းတစ်ယောက် သူ့အိမ်ရှေ့က ဒန်းကလေးပေါ်မှာ ပျင်းတိပျင်းရွဲ ထိုင်လို့။ မဝတ်စဖူး သူ့အမေထမီကြီးကိုလည်း ခြေဖျားသိနေအောင် ဝတ်လို့။ မလိမ်းစဖူး သနပ်ခါးတွေလိမ်းထားတာကလည်း၊ အရှူးမ ပဲဟင်းသောက်ထားသလို ဟိုနားကကွက် ဒီနားကွက်နဲ့။ မသိတဲ့လူဆိုရင် သနပ်ခါး ကျောက်ပြင်ပေါ်မျက်နှာအပ်ပြီး ချော်လဲလာသလား ထင်ရမယ့် အပေါက်။ အင်း လှပါတယ် သရဲချောလေး။

"ဟာ ဘာပုံကြီးလဲဟ"

တီတာအောင်ချမ်းနားကို ဘောလုံးပိုက်ပြီး ရောက်လာတဲ့ သားကောင်းမြတ်က ပြောလိုက်တာပါ။ ဒင်းလိုကောင်မျိုးက ဒီအလှအပမျိုး ဘယ်ခံစားတတ်လိမ့်မလဲ။

"အဟင်းဟင်း"

ကောင်မလေးက စိတ်ဆိုးပုံမရပါဘူး။ သူ့လက်နှစ်ဘက်ကို သူ့ဘာသာ လိမ်ပြီး တဟင်းဟင်းနဲ့ ရယ်တောင်နေပါသေးတယ်။ ခါတိုင်း ဒီလိုပြောရင်တော့လား၊ သူ့တစ်ခွန်း ကိုယ့်နှစ်ခွန်းလောက် ပြန်ပက်လိုက်ရမှ အစာကြေတာ။

"နင့် အဖေ နယ်သွားတာ ပြန်ရောက်ပြီလား"

"ဟေအေး၊ မရောက်သေးဘူး၊ ဘာလုပ်မလို့လဲ"

"ငါတို့ ဘောလုံးနည်းပြနဲ့ နင့်အဖေနဲ့ သူငယ်ချင်းတွေဟ။ နင့်အဖေကားစုတ်တွေ လေလံဆွဲနေတာ ကြားလို့တဲ့။ အဲဒါ ကိုအောင်ချမ်းကို ပြောလိုက်ပါတဲ့၊ သူတို့နယ်ဘက်မှာ စစ်လက်ကျန်ကားတွေ ပုံထားတာ


www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်၊ သွားကြည့်ရအောင်လို့တဲ့"

"နောက်တစ်ပတ်လောက်မှ ပြန်လာမယ်ထင်တယ်။ ဒါနဲ့ နှင့်အဖေ ရော နယ်ပြောင်းရမယ်ဆို"

"ဒီလိုပါပဲဟာ။ သူက ဘယ်တုံးက အိမ်ကပ်ရတယ်ရှိလို့လဲ၊ တနယ်ပြီး တစ်နယ်ပြောင်းနေတာ။ အခု အလုပ်ကထွက်ပြီး အပြင်စီးပွားရေး လုပ်မလို့တဲ့။ ငါတို့ ဘကြီးနဲ့ပေါင်းပြီး ကုမ္ပဏီထောင်မယ်လို့ ပြောနေတယ်"

"ဒါဆို နှင်က နေရင်း ထိုင်ရင်း ဒါရိုက်တာဖြစ်ဦးမှာပေါ့။ အခု ခေတ်က အဖေက ကုမ္ပဏီထောင်ရင် သားက ဒါရိုက်တာဖြစ်တာလေ"

"အေး ဟုတ်တယ်။ ဟဲ ဟဲ။ ဒါနဲ့ နှင့်အမေနဲ့ ငါ့အမေ shopping သွားတာ ပြန်မလာသေးဘူးလား"

"ဟေ့ အေး ပြန်မရောက်သေးဘူး"

"ဒါဆိုလဲ အိမ်သော့ ခတ်ခဲ့ဟာ၊ ငါတို့ ဘောလုံးသွားကန်ရအောင်။ သီဟန်တို့ ကွင်းထဲရောက်လောက်ပြီ"

"သားကောင်မြတ်က လောလိုက်ပါတယ်။

တီတာအောင်ချမ်းက သူ့လက်မကို ပါးစပ်နဲ့ကိုက်ရင်း မပွင့်တစ်ပွင့်လေးနဲ့. . .

"အဟင်း၊ အမေက ပြောတယ်ဟ။ ဟဲ့ ကောင်မလေး နင်အပျိုဖြစ်ပြီတဲ့။ အဲဒါတဲ့ ဘောလုံးမကန်ရတော့ဘူးတဲ့။ အဟီး"

သားကောင်းမြတ်က တီတာအောင်ချမ်းကို အခြားဂြိုလ်က ဆင်းလာတဲ့ သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရတဲ့အတိုင်း မျက်လုံးကြီး ပြူးပြီး ကြည့်ပါတယ်။

"နင်က. . ."

"အဟင်း"

"ဟား၊ ဟား၊ ဟား၊ ဟား ဟား"

သားကောင်းမြတ်က သူ့ဗိုက်ကို လက်နဲ့နှိပ်ရင်း ခွက်ထိုးခွက်လန် ရယ်ပါတယ်။ သားကောင်းမြတ်ရယ်သံကြောင့် ကောင်မလေးက ရှက်သွားပါတယ်။

"ဘာရယ်တာလဲဟ"

"ဟား ဟား ဟား၊ ငါရယ်ချင်လို့ပါဟာ၊ နှင့်လို အရုပ်ဆိုးဆိုးနဲ့ဟာ


www.burmeseclassic.com

www.burmeseclassic.com

က အပျိုဖြစ်ရတယ်လို့။ ဟား ဟား မကြားဖူးပါဘူးဟာ"

အော် သားကောင်းမြတ်နှယ်။ ဒင်းဏာ အရုပ်ဆိုးရင် အပျိုမဖြစ်တော့ဘူးများ ထင်နေသလားမသိဘူး။ အင်းလေ သူက အခုမှ ကလေးသာသာဆိုတော့ ဒါတွေ ဘယ်သိဦးမလဲ။ သူကရယ်ရင်း တန်းလန်းဆက်မေးပါတယ်။

"ဒါနဲ့ အပျိုဖြစ်ရင် ဘောလုံးမကန်ရဘူးဆိုတော့ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းက ဘောလုံးသမားတွေ တစ်ယောက်မှ အပျိုမဖြစ်သေးဘူးပေါ့"

"ဟာ၊ ငါဘယ်သိမှာလဲဟ"

ကောင်မလေးက စိတ်ပေါက်ပေါက်နဲ့ အော်ထည့်လိုက်ပါတယ်။ ပြီးတော့ တခစ်ခစ်နဲ့ ရယ်နေပြန်ပါတယ်။ အင်း အတော့်ကို နားလည်ရခက်တာပဲ။ အပျိုဖြစ်ရင် အဲဒီလို ရှူးရှူးနှမ်းနှမ်းများ ဖြစ်တတ်ကြသလားမပြောတတ်ဘူး။

"ငါက လူပျိုဖြစ်လည်း ဘောလုံးကန်မှာပဲ"

"ဒါဆို နင်လူပျို မဖြစ်သေးဘူးပေါ့"

"အင်"

သားကောင်းမြတ်ခမျာ မခံချင်ဖြစ်သွားရပါတယ်။ သက်တူရွယ်တူချင်း လူများက အပျိုတောင်ဖြစ်နေပြီ။ ကိုယ်က လူပျိုမဖြစ်သေးဘူးဆိုတော့ သိက္ခာကျတော့မှာပဲ။ အတူတူနဲ့ အနူနူချင်း ဒီကောင်မလေးအကျောခံလို့တော့ မဖြစ်ဘူး။

"အောင်မာ၊ ငါလည်း လူပျိုဖြစ်ပါပြီဟ၊ ဟင်း ဟင်း"

တီတာအောင်ချမ်းက မေးစေ့မှာ လက်ကလေးထောက်ပြီး သားကောင်းမြတ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပါတယ်။ သားကောင်းမြတ်ခမျာ မလုံမလဲ။

"ဘာကြည့်တာလဲဟ"

"အလကား လေရှိုး၊ ငါ့ကိုလာပတ်နေတယ်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

"အာ နင်က ဘာသိလို့လဲ"

"ဟဲ့ သိတာပေါ့ဟဲ့၊ နင်က နှုတ်ခမ်းမွေးမှ မပေါက်သေးတာ"

သားကောင်းမြတ်က သူ့နှုတ်ခမ်းကို သူ့လက်နဲ့ ဆွဲကြည့်ပါတယ်။ ဟုတ်ပါရဲ့ တစ်မွေးတစ်မျှင်မှတောင် မရှိဘူး။ သားကောင်းမြတ်ခမျာ


www.burmeseclassic.com

www.burmeseclassic.com

အတော့်ကို စိတ်မချမ်းသာ ဖြစ်သွားပါတယ်။ အော် နှုတ်ခမ်းမွှေးကြီး ရယ် မြန်မြန်ပေါက်ပါတော့လား။

"တော်ပြီဟာ၊ ငါဘောလုံးကွင်း သွားတော့မယ်၊ နင်တကယ် မလိုက်ဘူးလား"

"အေး"

"ဒါဆို ငါသွားပြီ"

သားကောင်းမြတ်က တီတာအောင်ချမ်းကို နှုတ်ဆက်ပြီး ထွက်လာ ခဲ့ပါတယ်။

"ဟဲ့ နေဦး"

"ဘာလဲ နင်လိုက်မလို့လား"

"လိုက်တော့လိုက်ချင်သား၊ လိုက်ရင် အမေသတ်လိမ့်မယ်ဟ၊ ဘောလုံးမြင်တော့ ကန်ချင်လိုက်တာ ယားနေတာပါပဲ။ ပေး နင့်ဘောလုံး ခဏပေး"

ပြောပြောဆိုဆို တီတာအောင်ချမ်းက သားကောင်းမြတ်လက်ထဲက ဘောလုံးကို လက်နဲ့ ပုတ်ချလိုက်ပါတယ်။ ခုန်ဆွ ခုန်ဆွ ဖြစ်နေတဲ့ ဘောလုံးကို အားရပါးရ ကျုံးကန်ထည့်လိုက်တယ်။ ပါးစပ်ကလည်း ကျုံးအော်လိုက်သေးတယ်။

"မာရာဒိုနာလီရော်နယ်ဒေးဗစ်တီတာအောင်ချမ်းကွ"

ဘောလုံးက အပေါ်တည့်တည့် ထောင်တက်သွားပြီး သရက်ကိုင်း တစ်ကိုင်းကို ထိမှန်သွားပါတယ်။

"သွား၊ ရုပ်ဆိုးမ၊ နင်ကန်တဲ့ ဘောလုံး နင်သွားကောက်"

တီတာအောင်ချမ်းက ဘာမှမပြောဘဲ ထွက်ပြေးသွားတယ်။

"ရုပ်ဆိုးမ၊ နင်မယုတ်ကန်းနဲ့။ ငါ့ဘောလုံး ပြန်ကောက်ပေးစမ်း"

တီတာအောင်ချမ်းက နောက်ပြန်လှည့်မကြည့်ပဲ အော်ပြောသွား ပါတယ်။

"ဘောလုံးက သရက်ကိုင်းပေါ်က ပျားအုံကို သွားမှန်တာဟ။ အခု အရင်ပြေးလိုက်ဦး၊ နောက်ကျတဲ့ ဖနောင့် သစ္စာဖောက်ပဲ"

"ဟိုက် သေပြီဆရာရေ"

☺ ☺ ☺
မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



၆

သိပ်မကြာမြင့်တဲ့ ကာလမှာပဲ သားကောင်းမြတ်လည်း မရှေးမနှောင်း ဗိန်းမောင်းလေးနဲ့ လူပျိုဖြစ်လာပါတယ်။ လူပျိုဖြစ်တာနဲ့ ပထမဦးဆုံး စိတ်ဝင်စားတာက ကိုယ့်ကိုယ်ကိုပါ။ ဒုတိယစိတ်ဝင်စားတာက ဆန့်ကျင်ဘက်လိင်ဆိုတဲ့ မိန်းကလေးတွေပါပဲ။ တစ်သက်လုံး တရင်းတနှီး နေလာခဲ့တာတွေလည်း ရှိုးတိုးရှန့်တန့်လေးတွေ ဖြစ်ကုန်တယ်။ နှပ်ချီးတွဲလောင်းပေစုတ်စုတ် ကောင်မလေးတွေလည်း လှတပတလေးတွေဖြစ်လာကြပါတယ်။ ဖျာလိပ်ကြီး ထောင်ထားသလို တစ်ဖြောင့်တည်းတန်းနေတဲ့ ကိုယ်လုံးလေးတွေဟာလည်း ဟိုနေရာကဖု၊ ဒီနေရာကဖောင်း၊ ရှိုက်တန်တာတွေရှိုက်၊ ဖိုတန်တာတွေ ဖို၊ နေ့ချင်းညချင်း ယမင်းရုပ်လေးတွေ ဖြစ်လာကြပါတယ်။ ဒါတွေကို လေ့လာကြည့်ရှုသုံးသပ်ဝေဖန်ပြီး သားကောင်းမြတ်တို့သူငယ်ချင်း တစ်သိုက်မှာ တအံ့တသြကြီးတွေ ဖြစ်လို့နေပါတယ်။

"မြမိုးအေးက အတော်ကြည့်လို့ကောင်းတာပဲ။ ဟိုတစ်နေ့က ကျောင်းမှာတွေ့လိုက်တာ ရေလည်မိုက်တယ်ကွာ။ စကတ်အကျပ်လေးနဲ့၊ နှုတ်ခမ်းကိုလည်း ဘာဆိုးထားလည်း မသိဘူး။ အမယ်၊ လမ်းလျှောက်တဲ့ပုံစံက လိမ်ကျစ်လိမ်ကျစ်နဲ့"

ကိုကိုဦးက စားပွဲခုံကို ဒရမ်ခေါက်သလို ခေါက်ရင်း အံတကြိတ်ကြိတ်နဲ့ ပြောလိုက်တာပါ။ အတန်းထဲမှာ ဆရာမ မဝင်သေးတော့ ကြောင်မရှိ ကြွက်ထဆိုတဲ့အတိုင်း မိန်းကလေးတွေက စပါးခင်းထဲ စာကလေးအုပ်ကျသလို ကျလိကျလိနဲ့။ ယောကျ်ားလေးတွေကလည်း ကုလားသိုက်ဈားဝင်ကိုက်သလို ပွတ်လောရိုက်လို့။

"မိမိဇော်ကမှ တကယ်မိုက်တာ။ သူကမှ ရှယ်ဆိုက်။ အော်ဒါမှာရမယ့်ဆိုက်ကြီး ဟီဟီ"

စားပွဲခုံပေါ်မှာ ခြတ်ချွန်တဲ့ဓားနဲ့ အသည်းပုံထွင်းနေတဲ့ သီဟန်လင်းက ပြောလိုက်ပါတယ်။ သူ့ခမျာ ကျောင်းဝင်တုံးက ပေးရတဲ့ ပရိဘောဂကြေးတန်အောင် ဖျက်ဆီးနေတာလား မသိဘူး။ သူတို့ရှေ့လိုင်းက ဘာရှုပိုး မှန်ကြောင် အောင်မိုးသိုက်က နောက်ပြန်လှည့်ကြည့်လိုက်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ကြည့်တတ်လို့ကွ၊ အတန်းထဲမှာ တကယ်ကို ဘော်ဒီ လှတဲ့သူ ရှိတယ်"

"မှန်ကြောင်၊ ဒါမျိုးဆိုရင် ကြားတတ်တယ်၊ ရှေ့ပြန်လှည့်"

သီဟန်က ပောက်ထုတ်လိုက်တယ်။ ဟိုကောင်က ပြန်မလှည့်ပါဘူး။

"ငါတကယ်ပြောတာ။ ပန်းချီသင်တန်းမှာ သင်ရတဲ့ စံပြပုံအတိုင်း ပဲကွ"

"ကဲ ဘယ်သူလဲ ပြောစမ်းပါဦး"

"တီတာအောင်ချမ်း"

"ဟင် ဒါကြီးလား"

သူတို့အသံက သံပြိုင်ထွက်သွားပါတယ်။ ကိုကိုဦးက

"မှန်ကြောင် မင်းတော့ ပါဝါတိုးရတော့မယ်။ ဒီလောက် ရုပ်ဆိုးတာကြီးကို ပြီးတော့ အသားလည်း မည်းသေးတယ်"

"သူက အရင်တုံးက ဘောလုံးချည်းပဲ ကန်နေတော့ အသားတွေ နေလောင်ထားတာကိုးကွ။ မမည်းပါဘူး။ သူ့အသားအရေက စိုပြီး စိမ်းနေတာပဲ။ လတ်လတ်ဆတ်ဆတ် ချိုးထားတဲ့ ပြောင်းဖူးလိုမျိုး"

တစ်ချိန်လုံး ငြိမ်နေတဲ့ သားကောင်းမြတ်က-

"ငါက မင်းစာကျက်လွန်းလို့ မျက်မှန်တပ်ရတယ် အောင့်မေ့တာ၊ အခုမှပဲ အဖြေပေါ်တော့တယ်။ ဒီအတိုင်းဆိုရင် မင်းလည်း ကြာကြာ မနေရပါဘူး။ ရှာသာကြီးပို့ရမှာပါပဲ၊ ရှာသာကြီးမှာ တဏှာရူးရော လက်ခံရဲ့လား မသိဘူး"

"အော် မင်းတို့က ငါပြောတာကို မယုံဘူးကိုး။ ဟိုမှာကြည့်လိုက် တီတာအောင်ချမ်းထိုင်နေတဲ့ပုံကို"

သူတို့ခေါင်းတွေအားလုံး မိန်းကလေးတန်းဖက် လှည့်သွားတယ်။ အောင်မိုးသိုက်ညွှန်းလည်း ညွှန်းချင်စရာ။ ကောင်မလေး ထိုင်နေတဲ့ ပုံစံက တင်ကလေးကို နောက်ပစ်ပြီး ခါးကလေးမဟ်လို့ စာရေးစားပွဲပေါ်မှာ တံတောင်လေးထောက်ပြီး လက်ဖဝါးချင်းယှက်ကာ မေးထောက်ထားပါတယ်။ အခြားကောင်မလေးတွေလို ကုန်းကုန်းကြီး မဟုတ်ပဲ ကော့ကော့ကြီးရယ်ပါ။

"ဟင်း"

ကိုကိုဦးဆီက သက်ပြင်းချသံ ထွက်လာပါတယ်။ သားကောင်းမြတ်က



www.burmeseclassic.com

www.burmeseclassic.com


"မင်းတစ်နေ့တစ်နေ့ ဒါပဲ ထိုင်ကြည့်နေတာပေါ့ ဟုတ်လား"

အောင်မိုးသိုက်က မျက်မှန်လေးကို ပင့်တင်လိုက်ပြီး-

"တီတာအောင်ချမ်းကိုယ်လုံးနဲ့ မြမိုးအေး ခေါင်းနဲ့တွဲပေးလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲကွာ"

"နှာဘူး"

သားကောင်းမြတ်တို့က တစ်ညီတစ်ညွတ်တည်း သြဘာဝိုင်းပေးလိုက်ကြပါတယ်။

"ဒီနေ့ ဆရာမ မဝင်ဘူးလား မသိဘူး"

"လာမှာပါကွာ၊ ဟိုမှာ ခြင်းတောင်းရောက်နေပြီပဲ"

သားကောင်းမြတ်က တီတာအောင်ချမ်းထိုင်နေရာကို လှမ်းကြည့်လိုက်ပါတယ်။ ကောင်မလေးက ထမီပြင်ဝတ်ပြီး အပြင်ထွက်ဖို့ ပြင်နေတယ်။ အိမ်သာသွားတာများလား မသိဘူး။ သားကောင်းမြတ်က သူ့ဘေးက ကိုကိုဦးကို အသာလေး ကပ်ပြောလိုက်တယ်။

"ဟေ့ကောင်၊ ပုံကြည့်မလား"

"ဘာပုံလဲ"

"ကျွတ်၊ တုံးပါ့"

ကိုကိုဦးက ဝမ်းသာအားရ ဖြစ်သွားပါတယ်။ သားကောင်းမြတ်က သူ့ကျောပိုးအိတ်ထဲက ဗလာစာအုပ်တစ်အုပ်ကို ယူပြီး အထဲမှာ ညှပ်ထားတဲ့ ဓာတ်ပုံကို အသာလေး လှစ်ပြလိုက်ပါတယ်။ နှစ်ယောက်သား စာအုပ်ကို အံဆွဲထဲ ထည့်ပြီး ခေါင်းချင်းဆိုင်ပြီး ကြည့်လိုက်ကြတယ်။

"ဟာကွာ"

ကိုကိုဦးဆီက အသံပါ။ သားကောင်းမြတ်က တဟားဟား ရယ်လိုက်တယ်။ သီဟန်က ခေါင်းချင်းဆိုင်နေတဲ့ သူတို့နှစ်ယောက် အပေါ်က မိုးလိုက်ပြီး-

"ဟေ့ကောင်၊ ငါလည်း ပြဦး"

"တိုးတိုး လုပ်ပါကွ"

ရှေ့လိုင်းက အောင်မိုးသိုက်ကလည်း စားပွဲပေါ် ဒူးထောက်ပြီး စုပြုံနေတဲ့ ခေါင်းတွေကြား ဝင်တိုးပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် မှန်ကြောင်။ အိမ်ခြေကို မရဘူး"

သူတို့ရဲ့ အမူအယာတွေကြောင့် ကျန်တဲ့ ကျောင်းသားတွေပါ ဝိုင်းလာပါတယ်။

"ဘာလဲ၊ ဟော့ကောင်"

"ဟာ တိုးတိုး လုပ်ပါကွ"

"ဟေး ဟေး ဟေး"

အခန်းထဲက ယောကျ်ားလေးတွေက တဝေးဝေး တဝါးဝါး ဖြစ်နေတယ်။ အတန်းထဲက ကောင်မလေးတွေကလေည်း တဟေးဟေး တဟားဟားဖြစ်နေတဲ့ သူတို့ကို စိတ်ဝင်တစားနဲ့ အကဲခတ်နေကြတယ်။

"ဟာ ဟော့ကောင်တွေ မလုနဲ့"

ကောင်လေးတစ်ယောက်က ခါတ်ပုံကို ဆတ်ကနဲ လုပြီး အပေါ် တည့်တည့် မြှောက်ထည့်လိုက်ပါတယ်။

"ဟာ ဟော့ကောင်"

ခါတ်ပုံက ဖလပ်ဖလပ်နဲ့ ကြက်ပျံသလိုပျံပြီး၊ မိန်းကလေးတွေရဲ့ စားပွဲပေါ် ကျသွားပါတယ်။ ဒါပေမယ့် ကျောဘက် မှောက်ရက် သားလေး။ ကောင်မလေးတစ်ယောက်က မေးတယ်။

"ဒါ ဘာလဲ"

"ခါတ်ပုံလေ"

ကောင်လေးတစ်ယောက်က ပြန်ဖြေပါတယ်။ ကောင်မလေးတွေက ဇဝေဇဝါနဲ့ ကြည့်ပါတယ်။ ယောကျ်ားလေးတွေ ရုပ်က စတီးလင်ပန်းပေါ် ကြမ်းပိုးလမ်းလျှောက်သလို ပြောင်ချော်ချော်နဲ့။

"နင်တို့ ကြည့်ရတာ မရိုးသားဘူး။ ဒါမဟုတ်က ဟုတ်က ပုံတွေနဲ့ တူတယ်"

"ဟဲ ဟဲ"

"နင်တို့ပုံ နင်တို့ ပြန်လာယူ"

သားကောင်းမြတ်က မှန်ကြောင်ဖက်လှည့်ပြီး ပြောလိုက်တယ်။

"ဟော့ကောင် မှန်ကြောင်၊ သွားယူကွာ"

"ဟာ၊ မင်းဘာသာ မင်းသွားယူ"

"သိဟန်၊ မင်းနဲ့ နီးတယ် လှမ်းယူလိုက်"

"ဟာ ဘာလို့ ယူရမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"မီမီဇော်၊ အဲဒီဓါတ်ပုံလေး ကမ်းပေးလိုက်ပါဟာ"

မီမီဇော်ဆိုတဲ့ ကောင်မလေးက ဆူဘေးနား နယူးကလီးယား ဗုံးကြီးချထားတဲ့အလား၊ နောက်ဆုတ်သွားပါတယ်။

"နင်ကလည်းဟာ၊ ဘာမှ မဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် နင့်ဘာသာ နင်လာယူပါလား"

သူတို့ ငြင်းနေတဲ့ အချိန်အတွင်းမှာ ဆရာမက အတန်းထဲ ဝင်လာပါတယ်။ အတန်းထဲမှာ ယောကျ်ားလေးတွေရော မိန်းကလေးတွေရော ထိုးထိုးထောင်ထောင် ရှုံ့ရှုံ့စုစုနဲ့။ ဒါပြဿနာတစ်ရပ်ဆိုတာ သဘောပေါက်လိုက်ပါတယ်။ ဒါနဲ့ ကျန်တဲ့ ကျောင်းသားကျောင်းသူတွေကို အသာလက်ကာပြပြီး ပြဿနာရှိရာ ခြေလုံအောင် နင်းလျှောက်လာပါတယ်။

"ဒါဘာဖြစ်နေကြတာလဲ"

အမယ်လေး သွားပါပြီဗျာ။ ကိုယ့်ဘေးက အသံကြားမှ ဆရာမရောက်နေမှန်း သိရတော့တယ်။ ဆရာမလည်း စပိုင်ဝင်စားထားလားမသိ။ ခြေသံလုံပါဘိသနဲ့။ ဆရာမထက် ခြေလုံတာဆိုလို့ ဟိုအကောင်ပဲရှိမယ်။ အထင်မလွဲပါနဲ့။ ကြောင်ကို ပြောတာပါ။ မီမီဇော်ဆိုတဲ့ကောင်မလေးက အရင်ဦးအောင်တိုင်ပါတယ်။

"ဆရာမ၊ ဟောဒီမှာ ဓါတ်ပုံ"

"ဓါတ်ပုံက ဘာဖြစ်လို့လဲ"

ဆရာမက နားမလည်လို့ ပြန်မေးပါတယ်။

"အဲဒါ မဟုတ်က ဟုတ်ကပုံတွေ"

"ဟယ်"

ဆရာမလည်း မျက်စိမျက်နှာ ပျက်သွားတယ်။ သူ့ခမျာ အပျိုကြီးမဟုတ်လား။ ဒါမျိုးတွေနဲ့ မဖြစ်ပါဘူး။ ဒါနဲ့ပဲ ကျောင်းသူတစ်ယောက်ကို ကျောင်းအုပ်ကြီး ခေါ်ခိုင်းပြီး ကျောင်းသားတွေအားလုံးကို ခုံပေါ်တက် မတ်တပ်ရပ်ခိုင်းလိုက်ပါတယ်။ ကျောင်းအုပ်ကြီး ဦးဝင်းကျော်ဖြိုး အတန်းထဲကို ရောက်ရှိလာပါပြီ။ အခြေအနေ အရပ်ရပ်ကိုသုံးသပ်ပြီးတော့ ကျောင်းအုပ်ကြီးက တင်းတင်းကြပ်ကြပ် အရေးယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ့်နှယ် စာသင်ရမယ့် အချိန်မှာ ဒါမျိုးတွေ စိတ်ဝင်စားရတယ်လို့။ ဒါလွယ်လွယ်နဲ့ ခွင့်လွှတ်လို့ မဖြစ်ဘူး။ ကျောင်းအုပ်ကြီးက သက်သေခံပစ္စည်းကို ကောက်ယူလိုက်ပါတယ်။ မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com

တွေက ခေါင်းငုံ့သွားကြတယ်။ ယောက်ျားလေးတွေကတော့ တစ်ယောက်မှ အပိုးမကျိုး။ စပ်ဖြဲစပ်ဖြဲနဲ့။ ဆရာကြီးက ဓါတ်ပုံကို မသိမသာကြည့်လိုက်တယ်ဆိုရင်ပဲ-

"ဆရာကြီး"

ကျောင်းသားတွေရဲ့ သံပြိုင်အော်လိုက်တဲ့ အသံက ထွက်လာတယ်။ ဆရာကြီးက တွန့်တောင်တွန့်သွားတယ်။ ကောင်မလေးတွေကလည်း ခေါင်းတွေ ပုသထက်ပုသွားပါတယ်။ ဟယ် တတ်နိုင်ပါဘူး။ မမြင်ဝံ့ ဆေးသမား။ မကြားဝံ့ ရှေ့နေဆိုတာရှိတာပဲ။ ကျောင်းဆရာဆိုတော့ မမြင်ဝံ့တာရော၊ မကြားဝံ့တာတွေရော မြင်ရကြားရမှာပေါ့။ 'ဒီကျောင်းမှာ ငါအကြီးဆုံးပဲ။ ငါ့ထက်ကြီးတာ အလံတိုင်ပဲ ရှိတော့တယ်' ကိုယ့်ကိုယ်ကို အားပေးရင်း ဆရာကြီးက ခပ်တင်းတင်းနဲ့ ဓါတ်ပုံကို လှန်ကြည့်လိုက်ပါတယ်။

"အိုး"

ကောင်မလေးတွေဆီက အသံထွက်လာတာပါ။ ကျောင်းသားတွေဆီက ရယ်သံအုပ်အုပ် ထွက်လာတယ်။ ဓါတ်ပုံကို ကြည့်လိုက်တယ်ဆိုရင်ပဲ ဆရာကြီး ပါးစပ်က 'ဟင်'ကနဲ အသံထွက်သွားပါတယ်။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလား။ ဆရာကြီးက ဓါတ်ပုံကို အတန်းရှေ့ ဒေါ်နဲ့မောနဲ့ ထောင်ပြလိုက်ပါတယ်။

"ဒါ ဘာပုံလဲ၊ ကြည့်စမ်းပါဦး"

"ဝါး ဟား ဟား ဟား"

ကောင်လေးတွေဆီက ရယ်သံ အကျယ်ကြီး ထွက်လာပါတယ်။ ကောင်မလေးတွေက မရဲတရဲနဲ့ မော့ကြည့်ကြတယ်။ ဆရာကြီးလက်မှာ ကိုင်ထားတဲ့ ဓါတ်ပုံကတော့ ဝမ်းလျားမှောက်တတ်စ ကလေးလေး တစ်ယောက် ကိုယ်လုံးတီးနဲ့ ရိုက်ထားတဲ့ပုံပါ။ ကောင်မလေးတွေလည်း အခုမှ ရှုနိုင်ကယ်နိုင်ဖြစ်လာပါတော့တယ်။ စောစောက ဒါမှန်းမှ မသိပဲဟာ။ တီတာအောင်ချမ်းက ဓါတ်ပုံကို အသေအချာ လှမ်းကြည့်ရင်း-

"ဟင် အဲဒါ သမီးဓါတ်ပုံ"

"ဝါး ဟား ဟား ဟား"

ယောက်ျားလေးတွေရဲ့ ရယ်သံက ဝါးကနဲ ထွက်လာတယ်။ ဒီကောင်မလေးကလည်း အရိပ်အကဲ မသိတတ်လိုက်တာများ။ ဒီနေရာ ဒီလို


www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ကိုယ့်ဓါတ်ပုံဖြစ်ကြောင်း ကြွေကြော်နေရသေးတယ်။ ဆရာကြီးက တီတာအောင်ချမ်းဘက်လှည့်လိုက်ပြီး-

"ညည်းဓါတ်ပုံက ယောက်ျားလေးတွေဆီ ဘယ်လိုရောက်နေရတာတုံး"

"မသိဘူး ဆရာကြီး၊ အဲဒါအိမ်က Album ထဲမှာ ထည့်ထားတာ"

တီတာအောင်ချမ်းက တစ်စုံတစ်ခုကို စဉ်းစားမိသွားပါတယ်။

"သားကောင်းမြတ်၊ နင်ဒီပုံကို Album ထဲက ဖြုတ်ယူလာတာ မဟုတ် လား"

"တောက်တီးတောက်တဲ့ဟာ"

ဟိုကလဲ ယောက်ျားလေးပီပီ သတ္တိရှိရှိနဲ့ ပြောင်လိမ်ပါတယ်။ အဆုံးသတ်မတော့၊ အတန်းထဲမှာရှိတဲ့ ယောက်ျားလေးအားလုံး ဆရာဆရာမတွေကို အရှုးလုပ်မှုနဲ့ စာသင်ချိန်တစ်ချိန်လုံး ထိုင်ခုံပေါ် မတ်တပ်ရပ်ပြီး လက်မြှောက်ပြီး ဒဏ်ပေးခံလိုက်ရတယ်။ ထူးချွန်ကျောင်းသားလေး မောင်ကောင်းမြတ်အတွက်ကတော့ အထူးစပါယ်ရှယ်ဆုတွေပါရလိုက်ပါတယ်။ အတန်းပိုင်ဆရာမရဲ့ ကြိမ်စကြာနဲ့ ဆယ်ချက်အပြင် ကျောင်းအုပ်ကြီးရုံးခန်းက ဖြစ်မှုမှတ်တမ်းစာအုပ်ထဲမှာ မှတ်ချက်နဲ့ မင်နီ တားခံလိုက်ရတယ်။ ပြီးတော့ အိမ်က မိဘတွေ ဂုဏ်ယူနိုင်ဖို့အတွက် အကြောင်းကြားစာလေးပါ တီတာအောင်ချမ်းနဲ့ လက်ဆောင်ပါးလိုက်ပါသေးတယ်။ သားကောင်းမြတ်က အကြောင်းကြားစာ အိမ်မရောက်ရအောင် တီတာအောင်ချမ်းကို မုန့်ကျွေးပြီး ချော့ပါသေးတယ်။ ဒါပေမယ့် ကောင်မလေးက 'လာဘ်ပေးလာဘ်ယူ တို့ရန်သူ' ဆိုတဲ့ ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သားကောင်းမြတ်အမေ ဒေါ်သန္တာလက်ကို ဝကွက်အပ်လိုက်ပါတယ်။ အငြိမ်းစားကျောင်းဆရာမ ဒေါ်သန္တာ ကလည်း သူ့သားအလိမ္မာလေးကို ချီးကျူးဂုဏ်ပြုပွဲလေး လုပ်ပေးပါတယ်။

'ရွှမ်း' "နောက်ဒီလို လုပ်ဦးမလား"

"မလုပ်တော့ပါဘူး အမေရ"

'ရွှမ်း' "မှတ်မိပြီလား"

"မှတ်ပါပြီ အမေရဲ့"

"ဒီလောက်တောင် ကဲရသလား"... 'ရွှမ်း'


www.burmeseclassic.com

www.burmeseclassic.com


"မေသစ္စာအောင်မြင်လွန်း"

အမယ်လေး ရှည်လျားလိုက်တဲ့ နာမည်။ နာတာရှည်ရောဂါသည်တွေဆိုရင် နာမည်ခေါ်ရင်းနဲ့ အမောဖောက်သွားနိုင်တယ်။ ဘယ်လောက်ပဲ နာမည်ရှည်ရှည်၊ ခေါ်စရာ ရှိတော့လည်း ခေါ်ရတော့မှာပေါ့။

"မေသစ္စာအောင်မြင်လွန်း"

အခေါ်ခံရတဲ့ ကောင်မလေးက သူ့နာမည် တစ်ဝက်မဆုံးခင်မှာ နောက်ကို လှည့်ကြည့်ပါတယ်။ တွေ့လိုက်ရတာက ကျောင်းစိမ်းဝတ်ထားတဲ့ ကောင်လေးတစ်ယောက် သူကတော့ သားကောင်းမြတ်ပါ။ ကောင်မလေးက ဇဝေဇဝါနဲ့ သားကောင်းမြတ်ကို ကြည့်ပါတယ်။ ပြီးတော့ လက်ညှိုးလေးထိုးပြီး-

"နင်က..."

"အေး၊ ငါက သားကောင်းမြတ်၊ နင်နဲ့ ဘိုင်အိုကျူရှင်မှာ တွေ့ဖူးတယ်လေ"

"အော် အော်"

ကောင်မလေးက မှတ်မိသလို ခေါင်းတစ်ဆတ်ဆတ်ညိတ်ပါတယ်။ မမှတ်မိဘဲ နေပါ့မလား။ ကျူရှင်မှာ အသံပြကြီးနဲ့ ဟေးလား ဝါးလားလုပ်နေတဲ့ကောင်ကို။ ကောင်မလေးက မျက်စောင်းလေး မသိမသာဝင့်ပြီး ကိုယ်ဟန်ကို ပြင်လိုက်ပါတယ်။ ပြီးတော့ မပွင့်တပွင့်လေးနဲ့။

"နင်က ဘယ်ကျောင်းကလဲ"

ကောင်မလေးက မသိချင်ယောင်ဆောင်ပြီး မေးလိုက်တာပါ။ တကယ်ဆို ရင်ဘတ်နဲ့ လက်မောင်းမှာ ကျောင်းတံဆိပ်ပြူးပြဲနေအောင်ကပ်ထားတာပဲ။ ကြည့်လိုက်ရင် သိတာပေါ့။ ဒါပေမယ့် မိန်းကလေးတို့ရဲ့ တပ်အပ်သော မာယာတွေထဲက တစ်ခုလောက်ကို ဖမ်းသုံးလိုက်တာပါ။

"ငါ အမှတ်(၅) ကျောင်းက"


www.burmeseclassic.com

www.burmeseclassic.com

"အော်၊ ဒါနဲ့ နင်ငါ့ကို ခေါ်ရတဲ့ ကိစ္စက"

ကောင်မလေးက လေသံအေးအေးနဲ့ မေးလိုက်ပါတယ်။ ဒီခေတ်ကြီးထဲ မွေးလာတဲ့ မိန်းကလေးပဲဟာ။ ဒီအဆင်ဟာ ဘာလဲဆိုတော့ ကောင်းကောင်းနားလည်တာပေါ့။

"ဟိုလေ နင့်ကို. . . ဟိုဒင်း ခင်ချင်လို့"

သားကောင်းမြတ်က ထစ်အ ထစ်အနဲ့ ပြန်ဖြေလိုက်ပါတယ်။ ပထမဦးဆုံးအကြိမ် ကောင်မလေးတစ်ယောက်ကို စကားလိုက်ပြောတာဆိုတော့ ပါးစပ်မရဲသေးဘူးဖြစ်နေတယ်။ ပါးစပ်ထဲမှာလည်း ချစ်ဆိုတဲ့စကားကို ပြောရမှာ လျှာနဲ့ စကားလုံးမတည့်သလိုပဲ။ ကောင်မလေးက ခေါင်းလေးစောင်းပြီး သားကောင်းမြတ်ကို မေးလိုက်တယ်။

"နင်အတန်းထဲမှာ အဆင့်ဘယ်လောက်ရသလဲ"

"အဲ အလယ်အလတ်ပါပဲ၊ ဘာလို့ မေးတာလဲဟင်"

ကောင်မလေးက နှုတ်ခမ်းလေးကိုက်လိုက်ပြီး-

"ငါက စာတော်မှ ခင်ချင်တာဟ"

သားကောင်းမြတ်က နည်းနည်းတော့ မခံချင်ဖြစ်သွားပါတယ်။ သည်းခံ သားကောင်းမြတ် သည်းခံ။ အစပဲရှိသေးတယ်။

"ငါက ခင်ဖို့ကောင်းပါတယ်ဟာ။ မယုံရင် နင်အစမ်းပေါင်းကြည့်ပါလား။ တကယ်ပြောတာ တို့ကျောင်းမှာဆို ငါ့ကို ခင်ချင်တဲ့ကောင်မလေးတွေ အများကြီးပဲ"

သားကောင်းမြတ်က သူ့ကိုယ်သူ အရောင်းမြှင့်တင်ရေး လုပ်နေတဲ့လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။ မယုံရင် အစမ်းပေါင်းကြည့်ဆိုပဲ။ ဘတ်စ်ကားဂိတ်တွေမှာ လျက်ဆား လိုက်ရောင်းတဲ့ ဈေးသည်တွေလို အဲဒီခင်တာလေးကို နမူနာလေး ပေးလို့ ရသလား မသိဘူး။ ကောင်မလေးက မထိတထိလေး ပြုံးလိုက်ပြီး-

"ဒါဆိုလည်း၊ အဲဒီကောင်မလေးတွေကိုပဲ ခင်လိုက်ပေါ့ဟာ"

သားကောင်းမြတ်က ခေါင်းလေးကုတ်သွားရပါတယ်။ မတတ်နိုင်ပါဘူး။ ဒီကောင်မလေးကို တန်ပြန်တိုက်စစ်ဆင်ရတော့မှာပဲ။

"နင်ရော၊ အတန်းထဲမှာ အဆင့်ဘယ်လောက်ရလဲ"

"ဒီလ အဆင့်လေးပဲ ရတယ်။ မေမေက ငါ့ကို ဝင်းတူးသရီးအမြဲတမ်းရရမယ်လို့ ပြောထားတာ။ ဒီလ အတော့်ကို အဆူခံလိုက်ရတယ်"


www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခပါပဲ။ လှတပတလေးမို့ ကြိုက်မိပါတယ်။ အရေးထဲ စာဂျပိုးမလေးနဲ့ တွေ့နေရသေးတယ်။ သားကောင်းမြတ်က ဘာဆက်ပြီး ပြောရင် ကောင်းမလဲလို့ စဉ်းစားပြီး ခဏလောက် ငြိမ်သွားတယ်။ ကောင်မလေးလည်း ဘာမှမပြောဘဲ ခေါင်းလေးငုံ့လို့ လမ်းလျှောက်နေ တယ်။ ခဏကြာတော့မှ သားကောင်းမြတ်က-

"နင့်နာမည်က အရှည်ကြီးပဲနော်၊ ခြောက်လုံးကြီးများတောင်။ အဲဒီ နာမည်ကို ဘယ်သူပေးတာလဲ။ ဆွေမျိုးတွေ တစ်ယောက် တစ်လုံးစီ ဝိုင်းပေးကြတာလား"

"တောက်တီးတောက်တဲ့ဟာ။ ငါ့အဖေနဲ့ အမေ ပေးထားတာ"

"အော် အော် ဘယ်လို အဓိပ္ပာယ်နဲ့ ဒီလောက် အရှည်ကြီး ပေးထား ရတာလဲ"

"ဒီလိုလေဟာ၊ ငါ့အဖေနဲ့ အမေက တော်တော်နဲ့ သားသမီးမရဘူး ဟ။ အဲဒါနဲ့ သူတို့နှစ်ယောက် သစ္စာပြုကြတာတဲ့။ အဲဒီလို သစ္စာပြုပြီး မကြာခင်မှာပဲ ငါ့ကို မွေးရော အဲဒါနဲ့ သူတို့သစ္စာတွေ အောင်မြင်လို့၊ မေသစ္စာအောင်မြင်လွန်း ဆိုပြီး နာမည်ပေးလိုက်တာ"

အော် နာမည်ပေးတာကလည်း ရာဇဝင်ကြောင်းလေးနဲ့ကိုး။ သားကောင်းမြတ်က နားထောင်ပြီးတော့ မေသစ္စာကို နောက်ချင်တဲ့ စိတ်လေး ပေါက်လာပါတယ်။

"ဟိုလေ ဇာတ်တော်တွေထဲကလို နင့်အဖေနဲ့အမေက သစ္စာဆိုပြီး တော့ ချက်ကို လက်နဲ့ သုံးခါရစ်ခဲ့သေးလားဟင်"

"သားကောင်းမြတ်"

ကောင်မလေးရဲ့ အော်သံက စူးစူးလေး။ ဒီကောင်မလေး မှတ်ဉာဏ် တော့ ကောင်းသားပဲ။ နာမည်လေး တစ်ခါပဲ ပြောတာ မှတ်ထားတယ်။ သားကောင်းမြတ်က မေသစ္စာကို ပြုံးပြလိုက်ပြီး-

"မေသစ္စာ၊ နင်အဆင့် တစ်နှစ်သုံးမရလို့ အဆူခံရတာ စိတ်ညစ်နေ တယ်မလား။ အဲဒီလိုအခါမျိုးမှာ ငါ့ကို သတိရလိုက်ပါဟာ။ နင်စိတ် ညစ်နေတာတွေ အားလုံးပျောက်သွားလိမ့်မယ်။ ငါက စာမတော်ပေမယ့် ပေါက်ကရပြောတဲ့ နေရာတော့ တော်ပါတယ်ဟာ။ နင်ငါ့ကို ယုံယုံ ကြည်ကြည်နဲ့သာ ခင်လိုက်ပါဟာ။ ကဲ သွားတော့၊ နင်တို့ လမ်းဆိပ် ရောက်နေပြီ။ ကျူရှင်မှာတွေ့မယ်နော်"

သားကောင်းမြတ်က ဆပ်ကပ်ထဲက လူရွှင်တော်တွေလို မေသစ္စာကို


www.burmeseclassic.com

www.burmeseclassic.com

ဦးညွှတ်ပြီး ကောင်မလေးနဖူးကို လက်ညှိုးနဲ့ တို့လိုက်ပါတယ်။ ကောင်မလေးက မျက်စောင်းလေးထိုးပြီး မဲ့ကာရွဲ့ကာ လှမ်းပြောလိုက်ပါတယ်။

"အရှုံး" ။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


"ဘိုင်အိုကျူရှင်မှာ နင်နဲ့စကားပြောနေတဲ့ ကောင်မလေးက ဘယ်သူလဲ"

စာကြည့်စားပွဲပေါ်မှီးပြီး ပြောလာတဲ့ တီတာအောင်ချမ်းကို သားကောင်းမြတ်က မော့ကြည့်လိုက်ပါတယ်။ လူချင်းနီးကပ်သွားတယ် ဆိုရင်ပဲ ကောင်မလေးရဲ့ ကိုယ်က မွှေးရနံ့မျိုးစုံနဲ့ ကိုယ်သင်းနံ့လေးက သားကောင်းမြတ်ရဲ့ နှာခေါင်းထဲ မာရသွန်ပန်းဝင်သလို ပြေးဝင်သွား ကြတယ်။ ဒါက သနပ်ခါးနံ့၊ ဒါက ဆပ်ပြာနံ့၊ ဒါက ရှမ်ပူနံ့။ ဒီကောင် မလေးဆပ်ပြာ ဘယ်လောက်တောင်များ တိုက်ထားလည်း မသိဘူး။ ဆပ်ပြာနံ့က သနပ်ခါးနံ့ကို ကျော်ပြီး မွှေးနေလိုက်သေးတယ်။

"နင်ရေချိုးလာတာ ဆပ်ပြာရောစင်ရဲ့လား"

တီတာအောင်ချမ်းက သူ့ကိုယ်သူ နမ်းကြည့်လိုက်ပြီး-

"အမယ် စင်ပါတယ်ဟဲ့။ ဒါတီဗွီထဲမှာ ကြော်ငြာနေတဲ့ ဆပ်ပြာမွှေး လေ မွှေးတယ်နော်"

"နင့်အဖေရှာထားသမျှ နင့်ဆပ်ပြာဖိုးနဲ့တင် ဒေဝါလီခံရမယ် ထင်တယ်။ ဆပ်ပြာ ဘယ်လောက် တိုက်တိုက် နင့်ရုပ်ကတော့ လှလာမှာ မဟုတ်ဘူး"

"ရုပ်မလှပေမယ့် စိတ်လှတယ်ဟဲ့"

"ဟာ ဟ၊ ဆပ်ပြာများများ တိုက်ရင် စိတ်လှတယ်ဟုတ်လား။ အရူးစကားတွေ"

"ငတုံး၊ aroma therapy ဆိုတာ ကြားဖူးလား"

"ဆိုစမ်းပါဦး"

"မွှေးပျံ့တဲ့အနံ့တွေ ရှူရှိုက်မိရင် စိတ်ကြည်လင်တယ်။ ပျော်ရွှင်စေ တယ်။ စိတ်ဖိစီးမှု လျော့စေတယ်။ လူကို ဆွဲဆောင်မှု ရှိစေတယ်။ စိတ်လှ တော့ ကိုယ်နုတာပေါ့ဟ"

"အော် ဒါကြောင့်၊ နင်က ဆပ်ပြာနံ့တစ်ထောင်းထောင်းနဲ့ ငါ့ကို လာဖြားယောင်းတာပေါ့ ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ၊ ရာရာစစ၊ နင့်လိုကောင်မျိုး ဝေးသေး တွန်း ဒါနဲ့ ငါမေးတာ ဖြေဦးလေ၊ နင်စကားရောဖောရောနဲ့ လမ်းကြောင်း လွှဲနဲ့"

"နင်က ဘာလုပ်ဖို့ မေးတာလဲ"

သားကောင်းမြတ်က မဖြေဖြစ်သေးဘဲ မေးခွန်းပြန်ထုတ်လိုက်ပါတယ်။

"သိချင်လို့ မေးတာပေါ့ဟ"

သားကောင်းမြတ်ရဲ့ မျက်နှာက မချိုမချဉ်။ တီတာအောင်ချမ်းခများကြည့်ရင်း အူယားလာတာနဲ့ သားကောင်းမြတ်ရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်ပြီး-

"ဖြေလေဟာ၊ နင်ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

ဟိုက တမင်လုပ်ထားတဲ့ လေသံနဲ့ ခပ်တိုးတိုးလေး ဖြေပါတယ်။

"အဲဒါ နင့်ယောင်းမလောင်းလေ၊ ဟဲ ဟဲ။ အမေ့ကို သွားမချွန်နဲ့ဦး"

ယောင်းမလောင်းတဲ့။ တီတာအောင်ချမ်းရဲ့ စိတ်ထဲမှာ တစ်မျိုးလေးပဲ။ နှစ်အိမ့်တစ်အိမ်နေတဲ့ သူတို့နှစ်ယောက်ကို အများက မောင်နှမလို မြင်ထားကြတာပါ။ တစ်သက်လုံး ကောင်းပြီကောင်းရဲ့နဲ့ အခုကျမှ တီတာအောင်ချမ်းရဲ့ စိတ်က ဘာလိုလိုနဲ့။ ဝမ်းပဲနည်းလာသလိုလို။ အူပဲတိုချင်လာသလိုလို။

"သူ့နာမည်က မေသစ္စာအောင်မြင်လွန်း မဟုတ်လား"

"သိသားနဲ့ ဘာလို့ မေးနေသေးတုံး၊ ချောတယ်နော်။ နင်နဲ့တော့ တစ်ခြားစီပဲ။ ဟိုက နင့်လို ဆပ်ပြာနံ့တစ်ထောင်းထောင်း မပြောနဲ့။ ချွေးစော်လေးနံနေရင်တောင် ဆွဲဆောင်မှုအပြည့်။ နင့်လို ခေါ်စာပစ်တောင် သရဲမစားတဲ့ရုပ်မျိုးမဟုတ်ဘူး။

"ဘာပြောတယ်"

တီတာအောင်ချမ်းက ဒေါသဖြစ်ဖြစ်နဲ့ ဗိုက်ခေါက်ကို တစ်အားလိမ်ဆွဲလိုက်ပါတယ်။

"အား သေပါပြီ ရုပ်ဆိုးမရဲ့။ အီး လွှတ်နော်။ မလွှတ်ရင် ငါ တစ်ကယ်ထိုးမှာ"

"ထိုးရဲ ထိုးကြည့်ပါလား"

"ကဲဟာ"

သားကောင်းမြတ်က သူ့ဗိုက်ကို လိမ်ဆွဲထားတဲ့ တီတာအောင်ချမ်း



www.burmeseclassic.com

www.burmeseclassic.com


ရဲ့ လက်ကို လှန်ချိုးလိုက်ပြီး ဆောင့်တွန်းလိုက်ပါတယ်။

"အား"

အရှိန်နဲ့ တွန်းခံရလို့ ဟန်ချက်ပျက်သွားတဲ့ တီတာအောင်ချမ်းခမျာ နဖူးနဲ့ စားပွဲခုံစွန်းနဲ့ ခိုက်မိသွားပါတယ်

"ဟင် သွေးတွေ"

ဖြာကနဲ ထွက်လာတဲ့ သွေးတွေကို ကြည့်ပြီး၊ သားကောင်းမြတ်က တီတာအောင်ချမ်းကို အထိတ်တလန့်နဲ့ သွားဆွဲပါတယ်။

"တီတာ၊ ငါ တမင်လုပ်တာမဟုတ်ပါဘူးဟာ။ မတော်တဆ ဖြစ်တာ ပါဟာ"

"သွား၊ နင် ငါ့အသား လာမထိနဲ့။ နင့်ကို ငါနာကျည်းသွားပြီ။ မဖက်လိုက်ပြီး မိုက်ဖက်ပါတဲ့ကောင်၊ သွားဆိုသွား"

"ကျွတ်၊ မဟုတ်ပါဘူး ဟာ၊ ငါ. . . . ."

"နင် အဲဒီဟာမကို မရစေရဘူးမှတ်ပါ"

လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြေးထွက်သွားတဲ့ တီတာအောင်ချမ်း နောက်ကို လိုက်ဟန်ပြင်ပြီးမှ မလိုက်တော့ဘဲ ကုလားထိုင်မှာ ထိုင်ချ လိုက်ပါတယ်။ နေပေ့စေ သူ့ဟာနဲ့သူ။ အခန်းပြင်မှာတော့ အသံတွေ ကြွက်စီ ကြွက်စီနဲ့။

"အမယ်လေး သမီးရယ်။ သွေးတွေ အများကြီးပါလား။ ဘယ်လို ဖြစ်တာတုံး"

ဒါ သားကောင်းမြတ်ရဲ့ အမေရဲ့ အသံပါ။

"ဟီး ဟီး ဟီး"

မယ်မင်းကြီးမက အခုမှ အားကိုးတွေ သွားပုံပါပဲ။ ငိုနေလိုက်တာ များ ကိန္နရီမလေး လင်ပျောက်တဲ့အတိုင်းပဲ။ တီတာအောင်ချမ်းသာ ဒီရုပ်ဒီရည်နဲ့ ကိန္နရီမလေး ဖြစ်မယ်ဆိုရင်တော့ ကိန္နရာဖိုကြီးဟာ စောစောစီးစီး ကိန္နရာနာဖြစ်ပြီး တောတာလုပ်မှာ အသေအချာပဲ။

"အမယ်လေး၊ မဖြစ်ပါဘူး။ ဆေးခန်းသွားမှပါပဲ။ ဟဲ့ကောင် သားကောင်းမြတ် ထွက်လာခဲ့စမ်း"

သားကောင်းမြတ်က အခန်းထဲက ကုပ်ကုပ်လေး ထွက်လာတယ်။ တီတာအောင်ချမ်းက ကြမ်းပြင်ပေါ်မှာ တင်ပလ္လင်ခွေထိုင်ပြီး အော်ပြကြီး နဲ့ ငိုလို့။ နဖူးကို လက်နဲ့ဖိထားတဲ့ ကြားက သွေးတွေလည်း စီးလို့။ ဒီလို


www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတော့လည်း သနားစရာ။

“သားကောင်းမြတ်၊ မင်းဒီလောက်ဇော်တောင် လုပ်လွှတ်လိုက်ရလား”

“သား တမင်လုပ်တာ မဟုတ်ပါဘူး၊ မေမေရာ။ သားကို ဗိုက်ခေါက်ဆွဲလိမ်လို့ တွန်းထုတ်လိုက်တာ။ အဲဒါ စားပွဲစွန်းနဲ့ ဆောင့်မိသွားတာ”

“အဲဒါ သူညာပြောတာ မေမေ၊ ဟီးဟီး။ သူ့သမီးကို တမင်လုပ်တာ ဟီးဟီး”

“ကဲလာ သမီး၊ ဆေးခန်းသွားမယ် ထ၊ ဒီသားကောင်းမြတ်တော့ ပြန်လာရင် ငါနဲ့အတွေ့ပဲ။ ပြေးဖို့တော့ မစဉ်းစားနဲ့။ နှစ်ဆပိုနာမယ်”

ဒေါ်သန္တာက သားကောင်းမြတ်ကို အပီကြိမ်းရင်း တီတာအောင်ချမ်းကို ဆေးခန်းခေါ်သွားပါတယ်။ ကြည့်ရတာ ကျောင်းဆရာမလုပ်ထွက်သူ့အမေက ပြန်လာရင် တကယ်နွှာမယ့်ပုံပဲ။ ဆိုးလိုက်တဲ့ကံနော်။ ဒီလို မကြီးမငယ်အရွယ်ထိအောင် သားကောင်းမြတ်တစ်ယောက် အဆော်ခံနေရတုံးပါလား။ နီးရာဓား ကြောက်ရသတဲ့။ သူ့အမေက သူ့သားကိုတော့ ဓားနဲ့တော့ ခုတ်မယ်မထင်ပါဘူး။ နီးနီးနားနား ကြက်မွေးတံမြက်စည်းတော့ ရှိတယ်။ ဒီတော့ သားကောင်းမြတ်လည်း အခန်းထောင့်မှာ ထောင်ထားတဲ့ ကြက်မွေးတံမြက်စည်းကို အသာယူပြီး နောက်ဖေးလမ်းကြားထဲ ပစ်ထည့်လိုက်ပါတယ်။

“တံမြက်စည်းလေးရေ၊ အမျှ အမျှ”

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက မေသစ္စာအောင်မြင်လွန်းရဲ့ အမေလားဟင်"

အလုပ်စားပွဲရှေ့မှာ ရိုရိုကျိုးကျိုးလေး ရပ်လာတဲ့ ကလေးမလေးကို အလုပ်လုပ်နေတဲ့ အမျိုးသမီးကြီးက မော့ကြည့်ပါတယ်။ ကလေးမလေးက အရုပ်ခပ်ဆိုးဆိုး။ နဖူးမှာလည်း ပလာစတာကြီးနဲ့။ အသက်ကတော့ အခုမှ ဆယ်ကျော်သက်လောက် ရှိဦးမယ်။ မေသစ္စာနာမည်တပ်ပြီး လာတယ်ဆိုတော့ မေသစ္စာ သူငယ်ချင်းပဲ ထင်ရဲ့။ အမျိုးသမီးကြီးက-

"ဟုတ်ပါတယ်ကွယ်၊ ဒါနဲ့ သမီးက. . ."

"ဟို သမီးနာမည်က တီတာအောင်ချမ်းပါ။ မေသစ္စာနဲ့ ကျူရှင်တစ်ခု တည်းပါ"

"အော် ထိုင်ပါ သမီးရယ်။ ရုံးထိ တကူးတက လိုက်လာတယ်ဆိုတော့ ဘာကိစ္စများ ရှိလို့လဲကွယ်"

"ဟိုလေ သမီးလေ အန်တီ့ကို တိုင်ပြောစရာလေး ရှိလို့ပါ"

"တိုင်ပြောစရာ. . ."

အမျိုးသမီးက မျက်ခုံးပင့်သွားတယ်။ တီတာအောင်ချမ်းကို သေချာကြည့်တယ်။ ပြီးမှ. . .

"မေသစ္စာ ဘာဖြစ်လို့လဲ သမီးရယ်"

"ဟိုလေ မေသစ္စာလေ၊ ဟိုဒင်း ကျူရှင်မှာ ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်။ အဲဒီကောင်လေးက သမီးတို့ကျောင်းကပါ။ ကျောင်းမှာ အရမ်းဆိုးတာပဲ။ ရုံးခန်းခဏခဏ ရောက်ပြီး ဝမ်နင်လည်း ခဏခဏ ပေးခံထားရတယ်။ မိုက်ရိုင်းလိုက်တာလည်း မပြောပါနဲ့တော့"

တီတာအောင်ချမ်းက ပြောနေရင်း မေသစ္စာအမေကို အကဲခတ်ကြည့်ပါတယ်။ အန်တီကြီးရဲ့ မျက်လုံးက ပြူးနေပါပြီ။ ရင်ဘတ်ကိုလည်း လက်နဲ့ဖိထားသေးတယ်။ တီတာအောင်ချမ်းက ဆက်ပြီးတင်ပြန်တယ်။

"မေသစ္စာရဲ့ပုံစံက ရိုးရိုးအေးအေးနဲ့ စာကြိုးစားမယ့်ပုံပဲ အန်တီ ရယ်။ ဟိုက ခဏခဏစတော့လည်း စိတ်တွေယိုင်သွားမှာပေါ့။ အဲဒါနဲ့ သမီးတို့က အဲဒီကောင်လေးကို ဒီလိုမလုပ်ဖို့ သွားပြောတာ အန်တီရယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့က ပြေပြေလည်လည်လေးပဲ ပြောတာပါ။ အဲဒါသူက သမီးကို ကွန်ပါဘူးနဲ့ ထုထည့်လိုက်တာ နဖူးကွဲပြီး နှစ်ချက်တောင် ချုပ်လိုက်ရတယ် အန်တီရယ်။ အဟင့် ရှတ်၊ အခုထိ ချုပ်ရိုးတောင် မဖြေရသေးဘူး"

"ဘုရား ဘုရား"

"အဲဒါ သမီးလည်း အန်တီတို့ သိထားသင့်တယ် ထင်လို့ပါ။ သူတို့ကို ပြန်မပြောပါနဲ့နော်။ သမီးကြောက်လို့ပါ။ သမီးက သမီးမိဘတွေနဲ့ နိုင်းပြီး အန်တီကို ကိုယ်ချင်းစာလို့ပါ အန်တီရယ်"

မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ အမှုအယာအပြည့်ပြောနေတဲ့ တီတာအောင်ချမ်းကတော့ ဒီနှစ် အကယ်ဒမီပေးပွဲကျရင် အထူးဆုပေးရတော့မယ် ထင်ရဲ့။ စိတ်ထဲရှိသမျှ စကားလုံးတွေနဲ့ ချွန်ထားလိုက်တာများ သားကောင်းမြတ်ခမျာ အတော့်ကို စရိုက်ကြမ်းသွားရပါတယ်။ မေသစ္စာအမေရဲ့ စိတ်ထဲမှာတော့ သူ့သမီးနဲ့ တွဲနေတဲ့ ကောင်လေးဆိုတာကို အင်္ဂုလိမာလလူပျိုပေါက်လိုလို ရောဘင်ဟုလောင်းလျာလိုလို ထင်သွားရှာတာပါ။

"ကျေးဇူးတင်လိုက်တာ သမီးရယ်။ အန်တီကြည့်ပြီး စီမံလိုက်ပါ့မယ်။ ဒါနဲ့ကောင်လေး နာမည်က. . ."

"သားကောင်းမြတ်တဲ့၊ သမီးကို ခွင့်ပြုပါဦး။ ဒီအကြောင်းတွေကို ဘယ်သူ့မှ ပြန်မပြောပါနဲ့နော်"

"အေးပါ သမီးရယ်၊ မပြောပါဘူး။ တကူးတက လာပြောတဲ့ သမီးကို ကျေးဇူးတင်မဆုံးပါဘူး"

လူကြီးသူမအိုက်တင်နဲ့ ရိုရိုသေသေ နှုတ်ဆက်ပြီး ထွက်လာတဲ့ တီတာအောင်ချမ်းရဲ့ မျက်နှာက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့နဲ့။

"သားကောင်းမြတ်ရယ်။ နင်ကြိုက်ရဲတဲ့ မိန်းကလေး ကြိုက်ကြည့်လိုက်စမ်း။ ဟင်း ဟင်း"

တီတာအောင်ချမ်းက စိတ်ထဲက ကြိမ်းဝါးလိုက်ပါတယ်။ ဒါပေမယ့် နှစ်ရက်သုံးရက်ကနေ တစ်ပတ်ကြာတဲ့အထိ ဘာမှကို မထူးခြားသေးပါဘူး။ ဟိုနှစ်ယောက်ကလည်း ခါတိုင်းထက်တောင် တစ်ပူးပူး တစ်တွဲတွဲ။ ချစ်သွားကြိုက်သွားကြပြီထင်ပါရဲ့။ မျက်စိနောက်လောက်အောင်ကို သည်းနေတော့တာပါ။ သူတို့က သည်းပြလေ တီတာအောင်ချမ်းက



www.burmeseclassic.com

www.burmeseclassic.com

နေမရ ထိုင်မရဖြစ်လေပါပဲ။

"အဲဒီမေသစ္စာရဲ့အမေကလည်း ဘာလုပ်နေမှန်းမသိဘူး။ သူ့သမီးကို ကျူရှင်ကနေထုတ်ပစ်၊ အခြားကျူရှင် ပြောင်း၊ အိမ်ထဲကနေ အိမ်ပြင်မထွက်ရဆိုတာမျိုးတွေ လုပ်ပါတော့လား။ အခုတော့ ဒီအတိုင်း လွှတ်ထားတယ်။ လာတိုင်တဲ့လူကိုတောင် အားမနာ။ သူ့သမီး ယောက်ျားမရမှာ အတော်စိုးရိမ်နေသလားမသိဘူး ဟင်း"

မနေနိုင်မထိုင်နိုင် ဖြစ်နေတဲ့ တီတာအောင်ချမ်းမျက်လုံးတွေက ဟိုနှစ်ယောက်ဆီထပ်ရောက်သွားပြန်တယ်။

"အမယ်လေးလေး၊ ကြည့်စမ်းကြည့်စမ်း၊ အခုလည်းကြည့်၊ ဟိုကောင် သားကောင်းမြတ်က မေသစ္စာကို ပီကေစက္ကူပတ်လေး ခွာပေးပြီး ခွံ့နေပြန်ပါပြီ။ ဟိုဟာမကလည်း ရှက်သလို ရွံ့သလိုနဲ့။ ပြီးတော့ မစားတာလည်း မဟုတ်ဘူး။ ကျူရှင်ခန်း ကိုများ ရုပ်ရှင်ရုံအောင့်မေ့နေသလား မသိဘူး။ ငါနေ့ာ် ထလုပ်လိုက်ရ"

တီတာအောင်ချမ်းမှာ တစ်ယောက်တည်း မကျေနိုင် မချမ်းနိုင်နဲ့။ လူဆိုတာကလည်း ခက်သား။ မမြင်ချင်ပါဘူးဆိုမှ ကြည့်ဖြစ်အောင် ကြည့်လိုက်သေးတယ်။ ဟိုကောင်သားကောင်းမြတ် ရုပ်ကချိုနေလိုက်တာများ။ သကြားစက်ရုံတစ်ဒါဇင်လောက်တောင် ပစ္စည်းပြတ်သွားနိုင်တယ်။ သားကောင်းမြတ် မျက်နှာပေါ် ဖြူးပေးနေရလို့လေ။

"နင်နေနိုင်လိုက်တာ သားကောင်းရယ်။ ငါ့ကို တစ်ခွန်းလေးတောင် ခေါ်ဖော်မရဘူးနော်"

တီတာအောင်ချမ်းအတွေးက ဝမ်းနည်းကြေကွဲ တဲ့ဘက် ရောက်သွားပြန်လေရဲ့။ သူနဲ့ သားကောင်းမြတ်က စကားမပြောတာ အတော်ကြာပြီလေ။ ဟိုခေါင်းပေါက်ပြီးကတည်းက ဆိုပါတော့။ တီတာ အောင်ချမ်းက သားကောင်းမြတ် လာချော့လေမလားလို့ မျှော်ရတာ အမော။

"တကယ်ဆို နင့်ပယောဂကြောင့် ငါ့ခေါင်းပေါက်ခဲ့ရတာလေ။ နင် ငါ့ကို လာချော့ သင့်တာပေ့ါ။ နင်လာချော့ရင် ငါက မောင်းထုတ်မှာမို့ လား သားကောင်းမြတ်ရယ်။ ငါက မိန်းကလေးလေဟာ။ နင်လာချော့ တာကို ငါခံချင်တာပေ့ါ။ နင်လာကျွေးမယ့် ပီကေကို ငါလည်းစားချင် တာပေ့ါ သားကောင်းမြတ်ရယ်"


www.burmeseclassic.com

www.burmeseclassic.com



တီတာအောင်ချမ်းက ကျူရှင်ထိုင်ခုံလေးမှာ ထိုင်ရင်း တစ်ယောက်တည်းတွေး တစ်ယောက်တည်း ဝမ်းနည်းပြီး၊ သူ့ရှေ့က တစ်ရှူးစတွေကို ဆုတ်ဖြဲပစ်နေပါတယ်။

"ဟဲ့ မိတီတာ၊ နင်လုပ်တာ စာသင်ခန်းတစ်ခန်းလုံး ပွနေပြီဟဲ့"

ဘေးမှာ ဝင်လာထိုင်တဲ့ မြမိုးအေးပြောမှပဲ တီတာအောင်ချမ်းခမျာ ကိုယ့်ကိုယ်ကို ဘာလုပ်နေတာ သတိထားမိပါတော့တယ်။ ဟုတ်ပါရဲ့၊ တစ်ရှူးစတွေက ပန်ကာလေကြောင့် စာသင်ခန်းတစ်ခန်းလုံး ပြန့်လွင့်ကုန်ပြီ။

"နင်ဘာဖြစ်နေတာတုံး၊ တီတာ"

"ငါက ဘာဖြစ်နေလို့လဲ"

အမေးကို အမေးနဲ့ပဲ တုန့်ပြန်လိုက်တယ်။ မြမိုးအေးက မဲ့ရွဲ့လိုက်ပြီး-

"ငါသိပါတယ် ဟယ်။ နင်မနာလိုတိုရှည် ဖြစ်နေတယ် မဟုတ်လား"

"ငါက ဘာကို မနာလို ဖြစ်ရမှာလဲ"

ပြောရင်းနဲ့ တီတာအောင်ချမ်းရဲ့ အသံက တိမ်သွားပါတယ်။ ပြီး အသံတိမ်တိမ်လေးနဲ့. . .

"ဟုတ်တယ်။ ငါ မနာလိုဖြစ်နေတာ။ ငါ့ရင်ဘတ်ထဲမှာ ကလီစာတွေ တစ်ပြုံလုံး ဆွဲထုတ်ခံလိုက်ရသလိုပဲ။ ငါမကျေနပ်ဘူးဟာ"

"နင်ကသာ မကျေမနပ်ဖြစ်နေတာ၊ ဟိုနှစ်ယောက်က ကျူရှင်ခန်းထဲ ချစ်နာလန်ထရတာ အားမရလို့နဲ့တူတယ်။ ထသွားပြီ။ ပန်းခြံလား၊ ရုပ်ရှင်ရုံလား မသိဘူး၊ ဟီ ဟိ"

တီတာအောင်ချမ်းက နောက်လှည့်ကြည့်လိုက်တော့ ဟိုနှစ်ယောက်ကို မမြင်မိတော့ဘူး။ မြမိုးအေးပြောတဲ့ နေရာတွေဆီ ချီတက်သွားကြပြီထင်ရဲ့။

"ငါဒေါသထွက်လာပြီနော်"

ဒေါသထွက်တဲ့လူကလည်း မျက်ရည်တွေဝဲလို့။ မြမိုးအေးက တီတာအောင်ချမ်းကို လက်တို့လိုက်ပြီး-

"ငါ့ဦးလေး လူပျိုကြီးတွေ ပြောတာ ကြားဖူးတယ်ဟ၊ ယောက်ျားလေးတွေက လူပျိုပေါက်အရွယ်မှာ ရုပ်ကလေးချောတာကို ကြည့်ပြီး ကြိုက်ကြတယ်တဲ့။ အသက်နှစ်ဆယ်လည်း ကျော်လာရော၊ စတိုင်မိတာတွေ ဖက်ရှင်ကျတာတွေကို ကြိုက်လိုက်ကြတယ်တဲ့။ အသက်သုံးဆယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်လာရော၊ ရုပ်ရှည်နဲ့စတိုင်ကို ဦးစားမပေးတော့ဘဲ၊ ဘော်ဒီကိုပဲ ဦးစားပေးတော့တယ်တဲ့။ ဟုတ်မယ်ထင်၊ တို့ကျူရှင်ဆရာက နင်ဝင်လာတာတွေ့ရင် အသည်းအမည်းပဲ သိလား"

"နင့်ဦးလေးက ဒါတွေကို တူမတွေရှေ့ ပြောတာပဲလား"

"အော် ငါ့ကို ပြောတာတော့ ဘယ်ဟုတ်ပါ့မလဲ။ သူတို့ အချင်းချင်း ပြောနေတာကို ကြားတာပေါ့ဟ"

"ဒါနဲ့ နင့်ဦးလေးက သုံးဆယ်ကျော်ပြီလား"

"ဘာလဲ နင်က ငါ့ဦးလေးရှေ့ ဖြတ်လျှောက်ပြမလို့လား။ မလုပ်နဲ့ မိန်းမရ၍။ ငါ့ဦးလေးက အဆင့်လွန်သိုင်းသမားဖြစ်သွားပြီ"

"ဘယ်လိုလွန်သွားလို့လဲ"

"မိန်းမဆိုပြီးရော ဆိုတဲ့ အဆင့်ရောက်သွားပြီ။ သူ့အသက်က လေးဆယ်ကျော်လေ ခစ်ခစ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"သမီး၊ မေသစ္စာ"

ခေါ်သံကြားလိုက်ရတဲ့ မေသစ္စာခမျာ တစ်ကိုယ်လုံး တုန်တက်သွားတယ်။ ချက်ချင်းလက်ငင်း ငှက်ဖျားရော၊ ကြက်ငှက်တုပ်ကွေးပါ ဝင်လာတဲ့ အတိုင်းပါပဲ။

"မေ. . . မေ"

ဘေးနားပါလာတဲ့ သားကောင်းမြတ်ခမျာလည်း မေသစ္စာနည်းတူ ဒူးတုန်တက်သွားတယ်။ သူက ဒူးတွေပါ မခိုင်ချင်သလို ဖြစ်လာပါတယ်။ သားကောင်းမြတ်နဲ့ မေသစ္စာက ဒီနေ့မှ ကျူရှင်မတတ်ဘဲ လျှောက်လစ်လာတာပါ။ ဘယ်ကိုရယ်လို့မဟုတ်၊ ရောက်ရာပေါက်ရာ လျှောက်သွားရင်း ညောင်းလာလျှင် အအေးဆိုင်လေး ဘာလေး ထိုင်မယ်ဆိုပြီး ထွက်လာခဲ့တာ။ တစ်ရက်ကလေး ကျူရှင်ပြေးမိပါတယ်။ တန်းပြီးတိုးတော့တာပါပဲ။ သူခိုးလုပ်စားရင် လက်ထိပ်နဲ့ အချုပ်ခန်းတောင်ဘွတ်ကင်လုပ်ထားရမလို ဖြစ်နေပြီ။ သားကောင်းမြတ်က မေသစ္စာအမေကြီးကို မရဲတရဲကြည့်ပါတယ်။ အဘွားကြီးကလည်း သူ့ကို ပြန်ကြည့်နေတာနဲ့ သွားတိုးတယ်။ အဘွားကြီးလို့ ခေါ်မယ့်သာ ခေါ်ရတာ။ အသက်လေးဆယ် ကျော်လောက်ပဲ ရှိဦးမှာပါ။ လေးဆယ်ကျော် ငါးနှစ်အတွင်းမှာ လာဆုံရတယ် ယောက္ခမလောင်းရယ် လို့တောင် ဆိုရမလိုဖြစ်နေပြီ။ မေသစ္စာရဲ့မျက်နှာကလည်း သွေးကင်းဆာရောဂါသည် အချိန်မီသွေးမသွင်းနိုင်လို့ ရောဂါဖောက်နေတဲ့အတိုင်း ဖြူဆွတ်လို့။

"လာ သမီး"

အဘွားကြီး အဲ အန်တီကြီးက သူ့သမီးကို အေးအေးဆေးဆေးပဲ ခေါ်လိုက်ပါတယ်။ စိတ်နဲ့ကိုယ်နဲ့ တစ်ထွာလောက် ကွာနေတဲ့ မေသစ္စာခမျာ၊ စက်ရုပ်ကြီး လမ်းလျှောက်သလို တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ သူ့အမေနောက် တပ်သွားပါတယ်။ သားကောင်းမြတ်ကတော့ အူကြောင်ကြောင်နဲ့ ရပ်လို့။ မေသစ္စာကိုပဲ လိုက်ဆွဲရမလို၊ ကိုယ်လွတ်ရုန်းပြီးပဲ ထွက်ပြေးရမလို။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို "ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့ဗျာ"


www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ငိုကြီးချက်မနဲ့ ရင်ဘတ်ကြီးထု၊ လက်ညှိုးကြီးထိုးလို့။ ရပ်ကွက်ကြား အောင်ပဲ အော်ငိုရတော့မလိုပါပဲ။

"သားနာမည်က ကောင်းမြတ်နော်"

လုပ်ချလိုက်ပြန်ပြီ။ မေသစ္စာအမေက သူ့သမီးလောက် မှတ်ဉာဏ် မကောင်းဘူးထင်ပါရဲ့။ ဟိုကောင်မလေးဆို တစ်ခါပြောတာနဲ့ တစ်သက်လုံး မှတ်မိနေတာ။

"ကျွန်တော့်နာမည်က သားကောင်းမြတ်ပါ။ ကောင်းမြတ်က ကျွန်တော့်အဖေနာမည်"

အန်တီကြီးက မဆိုစလောက် ပြုံးစိစိလေး ဖြစ်သွားပါတယ်။

"ကဲ၊ သားလည်း အန်တီတို့နဲ့ လိုက်ခဲ့ပါဦး"

သားကောင်းမြတ်တစ်ယောက် မျက်လုံးပြူးသွားပါတယ်။ ဘာလုပ် မလို့ပါလိမ့်။ မဟုတ်မှလွဲရော၊ မိဘတွေ တိုင်မလို့လား မသိဘူး။ ဒါဆိုရင် တော့ သူ့အမေဆရာမ လူထွက်တော့ လက်စွမ်းပြပွဲတွေ ဆက်တိုက် ကျင်းပရတော့မှာပဲ။ ဒီလထဲတင်ပဲ မကြီးမငယ်နဲ့ အရိုက်ခံနေတာ နှစ်ခေါက်တောင် ရှိပြီ။ ဒီတစ်ခါ အရိုက်ခံရပြန်ရင် ဟိုငတိမ တီတာ အောင်ချမ်းက လက်ခုပ်ဝိုင်းတီးပေးနေဦးမှာ။ သားကောင်းမြတ်ခမျာ တွေးမိတာနဲ့တင် တစ်ကိုယ်လုံး စပ်ဖျင်းဖျင်း ဖြစ်သွားရပါတယ်။

"လာလေ သားရဲ့။ လမ်းမကြီးမှာ စကားပြောလို့ မကောင်းပါဘူး။ ဘာလဲ အန်တီက မင်းအိမ်ကို တိုင်မှာစိုးလို့လား။ မတိုင်ပါဘူး သားရယ်။ လမ်းထိပ်က အအေးဆိုင်တင်ပါ"

တော်ပါသေးရဲ့။ သားကောင်းမြတ်က မေသစ္စာကို လှမ်းကြည့်လိုက် တော့ ကောင်မလေးက စကားမပြောတော့ဘူးရယ်လို့ ချက်ချင်းလက်ငင်း သံမဏိဒွာန်ချထားလိုက်ပုံပါပဲ။ မျက်လုံးကြီးအောက်စိုက်ပြီး မျက်နှာငယ် လေးနဲ့။ ဒီကောင်မလေး သူ့အမေကို ဘယ်လောက်တောင်များ ကြောက် ရလဲ မသိတတ်တော့ဘူး။ သားကောင်းမြတ်တို့ကတော့ ကိုယ့်အမေကိုယ် မကြောက်ပေါင်။ ဒီလောက်ရိုက်နှက်နေလည်း ပြီးရင် လုပ်ချင်တာ လုပ်တာပါပဲ။ တကယ်ဆိုရင် မေသစ္စာက သူ့အမေကို တွေ့တာနဲ့ "မေမေ ရယ်၊ သမီးတို့ အတန်းပိုင်ဆရာမ နေမကောင်းလို့ သွားတွေ့တာ၊ အဖော် မရှိလို့ သားကောင်းမြတ်ကို ခေါ်လာတာ။ ဆရာမက သနားစရာပါ မေမေရယ်။ သူ့ခမျာ နေမကောင်းလည်း ဖြစ်သေး။ သူ့ယောကျ်ား


www.burmeseclassic.com

www.burmeseclassic.com



အရက်သမားကြီးကလည်း ရိုက်သေး။ ကလေးတွေကလည်း ငယ်သေးဆိုပြီး ပလီစီ ချောက်ချက် လုပ်ဇာတ်လေး ခင်းပြလိုက်ရမှာ။ သားကောင်းမြတ်နဲ့တွဲနေပြီး ဒီလောက်လေးမှ ရှုံ့ချည်နှပ်ချည် မလုပ်တတ်ရင် တွဲရကျိုး ဘယ်နပ်ပါ့မလဲ မေသစ္စာလေးရယ်။ ဒီလိုနဲ့ အအေးဆိုင်ထဲ ဝင်ထိုင်မိကြတော့ မေသစ္စာအမေက သူတို့အတွက် စတော်ဘယ်ရီ မစ်ခ်ရှိတ်နှစ်ခွက်မှာတယ်။ ပြီးတော့မှ သားကောင်းမြတ်ဘက် လှည့်မေးလိုက်ပါတယ်။

"သားရော ဘာသောက်မလဲ"

"ဟိုဒင်း၊ ဒိန်ချဉ်"

စားပွဲထိုးလေး ထွက်သွားတော့မှ မေသစ္စာရဲ့အမေက စကားစပါတယ်။

"အမေက သမီးကို ကလေးလေးလို့ ထင်ထားတာ၊ သမီးက ကလေးမဟုတ်တော့ဘဲကိုး"

မေသစ္စာ အမေကြီးက မျက်စိလည်းမှုန်တယ်ထင်ရဲ့။ သူ့သမီးကိုများ ကလေးအောင့်မေ့နေရသေး။ ဟိုက အပျိုသင်စတောင် မဟုတ်တော့ပါဘူး။ ပျိုတတ်လိုက်တာမှ ဟိုကိုင်းဒီကိုင်းတောင် မကပဲ၊ ဟိုပင်ဒီပင်တောင် ကူးတတ်နေပါပြီ။ ကောင်မလေးက အသံတိုးတိုးလေးနဲ့-

"သမီးမှားပါတယ် မေမေ"

အင်း တရုတ်သိုင်းကားတွေထဲက ဘာမှမစစ်ဆေး မမေးမြန်းရသေးဘူး။ အရင်ဆုံး ဝန်ခံပစ်လိုက်တာပဲ။ သားကောင်းမြတ်က သူလည်းရောပြီး "သားလည်း မှားပါတယ် မေမေ" ဆိုပြီး ဝန်ခံရင် ကောင်းမလားလို့ စဉ်းစားလိုက်သေးတယ်။

"သမီးမမှားပါဘူး၊ မေမေမှားတာပါ"

အင်း မှားတဲ့လူနှစ်ယောက်တော့ ရှိသွားပြီ။ နောက်ထပ် ဘယ်သူတွေ မှားဦးမလဲတော့ မသိဘူး။ အန်တီကြီးက ဆက်ပြီး-

"မေမေက မမြင်တတ်ခဲ့တာ၊ ငါ့သမီး အရွယ်ရောက်နေပြီဆိုတာကိုလေ။ အခုဒီတော့ သမီးအနေနဲ့ စိတ်ကစားချင်လာပြီပေါ့။ မေမေ သဘောပေါက်ပါတယ် သမီးရယ်"

အင်း ဒီလိုဆိုတော့လည်း မေသစ္စာ အမေကြီးက နားလည်မှုရှိပြီးခေတ်မီသားပဲ။ အမေက နားလည်ပေးပေမယ့် သမီးကတော့ သူ့အမေကို



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သလို ကြည့်နေပါတယ်။

"သမီးတို့အရွယ်က ရုပ်ပိုင်းဆိုင်ရာ အရွယ်ရောက်တာ မှန်ပေမယ့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ရင့်ကျက်ကြဖို့ အများကြီးလိုနေသေးတယ်။ မှားတာ မှန်တာ၊ သင့်တော်တာ၊ မသင့်တော်တာတွေ ကွဲကွဲပြားပြား သိနိုင်ဖို့ အတွေ့အကြုံတွေ အများကြီးလိုနေသေးတယ်။ ကျောင်းနေတုံး အရွယ်ဆိုတာ အိမ်ထောင်ပြုရမယ့်အရွယ် မဟုတ်သေးဘူးဆိုတာ သားကောင်းမြတ် လက်ခံတယ် မဟုတ်လား"

"ခင်ဗျာ၊ ဟုတ်ကဲ့ လက်ခံပါတယ်။ ဟိုဒင်းလေ၊ ကျွန်တော်တို့ ကလည်း ယူမလို့ မဟုတ်ပါဘူး။ ဟိုလေ အခုမှ ရည်းစားထားကြည့် တာပါ"

သားကောင်းမြတ်အဖြေက ထစ်အထစ်အနဲ့။ မေသစ္စာ အမေပြုံးပြီး

"ဒါဆိုရင် သားနဲ့ သမီးကို အန်တီမေးပါရစေဦး။ ရည်းစားထားတာ ကောင်းလား"

ကောင်းပါတယ်ခင်ဗျ" "မကောင်းပါဘူး မေမေ"

အသံနှစ်ခုက တပြိုင်နက် ထွက်လာပေမယ့် အဖြေကတော့ ဆန့်ကျင်ဖက်ပါ။ မေသစ္စာအမေက တဟင်းဟင်း ရယ်လိုက်ပြီး

"သားတို့နှစ်ယောက်က စိတ်တူကိုယ်တူတွေပဲ။ အဖြေကတော့ တစ်ထပ်တည်းပဲ"

"သူက အန်တီ့ကိုကြောက်လို့ မကောင်းဘူးဖြေတာ"

သားကောင်းမြတ်က အထွန့်တက်တော့ မေသစ္စာက အံကြိတ်ပြ တယ်။ သူ့အမေနဲ့ မတွေ့ခင်တုံးကတော့ သားကောင်းမြတ်နဲ့ နေရတာ ပျော်စရာကောင်းတယ်လေး ဘာလေးနဲ့ သူ့ပါးစပ်က ပြောခဲ့ပြီးတော့ ဟင်း။

"ကဲပါလေ၊ ထားလိုက်ပါတော့၊ အန်တီက သားတို့ကို အပြစ်တင် နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် သားတို့နှစ်ယောက် ကျူရှင်ပြေးတာ တော့ သဘောမကျဘူး။ ကိုယ့်သားကိုယ့်သမီးတွေကို ပိုပြီးတော် ပိုပြီးတတ်၊ ပိုပြီးထက်မြက်စေချင်လို့ ကျူရှင်ပို့ထားတာလေ။ အန်တီက ကိုယ့်သမီးအရည်အချင်းကို ယုံပြီးသား။ ဘယ်လိုဖြေဖြေ စာမေးပွဲအောင် မယ်ဆိုတာ။ သားကိုလည်း အခုမှတွေ့ပေမယ့် အန်တီယုံတယ်။ သားလည်းလူညံ့မဟုတ်ဘူးဆိုတာ။ သမီးလေး ကိုယ်တိုင်က ဆရာဝန်ဖြစ်

www.burmeseclassic.com

ချင်တာ။ ဒီတော့ အမှတ်များများရမှဖြစ်မယ်။ သားတို့နှစ်ယောက် လူငယ်ဘာဝ လွတ်လွတ်လပ်လပ် တွေ့ချင်ကြတာကို အန်တီတလည်း မပိတ်ပင်ချင်ဘူး။ ရှင်းရှင်းပြောရရင် အန်တီက အမေပဲ။ ဒါမလုပ်နဲ့ သမီးလို့ တစ်ခွန်းတည်း ပြောလိုက်လို့ရပါတယ်။ ဒါပေမယ့် မပြောချင်ဘူး။ သားတို့သမီးတို့ စိတ်ထဲမှာ ငြိုငြင်သွားပြီး မိဘတွေအပေါ် မကောင်းမြင်လာမယ်။ အပြစ်ဖြစ်လာမယ်။ ကျောင်းစာကိုလည်း စိတ်ဖြောင့်ဖြောင့်နဲ့ ကျက်နိုင်မှာ မဟုတ်ဘူး"

မေသစ္စာအမေကြီးက ရှည်ရှည်လျားလျားကြီး ပြောရင်း မောသွားသလိုနဲ့ သူ့ရှေ့က အအေးခွက်ကို တစ်ကျိုက်သောက်ပါတယ်။ သားကောင်းမြတ်နဲ့ မေသစ္စာတို့မှာတော့ ပါးစပ်ကလေး အဟောင်းသားနဲ့။ မေသစ္စာကိုယ်တိုင်က သူ့အမေကို ဘာကိုပြောချင်မှန်း သဘောပေါက်သေးဟန် မတူပါဘူး။ အန်တီကြီးက ခွက်ကလေးကို ပြန်ချလိုက်ပြီး-

"ဒီနေ့ သားတို့နှစ်ယောက် ကျူရှင်လွတ်သွားပြီ။ စာသင်ရမယ့် အချိန်ကို သားတို့နှစ်ယောက် ကိုယ်ပိုင်သုံးပစ်လိုက်ကြပြီ။ အဲဒီတော့ သားတို့နှစ်ယောက်ရဲ့ ကိုယ်ပိုင်အချိန်တွေထဲကနေ ဒီနေ့စာသင်ချိန်တို့ အကြွေးပြန်ဆပ်ရတော့မယ်"

"ခင်ဗျာ၊ ဟုတ်ကဲ့"

"အဲဒီတော့ သမီးမေသစ္စာက အိမ်ပြန်ရောက်တဲ့အခါ ဒီနေ့ လေလွင့်သွားတဲ့ အချိန်နှစ်နာရီအတွက် အစားထိုးပြီး စာကျက်ချိန်နှစ်နာရီ ထပ်တိုးရမယ်နော် ဟုတ်ပြီလား"

"ဟုတ်ကဲ့ မေမေ"

"သားကိုတော့ အန်တီ အတင်းအကျပ်မပြောပါဘူး။ ဖြစ်နိုင်ရင် သားလည်း အဲဒီလို လုပ်စေချင်တယ်"

"ဟုတ် ဟုတ်ကဲ့"

"ကဲ အအေးသောက်လိုက်ဦး။ ပြီးရင် မေမေပြန်တော့မယ်။ သမီးရော တစ်ခါတည်းလိုက်ခဲ့မလား။ စာကျက်ချိန်ထပ်တိုးလို့ ရသေးတယ်ဆိုရင်တော့ နေခဲ့ပေါ့"

မေသစ္စာခမျာ ခေါင်းစားသွားရပါတယ်။ ပုံမှန်စာကြည့်ချိန်က ညဆယ်နာရီအထိ ဒီနေ့ ထပ်တိုးကျက်ရမှာက နှစ်နာရီဆိုတော့


www.burmeseclassic.com

www.burmeseclassic.com



ညဆယ်နှစ်နာရီ။ သားကောင်းမြတ်နဲ့ ကျန်ခဲ့မယ့် အချိန်တွေ ထပ်ပေါင်းမယ်ဆိုရင် ဘုရား ဘုရား။ ဒီည အိပ်ရပါ့မလားပဲ။ ကောင်မလေးလည်း ကဗျာကယာ အအေးခွက်ကို မော့လိုက်ပြီး လွယ်အိတ်ကောက်ကိုင်လိုက်ပါတယ်။

"သမီးမေမေနဲ့ လိုက်ခဲ့မယ်။ သားကောင်းမြတ် ငါသွားမယ်နော်"

သားအမိနှစ်ယောက် ထသွားတဲ့အခါမှာတော့ သားကောင်းမြတ်တစ်ယောက် အတွေးပလုံစီ ထကျန်ခဲ့တယ်။ မေသစ္စာအမေကြီးက ဟိုဘဝက ဘောလုံးပွဲဒိုင်လူကြီးများ ဖြစ်ခဲ့သလား မပြောတတ်ဘူး။ သူ့သမီးရည်းစားနဲ့ တွေ့တဲ့အချိန်ကို injury time ဆိုပြီး စာပိုကျက်ခိုင်းနေတယ်။ ပြီးတော့ သားကောင်းမြတ်ကိုလည်း လုပ်ခိုင်းသွားသေးတယ်။ မလုပ်နိုင် ပါဘူး။ ရည်းစားနဲ့ နှစ်နာရီလောက်တွေ့ရင်း အိပ်ချိန် နှစ်နာရီလောက် ထပ်တိုးတာပဲ လုပ်တော့မယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



•

'ကလင်. . . ကလင်. . . ကလင်'

"ဟလို၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"............"

"သားကောင်းမြတ် ဟုတ်လား၊ အခုပြောနေတာ ဘယ်သူပါလဲ"

"............."

"မေသစ္စာအောင်မြင့်လွန်း၊ ဟုတ်လား၊ ခဏနော်"

မေသစ္စာဆိုတဲ့ အသံကြောင့် နှပ်တော့မလို့ ပြင်နေတဲ့ သားကောင်းမြတ် ခေါင်းထောင်သွားပါတယ်။ နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီပဲ ထိုးခါနီးပြီ။ ဒီကောင်မလေး ဘာကိစ္စဖုန်းဆက်တာပါလိမ့်။ တစ်ခါမှလည်း ဆက်ဖူးတာမဟုတ်ဘူး။ မဟုတ်မှလွဲရော၊ ညနေက သူ့သမီးကို အချိုသတ်လေးနဲ့ အိမ်ပြန်ခေါ်သွားတဲ့ သူ့မားသားကြီးက အိမ်ရောက်တော့ အချဉ်တွေကျွေးပြီး ရေလည်နွှာထားပြီနဲ့တူတယ်။ ဒါကြောင့် အလစ်မှာ ဖုန်းဆက်ပြီး ငိုပြမလို့လားမသိဘူး။ ချစ်ချစ်က ငိုပြတော့လည်း ဟောဒီကောင်က ချော့ရမှာပေါ့။ သားကောင်းမြတ်က ဖုန်းခွက်ကိုင်ထားတဲ့ သူ့အမေဆီကနေ ဖုန်းကို ပြောင်းယူလိုက်ပါတယ်။ ဒေါ်သန္တာက မသက်သာသလိုနဲ့ မလှမ်းမကမ်းကနေ ချက်နေပါသေးတယ်။ သားကောင်းမြတ်က မင်သေသေနဲ့ ဖုန်းနားထောင်လိုက်တယ်။

"ဟဲ့ သားကောင်းမြတ်၊ နင်အခု ဘာလုပ်နေလဲ"

ဟင်၊ ချော့ရမယ့်လူကလည်း အသံမာလှချည်လား။ ဒီကကောင်က နာလံထစ လူမမာအသံမျိုးမှန်းထားတာ။

"ငါ အိပ်တော့မလို့၊ ဘယ့်နှယ့်လဲ နင့်အမေနဲ့ အိုကေလား"

"အေး အိုကေတယ်။ ဆူလည်း မဆူဘူး။ အခုတောင် ဘေးမှာရှိသေးတယ်"

"ဟုတ်လား၊ ဒါနဲ့ ဘာကိစ္စ ဖုန်းဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ၊ ဟုတ်လား။ ကျူရှင်လစ်တုံးက တို့နှစ်ယောက်စလုံး လစ်ပြီးတော့ အချိန်ပို စာကျက်ရတော့ ငါတစ်ယောက်တည်းဆိုတော့ ဘယ်တရားပါ့မလဲဟ၊ နင်ပါ ကျက်ရမယ်"

"ဟာ၊ ဒါက နင့်အမေထုတ်တဲ့ စည်းကမ်းလေ။ ငါ့အမေထုတ်တဲ့ စည်းကမ်းမှ မဟုတ်တာ"

"အို ဘယ်သူပဲ ထုတ်ထုတ်။ နင်နဲ့ငါက သမီးရည်းစားပဲ။ အသာခံလည်း တူတူ၊ အနာခံလည်း အတူတူ ဖြစ်ရမှာပေါ့။ မရဘူးဟာ။ chemistry ထဲက $H_2S$ ဓါတ်ငွေ့ထုတ်ဖော်ပုံကို ဒီညကျက်မယ်။ ဆယ့်တစ်နာရီ ထိုးရင် စကျက်မယ်။ တစ်နာရီထိုးရင်အိပ်မယ်။ အဲဒီကျ ငါဖုန်းထပ်ဆက်မှာနော်။ နင်တကယ်ကျက်မကျက် သိရအောင်။ မနက်ဖြန် နင်နဲ့ငါ တွေ့ရင် နင်အလွတ်ရွတ်ပြရမယ်နော်။ မရလို့ကတော့ ဗိုက်ကြောအပြတ်ပဲ။ ကဲ ငါဖုန်းချလိုက်ပြီ"

"ဟိုက်"

ငတိမလေးက ဖုန်းထဲကနေ ရာဇသံတွေ စစ်ကြေငြာချက်တွေ ထုတ်သွားပါတယ်။ ဗိုက်ကြောအပြတ်ဆိုပဲ။ မိုးနတ်မင်းကြီးရယ်၊ ဒီအတိုင်း ကြည့်နေတော့မှာလား။ ဖုန်းချပြီး ပြန်အလှည့်မှာ သူ့ကို စူးစမ်းတဲ့ မျက်လုံးကြီးတွေနဲ့ ကြည့်နေတဲ့ ဒေါ်သန္တာနဲ့ ရင်ဆိုင်ရပြန်တယ်။

"ကဲ ဆိုစမ်းပါဦး။ ဘယ်ကကောင်မလေးတုံး။ ဒီအချိန်ကြီး ဖုန်းဆက်ရတာ၊ ဘာလဲ မင်းရည်းစားလား"

"ဟာ မဟုတ်ပါဘူး အမေရာ။ ကောင်မလေးက ဂေါက်တောက် တောက်လေးပါ။ ဒီနေ့ ကျူရှင်မှာ သားကို ဉာဏ်ကောင်းတယ်ဆိုပြီး ဆရာက ချီးကျူးလိုက်လို့၊ အဲဒါ မခံချင်ဖြစ်ပြီး စာပြိုင်ကျက်ဖို့ စိန်လာခေါ်နေတာ"

"ဟုတ်ရဲ့လား သားကောင်းမြတ်ရယ်။ မင်းကိုများ စာပြိုင်ကျက်ဖို့ စိန်ခေါ်ရတယ်လို့၊ မဟုတ်က ဟုတ်ကတွေ"

"အဲဒါကြောင့် ပြောတာပေါ့ အမေရ။ ဂေါက်တောက်တောက် လေးပါလို့။ မပြိုင်ပြန်ရင်လည်း ယောကျ်ားလေးတန်မဲ့ ကြောက်တယ် ဖြစ်ဦးမယ်။ အခု သားစာသွားကျက်လိုက်ဦးမယ်"

ပြောရင်းဆိုရင်း စာကျက်စားပွဲ သွားထိုင်နေတဲ့ သားကောင်းမြတ်ကို ကြည့်ပြီး ဒေါ်သန္တာခမျာ အံ့ဩတကြီး ဖြစ်သွားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျားသားမိုးကြိုး၊ တကယ်ကို စာကျက်နေတော့တာပါပဲလား။ အင်းကျူရှင်ဆရာကို နေ့တိုင်းမြောက်ပေးခိုင်းပြီး၊ အဲဒီဖုန်းဆက်တဲ့ကောင်မလေးကို နေ့တိုင်း စိန်ခေါ်ခိုင်းရမယ်"

စာကြည့်စားပွဲထိုင်နေတဲ့ သားကောင်းမြတ်ကတော့ $H_2S$ ဓါတ်ငွေ့နဲ့ ရောပြီး မေသန္တာကိုပါ မေတ္တာပို့ပါတော့တယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



၈

အအေးဆိုင်ထဲ လာထိုင်ပြီး စုန်းပူးသလို နတ်ပူးသလို ရှာသူပဲ ဖမ်းစားသလို တိုးတိုးတွတ်တွတ် လုပ်နေတဲ့ မေသစ္စာကို ကြည့်ပြီး သားကောင်းမြတ်က စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ပါတယ်။

"မေသစ္စာ၊ မေ. . .သစ္စာ"

"ဟင် အင် ခဏလေး"

ကောင်မလေးက သားကောင်းမြတ်ကို အသာလက်ကာပြပြီး ရွှတ်လက်စ ဆက်ရွှတ်နေတယ်။ ရွှတ်နေရာကနေ မေ့သွားပုံရတယ်။ သားကောင်းမြတ်ဖက်လှည့်ပြီး-

"ဟဲ့၊ ယုန်ရဲ့ digestive system ဒုတိယစာပိုဒ်အစက ဘာလဲဟင်"

ကျွတ် ဒုက္ခပါပဲ။ ရည်းစားနဲ့ အအေးဆိုင်လာထိုင်တာ ဒီယုန်စုတ်က ဘယ်ကနေပါလာရလား မသိဘူး။ သားကောင်းမြတ်က ဒေါ်ပွပွနဲ့-

"နင်အိမ်မှာ စာကျက်ရတာ အားမရသေးလို့၊ အအေးဆိုင်မှာ လာကျက်နေတာလား။ ငါနဲ့တွေ့တဲ့အချိန် အဲဒီယုန်စုတ်ကို ခဏလောက် ခေါက်ထားလိုက်လို့ မရဘူးလား"

"မရဘူး၊ အိမ်ပြန်ရောက်ရင် ငါ့အမေဆီမှာ ပြန်ရွှတ်ပြရမှာဟ၊ မနေ့က ကျူရှင်လစ်ပြီး ရုပ်ရှင်သွားကြည့်တာ ငါ့အမေသိသွားတယ်။ ဘယ်ကနေ ဘယ်လို သိသွားမှန်း မသိဘူး။ အဲဒါညက စာကျက်တာ ညသုံးနာရီ ထိုးသွားတယ်။ ကြာလာတော့ ထူပူပြီး ငါလည်း စာတွေ မေ့ကုန်ရော"

"နင့်အမေက ပညာရှိနည်းနဲ့ နှိပ်စက်နေပုံပဲ။ ထားလိုက်ပါဟာ။ ရေလည်း ဘာဖြစ်လဲ။ သမီးနောက်နေ့ကျက်မယ်လို့ ပြောလိုက်ပေါ့ဟာ။ ဒီနေ့ အပြီးကျက်ရမယ်ပြောလည်း မရတော့လည်း အဲဒီနေ့ကို ဆွဲထားလို့ ... မရတာ။ နောက်တစ်နေ့ ရောက်သွားမှာပဲ။ အဆူသာခံလိုက်၊ ငါ့အတွက် နင်ဒီလောက်တော့ ပေးဆပ်သင့်ပါတယ်"

"ဟာ မဖြစ်ပါဘူး၊ ငါ့အမေက ဗျူဟာပြောင်းသွားပြီ။ စာမရရင် ... ဆူပဲနဲ့ ငိုတာဟ။ မျက်ရည်တွေကျတာမှ အများကြီးပဲ။ အမေ့ကို ... ဟာ ... လေးတစ်ခုတောင် လုပ်မပေးနိုင်ဘူးလားဆိုပြီး ငိုတာဟ။ ... မေငိုရင် ... ပါရောပြီး ငိုရရော။ အဲဒီကျရင် ငါ့အဖေက ဒေါ်ပွရော ... ။ စိတ်ညစ်

www.burmeseclassic.com

ပါတယ်ဟာ။ ငါစာရမှဖြစ်မှာဟ"

ရော ဒုက္ခပါပဲ။ သူ့သမီးကို စာကျက်ခိုင်းတာတောင်မှ အလွမ်းဇာတ်လေးနဲ့။ မတော်တဆ သူ့သားမက်များ ဖြစ်သွားခဲ့ရင် "သားရယ်၊ အမေ့ကို ဒါလေးတောင် လုပ်မပေးနိုင်ဘူးလား" ဆိုပြီး ငိုပြနေမှဒုက္ခ။ မဟုတ်မှလွဲရော မျက်လုံးကို ပရုပ်ဆီတွေ တို့ပြီးများ ငိုပြနေသလား မသိဘူး။ ပြောလို့မရဘူး။ မေသစ္စာ မားသားကြီးကို ကြည့်ရတာ ပျော့ပျော့လေးနဲ့ အတော်နံမယ့် ကြောင်ချေးမျိုး။

"အဲ ရပြီ ရပြီ"

"ဘာရတာတုံး"

"ဟို ဒုတိယစာပိုဒ်လေ"

ငတိမက ဝမ်းသာအားရထအော်ပြီး တိုးတိုးဆက်ရွတ်နေတယ်။ ဒီတစ်ခါတော့ သားကောင်းမြတ်လည်း သည်းမခံနိုင်တော့ပါဘူး။ ရှေ့က စားပွဲကို လက်သီးနဲ့ ထုထည့်လိုက်တယ်။

"ဝုန်း"

ကောင်မလေးက အလန့်တကြား မော့ကြည့်တယ်။ သားကောင်းမြတ်က မေသစ္စာကို လက်ညှိုးထိုးပြီး-

"အဲဒီယုန်က နင့်ရည်းစားလား၊ ငါက နင့်ရည်းစားလားဆိုတာ ဖြေစမ်းပါဦး"

"အဲဒီယုန်က၊ အဲမဟုတ်ပါဘူး။ ငါက နင့်ရည်းစား၊ အဲ နင်က ငါ့ရည်းစားလေဟာ"

'နင်က ရည်းစားတစ်ယောက်လုံးကို ရှေ့မှာ ငုတ်တုတ်ကြီး ပစ်ထားပြီး အဲဒီယုန်အကြောင်းတစ်တွတ်တွတ်ရွတ်နေတာ ငါ့ကို စော်ကားတယ်လို့များ မထင်မိဘူးလား"

"ဖြစ်မှဖြစ်ရလေ သားကောင်းမြတ်ရယ်။ သဝန်တိုစရာရှားလို့၊ အဲဒီယုန်က ကျောင်းစာလေဟာ။ နင်လည်း ကျက်ရမှာပဲလေ။ နင်က လည်း ရစ်စရာမရှိ ကြံဖန်ရစ်နေပြန်ပါပြီ"

"အေးရစ်တယ်ဟာ၊ ဘာဖြစ်လဲ။ ငါ့ကိုချစ်ရင် နင်အဲဒီ ယုန်အကြောင်း လုံးဝမကျက်နဲ့ဒါပဲ"

"ဟာ ဘာဆိုင်လို့လဲ၊ အဲဒီယုန်က စာမေးပွဲကြီးမှာ အမြဲတမ်း အပုဒ်ကြီး တစ်ပုဒ် မေးတတ်တာလေ။ မကျက်ရင် မှားသွားမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီယုန်ကို ဖြတ်မလား၊ ငါ့ကို ဖြတ်မလား တစ်ခွန်းတည်းဖြေ"

မေသစ္စာက သားကောင်းမြတ်ကို စူးစူးရဲရဲကြည့်ရင်း-

"ဒီမှာ သားကောင်းမြတ်ရဲ့။ ငါက နင့်ကို ဘယ်လောက်ထိ လိုက်လျောရဦးမှာလဲ။ နင်က ကျူရှင်မတက်နဲ့ဆိုလို့ ငါလည်း မတက်ဘူးဟာ။ ဒီတော့ ငါ့အမေကို ကတိပေးထားတဲ့အတိုင်း ငါက ပြန်လုပ်ပေးရတယ်ဟာ။ ဒါကို နင်လည်း အသိပဲ။ ငါဘယ်လောက် ပင်ပန်းတယ်မှတ်လဲ။ နင်က နင့်အိမ်မှာ ကြော့ကြော့လေး နှပ်လို့ရပေမယ့် ငါက မရဘူးဟာ။ ဒီစာကျက်ရမယ့် အလုပ်က ငါမဖြစ်မနေ လုပ်ရမယ့် အလုပ်ပဲ။ ငါဒီထက် ပင်ပန်းခံရမယ်ဆိုရင် ဆရာဝန်မဖြစ်ဘဲ လူနာဖြစ်ပြီး ရှော သွားလိမ့်မယ်။ အဲဒီတော့ ဖြတ်ချင်းဖြတ်ရင် နင့်ကိုပဲဖြတ်မယ်"

"အော် ရတယ်၊ သားကောင်းမြတ်ဆိုတဲ့ ကောင်ကလည်း နောင်တရတတ်တဲ့ အစားထဲမှာ မပါဘူး။ နင့်ဘာသာနင် အဲဒီယုန်နဲ့ နှစ်ပါးသွားပြီးသာ နေရစ်ခဲ့တော့။ နင်နဲ့ငါနဲ့ ဒီမှာတင်ပြတ်ပြီ။ ဘယ်တော့မှ ပြန်မခေါ်ကြေးပဲ"

"အေး ငါလည်း ပြတ်တယ်။ နင်နဲ့ပြတ်တာ ငါ ဝဋ်ကျွတ်တယ်လို့ သဘောထားတယ်။ ကျေးဇူးပါပဲ သားကောင်းမြတ်ရယ်"

"ငါကလည်း အဆတစ်ထောင် ကျေးဇူးပါပဲ။ မေသစ္စာအောင်မြင် လွန်းကြီးရေ"

သားကောင်းမြတ်က မေသစ္စာကို အအေးဆိုင်ထဲ ပစ်ထားခဲ့ပြီး ထွက်ချလာပါတယ်။ ပျော်ရမလားလို့ ရည်းစားလေးထားမိပါတယ်။ စာခြောက်ရုပ်မနဲ့တိုးနေသေးတယ်။ စောစောစီးစီး ပြတ်သွားတာပဲ ကောင်းတယ်။

အအေးဆိုင်ထဲက မေသစ္စာကလည်း လောလောလတ်လတ် ရည်းစားပြတ်တဲ့ ကိစ္စကို ဘေးချိတ်ပြီး တိုးလိုးတန်းလန်းဖြစ်နေတဲ့ စာပိုဒ်ကို ပြန်ရွတ်နေပါတယ်။

"ကျွတ် မေ့သွားပြန်ပြီ ဒီယုန်စုတ်ကတော့ ။ ဒင်းကြောင့် ငါ ရည်းစား တစ်ခုလပ်ဖြစ်သွားတယ်။ နေနှင့်ဦး။ ဒင်းကို တွေ့တော့မှ ဇရှတ်ဆုံထဲ ထည့်ထောင်းပစ်ရမယ် ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"နင်နဲ့ မေသစ္စာပြတ်သွားကြပြီဆို"

မခေါ်စဖူးခေါ်ပြီး အခန်းထဲဝင်လာတာ တီတာအောင်ချမ်းရယ်ပါ။ အော်ဒီကောင်မလေး စိတ်ဆိုးပြေသွားပြီပေါ့။ သားကောင်းမြတ်က မသိချင်ယောင်ဆောင်ပြီး-

"နင်နဲ့ငါ ဘယ်တုံးက ခေါ်ဖူးလို့လဲ"

တီတာအောင်ချမ်းက မချိုမချဉ်မျက်နှာပေးလေးနဲ့-

"ခေါ်ပါတယ်၊ ငါခေါ်ချင်လို့ပါ"

"အို ရှုတ်ရှုတ်ရှက်ရှက် မခေါ်ချင်ပါဘူး"

"ခေါ်ချင်ပါတယ်၊ တော်တော်ကြာ ငါ့သူငယ်ချင်းလေး အသည်းကွဲနေတာ နှစ်သိမ့်ပေးမယ့်လူ မရှိဘဲနေဦးမယ်"

သားကောင်းမြတ်က တီတာအောင်ချမ်းကို နှာခေါင်းရှုံ့ပြလိုက်ရင်း-

"မလိုပါဘူး၊ အဲအခုမှ စဉ်းစားမိတယ်။ မေသစ္စာအမေကြီးကို သွားပြီး အတို့အထောင်လုပ်တာ နင်မဟုတ်လား၊ ပြောစမ်း မိတီတာ"

"ဟင်း ဟင်း၊ နင်က ဉာဏ်ကောင်းသားပဲ"

"အဲဒါကြောင့် နင်ရုပ်ဆိုးနေတာ"

"အောင်မာ၊ နင်တို့နှစ်ယောက်ပြတ်တာ ငါ့ပယောဂ မပါပါဘူးနော်"

"ပါပါ၊ မပါပါ နင်လုပ်တာ ငါဘယ်လောက်ဒုက္ခရောက်တယ် မှတ်လဲ။ ထားလိုက်ပါဟာ ပြီးတာလည်း ပြီးသွားပြီ။ ငါလည်း ပြန်မဆက်ချင်တော့ပါဘူး"

"အဟုတ်"

တီတာအောင်ချမ်းက စားပွဲပေါ်မှာ လက်ကလေးထောက်ပြီး သားကောင်းမြတ်ရဲ့ မျက်လုံးထဲကို တည့်တည့်ကြည့်ပါတယ်။ သားကောင်းမြတ်ကလည်း တီတာအောင်ချမ်းကို ပြန်ကြည့်တယ်။ ခဏသား မျက်လုံးချင်းဆိုင်ကြည့်ပြီးတဲ့နောက်မှာ သားကောင်းမြတ်က မျက်လုံးလွှဲလိုက်ပါတယ်။ ခပ်အုပ်အုပ်ကျနေတဲ့ ဆံပင်မွေးကြားမှာ အမာရွတ်လေးသွားတွေ့တယ်။ သားကောင်းမြတ်က တီတာအောင်ချမ်း


www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အမာရွတ်လေးကို လက်ညှိုးလေးနဲ့ ထိလိုက်ရင်း-

"နင့် အမာရွတ်လေးက တော်တော်နဲ့ ပျောက်တော့မယ် မထင်ဘူး"

"ကိစ္စမရှိပါဘူး ဟာ၊ နင်ငါ့ကို အမှတ်တရလက်ဆောင် ပေးတယ်လို့ပဲ သဘောထားလိုက်မယ်။ နင်ရော အဲဒီလို အမှတ်တရလက်ဆောင်လေး မလိုချင်ဘူးလား"

"နေပါစေဟာ၊ မလိုချင်တော့ပါဘူး။ နင့်လက်ဆောင်က နာလည်း နာ၊ သွေးလည်းထွက်၊ အခန့်မသင့်ရင် အတိတ်တွေ ဘာတွေ မေ့သွားနိုင်တယ်"

"နင်အတိတ်မေ့ရင်လည်း ငါ့ကိုတော့ သတိရပါဟယ်"

သားကောင်းမြတ်က တီတာအောင်ချမ်းနဲ့ မျက်လုံးချင်း ပြန်ဆိုင်မိတယ်။ ကောင်မလေးရဲ့ မျက်လုံးက ညို့ဓါတ်တွေ ထွက်နေသလိုပဲ။ မျက်သားအနက်နဲ့ မျက်လုံးအိမ် အဖြူကြားမှာ ရွှေရောင်ညို့လေးတစ်ချက်က ဖိတ်ဖိတ်လက်လို့။ မျက်သားအနက်ဆံလေးကလည်း မဟူရာကျောက်အတွင်းဆုံးအသားလို စုခဲနက်မှောင်လို့။ သားကောင်းမြတ်ရဲ့ နှုတ်ခမ်းတောင် ခြောက်သရောင်းပြီး လည်ချောင်းထဲ နင်တင်တင်ဖြစ်လာပါတယ်။ ဒီတစ်ခါ အကြည့်လွှဲရတဲ့ သူကလည်း သားကောင်းမြတ်ရယ်ပါ။ ဒီကောင်မလေး အတော့်ကို အကြည့်ရဲတာပဲ။ ဒီလိုသာ တစ်ခြားကောင်လေးတွေကို ကြည့်နေရင် ဒုက္ခ။ သားကောင်းမြတ်စိတ်ထဲ မကျေလည်သလိုမျိုးပဲ။ သားကောင်းမြတ်က ထိုင်ရာက ထလိုက်ရင်း-

"နင်တွေ့တဲ့ ယောကျာ်းလေးတိုင်းကို ဒီလိုမျိုး ကြည့်တာပဲလား"

"ငါက ဘယ်လိုကြည့်မိလို့လဲ"

"ခုနက ငါ့ကို ကြည့်သလိုမျိုးလေ"

"ဟာ မကြည့်ပါဘူး။ ငါက နင်တစ်ယောက်တည်းကိုပဲ အဲဒီလို ကြည့်မိတာ။ ငါ အဲဒီလို ကြည့်တော့ နင်ဘယ်လိုခံစားရလို့လဲ"

သားကောင်းမြတ်က ပြောင်လိမ်လိုက်ပါတယ်။

"ဘာမှ မခံစားရဘူး။ ဒါပေမယ့် အခြားကောင်တွေကိုတော့ အဲဒီလို မကြည့်နဲ့ ဒါပဲ"

တီတာအောင်ချမ်းက မျက်စောင်းထိုးလိုက်ပါတယ်။ သူက ဘာပြောပိုင်ခွင့်ရှိလို့ ဒါမျိုးပြောရတာလဲ။ သားကောင်းမြတ်က သူ့စကားကို သူဆက်ပြန်တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အတန်းထဲမှာ ထိုင်ရင်လည်း ခါးကိုကော့ပြီး တင်ပါးကြီး နောက်ပစ်မထိုင်နဲ့"

လာပြန်ပြီ နောက်တစ်မျိုး။ စည်းကမ်းချက်တွေက များပါ့။ ကျောင်းအုပ်ကြီးတောင် ဒီအမိန့်မျိုးမထုတ်သေးဘူး။ တီတာအောင်ချမ်းက နှုတ်ခမ်းလေးစူလိုက်ပြီး-

"ဒါက ငါထိုင်တတ်သလို ထိုင်တာပဲ။ ဒီလို မတ်မတ်လေးထိုင်မှ ကျန်းမာရေးနဲ့ ညီညွတ်တာဟဲ့"

"နင်က ကျန်းမာရေးနဲ့ ညီညွတ်ပေမယ့် အတန်းထဲက ကောင်တွေ ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ရောဂါတက်လာတယ်။ နင်နဲ့ငါက မောင်နှမလိုဖြစ်နေတော့ ငါခေါင်းကိုက်နေတယ်"

တီတာအောင်ချမ်းခမျာ "နင်ကော၊ ရောဂါတက်တဲ့ အထဲပါသေးလားလို့" မေးလိုက်ချင်တဲ့စိတ်ကို မနည်းဘရိတ်အုပ်လိုက်ရပါတယ်။ ဘာပဲပြောပြော ယောကျ်ားလေးတွေ ဒီလိုဖြစ်ကုန်တယ်ဆိုတော့ မိန်းကလေးပဲ ကျေနပ်ရတာပေါ့။ သူတို့ဘာသာ ရောဂါကျွမ်းရုံမကလို့ သေမယ်ဆိုလည်း သေပေါ့။ ပြုံးစိစိလေး ဖြစ်သွားတဲ့ တီတာအောင်ချမ်းကိုကြည့်ပြီး သားကောင်းမြတ်က

"ဘာပြုံးစိစိလုပ်နေတာလဲ၊ ငါပြောတာ ကြားရဲ့လား"

"ဟုတ်ကဲ့ပါ အဖေရယ်၊ သမီးမှတ်ထားပါ့မယ် အဖေရဲ့။ တကတည်း ဟင်း"

"ပြီးတော့ နင်မြန်မာအင်္ကျီတွေ မဝတ်နဲ့"

"ဘုရားရေ၊ ငါက မြန်မာလိုမဝတ်ဘဲ ကုလားမတွေလို ဆာရီခြုံထားရမှာလား၊ ကျောင်းမှာ ရင်ဖုံးကလွဲလို့ အခြားအင်္ကျီမှ မဝတ်ရတာ။ နေစမ်းပါဦး။ နင်က ဘာတွေဖြစ်နေလို့ ဒီလောက်တောင် ကန့်သတ်ချက်တွေ ထုတ်နေရတာလဲ"

"ယောကျ်ားလေးတွေ စုမိရင် မိန်းကလေးတွေ အကြောင်း ပြောတာပဲဟ။ ဒါပေမယ့် နင့်အကြောင်း ပြောရင် ငါအနေခက်တယ်"

"အမယ်လေးတော်။ ဒီလောက် အားယားနေလည်း ဟင်း ငါ မပြောလိုက်ချင်ဘူး"

"အောင်မာ နင်တို့ မိန်းကလေးတွေကျတော့ ယောကျ်ားလေး အကြောင်း မပြောတာကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com


တီတာအောင်ချမ်းက ခဏတော့ ပါးစပ်ပိတ်သွားတယ်။ သူတို့ဘက်ကျတော့ သိတတ်လိုက်တာများ။

"ပြောတယ်ဘာဖြစ်လဲ၊ ပြောတယ်။ ငါတို့က မိန်းကလေးတွေဟဲ့။ လူများအကြောင်း ပြောမှ စားဝင်အိပ်ပျော်ပြီး အနာရောဂါကင်းလို့ အသက်ရှည် ကျန်းမာတာ။ ယောကျ်ားလေး အကြောင်းရော၊ ယောကျ်ားကြီးအကြောင်းရော အကုန်ပြောတယ်။ နင့်အကြောင်းလည်း ပြောတယ် ဘာဖြစ်လဲ"

သူ့အကြောင်းဆိုတော့ သားကောင်းမြတ်လည်း စိတ်ဝင်စားသွားတယ်။

"ငါ့ အကြောင်း ဘာတွေပြောလဲ၊ ဘယ်သူက ပြောတာလဲ"

ကောင်မလေးက အင်သွားတယ်။ သားကောင်းမြတ်က-

"ပြောပါဟ၊ ငါနင့်ကို မုန့်ဝယ်ကျွေးမယ်လေ"

"တကယ်နော်"

သားကောင်းမြတ်က ပိုက်ဆံအိတ်ပုတ်ပြလိုက်တယ်။ အမယ် အခုမှ ခွင်တွေ့တော့တယ်။ သားကောင်းမြတ်ကို နင့်အကြောင်း ကောင်မလေးတွေ ဒီလိုပြောတယ်ဆိုပြီး ဘိုင်ကျတိုင်း ညှင်းရမယ်။

"နင့်အကြောင်းကို အင်း မြမိုးအေးကပြောတယ်။ နင်က ချောတယ်တဲ့။ အတန်းထဲမှာ အချောဆုံးပဲတဲ့။ တို့ကျောင်းက ကောင်မလေးတွေတင်မကဘူး၊ အခြားကျောင်းက ကောင်မလေးတွေကလည်း နင့်ကို ကြွေနေကြတာတဲ့။ အဲဒါကြောင့် နင့်ကို နာမည်တောင် ပေးထားသေးတယ်။

"ဘာနာမည်ပေးထားတာလဲ"

"ယောကျ်ားကွမ်းတောင်ကိုင်တဲ့"

"ဘာ"

သားကောင်းမြတ်ခမျာ ဗီဒီယိုဇာတ်လမ်းတွဲတွေထဲက အလှူတွေ ရှေ့မှာ ကွမ်းတောင်ကိုင်ပြီး လျှောက်လာတဲ့ ပုံစံကြီးကို မြင်ပါတယ်။ အဲဒါမျိုးကြီးလား။ အမယ်လေး ကြက်သီးတောင်ထလာပြီ။ ပေးလည်း ပေးတတ်ပါ့ မြမိုးအေးရယ်။ တီတာအောင်ချမ်းက ဆက်ပြောလိုက်ပါ သေးတယ်။

"အမယ်၊ မြမိုးအေးက သီချင်းတောင် စပ်ထားလိုက်သေးတယ်။ ဘာတဲ့။ ဩော် xxxဟောဒီ အမှတ်(၅) ကျောင်းဝယ် ဒီသူငယ်ထီ


www.burmeseclassic.com

www.burmeseclassic.com



အလှဆုံး ဖြစ်ပါတယ်xxx လှပါတယ်ဆိုနေမှ xxxဝက်ခြံတစ်လုံးတောင် ပေါက်နေလိုက်သေးတယ်တဲ့xxxဟီဟိ"

"သူငယ်ထိုး"ရယ်လို့ ကြားရတာ ကိုးလိုးကန့်လန့်နဲ့။ တောက် လူကိုများ လှောင်စရာများ အောင့်မေ့နေတယ်၊ တွေ့မယ် ဒီ 'မြမိုးအေး' ဆိုတဲ့ ဟာမလေးတော့။

"မိတီတာ ရယ်မနေနဲ့ နင်မြမိုးအေးကို ပြောလိုက်။ ငါက ယောကျ်ား ကွမ်းတောင်ကိုင်ဆိုင်ရင် သူက သူကြီးသမီးလို့"

"ဟင် ဘာဖြစ်လို့"

"ဗီဒီယိုတွေထဲမှာ ရွာထဲက ကွမ်းတောင်ကိုင်မလေးဆိုရင် သူကြီး သားတွေက အတင်းကြိုက်တာပဲလေ။ အဲဒီ သူကြီးသားတွေ အားလုံးက ငမူး ငရှူး လူကြမ်းတွေချည်းပဲ။ အဲဒီတော့ ငါက ယောကျ်ား ကွမ်းတောင် ကိုင်ဆိုရင် မြမိုးအေးက သူကြီးသမီးပဲ"

အမယ်မယ် ပြောပုံဆိုပုံက။ ဟိုကပဲ ဒင်းကို မဟားဒယား ကြိုက်နေ တဲ့ပုံစံမျိုး။ သားကောင်းမြတ်တို့က ခံဘက်ရောက်နေတာတောင် ကိုယ့်ဘက်တော့ ယက်လိုက်သေး။

တီတာအောင်ချမ်းက ရယ်ကျဲကျဲနဲ့

"အင်း လိုက်ပါတယ်။ ဒီနာမည်နဲ့ မြမိုးအေးနဲ့။ သူတို့ အဖိုးက ရွာစားတဲ့"

"ရွာစား၊ ဘယ်ရွာစားတုံး"

"အော် နင်မကြားဖူးဘူးလား။ ဆိုင်းဆရာ ရွာစားကြီး စိန်တစ်လုံး ဆိုတာ မြမိုးအေး အဖိုးပေါ့ဟ"

တော်သေးတာပေါ့။ သုံးလုံးတစ်တောင် မဟုတ်တာ။ ရွာစားက လည်း သရက်သီးနာမည်ကြီး ပေးထားရတယ်လို့။ သားကောင်းမြတ်က စိတ်ထဲကတွေးမိတာပါ။ ပြီးတော့ သွားတက်ကလေးနဲ့ မြမိုးအေးဆိုတဲ့ ကောင်မလေးကို မျက်လုံးထဲ မြင်လာအောင် ကြည့်လိုက်ပါတယ်။ ပြီးတော့မှ တီတာအောင်ချမ်းဖက် လှည့်လိုက်ရင်း-

"ပြောရမယ်ဆိုရင် သူကြီးသမီးလည်း ချစ်စရာတော့ ကောင်းသား ဟ။ ငါအဝေးကွင်းကန်နေတာနဲ့ အိမ်ကွင်းမှာ ခြေပျက်နေတယ်။ ကျေးဇူးပါပဲ တီတာအောင်ချမ်းရယ်။ ငါ့ရဲ့လစ်လပ်နေတဲ့ နှလုံးသား လေးကို သူကြီးသမီးဆီ အပ်နှင်းဖို့ ဆုံးဖြတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com


ပြောရင်းဆိုရင်း ဧည့်ခန်းကို ထွက်သွားတဲ့ သားကောင်းမြတ်ကို ကြည့်ရင်း တီတာအောင်ချမ်းခမျာ ခံရခက်ခက်နဲ့ ကျန်ခဲ့ပါတယ်။ ပြောတောင်မပြောရဲအောင်ပါလား။

"ငါရင်တွေ ပူလိုက်တာ သားကောင်းမြတ်ရယ်"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


"သူကြီးသမီး၊ သူကြီးသမီး"

ခေါ်သံကြားလို့ ဘေးဘီကို ကြည့်မိလိုက်တော့ ခေါ်နေတဲ့ လူက သားကောင်းမြတ်။ ပတ်ဝန်းကျင် လှည့်ကြည့်တော့လည်း အခြား ဘယ်သူမှမရှိ။ မြမိုးအေးက ဇဝေဇဝါနဲ့ သားကောင်းမြတ်ကို လှမ်းမေး လိုက်ပါတယ်။

"နင် ဘယ်သူ့ကို ခေါ်နေတာတုံး"

"ဒီနေရာမှာ နင့်အပြင် ဘယ်သူရှိသေးလို့တုံး"

မြမိုးအေးက သေချာအောင် ဘေးဘီကို ထပ်ကြည့်တယ်။ မလှမ်းမကမ်း ကျောင်းသားကျောင်းသူတွေ ရှိပေမယ့် နီးနီးနားနားတော့ သူတစ်ယောက်တည်း။ ဒါဆိုရင်တော့ သားကောင်းမြတ်က သူ့ကို ခေါ်တယ်ဆိုတာ သေချာသွားပါပြီ။ ဘာကြီးမှန်းလည်း မသိဘူး။ သူကြီး သမီးတဲ့။

"နင်က ဘာကိစ္စ ငါ့ကို အဲဒီလို ခေါ်ရတာတုံး"

"နင့်အဖိုးက ရွာစားဆို"

ကောင်မလေးက နည်းနည်းစဉ်းစားသွားတယ်။ ဒီကောင် ဘယ်က ဘာတွေ ကြားလာပါလိမ့်။ မဟုတ်မှလွဲရော တီတာအောင်ချမ်းဆိုတဲ့ မိန်းမ လျှောက်ဖွထားတာ ဖြစ်မယ်။ မသိသလိုနေမှ။

"ဘာတွေလာပြောနေတာလဲ"

"နင့်အဖိုးက ဘယ်ရွာစားလဲ၊ ရွာလွတ်ပလွတ်လား"

"ဘာရွာလွတ်ပလွတ်လဲ"

မြမိုးအေးခမျာ ပါးစပ်က လွတ်ကနဲ ထွက်သွားတယ်။ မသိချင် ယောင်ဆောင်ပါတယ်ဆိုမှ ဒီပါးစပ်ကလည်း အလိုက်ကမ်းဆိုးမသိ။ ဟိုကောင်သားကောင်းမြတ် ပါးစပ်ထဲရောက်သွားလို့ကတော့ သေပြီသာ မှတ်။ အခုလဲ ကြည့်လေ။ သူ့အဖိုး နာမည်ကို ဖျက်နေတာများ။

ဒါ ဒီကောင် သက်သက်မဲ့ လာလုပ်နေတာ။ အဆက်အစပ်မရှိ ဘာကိစ္စ လာရောနေပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com


"နင့်အဖိုးက စိန်တစ်လုံးဆိုတော့ နင့်အဖေက မြကျောက်ဖြစ်မယ်ထင်တယ်"

အခုမှပဲ သရက်သီးမျိုးရိုးဇယား လာဆွဲနေတယ်။ ဒီတစ်ခါတော့ မြမိုးအေးက ပါးသွားပါပြီ။ ဘာသံမှ ထွက်မလာတော့ဘူး။ စိတ်ထဲမှာတော့ မခံချိ မခံသာ။ သားကောင်းမြတ်က တော်ကီ ဆက်ပစ်နေသေးတယ်။

"နင့် အမေရဲ့ နာမည်က ကုလားတည် ဖြစ်လိမ့်မယ် ဟုတ်တယ်မလား"

"ဘာ ဘာတည်"

ငြိမ်ခံနေလို့တော့ မဖြစ်တော့ဘူး ထင်တယ်။ ဒီကောင် အတော့်ကိုလွန်လာပြီ။

"သရက်သီး ကုလားတည်လေ။ ဒါမှမဟုတ်လည်း ဆားရေစိမ်"

"တောက်"

မြမိုးအေးက တောက်ခေါက်ပြီး ခါးထောက်လိုက်ပါတယ်။

"နေစမ်းပါဦး။ နင်က ဘာသဘောနဲ့ ငါ့ကို ပြဿနာလာရှာရတာလဲ။ နင်နဲ့ငါနဲ့လည်း တစ်တန်းတည်းဆိုတာကလွဲလို့ ဘာမှ မပတ်သက်ဖူးဘူး။ နင့်ကိုလည်း မစော်ကားဖူးဘူး"

"နင်က ငါ့ကို နာမည်ဖျက်ထားတယ်လေ။ ယောက်ျားကွမ်းတောင်ကိုင်ဆိုပြီး"

"အော်"

လတ်စသတ်တော့ ဒါကြောင့်ကိုး။ သေချာပါပြီ။ ဒီဟာကတော့ ပလီပလာ မိတီတာ လက်ချက်ဆိုတာ။ ကောင်မက သူ့ဟာသူ ငန်းဖမ်းရုံတင်မက သူ့မောင်တော်လေးကိုပါ မိန်းမသားတို့ရဲ့ အတွင်းရေးတွေပါ သံတော်ဦး သွားတင်တယ်ပေါ့။ တွေ့မယ် ဒင်းတော့လား။ ပေါင်တွင်းကြောကို နာနာ ဆွဲပစ်ရမယ်။ ဘယ့်နှယ် မိန်းမစျေးဖျက်တဲ့ ဟာမ။ မြမိုးအေးက သားကောင်းမြတ်ကို တည်တည်တင်းတင်းနဲ့ ကြည့်လိုက်ပါတယ်။

"အေး၊ ဟုတ်တယ်။ နင်နဲ့ ဒီနာမည်နဲ့ လိုက်တယ်ထင်လို့ ပေးသွားတာ။ နင့်ရှေ့မှာ မခေါ်ဘူးဟာ။ လူကြားထဲ ဒေါက်မဖြုတ်ဘူးဟာ။ အဲဒီလောက်ထိတော့ ငါမမှားဘူး ထင်တာပဲ။ ယောက်ျားလေး လုပ်ပြီး


www.burmeseclassic.com

www.burmeseclassic.com

ဒီလောကမှ သဘောထား မကြီးနိုင်ရင်လည်း ထမိတတ်ထား ဟုတ်ပြီ လား"

မြမိုးအေးက သားကောင်းမြတ်ကို အပီကောပြီး ဘောက်ဆတ်ဆတ်နဲ့ ထွက်သွားပါတယ်။ သားကောင်းမြတ်က မြမိုးအေးနောက် လိုက်သွားပြီး-

"နင်ကလည်း ဒေါသကြီးပဲ။ ငါက သဘောထားမကြီးတာ မဟုတ်ပါဘူး ဟာ။ နင်က ငါ့ကို နာမည်ပေးထားတယ်လို့ သိလိုက်ရတော့ ငါ့စိတ်ထဲမှာ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ငှက်ဖျားထချင်သလိုလို မီးယပ်ချမ်းပဲ ထချင်သလိုလို ဖြစ်လာလို့။ ပြီးတော့ နင်နဲ့ ရှေ့ဆက်ပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင်လေး နေချင်လို့ပါ။ ခုနက နင့်ကို နောက်တာတွေ ငါ တောင်းပန်ပါတယ်။ နင်နဲ့ငါ ခင်လို့ရတယ်မဟုတ်လား ဟင်"

ကောင်မလေးက လျှောက်လက်စကို ရပ်လိုက်ပြီး ကောင်လေးကို စူးစူးစိုက်စိုက်ကြည့်ပါတယ်။ ဒီကောင်တော့ ခွင်လာဆင်နေပြန်ပါပြီ။ နှစ်ဆယ့်တစ်ရာစု အရွယ်ရောက်လာတဲ့ မိန်းကလေးပဲ။ ဘယ်ဖိနပ်စီးဘယ်လမ်းသွားရင် ဘယ်နိုက်ကလပ် ရောက်မယ်ဆိုတာ တွက်တတ်တဲ့သူချည်းပဲ။

"အော် ခင်ချင်လို့ ဟုတ်လား။ သူငယ်ချင်းလို ခင်ချင်တာလား။ မေသစ္စာအောင်မြင်လွန်းလို ခင်ချင်တာလား"

ကောင်မလေးက ပေါ်တင်ကျကျ မေးလိုက်ပါတယ်။ အော်ဒီကောင် မလေးကလည်း ဒါတွေသိတာပဲလား။ ဒါဆို သားကောင်းမြတ်က အမှတ်(၅)ကျောင်းမှာ celebrity ပေါ့။ သူကပေါ်တင်ဆိုတော့လည်း ကိုယ်ကလည်း တည့်တည့်ပါပဲ။

"မေသစ္စာလိုမျိုးခင်ချင်တာ"

"အော် အော်၊ ဒါဆိုလိုက်ခဲ့"

မြမိုးအေးက ပခုံးပေါ် လွယ်အိတ်ကို ပြင်လွယ်လိုက်ပြီး လှည့်ထွက်သွားတယ်။ လိုက်ခဲ့ဆိုတော့လည်း လိုက်ရဦးမှာပေါ့။ ဦးတည်နေတာက ကျောင်းဖက်ကို။ မဟုတ်မှလွဲရော ဆရာမနဲ့များ တိုင်မလို့လား မသိဘူး။ ဘုရား ဘုရား သားကောင်းမြတ်က ဘုရားတရင်း နောက်ကနေ ဆလိုက်သွားပါတယ်။။ ဒါပေမယ့် ကောင်မလေးက အတန်းထဲမသွားပဲ


www.burmeseclassic.com

www.burmeseclassic.com

စုဝေး ခန်းဖက်ကို ဦးတည်သွားပါတယ်။ စဉ်းစားရခက်လိုက်တာနော်။
"နှင်အခု ဘယ်သွားနေတာလဲ မြမိုးအေး"
"စကားမများနဲ့ လိုက်ခဲ့"
ကောင်မလေးက hall ခန်းထဲ ဝင်သွားပါတယ်။ hall ထဲမှာ ပွဲဖြိုးရေး အချိန်အတွက်ထားတဲ့ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီး ရှိပါတယ်။ ကောင်မလေးက ခပ်တည်တည်နဲ့ ဆိုင်းဝိုင်းထဲဝင်သွားတယ်။ ပြီးတော့ လွယ်အိတ်ကို ဘေးချပြီး ပတ်လုံးလေးတွေ တစ်လုံးချင်း အသံစစ်နေလေရဲ့။ ရှာစားကြီးမြေး၊ ရှာသူမလေးပေါ့။ နောက်ကလိုက်လာတဲ့ သားကောင်းမြတ်မှာတော့ အူကြောင်ကြောင်ရယ်။ ဒီကောင်မလေးက သားကောင်းမြတ်ကို one lady show ဖြေဖျော်ချင်လို့တော့ ဟုတ်မယ် မထင်ပါဘူး။ ကောင်မလေးက ပတ်လုံးလေးတွေ စမ်းနေရင်းနဲ့ မာန်တက်လာပုံပါပဲ။ တီးလုံးတစ်ခုကို စိတ်ပါလက်ပါ တီးနေပြန်တယ်။ ဧကန္တ သူ့အဖိုးဆိုင်းဆရာကြီးက သူ့မြေးမလေးကို သင်ပေးခဲ့ပုံပဲ။
"နှင်ဒီတီးလုံးကြားဖူးလား"
မြမိုးအေးက တီးနေရင်းက လှမ်းမေးလိုက်တယ်။ အို ကြားဖူးသမှ သိပ်ကြားဖူးတာပေါ့။ ဒါသတင်းမပြောခင် တီဗီမှာ လာလာနေတဲ့ စံတော်ချိန်တီးလုံးပဲဟာ။ သားကောင်းမြတ်က ဝမ်းသာအားရ ဖြေလိုက်ပါတယ်။
"ဒါ သတင်းတီးလုံးလေ၊ ဟုတ်တယ်မဟုတ်လား"
"အေး ဟုတ်တယ်"
ကောင်မလေးက တီးလက်စကို ရပ်ပြီး သားကောင်းမြတ်ကို လက်ယပ်ခေါ်လိုက်ပါတယ်။ ဆိုင်းဝိုင်းအတွင်းရောက်သွားတဲ့ သားကောင်းမြတ်ကို
"နှင်တီးကြည့်စမ်းပါ"
"ဟာ ငါမှ မတီးတတ်တာ"
"တီးကြည့်ပါဦး"
သားကောင်းမြတ်က သူနဲ့ အနီးဆုံး ပတ်လုံးလေးတစ်ခုကို တီးကြည့်လိုက်တယ်။
'ထုံ'
"ခပ်ပြင်းပြင်းလေးတီး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အမိန့်ပေးပြန်တယ်။

'ထုံ ထုံ'

မြိုးအေးက အဲဒီပတ်လုံးကိုပဲ ခပ်ဆတ်ဆတ်လေး တီးပြလိုက်တယ်။

'ထီ'

အသံက ပြတ်ပြတ်သားသား ထွက်လာပါတယ်။

"အဲဒီလို အသံထွက်အောင်တီး"

သားကောင်းမြတ်က ထပ်တီးပြန်ပါတယ်။ ဒါပေမယ့် မြိုးအေး တီးပြသလို ထိကနဲ မမြည်ပဲ တစ်ထုံထုံပဲ မြည်နေတယ်။ အတော်အားထည့်ပြီး တီးတာတောင် ကောင်မလေးလက်ဆကို မမီဘူး။ ဒီကောင်မလေးက အတော်လက်သံပြောင်တာပဲ။

"နင်သိပြီလား၊ ငါ့လက်ဆ ဘယ်လောက်ပြင်းတယ်ဆိုတာ"

"အေး သိပြီ။ ဒါနဲ့ နင်ငါ့ကို ဘာလုပ်ဖို့ ဒါကြီး တီးခိုင်းရတာလဲ။ ဘာလဲ နင့်အိမ်က နင့်ကိုယူတဲ့လူကို ဆိုင်းပညာ အမွေပေးရမယ် ပြောထားလို့လား။ ငါက ဒီအနှံ့ဒစ်ကြီးတွေ ဝါသနာမပါဘူး။ hip hop တို့ Rap တို့ပဲ ဝါသနာပါတာ"

"ငါက နင့်ကို ဆိုင်းသမားလုပ်ခိုင်းမလို့ တီးပြနေတာမဟုတ်ဘူး။ ငါ့လက်ဆ ဘယ်လောက်ပြင်းတယ်ဆိုတာ သိစေချင်လို့။ တကယ်လို့ ဒီပတ်လုံးလေးတွေ နေရာမှာ နင့်ရဲ့ပါးဆိုရင် ဘယ်လိုဖြစ်သွားမယ် ဆိုတာ ကြိုတင်တွက်ဆလို့ ရအောင်လို့။ သိပြီလား။ ကဲ ငါသွားပြီ"

အမယ်လေးလေး။ အနုပညာသမား ပီသလှချည်လား မြိုးအေးလေးရယ်။ ပါးကျိုးသွားမယ်လို့ လွယ်လွယ်လေး ပြောရင် ရှိုင်းသွားမှာစိုးလို့ ထင်ရဲ့။ ကွေ့ကောက် သွယ်ဝိုက်ပြီး ဆိုင်းတွေတီးပြ။ ဥပမာပေးရ။ အလင်္ကာတွေ တန်ဆာဆင်ရနဲ့။ ဟူး သူ့အစား မောပါ့။ ဘာပဲပြောပြော ဒီလက်ဆမျိုးနဲ့ဆိုရင် အရိုက်ခံရမယ့်ပါးလေးက သက်သာမှာ မဟုတ်ဘူး။ တွေးကြည့်တာနဲ့တင် ကျောထဲက စိမ့်တက်လာတယ်။ ဆန်ပြုတ်ခွက်ပါ မျက်လုံးထဲ မြင်လာပါတယ်။ ဒီဇာတ်လမ်းဒီနေရာမှာ တင်ရပ်ရင် ကောင်းမယ်ထင်ရဲ့။ ဒါပေမယ့် သားကောင်းမြတ်ရဲ့ ရင်ထဲမှာ စိန်ခေါ်ပွဲ ကြေငြာထားပြီး မထိုးလိုက်ရတဲ့ လက်ဝှေ့သမားလို မခံချိမခံသာရှိ။ အို သူတောင် ရိုက်ရဲသေးတာပဲ။ ကိုယ်က ဘာလို့ မခံရရမှာလဲ။ အင်း ပါးတစ်ချက်လောက်ရင်းပြီး yes or no စမ်းကြည့်ဦးမှပါပဲ။ ပေါက်မှာ



www.burmeseclassic.com

www.burmeseclassic.com

သေချာတဲ့ ကံစမ်းမဲတွေတောင် ထိုးကြည့်ရသေးတာပဲဟာ။ သားကောင်းမြတ်လည်း ဆိုင်းဝိုင်းထဲက ထွက်ပြီး မြမိုးအေးနောက် လိုက်သွားပြီး ရှေ့က ပိတ်ရပ်လိုက်ပါတယ်။

"နင်က ဘာဖြစ်ချင်သေးလို့လဲ"

"နင်မကျေနပ်လို့ ရိုက်ချင်လည်း ရိုက်ပေါ့၊ မြမိုးအေးရယ်။ ငါတော့ နင့်ကို မခင်ဘဲနဲ့မနေနိုင်တော့ဘူး။ ဘာမှအားနာမနေနဲ့ ရိုက်ချင်ရင် ရိုက်သာရိုက်ပစ်လိုက်၊ ငါ့ကို အမှတ်တရ လက်ဆောင်ပေးတယ်လို့ပဲ သဘောထားလိုက်မယ်"

မြမိုးအေးရဲ့ ညာလက်က ရိပ်ကနဲ မြှောက်လာပါတယ်။ အား တကယ်ကို ရိုက်တော့မှာပါလား။ လုပ်ရက်လိုက်တာ မြမိုးအေးရယ်။ သားကောင်း မြတ်က အလန့်တကြား မျက်လုံးမှိတ်လိုက်ပါတယ်။ တောင့်ထား သားကောင်းမြတ်ရေ။ ကိုယ်က စမိမှတော့ အရိုက်သာ ခံလိုက်တော့။ ဒါပေမယ့် . . ဒါပေမယ့်ပေါ့လေ။ မြမိုးအေးရဲ့ လက်ဝါးက သားကောင်းမြတ်နားရောက်လုရောက်ခင်မှာပဲ တိကနဲ ရပ်သွားပါတယ်။ တရုပ်ကားထဲကလို တစ်ယောက်ယောက်က လက်နက်ပုန်းနဲ့ ပစ်လိုက်လို့ မဟုတ်ပါဘူး။ ကောင်မလေးက သူ့ဘာသာသူ တန့်လိုက်တာပါ။ 'ဖြန်း' ကနဲ အသံမကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ သားကောင်းမြတ်ကို စူးစူးကြီး စိုက်ကြည့်နေတဲ့ မြမိုးအေး။ လက်ဝါးကလည်း ပါးနားကပ်လို့ အသည်းယားစရာ။ မြမိုးအေးရဲ့ နှုတ်ခမ်းလေးက ချစ်စဖွယ် ချွန်ထွက်သွားပြီး မြှောက်ထားတဲ့ လက်က သားကောင်းမြတ်ရဲ့ ပါးကို ဆွဲလိမ်ကာ မူနွဲ့မူနွဲ့၊ လိန်ကျစ် လိန်ကျစ်နဲ့ ထွက်သွားပါတယ်။ ပြီးတော့ နောက်ကို မခို့တရို့နဲ့ လှည့်ပြီး မပွင့်တပွင့်ပြောသွားသေးတယ်။

"လူဆိုး၊ ဒီက သနားလို့ဟင်း"

သားကောင်းမြတ်ရဲ့ ရင်ထဲမှာတော့ ပတ်လုံးလေးတွေ စီပြီး တီးနေသလို တစ်ထီထီနဲ့။

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com



"မိုးကို တီတာအောင်ချမ်းက စကားမပြောတော့ဘူး ကောင်းရဲ့။ ကောင်းကိုရော ခေါ်သေးလား"

မြမိုးအေးက သားကောင်းမြတ်ကို ကောင်းလို့ခေါ်ပါတယ်။ ဘာတွေ ကောင်းနေလို့ခေါ်တာလဲ မပြောတတ်ဘူး။ သူ့ကိုယ်သူတော့ မိုးတဲ့။ သူက မိုးဆိုတော့ သားကောင်းမြတ်ကလည်း မိုးပဲပေါ့။ ရောင်းသူဝယ်သူ အသံတူရမယ်လေ။

"ပြောပါတယ်။ ဒါပေမယ့် သူ့နဖူးကွဲပြီးကတည်းက ခပ်တန်းတန်းလေး ဖြစ်သွားတာ"

"သူက အခုကြိတ်ပြီး ဆွေးနေတာ ကောင်းရဲ့"

"ဟင် ဘာဖြစ်လို့လဲ"

"ဟင်း ဟင်း၊ ကောင်းက မသိချင်ယောင်ဆောင်နေပြန်ပါပြီ။ သူက ကောင်းကို မူပိုင်လုပ်ထားချင်တာ။ တကယ်တော့ သူကြီးသမီးဆိုတဲ့ နာမည်ကို ကောင်းက တီတာအောင်ချမ်းကို ပေးရမှာ။ ကောင်းက ယောက်ျားကွမ်းတောင်ကိုင်၊ သူက သူကြီးသမီးမဟုတ်ဘူးလား"

သားကောင်းမြတ်က စိတ်ထဲ တွေတွေလေး ဖြစ်သွားတယ်။ သူနဲ့ တီတာအောင်ချမ်းကို တွဲတွဲပြီး မြင်တတ်ကြပေမယ့် မောင်လိုနှမလိုပဲ မြင်တတ်ကြတာ။ ကျောင်းက ဆရာမအချို့ဆိုရင် ဒီမောင်နှမဆိုပြီး ခေါ်တတ်ပြောတတ်ကြတာ။ အခုမြမိုးအေးရဲ့ စကားကြားရတော့ တစ်မျိုးကြီးပါပဲ။

"ဟုတ်မယ် မထင်ပါဘူး မိုးရာ။ ငါတို့နှစ်ယောက်က ဟိုး အူဝဲလေး ကတည်းက ဒီလိုပဲ နေလာကြတာပဲဟာ။ သီဟန်အစ်မတွေ သီဟန်ကို တိုသလိုမျိုး နေမှာပေါ့။ ဒါနဲ့ သီဟန်နဲ့ မီမီဇော် ဘယ်လိုဖြစ်နေကြပြီလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး။ စကားမလွှဲနဲ့လေ။ ကောင်းနဲ့ မေသဉ္ဇာ တွဲနေတုံးက တီတာအောင်ချမ်းဘယ်လိုဖြစ်နေတာ မိုးအသိဆုံးပေါ့။ ဒါနဲ့ ကောင်းကရော တီတာအပေါ် တစ်မျိုးတစ်မည် မဖြစ်ဘူးလားဟင်"

"အန်၊ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သားကောင်းမြတ်က တီတာအောင်ချမ်းရဲ့ မျက်နှာကို ပြေးမြင်ပါတယ်။ တီတာအောင်ချမ်းက ငယ်ငယ်ကလောက် ရုပ်မဆိုးတော့ပေမယ့် ဒီရုပ်ဒီရည်လောက်တော့ သားကောင်းမြတ်တို့က စာရင်းမသွင်းသေးပါဘူး။ ဒီအရွယ် ရည်းစားထားတယ်ဆိုတာ ဘေးကမြင်ရင် ကောင်လေးနဲ့ ကောင်မလေးက ချောလိုက်တာလို့ ပြောတာ ခံချင်ရုံသက်သက်ပဲလေ။ လက်ကလေး ကိုင်တာ ပါးလေးနမ်းတာလောက်ကိုပဲ အပြစ်တစ်ခုရှိနေသလိုမျိုး မလုံမလဲ ခံစားရတာ။ ဒီတက္ကသိုလ်ဝင်တန်းဆိုတာ မအောင်မချင်း အပြစ်ရှိတဲ့ တရားခံလို ဖြစ်နေတာ။ မတော်လို့ ကျောင်းက ဆရာဆရာမတွေ သိသွားရင်လည်း ပြဿနာတက်ဦးမှာလေ။ မငယ်တော့ပေမယ့် မကြီးသေးတဲ့ အရွယ်ဆိုတာ ကိုယ့်ကိုယ်ကို သိနေတာပဲ မဟုတ်လား။ တွေတွေကြီး ဖြစ်နေတဲ့ သားကောင်းမြတ်ကို ကြည့်ပြီး မြမိုးအေးက ပြုံးလိုက်ပါတယ်။

"ခေါင်းစားမနေပါနဲ့ ကောင်းရယ်။ မိုး'တစ်ခုပြောမယ် နားထောင်။ မိုး'တို့ အခုစာမေးပွဲ နီးလာပြီ။ ဒီအချိန်မှာ စိတ်မလေဘဲ ဖိဖိစီးစီး စာကျက်နိုင်ဖို့ အရေးကြီးတယ်"

"ဒီတော့. . ."

"ဒီတော့ ကောင်းနဲ့မိုး ခဏလောက် အဆက်ဖြတ်ကြရအောင်"

လုပ်လာပြန်ပြီ နောက်တစ်ယောက်။ ရည်းစားထားတာနဲ့ စာမေးပွဲ ဆက်သွယ်မှုရှိတယ်လို့ ဘယ်မာမီ၊ ဘယ်နတ်ကတော်က လက်ချာရိုက်ထားလည်း မသိဘူး။ ပထမတစ်ယောက်တုံးက ယုန်တစ်ကောင်ကြောင့် ပြတ်ခဲ့ရပြီ။ ဒီတစ်ယောက်ကလည်း စာမေးပွဲတဲ့။ ဒီမိန်းကလေးက ရည်းစားထားတာများ လက်ဖွဲ့ထိုးသလို သုံးမိနစ်ထိုး၊ သုံးမိနစ်နားဆိုပြီး လုပ်ချင်နေသေးတယ်။ အချစ်ဆိုတာကြီးကို ရှောင်တစ်ခင်ခွင့်ယူလို့ ရတယ်များ အောင့်မေ့နေကြသလား မသိဘူး။

"နင် ဘာအရှုး ထတာလဲ၊ မြမိုးအေး။ စိတ်တွေလေရအောင် တို့နှစ်ယောက်က ဘာတွေများ ဖြစ်နေကြလို့လဲ။ စာကျက်ချိန် စာကျက်တယ်၊ ကျောင်းတက်ချိန် ကျောင်းတက်တယ်။ ရည်းစားမရှိခင်တုံးကလည်း ဒီလောက်ပဲ ကျက်တယ်။ ရည်းစားရှိတော့လည်း ဒီလောက်ပဲ ကျက်တာပဲ။ ငါ့အတွက်တော့ ဘာမှ မထူးခြားဘူး"

"နင်က ယောကျ်ားလေးကို ကောင်းရဲ့။ ငါက မိန်းကလေးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပူတတ်တယ်။ အချိန်မတန်ခင် တစ်ခုခုဖြစ်မှာလည်း စိတ်ပူတယ်၊ စာမေးပွဲကိုလည်း စိတ်ပူတယ်။ ပြီးတော့ ငါ့အိမ်က ရှေးရိုးစွဲတွေ၊ သူတို့သိသွားမှာလည်း ကြောက်တယ်။ ပြီးတော့ မိတ်တာကိုလည်း လန့်တယ်၊ သူက အိမ်ကို သွားချွန်ရင် သွားချွန်နေမှာပဲ။ ရည်းစားထားတာကြီးက ဒီလောက်ရင်ပူရလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး၊ ကောင်းကို ချစ်ပါတယ် ကောင်းရယ်။ ဒါပေမယ့် ဒီပူနေရတာကြီးကိုတော့ လွှတ်ချ လိုက်ချင်ပြီ။ အနည်းဆုံး စာမေးပွဲပြီးတဲ့ အထိပေါ့"

"နင်က ငါနဲ့ မတွေ့ပဲ နေနိုင်လို့လား၊ မိုးရာ"

"ငါတို့က လုံးဝမတွေ့ရတာမှ မဟုတ်တာ။ ကျောင်းမှာလည်း တွေ့နိုင်တယ်။ ကျူရှင်မှာလည်း တွေ့နိုင်တယ်။ သူငယ်ချင်းလိုတော့ ခဏပြန်နေကြရအောင် ကောင်းရယ်။ စာမေးပွဲကြီးပြီးမှ ချစ်သူရည်းစားတွေလို ပြန်နေမှာပေါ့"

ဒီကောင်မလေးတော့ ဘာတွေ အဆန်းထွင်ပြန်ပြီလည်း မသိဘူး။ အရှုံမလင်လုပ်ရတာတောင် ဒီထက် စိတ်ညစ်ရသက်သာဦးမယ်။ အော် အရှုံးပဲလေဆိုပြီး ခွင့်လွှတ်လို့ရဦးမယ်။ ဒီရှာစားမြေးမလေးကိုတော့ နားရင်းကို နာနာအုပ်ချင်တော့တာပဲ။

"ဒါက ဘာထူးလို့လဲဟ။ ပေါက်ဖော်ကြီးနဲ့ တရုပ်ကြီးပဲဥစ္စာ၊ မြိုးအေး နင်ညာဏ်မများနဲ့။ နင်ငါ့ကို ခွာချင်လို့ ဒီစကားမျိုး ပြောတာ မဟုတ်လား"

"မဟုတ်ပါဘူး ကောင်းရယ်"

"ရတယ်လေ၊ နင့်သဘောပဲ။ ပြတ်ဆိုလည်း ပြတ်တာပေါ့။ ဒါပေမယ့် သားကောင်းမြတ်က ပြတ်ရင် ဟိုတစ်မျှင်၊ ဒီတစ်စ၊ တစ်ခဏတွေ နှစ်ခဏတွေ လုပ်နေမှာ မဟုတ်ဘူး။ လုံးဝအပြတ်ပဲ"

"ကောင်းရယ် မိုး. . ."

"မိုးတွေ၊ ဆောင်းတွေ၊ နွေတွေ လာလုပ်မနေနဲ့တော့။ ရတယ် မြိုးအေး၊ မင်းလေးပျော်ဖို့အတွက်ဆိုရင် ငါ့နှလုံးသားကို မွမွကြေပြီး နင်တီးနေတဲ့ ဆိုင်းဝိုင်းထဲက ပတ်လုံးလေးတွေမှာ ပတ်စာထည့်ပေးရတဲ့ကောင်ပါ"

"ကောင်းရယ်"

ကောင်မလေးက ဒီဒိုင်ကြောင်မှာ ဝပ်ဆင်းသွားပုံပါပဲ တစ်ခါတည်း


www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စမ်းစမ်းလေး ဖြစ်သွားရှာတယ်။ သားကောင်းမြတ်ပါးစပ်ထဲ ဒါမျိုးတွေ ဘယ်တုံးက တတ်နေပါလိမ့်။ သားကောင်းမြတ်ကလည်း မြမိုးအေးကို lesson ပေးချင်နေတာပါ။ ဘယ်နှယ်ဗျာ၊ ဟိုစာဂျပိုးမ မေသစ္စာတုံးကတောင် ပန်းခြံလေးသွား၊ ရုပ်ရှင်လေးခိုးကြည့်၊ အအေး ဆိုင်လေးထိုင်လို့ ရသေးတယ်။ ဒီမြမိုးအေးနဲ့ကျမှ ဟိုလူတွေ့မှာ ကြောက်တာနဲ့ ဒီလူမြင်မှာစိုးတာနဲ့။ အိမ်ကနေ ကျူရှင်အလာလေး တွဲလျှောက်မိပါတယ်။ ကျိုးကြည့်ကြောင်ကြည့် ဟိုပုန်း၊ ဒီပုန်းနဲ့။ အီရတ်နဲ့ အာဖဂန်က လူတွေတောင် သူ့လောက် ထိတ်ထိတ်ပြာပြာရှိမှာ မဟုတ် ဘူး။

မြမိုးအေးက ဝဲတက်လာတဲ့ မျက်ရည်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေ တယ်။ သားကောင်းမြတ်က ဇာတ်မင်းသားလိုလို၊ ဗီဒီယိုမင်းသားလိုလို၊ မော်ဒယ်ဘွိုင်းလိုလိုဟန်မျိုးနဲ့ ခေါင်းငိုက်စိုက်ကျပြီး ကျောခိုင်းထွက်လာ ခဲ့ပါတယ်။ လှမ်းခေါ်လေမလားဆိုပြီး တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက် နေတဲ့ သားကောင်းမြတ်က ခြေလှမ်းဆယ်လှမ်းကျော်တဲ့အထိ နောက်က ခေါ်သံမကြားတော့ မသိမသာလေး နောက်ကို လှည့်ကြည့်လိုက်တယ်။ အမယ်မင်း၊ ဒင်းက မျက်ရည်စက်လက်နဲ့ အချဉ်ထုပ်ဖောက်စား နေလိုက် သေး။ သူ့မျက်ရည်တွေ ယိုစားမိတာ မှားတော့မလို့။ သားကောင်းမြတ် က ဒေါသဖြစ်ဖြစ်နဲ့ ခြေလှမ်းကို ခပ်သွက်သွက်လျှောက်လိုက်ပါတယ်။

"မင်းနဲ့ငါ တစ်သက်လုံးဝေးတာ ပိုကောင်းမယ်၊ မြမိုးအေးရေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့မြမိုးအေး ပြတ်သွားကြပြီဆို"

အိုင်တီခေတ်ကြီးမှာ သတင်းပြန့်ပွာ မြန်လှချည်လား။ ကျူရှင်မတက်ခင်လေးကမှ ပြတ်သွားတာ။ ကျူရှင်ဆင်းတော့ တီတာအောင်ချမ်းက သတင်းလာမေးနေပြီ။ ဧကန္တ မြမိုးအေးဆိုတဲ့ ငတိမက အချဉ်ထုပ်လေးဖောက်စားရင်း သတင်းထုတ်ပြန်လိုက်တယ်ထင်ရဲ့။ နိုင်ငံခြားသတင်းဌာနတွေမှာ သတင်းကြေညာတဲ့ အမျိုးသမီးလေးက ကော်ဖီခွက်လေးကိုင်ပြီး သတင်းကြေငြာတာ တွေ့ဖူးတယ်။ သတင်းက အရမ်းအရေးကြီးလို့ ကော်ဖီသောက်တဲ့အချိန်တောင် အနားမယူဘဲ ချက်ချင်းထုတ်လွှင့်တာလား၊ သောက်လက်စ ကော်ဖီကိုပဲ ကြေငြာတာလားမပြောတတ်ဘူး။ ဒီမြမိုးအေးဆိုတဲ့ ကောင်မလေးကိုလည်း အချဉ်ထုပ်လေး၊ နေကြာစေ့လေး ဖောက်စားရင်း သတင်းကြေငြာခိုင်းရမယ်။ 'ကျန်းမာတော်မူကြပါစေရှင်' ဆိုပြီး တစ်ခွန်းပြောလိုက်၊ နေကြာစေ့ကိုဖောက်ခနဲ့ ကိုက်လိုက်နဲ့။ တွေးရင်းနဲ့ ပြုံးစိစိဖြစ်နေတဲ့ သားကောင်းမြတ်ကို ကြည့်ပြီး တီတာအောင်ချမ်းက လှမ်းဆိတ်လိုက်ပါတယ်။

"အားနာတယ်ဟာ"

"ဟင်း၊ ရည်းစားနဲ့ပြတ်ပြီး ပြုံးစိစိဖြစ်နေတဲ့လူ နင်တစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"ဟဲဟဲ၊ ငါအတွေးလွန်သွားလို့၊ နင်သတင်းရတာ မြန်လှချည်လား"

"အော်၊ နင့်ကောင်မက မကြားတကြားပြောနေတာကိုး"

"နင်ကလည်း မကြားကြားအောင် နားထောင်နေတာမဟုတ်လား"

"အေး ဟုတ်တယ်၊ ဟင်းဟင်း"

"ဒါနဲ့. . ."

သားကောင်းမြတ်က မြမိုးအေး ပြောတာကို ပြန်ပြောမလို့ ပြင်ပြီးမှ မပြောဘဲနဲ့ ရပ်ထားလိုက်တယ်။

"ဘာပြောမလို့လဲ"

"အော်၊ နင်နဲ့ငါ အအေးဆိုင်သွားထိုင်ရအောင်လို့ ပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


တီတာအောင်ချမ်းက မျက်လုံးလေးစွေပြီး သားကောင်းမြတ်ကို အဓိပ္ပာယ်ပါပါ ကြည့်ပါတယ်။ နင်ဘာဖြစ်နေတယ်ဆိုတာ သိပါတယ်ဆိုတဲ့ အကြည့်မျိုး။ အဲဒီအကြည့်နဲ့ အတူ မျက်ဝန်းထောင့်က လက်ကနဲဖြစ်သွားတယ်။ တွေ့ပြန်ပြီ၊ ရွှေရောင်ညို့ကလေး။

"တီတာ၊ နင့်မျက်ဝန်းထောင့်မှာ ရွှေရောင် အစက်ကလေး ရှိတယ်နော်"

"ဘာ၊ ဟုတ်လို့လား"

"ဟုတ်တယ်၊ နင်ငါ့ကို ပြန်ပြီး စွေကြည့်လိုက်၊ အဲ ပေါ်လာပြီ၊ ဟုတ်တယ်ရွှေရောင် အစက်ကလေးဟ"

တီတာအောင်ချမ်းက သူ့လွယ်အိတ်ထဲက ကရင်ပတ်ဘူးကို ထုတ်ပြီး သူ့မျက်လုံးကို သူ့ပြန်ကြည့်ပါတယ်။ အမယ်ဒီကောင်မလေးက ကရင်ပတ်ဘူးတောင် ဆောင်နေပြီ။ သူ့ကိုယ်သူ အပျိုကြီးများ အောင့်မေ့နေလားမသိဘူး။

"တွေ့လည်း မတွေ့ဘူး"

"နင်က တည့်တည့်ကြည့်တာကိုး။ စွေပြီးကြည့်လိုက်မှ အဲဒီအစက်ကလေးက ပေါ်လာတာ"

ကောင်မလေးက မှန်ကို တစ်ဖက်ကကိုင်၊ မျက်လုံးကို သားကောင်းမြတ်ဆီ မခို့တရို့လေး စွေကြည့်လိုက်တယ်။ သားကောင်းမြတ်က ခေါင်းခါလိုက်ပြီး-

"ပျောက်သွားပြီဟ"

တီတာအောင်ချမ်းက မကျေမနပ်နဲ့ စောစောကလို ထပ်လုပ်ကြည့်ပြန်တယ်။ လမ်းမပေါ်မှာ ကောင်မလေးက မှန်ကလေးကိုင်ပြီး ဘေးမှာရှိတဲ့ ယောကျ်ားလေးကို စွေပြီး ကြည့်လိုက်နဲ့။ သူတို့နောက်ကနေပါလာတဲ့ သီဟန်နဲ့ အောင်မိုးသိုက်တို့က ကျော်တက်သွားပြီး လှမ်းအော်သွားတယ်။

"တီတာအောင်ချမ်း၊ ပဲပေးနည်းသင်တန်းဖွင့်မလို့လား။ နင်ရုပ်ရည်နဲ့ဆို ဘယ်သူမှ လာတက်မှာမဟုတ်ဘူး။ လုပ်မနေနဲ့"

"ကောင်စုတ်တွေ"

တီတာအောင်ချမ်းက အခုမှ နည်းနည်းလေး ရှက်သွားပါတယ်။

"အစုတ်ပလုပ် သားကောင်းမြတ်၊ နင်ငါ့ကို သက်သက်ချောက်ချ


www.burmeseclassic.com

www.burmeseclassic.com



တာမလား"

"မဟုတ်ပါဘူး၊ ငါတကယ်ပြောတာ။ နင်နဲ့ငါတစ်သက်လုံး နေလာတာ။ ငါတောင် တစ်ခါနှစ်ခါပဲ မြင်ဖူးသေးတယ်"

"ဘယ်တုံးက စပြီးမြင်ဖူးတာလဲ"

"အင်း. . . ဟိုမေသစ္စာနဲ့ ပြတ်တုံးက တဂ်ခါ။ အခုတစ်ခါ"

"ဒါဆိုရင် ငါ့ရွှေရောင်အစက်လေးက နင်ရည်းစားနဲ့ပြတ်မှ ပေါ်လာတာပေါ့"

"အေး ဟုတ်တယ်၊ ဒီအတိုင်းပဲ"

ကောင်မလေးက အလိုမကျသလိုနဲ့ ကရင်ပတ်ဘူးကို လွယ်အိတ်ထဲ ထည့်လိုက်ပါတယ်။

"တီတာအောင်ချမ်း"

သားကောင်းမြတ်ခေါ်သံက တစ်မျိုးကြီး။ တီတာအောင်ချမ်းက မေးဆတ်ပြတယ်။ ဘာလဲပေါ့။

"နောက်တစ်ခါ အဲဒီညို့လေးတွေ့ရင် နင့်ကိုငါရည်းစားစကား ပြောမယ်သိလား"

"ဘာ"

ဒါ သားကောင်းမြတ် သက်သက်ကျော့တာပဲ။ လွန်ခဲ့တဲ့ နာရီပိုင်းလောက်ကမှ ရည်းစားလက်မဲ့ဖြစ်သွားသေးတယ်။ အခုနောက်တစ်ယောက် သွေးတိုးစမ်းနေပြန်ပြီ။ ဒါမျိုးကတော့ တီတာအောင်ချမ်းတို့က သေလောက်အောင် ကြိုက်နေပေစေ၊ သည်းမခံနိုင်ပါဘူး။ သူ့ရည်းစားစကားကြားရဖို့ အရေး သူ့ကိုကိုယ်က မခို့တရို့နဲ့ အရင်စွေ့ကြည့်ရမယ့် အပေါက်မျိုး။ ဒင်းအတော့်ကို လွန်ပါလား။

"ဒီမှာသားကောင်းမြတ်၊ နင်က ငါ့ကို အထင်သေးလွန်းအားကြီးတယ်။ နင်အဲဒီညို့ကို ဘယ်တော့မှ ထပ်မတွေ့ရဘူးမှတ်ပါ။ နင်အပျော်တွဲရမယ့် မိန်းကလေးစာရင်းမှာလည်း ငါ့ကို ဘယ်တော့မှ မထည့်ပါနဲ့။ သွားနင့်လမ်းနင်သွားတော့"

တီတာအောင်ချမ်းရဲ့အသံက ဒေါသစွက်ပြီး စူးစူးရှရှ။ အပျော်တွဲခံရမယ့် စာရင်းထဲ မထည့်နဲ့ဆိုပဲ။ ဒါဆို အတည်စာရင်းထဲ ထည့်ရမှာပေါ့။ သားကောင်းမြတ်က စပ်ဖြဲဖြဲနဲ့. . .

"ငါက မိန်းကလေးအားလုံးကို အတည်တွဲတာပါဟာ။ ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com

စာရင်းနှစ်မျိုး မရှိပါဘူး"

"လဲသေလိုက်"

ကောင်မလေးက ဘောက်ဆတ်ဆတ်နဲ့ ထွက်သွားပါတယ်။ သွားကောင်းမြတ်က တီတာအောင်ချမ်းရဲ့ နောက်ပိုင်းကို သေသေချာချာ ကြည့်ပြီး ပြုံးစိစိနဲ့ ကျန်ခဲ့ပါတယ်။ ဒီညနေတော့ တစ်ယောက်တည်း အအေးဆိုင်ထိုင်ရတော့မယ်။ ပျင်းစရာကြီးပါလား။ စာမေးပွဲနီးပြီဆိုတော့ အိမ်ပြန်ပြီး စာကျက်တာပဲ ကောင်းမယ်ထင်တယ်။ အို ရှိပါစေတော့။ ညကျမှပဲ ကျက်တော့မယ်။ အခုတော့ လက်ဖက်ရည်ဆိုင်ပဲ သွားထိုင်တော့မယ်။

"ဆောရီးပဲ စာမေးပွဲကြီးရေ။ ကျွန်တော်က ဒီခြောက်လုံး မလိုချင်ပေမယ့် ရည်းစားခြောက်ယောက်လောက် ထားချင်သေးလို့ဗျာ"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


မြမိုးအေးနဲ့ လမ်းခွဲပြီးကတည်းက သားကောင်းမြတ်တစ်ယောက်လည်း ဆွေမေ့မျိုးမေ့ ပစ်ထားတဲ့ ကျောင်းစာတွေနဲ့ ပြန်ပြီး မိတ်ဖွဲ့ပါတယ်။ တော်သေးတာပေါ့။ စာမေးပွဲ မစစ်ခင်လေး အသိတရားလေး ဝင်လာပေလို့။ ဒါဆိုကောင်မလေး မြမိုးအေးကို ကျေးဇူးတင်ရမှာ။ သူလေးကသာ ဘိုင့်ဘိုင်မလုပ်ဘူးဆိုရင်၊ သားကောင်းမြတ်တစ်ယောက် စာကြည့်စားပွဲနဲ့ သူစိမ်းပြင်ပြင် ဖြစ်နေမှာ။ ကြိုးစားချင်တဲ့ စိတ်လေး ပေါက်လာတုံး မသိတာလေးတွေ မေးမြန်းရအောင်လို့ တီတာအောင်ချမ်းကို အိမ်ပင့်ထားရတယ်။ တီတာအောင်ချမ်းတို့ အိမ်မှာက၊ ကားတွေ လေလံပစ်တာတွေကို ပြင်ဟယ် ဖျက်ဟယ် ထုဟယ် နှက်ဟယ်နဲ့ စာကျက်လို့ မကောင်းလှဘူးလေ။ ဒါကြောင့် တီတာအောင်ချမ်းကလည်း လိုလိုလားလားပဲ သားကောင်းမြတ်ပင့်တာ လိုက်လာခဲ့ပါတယ်။ အေးအေးလူလူလည်း စာကျက်ရသေး။ သားကောင်းမြတ်ကိုလည်း ဆရာလုပ်ရသေး။ အဆင်ကိုပြေလို့။ တီတာအောင်ချမ်းက စာမကျက်ဘဲ ငူငူကြီး စဉ်းစားနေတဲ့ သားကောင်းမြတ်ကို ပေတံနဲ့ ခေါက်ထည့်လိုက်ပါတယ်။

"ဟဲ့ စာကျက်ပါဆို၊ ဘာတွေ စဉ်းစားနေတာတုံး"

"အော်၊ ဒီအချိန်ဆို မေသစ္စာလေး စာတွေ တစ်အားကျက်နေရော ပေါ့လို့ စဉ်းစားမိလို့"

"ဟင်း၊ အရေးထဲ ရည်းစားဟောင်း သတိရနေသေးတယ်။ ဟိုက နင့်ကို သတိတောင်ရမှာမဟုတ်ဘူး၊ ဟင်း"

"တီတာ"

"ဘာတုံး"

ကောင်မလေးက တွက်လက်စ သင်္ချာကို ခဏရပ်လိုက်ပြီး ပြန်မေး


www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

"နင့်နားရွက်လေးတွေက သိပ်လှတာပဲ သိလား"

"ရော်၊ သားကောင်းမြတ်၊ နင်စာအေးအေးဆေးဆေး မကျက်နိုင်ဘူးလား"

"ဟုတ်တယ်ဟ၊ နင့်နားရွက်က အချိုးသိပ်ကျတာဟ။ မကြီးလွန်း မသေးလွန်းလေး။ ပြီးတော့ ခပ်ရှည်ရှည်သွယ်သွယ်လေး။ နားပန်လေးကလည်း အနေတော်ပဲ"

"စာမေးပွဲမှာ ငါ့နားရွက်အကြောင်းမေးမှာ မဟုတ်ဘူးဟဲ့။ နင်စာမကျက်ချင်ရင် အပြင်ထွက်၊ ငါ့ကို လာမနှောင့်ယှက်နဲ့"

သားကောင်းမြတ်က တစ်စောင်းလေးမြင်နေရတဲ့ တီတာအောင်ချမ်းရဲ့ မျက်လုံးတွေကို အသေအချာ ကြည့်နေပါတယ်။ ရွှေရောင်ညှို့လေးတော့ မတွေ့ရတော့ဘူး။ စူးစူးစိုက်စိုက်ကြီး ကြည့်နေတဲ့ သားကောင်းမြတ်ကြောင့် တီတာအောင်ချမ်းခမျာ မနေတတ်မထိုင်တတ် ဖြစ်သွားရတယ်။

"သားကောင်းမြတ်၊ နင်ဘာဖြစ်နေတာလဲ၊ ငါသချ်ာအေးအေးဆေးဆေး တွက်ချင်လို့ဟာ။ အဲဒီတော့ ကျေးဇူးပြုပြီး အခန်းပြင်ထွက်ပေးပါ၊ ဟုတ်ပြီလား"

"နင့်နားရွက်လေး ခဏပေးကိုင်ရင် ထွက်ပေးမယ်"

တီတာအောင်ချမ်းက စားပွဲကို လက်ဝါးနဲ့ ဖြန်းကနဲ ရိုက်လိုက်ပြီး-

"ဒီမှာ သားကောင်းမြတ်၊ ငါနင့်ကောင်မလေး မဟုတ်ဘူးနော်။ နင့်ဟာတွေနဲ့ အုတ်ရောရောရော ကျောက်ရောရော အဖြစ်မခံနိုင်ဘူး။ နင်ကောင်းကောင်းမနေရင် ငါ့အိမ်ငါပြန်မယ်"

"နင်ကလည်းဟာ၊ နားရွက်ကလေး ကိုင်ရုံပါဆို"

"လဲသေလိုက်"

တီတာအောင်ချမ်းက စာအုပ်တွေ ကောက်သိမ်းလိုက်ပြီး အိမ်ပြန်မလို့ ပြင်လိုက်ပါတယ်။ သားကောင်းမြတ်က လက်ကို ဖမ်းဆွဲထားလိုက်ပြီး-

"ဘာဖြစ်တာလဲဟ၊ နင်က အခုမှ မာန်လာတက်နေတယ်။ ဟိုတုန်းကဆို နင်နဲ့ငါနဲ့ နပမ်းတောင် ဖက်လုံးသေးတာပဲ။ အခုနားရွက်ကလေးပဲ ကိုင်မယ့်ဟာကို"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတုံးက နပန်းဖက်လုံးပေမယ့် ဟိုစိတ်ဒီစိတ်တွေ မရှိဘူးတဲ့၊ အခုနင့်ဟာက မရိုးမသားနဲ့"
"အော် မရိုးမသားဆိုရင် နင့်ကို ဖက်နမ်းမှာပေါ့ဟ။ အခုက နားရွက်ကလေးကို ကိုင်ရုံလေးပါဆို"
"အို မကိုင်ရပါဘူး"
"ကိုင်မှာပဲ"
"ငါအော်မှာနော်"
"အော်ပေါ့"
"မေမေရေ၊ ဟောဒီမှာ သားကောင်းမြတ် သမီးကို. . ."
တီတာအောင်ချမ်းရဲ့ အော်သံက အကျယ်ကြီး ထွက်လာပါတယ်။ ဟာ တကယ်အော်တာပဲ။
"ဟဲ့၊ ဟိုနှစ်ယောက် စာမလုပ်ဘဲ ဘာတွေ ဖြစ်နေတာလဲ"
"ဟောဒီမှာ မေမေ့သားပေါ့။ သမီးသချာတွက်တာ လိုက်နှောက်ယှက်နေတယ်"
အခန်းပေါက်ဝမှာ သားကောင်းမြတ်ရဲ့အမေ ဒေါ်သန္တာရောက်လာတယ်။ သားကောင်းမြတ်က ဆွဲထားတဲ့လက်ကို ကမန်းကတန်း လွှတ်လိုက်ပါတယ်။ အင်း ဒီကောင်ရဲ့ ပုံစံက ပြီတီတီနဲ့။ ဒေါ်သန္တာလည်း ငယ်ရာက ကြီးလာတာပဲလေ။ သူ့သားရဲ့ပုံစံကို ကောင်းကောင်းရိပ်မိတာပေါ့။ ဒီအရွယ် ဒီစိတ်တွေဟာ လေရှူးလိုပဲတဲ့။ လေရှူးဆိုတော့လည်း ဟိုကတိုက် ဒီကတိုက်ပေါ့။ ကြိုးချင်းထားပြီ၊ အိုးချင်းထားထိနေနေတဲ့ ဒင်းတို့နှစ်ယောက်ကို မငြိအောင် မထိအောင် ခွဲထားမှ ရတော့မယ်။ ထိချိန်ငြိချိန်မတန်သေးပဲလေ။
"သမီးတီတာ၊ အိမ်ပြန်ချင်ပြန်လေ။ ဒီကောင့်ကို မေမေဆုံးမလိုက်ပါ့မယ်"
"ဟုတ်ကဲ့မေမေ၊ ခပ်စပ်စပ်လေး တီးထည့်လိုက်ပါနော်"
ကောင်မလေးက မြှောက်ထိုးပင့်ကော်လုပ်ပေးပြီး သူ့စာအုပ်တွေကို ကျွတ်ကျွတ်အိတ်ထဲ စုထည့်နေပါတယ်။
"ဟင်း ကောင်းတယ်။ လူကို မရိုးမသားနဲ့။ နင့်ကောင်မလေးတွေနဲ့ တစ်တန်းတည်းတစားတည်း ငါ့ကို သတ်မှတ်ထားတော့ အေးယ်တော့မှ သည်းမခံဘူးမှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com


ဒါ တီတာအောင်ချမ်းစိတ်ထဲကနေ ပြောလိုက်တာပါ။ တီတာအောင်ချမ်းကျောမပေးလိုက်ချိန်မှာပဲ သားကောင်းမြတ်က တီတာအောင်ချမ်းရဲ့ နားရွက်ကို ကိုင်ဖြစ်အောင် ကိုင်လိုက်ပါသေးတယ်။

"မေမေရေ၊ ဟောဒီမှာ တွေ့လား"

တီတာအောင်ချမ်းက တိုင်လည်းတိုင် လက်ထဲက စာအုပ်ထုပ်နဲ့လည်း လှမ်းရိုက်လိုက်ပါတယ်။ ဒါပေမယ့် သားကောင်းမြတ်ပဲဟာ။ သိုင်းကားတွေ ဒီလောက်ကြည့်ထားတာ ဒီအကွက်လောက်တော့ အပျော့ပေါ့။

"အမယ်လေးတော်"

တီတာအောင်ချမ်း ရိုက်လိုက်တာ သားကောင်းမြတ်ကို မထိဘဲ ဒေါ်သန္တာကို ရိုက်မိသွားပါတယ်။

"ဟာ ကန်တော့၊ ကန်တော့ အမေ"

"ကဲကဲ၊ သမီးလည်း အိမ်ပြန်တော့၊ သမီးအစား မေမေ ဒီကောင့်ကို နှိပ်ကွပ်လိုက်မယ်"

တီတာအောင်ချမ်းက သားကောင်းမြတ်ကို မျက်စောင်းထိုးပြီး လှုပ်လီလှုပ်လဲ့နဲ့ ထွက်သွားပါတယ်။ ဒေါ်သန္တာက သူ့သားကို ကြည့်လိုက်တော့ ကိုယ်တော်မြတ်က ကောင်မလေးနောက်ပိုင်းကို ရှုစားလို့။

"အား လား လား၊ အမေနာတယ်ဗျ"

သူ့အမေက သူ့သားကို ဗိုက်ခေါက်ဆွဲလိမ်လိုက်လို့ပါ။

"မင်းထွေလီကာလီတွေ လျှောက်မစဉ်းစားနဲ့။ စာမေးပွဲက တစ်လတောင် မလိုတော့ဘူး။ မင်းနဲ့ မိတီတာ ဘာတွေတုံး"

"အား၊ ဘာမှ မဟုတ်ပါဘူး၊ အမေရ။ သားက အခုမှ ကလေးပဲရှိသေးတာကို"

"ဒါမျိုးက နောက်စရာမဟုတ်ဘူး"

"အား၊ သား မနောက်တော့ပါဘူး၊ အတည်ပဲ။ အား၊ တည်တည်တံ့တံ့နေတော့မယ်လို့ ပြောတာပါ မေမေရဲ့ လွှတ်ပါတော့ နာလှပြီ"

ဒေါ်သန္တာက နောက်ဆုံးပိတ်လေး ခပ်တင်းတင်း လိမ်လိုက်ပြီး လွှတ်ပေးလိုက်ပါတယ်။ ဟိုက ရှုံ့မဲ့မဲ့နဲ့ စာကြည့်စားပွဲသွားထိုင်လေရဲ့။ ရက်စက်လိုက်တာ အမေရယ်။ ဒီသားလေးတစ်ယောက်ရှိတာ လုပ်ရက်ပါပေ့။ ဟိုကောင်မလေးကလည်း နားရွက်ကိုင်တာများ ဖွဖွပွေးကိုက်တာ


www.burmeseclassic.com

www.burmeseclassic.com

ကျနေတာပဲ။

သားကောင်းမြတ်ရဲ့ ကျောကိုကြည့်ပြီး ဒေါ်သန္တာလည်း သက်ပြင်း ချမိပါတယ်။ ဒီအရွယ်ဆိုတာ အချစ်နဲ့ သံယောဇဉ်နဲ့ အနေနီးတာနဲ့ ခွဲခြားနိုင်သေးတဲ့အရွယ် မဟုတ်သေးဘူးလေ။ ဒီအရွယ်မဆိုထားနဲ့ အလောင်းအလျာ အရင့်အမာကြီးတွေတောင်မှ ဒီသံယောဇဉ်ဆိုတာနဲ့ ပတ်သက်ရင် မှားခဲ့မှောက်ခဲ့တာပဲ မဟုတ်လား။ တီတာအောင်ချမ်း ဆိုတာလည်း သူ့သမီးရင်းလိုပဲ မွေးခဲ့ရတာ။ ဒီအချိန်မှာ ကလေးတွေကို ဘာအရောင်မှ မစွန်းထင်းစေချင်သေးတာ အမှန်ပါ။ အင်းလေ အနေနီး လွန်းတော့လည်း သူ့သားက စိတ်ကစားတာ ထင်ပါရဲ့လေ။ ဘာမှတော့ ဟုတ်မယ်မထင်ပါဘူး။ ဒေါ်သန္တာက အဲဒီလိုလေးပဲ ဖြေတွေးတွေးလိုက် ရပါတယ်။ သူ့သားက အနေနီးတာတင်မက အနေဝေးတဲ့ ကောင်မလေး တွေကိုပါ ချစ်ကြည်ရေးပွဲ၊ ခြေစမ်းပွဲတွေ ကစားထားတာသိရင် ဒေါ်သန္တာတစ်ယောက် သွေးပဲတက်လေမလား။ သူ့သားကိုပဲ ဗိုက်ကြော ပြတ်အောင် ဆွဲလေမလား မပြောတတ်တော့ဘူး။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com

"ပွမ် ပွမ် ပွမ်"

နောက်က ဟွန်းတီးသံကြားလို့ လှည့်ကြည့်လိုက်တော့ သားကောင်းမြတ်။ အောင်မယ် ဒင်းက ကားတွေ ဘာတွေ ကိုယ်တိုင်မောင်းလို့ပါလား။ စာမေးပွဲဖြေပြီးသွားကတည်းက မတွေ့ရတော့တာ၊ သားကောင်းမြတ်တစ်ယောက် အခုလို ကားနဲ့ဆိုတော့ အိမ်တောင်ကပ်ပါဦးမလား မသိဘူး။ မျောက်ကိုအတောင်တပ်ပေးလိုက်သလိုတော့ ဖြစ်တော့မှာပဲ။ သားကောင်းမြတ်ကလည်း ပြိုင်ဘီးနဲ့ဂျင်းဘောင်းဘီ အကျပ်ကို ဒူးအထက်တင်ဝတ်ထားပြီး လမ်းသလားမလို့ ပြင်နေတဲ့ တီတာအောင်ချမ်းဘေး ကားထိုးရပ်လိုက်ရင်း-

"အောင်မာ၊ နင်က ပြိုင်ဘီးနဲ့ပါလား။ ကြည့်လုပ်ဦး၊ တော်ကြာ စက်ဘီးလဲနေလို့ တီတာ့အောင်ချမ်း သီတာသောင်ကမ်းမှာ မညီမညာ ပေါင်တန်းသွားဦးမယ်"

"နင်ကရော ရှုံးတွေစမိုးတွေနဲ့ ဘယ်ဂိုးမလို့လဲ။ မော်တော်ပီကယ်နဲ့ တွေ့ပြီး အဖမ်းခံနေရဦးမယ်။ လိုင်စင်လည်း ရသေးတာမဟုတ်ဘဲနဲ့"

"ဒီလောက်က မိုင်နာပါဟာ၊ ငါမမနဲ့ shopping centre သွားမလို့။ အတွင်းလမ်းက ပတ်မောင်းသွားရင် ဘယ်မော်တော်ပီကယ်မှ မတွေ့ဘူး"

"မမ ဟုတ်လား။ ဘယ်က မမတုံး"

"ဟဲ ဟဲ၊ ဒါငါ့ရဲ့ အချစ်ဆုံးလေ။ သီဟာန့် အစ်မအငယ်ဆုံး"

မြတ်စွာဘုရား။ မြန်လှချည်လား သားကောင်းမြတ်ရယ်။ ဘယ်အချိန်ကများ အားကြိုးမာန်တက် ကြိုးပမ်းလိုက်လည်း မသိဘူး။ ဒီတစ်ခါတော့ တီတာအောင်ချမ်းတို့ အင်ဖော်မေးရှင်း အောက်သွားပါတယ်။ သီဟာန်အစ်မတွေဆိုတာ ခပ်ရှုပ်ရှုပ်တွေရယ်။ ဗျူတီစလွန်း ဖွင့်ထားပြီး တစ်ချိန်လုံး ကိုယ့်ကိုယ်ကို သနေတဲ့ မိန်းမတွေ။ သူတို့ ရပ်ကွက်ထဲမှာတော့ သီဟာန်အစ်မတွေက နာမည်ကြီးပဲ။ ဗျူတီကရော ရှုပ်တာရောပေါ့။ သားကောင်းမြတ်ထက်ဆိုရင် သုံးလေးနှစ်လောက်


www.burmeseclassic.com

www.burmeseclassic.com

ကြီးမလားပဲ။ ဒီကောင်က လယ်ဗယ်တူတွေကိုကျော်ပြီး ဝိတ်တန်းတက်ထိုးနေတာပေါ့။ ဟိုက အရှုပ်နဲ့ ဒီအရှုပ်ကလည်း တွေ့တတ်ပလေး။

"ကဲ ငါသွားမယ်။ နေပူကြီးထဲ စက်ဘီးတစ်စီးနဲ့ ဘဲရှာထွက်မလို့လား။ အေးလေ နင့်အဆင့်က အိမ်ပေါက်ဝထွက်ပြီး လူလုံးပြရုံနဲ့ ရမှာမှမဟုတ်တာ။ ချွေးတစ်လုံးလုံးနဲ့ ရှာမှရမှာဆိုတော့ ကြိုးစားလိုက်ဦးပေါ့"

"အောင်မာ အောင်မာ"

သားကောင်းမြတ်က ပြောပြောဆိုဆို ကားလေးမောင်းပြီး ထွက်သွားပါတယ်။ တီတာအောင်ချမ်းမှာတော့ စက်ဘီးလေးခွလျက်သား ဆွေ့ဆွေ့ခုန်ကျန်ခဲ့တယ်။

"အမယ်လေး၊ ပြောသွားလိုက်တာများ၊ နမချင်းမစာမနာ နိုင်ထက်စီးနင်း။ ဒင်းကိုတော့ ပညာပေးမှုကို ဖြစ်တော့မယ်"

တီတာအောင်ချမ်းက ပြိုင်ဘီးကို ခပ်သွက်သွက်လေး နင်းသွားလိုက်ပါတယ်။ ဒင်းသွားရင် အနီးဆုံး super mart ပဲ သွားမှာပေါ့။ စက်ဘီးနင်းရလို့ အလွန်ဆုံးနာရီဝက်လောက်ပဲ။ ဒင်းကိုတော့ အချိုသတ်လေးနဲ့ကို ပညာပေးမှ ဖြစ်မယ်။ ဒေါပွပွနဲ့ နင်းလာတဲ့ တီတာအောင်ချမ်းတစ်ယောက် super mart ရှေ့ရောက်တယ်ဆိုရင်ပဲ ကားပါကင်ထဲ သားကောင်းမြတ်ရဲ့ကားကို ရှာကြည့်ပါတယ်။ ဟော တွေ့ပြီ၊ ကားနောက်ဘန်ဘာမှာ စတီးကိုင်းတွေ၊ ချိတ်တွေ တပ်ထားတဲ့ အဲဒီကားကို ဒီဇိုင်းက ပစ်ကပ်နဲ့ ဗင်ကို မျိုးစပ်ထားတဲ့ Hybrid ကား၊ ဟိုနိုင်ငံတွေမှာတော့ Hybrid ကားဆိုတာ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အခြားလောင်စာတစ်မျိုးမျိုး တွဲသုံးရအောင် လုပ်ထားတာ။ သူ့ကားက Hybrid တော့ Hybrid ပဲ။ ဟိုကလို Techonology hybrid မဟုတ်ဘဲ design hybrid ဖြစ်နေတာတစ်ခုပဲ။ ကားစက်ရုံကိုက ထုတ်တာဆိုတော့ တပ်ချင်တဲ့ပစ္စည်းတွေ ဖောဖောသီသီ တပ်ထားတာလေ။ တီတာအောင်ချမ်းက မထိပြုံးလေးပြုံးပြီး စက်ဘီးကို ဘန်ပါမှာ အလှတပ်ထားတဲ့ စတီးတန်းနဲ့ တွဲပြီး သော့ခတ်လိုက်ပါတယ်။ ကားတော့ ဒုက္ခပေးပြီးပြီ။ လူပဲ ကျန်တော့တယ်။ လုံခြုံရေးဦးလေးကြီးက ဒရောသောပါး ပြေးလာပြီး-

"ဟဲ့ ကလေးမ၊ စက်ဘီးကို လူများကားနဲ့ ဘာလို့ တွဲချိတ်ထားတာတုံး၊ ပြဿနာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ သူများကားမဟုတ်ဘူး။ အိမ်ကကား။ ဘယ်သူလုပ်လဲ အေးရှင် တီတာအောင်ချမ်းလုပ်တာလို့ ပြောလိုက်"

"ရှိကြီးခိုးပါရဲ့ မယ်မင်းကြီးမရယ်။ ကားပိုင်ရှင် ပြဿနာရှာရင် ငါ့ အလုပ်ပြုတ်မှာ။ သနားပါ ကလေးမရယ်။ ငါ့မှာက မိန်းမနှစ်ယောက် နဲ့ ကလေးတစ်ယောက်၊ အဲလေ မိန်းမတစ်ယောက်နဲ့ ကလေးနှစ်ယောက် နဲ့ပါဟာ။ တောင်းပန်ပါတယ်။ စက်ဘီး ကို ပြန်ဖြုတ်လိုက်ပါ"

"အိမ်က ကားလို့ ပြောပြီးသွားပြီလေ။ မကျေနပ်ရင် မန်နေဂျာဆီ အကြောင်းကြားလိုက်"

တီတာအောင်ချမ်းကို သော့ကို ဘောင်းဘီအိတ်ထဲထည့်ပြီး super mart ထဲ ဝင်လိုက်ပါတယ်။ လုံခြုံရေးကတော့ နဖူးချွေးပြန်ပြီး ကျန်ခဲ့တယ်။ မဖြစ်ပါဘူး။ မန်နေဂျာဆီ အကြောင်းကြားထားမှပါ။ တီတာအောင်ချမ်းက super mart ထဲ လှည့်ပတ်ပြီး သားကောင်းမြတ်ကို ရှာနေပါတယ်။ တွေ့ပါပြီ coffee Bar ထဲမှာ နှစ်ယောက်သား ကြည်နူး နေလိုက်တာများ။

"မမ အသားအရည်က သိပ်လှတာပဲ။ ဘာတွေလိမ်းလဲဟင်"

"skin lotion အမြဲတမ်းသုံးတယ်လေ။ သူက SPF 15% ဆိုတော့ နေရောင်ခြည်ဒဏ်လည်း ကာကွယ်နိုင်တာပေါ့။ မောင်လည်း သုံးကြည့် ပါလား။ အခုခေတ်မှာ မိန်းမရော ယောကျ်ားရော အကုန်လုံးသုံးနေ ကြတာဥစ္စာ"

"အော် အော်"

သားကောင်းမြတ်က SPF ဆိုတာကြီးကို နားမလည်ပေမယ့် နားလည်ချင်ယောင်ဆောင်လိုက်ပါတယ်။ ဒီအကြောင်းတွေ ဘာကြောင့် ကျောင်းစာထဲမှာ မသင်ရတာပါလိမ့်။

"သနပ်ခါး မလိမ်းဘူးလား"

"တစ်ခါတစ်လေမှ ပဲ"

"ဘာဖြစ်လို့"

"သနပ်ခါးက အဆီပြန်တဲ့ လူတွေအတွက် ပိုကောင်းတယ်။ မရဲ့ အသားအရေက Aircon နဲ့ အမြဲနေရတော့ အဆီပြန်တာ နည်းပြီး အသားခြောက်တာပေါ့။ အဲဒါကြောင့် ရေဓာတ်များတဲ့ အစားအစာ အသီးအနှံတွေ များများစားရတာပေါ့။ ဒါကြောင့် အသားအရည်လှတာ


www.burmeseclassic.com

www.burmeseclassic.com


လေ"

မမက ပြောရင်းဆိုရင်း ထောပတ်သီးဖျော်ရည်ကို တစ်ဇွန်း ခပ်သောက်လိုက်တယ်။

'မ,ပါးလေးကို ထိကြည့်ချင်လိုက်တာ"

"ဟင်း ကောင်လေးက ကဲတတ်နေပြီ"

"ကဲတာ မဟုတ်ပါဘူး၊ ချစ်တာပါ"

မမက မျက်စောင်းလှလှလေး ထိုးပါတယ်။ မိန်းကလေးတွေ ဒီလို မျက်စောင်းထိုးရင် သဘောတူတယ်လို့ ပြောတာနဲ့ တူတူပါပဲ။ ခန္ဓာကိုယ် တစ်ခုလုံးမှာ ရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေနဲ့ ဘာသာစကား တစ်ခု ဖန်တီးတတ်တာ၊ ဒီစကြာဝဠာထဲ လူမလေးတွေပဲ ရှိမယ်ထင်ပါရဲ့။ အခြားဂြိုလ်က ဂြိုလ်သူမတွေရော အဲဒီလို လုပ်တတ်ကြရဲ့လား မသိဘူး။ သားကောင်းမြတ်က ညာလက်ညှိုးလေးနဲ့ မမရဲ့ ပါးလေးကို အသာထိ မလို့ ပြင်လိုက်ပါတယ်။ မမကလည်း မျက်လွှာလေး အောက်ချပြီး ရှက် ချင်ယောင်ဆောင်နေလေရဲ့။ ဒီလောက်နဲ့တော့ မရှက်သေးပါဘူး။ ဒါပေမယ့် မိန်းကလေး မဟုတ်လား။ ပဲလေးတော့ နည်းနည်းစွက်ထား မှ။ လက်နဲ့ပါးပြင် ထိလုထိခင်မှာပဲ. . .

"အဟမ်း၊ အဟမ်း"

နှစ်ယောက်သား အလန့်တကြား မော့ကြည့်လိုက်တော့ တီတာ အောင်ချမ်း။ ဒီအထိတောင် လိုက်လာတယ်ဆိုတော့ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး။ ဒီကောင်မလေး ဘာတွေကြံစည်လာပါလိမ့်။ သတိထားမှ။ တီတာအောင်ချမ်းက ခပ်တည်တည်နဲ့ သူတို့ဝိုင်းကို ဝင်ထိုင်ပြီး သွားဖြဲ နှာဖြဲနဲ့ နှစ်ယောက်စလုံးကို ရယ်ပြလိုက်တယ်။

"ဆောရီးနော်၊ အနှောင့်အယှက်ဖြစ်သွားသလား မသိဘူး"

အနှောင့်အယှက်ဖြစ်တာမှ စကြာဝဠာတိုက်တစ်သောင်းလုံးက မာရ်နတ်တွေ ဆင်းပြီး နှောင့်ယှက်သလိုပါပဲ။

"နင် ဘာဒုက္ခပေးမလို့လဲ"

သားကောင်းမြတ်က လိုရင်းကို တန်းပြောလိုက်ပါတယ်။

"နင့်အဖေနင့်ကို လိုက်ရှာနေလို့။ ကားထဲမှာသူ့ကုမ္ပဏီစာရွက်တွေ ကျန်ခဲ့လို့တဲ့"

"ဘာစာရွက်မှ မရှိဘူး၊ မဟုတ်ကဟုတ်ကတွေ လာမပြောနဲ့"


www.burmeseclassic.com

www.burmeseclassic.com



"အော် တကယ်ပါဆို၊ ငါ့ကို မေးနေသေးတယ်။ နင်ဘယ်သွားသလဲ တဲ့။ ငါက ဘောလုံးကွင်းထဲကားမောင်းကျင့်နေတယ်လို့ ပြောလိုက်တယ်။ အဲဒါ နင့်ကို ပြန်လွှတ်လိုက်ဦးတဲ့"

သားကောင်းမြတ်က နည်းနည်းတော့ ဇဝေဇဝါဖြစ်သွားတယ်။ ဟိုက ပြောနေတာက အခိုင်အမာရုပ်တည်ကြီးနဲ့။ ယုံစားလို့တော့ မရသေးဘူး။

"အော် နင်က မယုံဘူးလား။ နင် ပြန်ချင်လည်း နေခဲ့လေ။ ငါ့ဘာသာ ရှာပြီးသွားပေးလိုက်မယ်။ ပေး ကားသော့"

"အောင်မာ၊ နင့်အကြံ ဒါအကုန်ပဲလား။ ကားသော့ယူပြီး လစ်မလို့ပေါ့"

"အမယ်လေး သားကောင်းမြတ်ရယ်။ နင့်ကို ဒုက္ခပေးဖို့အတွက် နေပူကြီးထဲ ချွေးသံရွှဲရွှဲနဲ့ အပင်ပန်းခံပြီး လိုက်မလာနိုင်ပါဘူး။ ဒုက္ခပေးချင်ရင် အိမ်ထဲကနေ ထိုင်ရာမထ ချွန်လို့ရတယ်။ သဘောပေါက်။ အခုဟာက နင့်အဖေက အရေးကြီးလို့ ဆိုတာနဲ့ လိုက်လာတာ။ မပေးချင်လည်း နေ၊ ငါပြန်ပြီ"

သားကောင်းမြတ်က တွေတွေကလေး ဖြစ်သွားပါတယ်။ တီတာအောင်ချမ်း ပြောတာလည်း နည်းလမ်းကျနေတယ်။ တစ်ချိန်လုံး ငြိမ်နေတဲ့ မမက ဝင်ပြီး-

"ဟုတ်သားပဲ မောင်ကလဲ။ မောင့်အဖေ တကယ်အရေးကြီးလို့ နေမှာပါ"

မောင် တဲ့ ဟွန်း။ တီတာအောင်ချမ်းက မသိမသာလေး နှာခေါင်းရှုံ့လိုက်ပါတယ်။

"အော် ဒါနဲ့ သားကောင်းမြတ်၊ နင်ငါ့ကို ပိုက်ဆံတစ်သောင်းလောက် ခဏချေးပါလားဟင်၊ ငါ အိမ်ရောက်ရင် ပြန်ပေးပါ့မယ်၊ ငါပစ္စည်းဝယ်စရာပေါ်လာလို့"

"မချေးနိုင်ပါဘူး"

"လုပ်ပါဟယ်၊ ငါတစ်ကယ်လိုလို့ပါ"

"မမဆီက ယူသွားလေ ညီမလေးရယ်"

"အို အားနာစရာကြီး"

"ရပါတယ်၊ တစ်ခြားလူတွေမှ မဟုတ်တာ၊ သူစိမ်းတွေပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com


မမက အရွှန်းလေးဖောက်ပြီး ပိုက်ဆံထုတ်ပေးရင်း မေးလိုက်ပါတယ်။

"ရော့ တစ်သောင်း၊ တီတာလေးက ဘာဝယ်မလို့လဲ၊ လောက်ကောလောက်ရဲ့လား"

"ဟို ရေနံချေးနဲ့ ကတ္တရာဝယ်မလို့၊ တစ်သောင်းဆို လောက်ပါတယ်"

ဘယ်နှယ် super market ထဲလာပြီး ရေနံချေးနဲ့ ကတ္တရာလာဝယ်ရတယ်လို့။

"ဒီအမိပ္ပာယ်မရှိတာတွေ လာမပြောနဲ့။ ဒီ super market ထဲ အဲဒါတွေ ဘယ်ရမလဲ"

"အော်၊ ငါကလည်း ဒီကဝယ်မယ်လို့ မပြောမိပါလား။ သားကောင်းမြတ်ရယ်။ ပေး ကားသော့"

"မပေးပါဘူး"

"ကဲ၊ မယုံရင် လိုက်ခဲ့ဟာ ငါ အချိန်မရှိဘူး"

သားကောင်းမြတ်က ထလိုက်သွားမလို့ ပြင်လိုက်ပါတယ်။ မမက လှမ်းဆွဲထားလိုက်ပြီး-

ပေးလိုက်ပါ မောင်ရယ်၊ ကဲ ရော့"

ကားသော့က တီတာအောင်ချမ်းဆီ ရောက်လာပါပြီ။

"စိတ်အေးအေးသာ နေခဲ့။ ဆယ်မိနစ်အတွင်း ပြန်လာပို့မယ်"

တီတာအောင်ချမ်းက ပြောရင်းဆိုရင်း ပြေးထွက်သွားတယ်။ သားကောင်းမြတ်မှာတော့ ရင်တထိတ်ထိတ်နဲ့။

"အော် မောင်ကလည်း ဘယ်လိုဖြစ်နေရတာတုံး၊ ကဲပါ ခုနက မပါးလေးကို ထိချင်တယ်ဆို"

"မ,မသိဘူးနော်၊ ဒီကောင်မလေးက ယုံစားရတာ မဟုတ်ဘူး။ သော့ပေးလိုက်တာ မှားပြီထင်တယ်"

"အော်၊ ကားယူသွားလည်း တက္ကစီ ငှားပြန်မယ် ဟုတ်ပလား၊ စိတ်လျှော့ စိတ်လျှော့ ဟင်းဟင်း"

အဲဒီအချိန်မှာတော့ တီတာအောင်ချမ်းက super mart နဲ့ မျက်စောင်းထိုးက ဆောက်လုပ်ရေးပစ္စည်းဆိုင်မှာ ကတ္တရာနဲ့ ရေနံချေးထုပ်တွေ ဝယ်နေပါတယ်။ ပြီးတော့ ကားပါကင်ကို ပြန်လာခဲ့တယ်။ ကားပါကင်မှာတော့ စောစောက လုံခြုံရေးက တီတာအောင်ချမ်းကို


www.burmeseclassic.com

www.burmeseclassic.com

ပြုံးနေအောင် ကြည့်နေလေရဲ့။ တီတာအောင်ချမ်းက ကားသော့လေးကို ထောင်ပြလိုက်ပြီး-
"ဒီမှာတွေ့လား ကားသော့၊ အိမ်က ကားပါဆို ပြောမယ်ပုံဘူး"
တီတာအောင်ချမ်းက ကားတံခါးကို ဖွင့်လိုက်ပြီး ဘောနပ်ဖုံးခလုတ်ကို ဖွင့်လိုက်ပါတယ်။ လုံခြုံရေးဝန်ထမ်းကလည်း အသေအချာကို ကြည့်နေပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီမိန်းကလေးကတော့ ကားခိုးဂိုဏ်းက မဖြစ်နိုင်ဘူး ထင်ပါရဲ့။ တီတာအောင်ချမ်းက ကားထဲက ထွက်လာပြီး ဘောနပ်ဖုံးကို ဆွဲဖွင့်လိုက်တယ်။ ပြီးတော့ စောစောက ဝယ်လာတဲ့ ရေနံချေးထုပ်ကို ဖွင့်ပြီး ကားအင်ဂျင်အိပ်ဇော မန်နီဖိုးပေါ် တစ်ထုပ်လုံး ကုန်အောင် သုတ်လိုက်ပါတယ်။ ပြီးတော့မှ နောက်တစ်ထုပ်ကို အပုံလိုက်ကပ်ထားလိုက်ပြီး အပေါ်ကနေ ကတ္တရာ စေးစေးပျစ်ပျစ်ကြီးကို လောင်းချလိုက်ပါတယ်။
"ဒါဘာလုပ်တာတုံး"
လုံခြုံရေးကြီးက တအံ့တသြနဲ့ မေးရှာတယ်။ တီတာအောင်ချမ်းက ခပ်တည်တည်နဲ့
"ဒီကားက အိပ်ဇောမလုံဘူးလေ။ ဒါကြောင့် ဒီလိုလုပ်ရတာ"
ကားအကြောင်း နကန်းတစ်လုံးမှ နားမလည်ရှာတဲ့ လုံခြုံရေးကြီးက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပါတယ်။ တီတာအောင်ချမ်းအတွက်က ဒီလောက်ကတော့ အပျော့ပါပဲ။ အိမ်မှာက ကားပစ္စည်းတွေနဲ့ ကားစုတ်တွေနဲ့ workshop တစ်ပိုင်းဖြစ်နေတဲ့ ဥစ္စာ။ ကားအကြောင်းတော့ မပြင်တတ်ရင်သာ နေမယ်။ နားရည်ဝအမြင်ဝပြီးသားပါ။ အားလုံးပြီးသွားတော့မှ ကားထဲက အဝတ်စုတ်နဲ့ အသေအချာ လက်ကို သုတ်လိုက်ပြီး ဘောနပ်ဖုံးနဲ့ ကားတံခါးကို အသေအချာ ပြန်ပိတ်လိုက်ပါတယ်။ ပြီးတော့ ကြောင်တက်တက်လေး ရပ်နေတဲ့ လုံခြုံရေးကြီးကို တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပါတယ်။
"ရော့၊ ဦးလေး မုန့်ဖိုး ယူထားလိုက်"
အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်တယ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ မေမေဆီက ယူလာတဲ့ ပိုက်ဆံနဲ့ ပေးလိုက်တာလေ။ ကားသော့ကြီး တရမ်းရမ်းနဲ့ ပြန်ထွက်သွားတဲ့ တီတာအောင်ချမ်းကို ကြည့်ရင်း လုံခြုံရေးကြီးခမျာ တောင့်တောင့်ကြီး စိတ်ညစ်ကျန်ခဲ့ပါတယ်။ ဘာပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



တက်ဦးမလဲ မသိဘူး။

"ဘုရား၊ ဘုရား၊ ခေတ်ကာလသားသမီးများ နားလည်ရ အတော် ခက်ပါလား"

coffee bar ထဲ ပြန်ဝင်လာတဲ့ တီတာအောင်ချမ်းက လေကလေး ချွန်ပြီး ကားသော့ကို သားကောင်းမြတ်ရှေ့ ချပေးလိုက်တယ်။

"ရှာမတွေ့ဘူးဟာ၊ နင့်အဖေ မှားတာနဲ့တူတယ်"

သားကောင်းမြတ်က ကားသော့ကို တစ်လှည့် တီတာအောင်ချမ်းကို တစ်လှည့် ကြည့်ရင်း-

"မီတီတာ၊ နင်ဘာမဟုတ်တာတွေ လုပ်ထားခဲ့လဲ"

"အော် နင်ကလဲ ကားသော့ ပြန်လာပေးတာတောင် မယုံသင်္ကာနဲ့။ ကဲ ငါပြန်ဦးမယ်။ ခုနက နင်ပါးကိုင်မလို့ ဟန်ပြင်နေတာ မဟုတ်လား။ မကိုင်ရသေးရင် ကိုင်လိုက်ဦးနော်။ မမရေ သမီးပြန်တော့မယ်"

ကောင်မလေးက ကော့ပယ် ကော့ပယ် ခါတာခါတာနဲ့ ထွက်သွား ပါတယ်။ ကော်ဖီဘားထဲက ပုရိသအပေါင်းလည်း ခေါင်းလေးတွေ လည်သွားပါတယ်။

"ဟင်း ဒါမျိုးတွေ ကြည့်မရတာ"

သားကောင်းမြတ်က စိတ်ထဲကနေ မေတ္တာပို့လိုက်ပါတယ်။ ဒီမာရ် နတ်သမီးထွေးလေး လာနှောင့်ယှက်တာနဲ့ ရည်းစားနဲ့ တွေ့ရတဲ့ ဖီလင်လေးတောင် ဟပ်ကော့ကြီးဖြစ်သွားရတယ်။ အခုလည်း ဘာတွေ လုပ်ထားခဲ့မှန်းမသိ စိတ်တစ်ထင့်ထင့်နဲ့။ မဟုတ်မှ လွှဲရော၊ ကားကို နေရာရွှေ့ထားခဲ့ပြီလား မပြောတတ်ဘူး။

"ပြန်ရအောင် မမရာ၊ စိတ်ထဲက တထင့်ထင့်နဲ့"

"ဒါဆိုလဲ မောင့်သဘောပဲ"

"နှစ်ယောက်သား ကားပါကင်ကို ရောက်တော့ သူတို့ကားက နေရာမရွှေ့ပါဘူး။ ဒါပေမယ့်. . .

"ဟင် ကားနောက်မှာ တွဲပြီး သော့ခတ်ထားတာ ဘယ်သူ့စက်ဘီးလဲ မသိဘူး"

"မေးနေရသေးတယ် မမရယ်။ ဒါ ဟိုရုပ်ဆိုးမ စက်ဘီးပေါ့"

"ဒုက္ခပါပဲ၊ အဲဒီတီတာအောင်ချမ်းက ဘယ်သွားနေလဲ မသိဘူး"

"အခုလောက်ဆို အိမ်ပြန်ရောက်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်၊ ဒါဆို ဘယ်လိုလုပ်မလဲ"

"စက်ဘီးကို လွတ်အောင်မြှောက်ပြီး ကြိုးနဲ့ခိုင်ခိုင် တုတ်သွားရှာပေါ့။ ဗျို့ လုံခြုံရေး လာစမ်းပါဦး"

လုံခြုံရေးက တွန့်ဆုတ်တွန့်ဆုတ်နဲ့ ရောက်လာတယ်။ ပြဿနာတော့တက်ပြီထင်တယ်။ မျက်ခုံးတွေ လှုပ်နေတာမှ တဆတ်ဆတ်နဲ့။

"ဟို၊ ဦးပြောပါသေးတယ်။ အိမ်က ကားဆိုပြီး လုပ်ချင်တာ လုပ်သွားတာပဲ။ ပြီးတော့ နောက်တစ်ခေါက်ပြန်လာပြီး၊ ကားကိုလည်း ဟိုဖွင့်ဒီဖွင့်နဲ့"

လုံခြုံရေးကြီးက သူ့ထက်လေးပြန်လောက်ငယ်မယ့် သားကောင်းမြတ်ကို ရိုရိုသေသေလေး ပြောနေပါတယ်။ လုံခြုံရေး ဖြစ်ရတာ မလွယ်ပါလား။ ကျားလည်းကြောက်ရ ကျားချေးလည်းကြောက်ရနဲ့။

"ဟုတ်ပါပြီ။ ဦးလေးကို အပြစ်မတင်ပါဘူး။ ဒီလောက်ပဲ လုပ်သွားတာ တော်သေးတာပေါ့။ အိမ်ရောက်တော့မှ နာရင်းအုပ်လိုက်ဦးမယ်။ အခုလောလောဆယ် ကျွန်တော့်ကို ကြိုးတစ်ချောင်း ခိုင်ခိုင်တောင့်တောင့်လေး ရှာပေးစမ်းပါ။ ပြီးတော့ ကတ်ထူစက္ကူရရင်လည်း ရှာခဲ့ပါဦး။ နို့မို့ဆိုရင် ဘော်ဒီဆေးတွေ ပွန်းကုန်လိမ့်မယ်"

လုံခြုံရေးကြီးလည်း ပြဿနာကြီးကြီးမားမား မတက်တာပဲ ကျေးဇူးတင်နေရပါတယ်။ မမကတော့ မျက်စိမျက်နှာလေးပျက်လို့။ ရှူးစမိုးလေးနဲ့ သွားချင်လို့ သားကောင်းမြတ်ကို ကားယူခိုင်းမိပါတယ်။ အခုတော့ စက်ဘီးတန်းလန်းနဲ့ ရုပ်ပျက်ဆင်းပျက်ကြီး သွားရတော့မှာပဲ။ သားကောင်းမြတ်ကလည်း ကားယူလာမိတဲ့ ကိုယ့်ကိုယ်ကိုပဲ ကျိန်ဆဲမိပါတယ်။ သားကောင်းမြတ်က စက်နိုးကြည့်တယ်။ စက်သံက ပုံမှန်။ ကားဘီးတွေကို ကြည့်တယ်။ အားလုံး ok ပါပဲ။ ဒါဆိုရင် ဒီကောင်မလေး ကားကိုသော့ဖွင့်ပြီး ဘာလုပ်သွားပါလိမ့်။ တကယ်ပဲ သူ့အဖေရှာခိုင်းတဲ့ စာရွက်စာတမ်းတွေ ဝင်ရှာပြီး သားကောင်းမြတ်ကို သောက်ညင်ကပ်တာနဲ့ စက်ဘီးကို ကပ်ချည်ထားခဲ့တာထင်တယ်။

"တက်လေမမ၊ ပြန်ရအောင်"

မမက ကားပေါ် မဝံ့မရဲလေး တက်လာပြီး၊ ရှူရှူလေး ဝင်ထိုင်ပါတယ်။ သားကောင်းမြတ်က ကားကို အသာပဲ မောင်းထွက်လာခဲ့ပါတယ်။ အားလုံးအိုကေ ဘာပြဿနာမှ မရှိဘူး။ အဲ ကားနောက်မှာ စက်ဘီးကြီး


www.burmeseclassic.com

www.burmeseclassic.com

ကပ်ချည်ထားရတာက လွဲလို့ပေါ့။ စိတ်နှလုံး ဒုံးဒုံးချလိုက်ပြီး ခဏ လောက်ဆိုရင်ပဲ မမဆီက ထိတ်လန့်တကြား အသံထွက်လာပါတယ်။

"အမယ်လေး မီးခိုးတွေ ရပ်ရပ်၊ ကားမီးလောင်နေပြီ၊ ရပ် ရပ်"

ဟုတ်ပါရဲ့၊ ကားဘောနပ်အောက်ကနေ ထွက်လာတဲ့ မီးခိုးလုံး မည်းမည်းကြီးတွေ။ သွားပါပြီဗျာ။ တီတာအောင်ချမ်းက သားကောင်း မြတ်ကို တစ်ဆုံးပို့ပြီ ထင်ပါရဲ့။ ကားမီးလောင်ပြီဆိုမှတော့ ဘယ်လိုမှ ရှင်းလို့ရတော့မှာ မဟုတ်ဘူး။ အမယ်လေးလေး မြွေဟောက်အကောင် တစ်ရာလောက်ရှိတဲ့ ကျင်းထဲသာ ခုန်ချလိုက်ချင်တော့တာပါပဲ။ သား ကောင်းမြတ်လည်း ကြောက်ကြောက်နဲ့ ပလက်ဖောင်းဘေး ထိုးရပ်လိုက် ပြီး စက်သပ်လိုက်ပါတယ်။ မမကတော့ တံခါးကို ဖွင့်ပြီး ဒိုင်ဗင်မပစ်ရုံ တမည် ဆင်းပြေးသွားတယ်။ သားကောင်းမြတ်ကလည်း ဘာထူးလို့တုံး၊ သူလည်း ဒိုင်ဗင်လောက်နီးနီး ခုန်ချသွားတာပဲ။ သားကောင်းမြတ်ရဲ့ မျက်နှာက ဇီးသီး၊ ငှက်စာဆော်လောက်ပဲ ရှိတော့တယ်။ ဘုရား၊ ဘုရား အိမ်ပေါ်ကပဲ နှင်ချခံရမလား။ မသေမချင်း သားရေကွင်းနဲ့ပဲ ပစ်သတ် ခံရမလား၊ မတွေးရဲတော့ဘူး။ သူ့အဖေရဲ့ ဒေါသက မီတာနဲ့တိုင်းလို့ ရမှာမဟုတ်ဘူး။ ဘောနပ်ဖုံးကနေ ထွက်နေတဲ့ မီးခိုးက နည်းနည်းတော့ လျော့သွားတယ်။ လမ်းသွားလမ်းလာထဲက လူတစ်ချို့က ကားနား ဝိုင်းလာပြီး-

"ဝါယာရှော့ဖြစ်တာနဲ့ တူတယ်"

"မဟုတ်လောက်ဘူးဗျ"

"ညှော်တော့ အတော်ညှော်တာပဲ၊ ကတ္တရာမီးလောင်တဲ့ အနံ့ မျိုးကြီး"

"ကဲ ညီလေး၊ ဘယ်လိုလုပ်မလဲ၊ ဘောနပ်ဖုံးဖွင့်ကြည့်ကြလေ"

သားကောင်းမြတ်လည်း ဘာမှမလုပ်တတ်တော့ လူတွေပြောတဲ့ အတိုင်း ဘောနပ်ဖုံးဖွင့်ပေးလိုက်ပါတယ်။ ကားအကြောင်း နားလည်မှုံ ရတဲ့ လူတစ်ယောက်က-

"မီးလောင်တာ မဖြစ်နိုင်ပါဘူး။ ဘောနပ်ဖုံး အပူရှိန်က ပုံမှန်အတိုင်း ပဲ"

"ဒါဆို မီးခိုးဘယ်က ထွက်တာလဲ"

ဝိုင်းလာတဲ့ လူတွေက ဖြည်းဖြည်းများလာပါပြီ။ နိုကတည်းက


www.burmeseclassic.com

www.burmeseclassic.com

အသားဖြူတဲ့ မမခမျာတော့ ရှက်တာရော၊ ကြောက်တာရော ပေါင်းပြီး ထွတ်တွတ်ကြီးကို နီလို့။ အို ဒီလူအုပ်ကြားထဲ ယောင်ချာချာရပ်နေလို့ မဖြစ်ဘူး။ မမက ဆုံးဖြတ်ချက်ချပြီး ခပ်လှမ်းလှမ်းမှာ လာနေတဲ့ တက္ကစီကို လှမ်းတားလိုက်ပါတယ်။

"တက္ကစီ"

တက္ကစီက တုံ့ကနဲ အရပ်။ မမက ကားတံခါးကို တန်းကနဲဖွင့်ပြီး . .

"မောင်းတော့"

"ဟင် မမ၊ ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့နဲ့လေ။ နေပါဦး မမရဲ့"

ဟိုကလှည့်ကြည့်ဖော်လေးတောင် မရပါဘူး။

ကားနောက်ကို ပြေးလိုက်တော့မလို့ပြင်နေတဲ့ သားကောင်းမြတ်ကို အနားက လူတစ်ယောက်က ဖမ်းဆွဲထားလိုက်ပါတယ်။

"ငါ့ညီ ကားတစ်စီးလုံး အလျှပေးမလို့လား။ မီးလောင်လို့ မကုန်ပဲနဲ့ ဖြတ်ခိုးမှ အကုန်ကုန်နေဦးမယ်"

သားကောင်းမြတ်လည်း ထွက်သွားတဲ့ တက္ကစီနောက်မြီးကို ကြည့်ပြီး ကြေကွဲကျန်ခဲ့တယ်။

"ရက်စက်လိုက်တာ မမရယ်"

သားကောင်းမြတ်ဘဝမှာ တစ်ခါမှ ဒီလောက်မကြေကွဲဖူးဘူး။ တစ်ယောက်တည်း ဘာလုပ်ရမှန်း မသိတဲ့အချိန် ဟန်ဆောင်ပန်ဆောင် လေးတော့ ဘေးနားရပ်နေသင့်တာပေါ့ မမရယ်။ ဖြတ်စရာရှိရင်လည်း နောက်နေ့မှ ဖြတ်ပေါ့။ အင်းလေ ဘယ်မိန်းကလေးက မီးခိုးတလူလူ ထနေတဲ့ ဒင်းကားစုတ်နား ရပ်နေချင်ပါ့မလဲ။

"အဲ၊ ရပြီ၊ ရပြီ၊ သိပြီ"

ကားဘောနပ်ဖုံးကို ဖွင့်ပြီး ဝိုင်းဝန်းသုတေသနပြုနေကြတဲ့ မဟာ ဆရာရှင်တွေဆီက အသံထွက်လာပါတယ်။ သားကောင်းမြတ်ကလည်း ခုမှပဲ သတိပြန်ဝင်လာတယ်။

"ဘာ ဘာဖြစ်တာလဲဟင်"

"ကား စက်ခေါင်းကြည့်စမ်းပါဦး"

သားကောင်းမြတ်က အမိန့်နာခံပြီး ကားစက်နှိုးကြည့်လိုက်တယ်။ မီးခိုးငွေ့က ထွက်မလာပဲ ညှော်နံ့က ထွက်လာတယ်။ ခဏလောက်ကြာ


www.burmeseclassic.com

www.burmeseclassic.com

တော့မှ မီးခိုးမည်းမည်းကြီးတွေ ထွက်လာတယ်။
"ရပြီ၊ ရပ်လိုက်တော့"
မီးခိုးက ခဏလောက်ပဲ နေပြီး ပြန်တိတ်သွားပါတယ်။ စောစောက ကားကို ကြည့်နေတဲ့ ပုဂ္ဂိုလ်ကြီးက
"ကဲ၊ ညီလေးရေ၊ မင်းကားက ဘာမှမဖြစ်ဘူး။ ဘယ်သူလက်ဆော့ပြီး အိပ်ဇော မန်နီဖိုးပေါ် ကတ္တရာတွေ လောင်းချသွားလည်း မသိဘူး။ ပြီးတော့ မည်းမည်းအဖတ်တွေက ရေနံချေးတွေ ထင်တယ်။ အခု ရသလောက် ခွာချပြီး အိပ်မဝေးဘူးဆိုရင် ဒီအတိုင်းမောင်းချသွားလိုက်၊ အိမ်ရောက်မှ ပြောင်အောင်သုတ်ချပေတော့"
သေချာပါပြီ။ ဒါကတော့ ဟိုအယုတ်တမာမ တီတာအောင်ချမ်း လက်ချက်ဆိုတာ တော်သေးတာပေါ့။ ဒါ ဒီလောက်နဲ့ပြီးသွားလို့၊ အတော့်ကို ဦးနှောက်စားတဲ့ တီတာအောင်ချမ်း။ သူမို့လို့ ဒီလိုဥစ္စာကြီး တွေးမိတယ်။ ကားမီးလောင်လို့ အိမ်ပေါ်က ဆင်းရလို့ကတော့ ဒင်း အိမ်ပေါ်တက်ပြီး ဒင်းကို တစ်သက်လုံး လုပ်ကျွေးခိုင်းရမယ်။ သားကောင်းမြတ်က တုတ်တစ်ချောင်းယူပြီး၊ အိတ်ဇောမန်နီဖိုးပေါ်က၊ ကတ္တရာတွေ ရေနံချေးတွေကို ခွာထုတ်ခြစ်ထုတ်နေလိုက်ပါတယ်။
"ကျေးဇူးပါပဲ အကိုတို့ရာ။ အစ်ကိုတို့ ကြည့်ပေးပေလို့။ ဒါနဲ့ အစ်ကို တို့ ဘယ်သွားမလို့လဲ။ ကိစ္စမရှိဘူးဆိုရင် ကျွန်တော်နဲ့လိုက်ပြီး လက်ဖက် ရည်သောက်ပါဦးလား။ ကျေးဇူးတင်လွန်းလို့ပါ"
"ဟာ ကောင်းတာပေါ့"
ဒီလိုနဲ့ ကားပေါ်လူတစ်ပြုံကြီးတင်ပြီး လက်ဖက်ရည်ဆိုင်ကို ချီတက် သွားကြပါတယ်။ မီးခိုးကလည်း ထွက်တယ်ဆိုရုံလေးသာ ထွက်တော့ တယ်။ ညှော်တာကတော့ ရက်ရက်စက်စက်ပါပဲ။ တော်သေးတာပေါ့။ သွားရင်းလာရင်း နှိုင်းနှိုင်းယှဉ်ယှဉ် ချင့်ချိန်တတ်တဲ့ မဟောသဓာ လက်သစ်နဲ့ တွေ့ပေလို့။ ဟိုရှေ့မှာ ပျက်နေတဲ့ တက္ကစီက မမငှားသွားတဲ့ တက္ကစီနဲ့တူတယ်။ အိုး သေချာတာပေါ့။ ဒရိုင်ဘာဘေးမှာ စူစူဆောင့် ဆောင့်နဲ့ ရပ်နေတာ ဒေါ်ရွှေမမပဲဟာ။ သားကောင်းမြတ်က ပျက်နေတဲ့ ကားဘေးရပ်လိုက်ရင်း-
"မမရေ၊ လိုက်ခဲ့ပါဦးလား။ လက်ဖက်ရည်ဆိုင်သွားမလို့"
မမက လူအပြည့်တင်လာတဲ့ သားကောင်းမြတ်ရဲ့ကားကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတလိုက်ပါတယ်။ သားကောင်းမြွတ်အပြင် ရှေ့ခန်းမှာက နှစ်ယောက်။ နောက်ခန်းမှာက ငါးယောက်။ ဗင်ကားရဲ့ ပစ္စည်းတင်တဲ့ နေရာလေးမှာက လေးယောက်။ ရှိုက်မျှား လိုက်သွားလို့ကတော့ မောင်မောင် ဆယ့်နှစ်ယောက် မ,တစ်ယောက်။

ဒီအတိုင်းဆိုရင် လူပြတ်တွေပြက်လုံးထုတ်သလို "သမီးတစ်ခါပဲ မိုက်မိတာပါ။ လှည်းသားငါးရာနဲ့" ဆိုတဲ့ အတိုင်း ဖြစ်တော့မှာပဲ။

"ဗျို့ အစ်ကိုကြီး၊ မီးခြစ်ယူမလား၊ မမရေ တာ့တာ၊ ဂွတ်ဘိုင်၊ ဆာယိုနားယား" "အညောစရော"

သားကောင်းမြွတ်က ဘာသာစကားစုံအောင် နှုတ်ဆက်ပြီး ကားကို ဝူးကနဲ မောင်းထွက်လာခဲ့ပါတယ်။ ကားပေါ်က ကျန်ပုဂ္ဂိုလ်တွေကရော ဘာသားနဲ့ ထုထားတာမို့တုံး။ အားလုံးကပဲ-

"ညီမလေးရေ တာ့တာ။ နောက်မှတွေ့မယ်နော်။ ကားစုတ်ကြီး စီးမနေနဲ့ သိလား။ တာ့တာ ဘိုင့်ဘိုင် ချဲရီးယို"

ဒီနေ့အတွက် အကောင်းဆုံးအရှုံးသမားဆုကိုတော့ မမက မြိုင်ဘက်မရှိရသွားပါတယ်။ တီတာအောင်ချမ်း ယူသွားတဲ့ ပိုက်ဆံတစ်သောင်းလည်း ပြန်ရဖို့ မမြင်။ လမ်းပေါ်မှာ အရှက်တွေလည်း ကွဲ။ ရည်းစားလေးနဲ့လည်း ပြတ်။ တက္ကစီခလည်း ကုန်။ နေပူကြီးတွေ မိထားတော့ အိမ်ပြန်ရောက်ရင် Body lotion ဖိုးတွေ ထပ်ကုန်ဦးမယ်။ နေ့းမနပ်ကောင်နဲ့ ရည်းစားထားမိတဲ့ အကျိုးကျေးဇူးပါပဲ။ ဟောရှေ့မှာ ဆိုက်ကားတစ်စီး။ ဒီတစ်ခါတော့ အင်္ဂျင်လည်း မီးမလောင် ကားစက်လည်း မပျက်နိုင်တဲ့ ဆိုက်ကားပဲ စီးသွားတော့မယ်။ ဘုရားသိကြားမလို့ စပုတ်တိုင် မကျိုးဘီးမခွေ၊ ချိန်းမပြတ်ပါစေနဲ့နော်။

"ဆိုက်ကားရေ၊ ဆိုက်ကား"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


စာမေးပွဲ အောင်စာရင်းထွက်ပါပြီ။ အောင်တဲ့လူတွေက ပျော်နေကြသလို၊ မအောင်တဲ့လူတွေက ရှုံ့မဲ့ရှုံ့မဲ့။ တစ်ချို့ကတော့ အောင်မှန်းကျမှန်းမသိရတဲ့ မျက်နှာမျိုးတွေနဲ့။ တီတာအောင်ချမ်းနဲ့ သားကောင်းမြတ်နှစ်ယောက်စလုံး အောင်ကြပါတယ်။ ဂုဏ်ထူးတောင် တစ်ခုစီပါလိုက်ကြသေးတယ်။ အောင်စာရင်းထွက်တဲ့နေ့ကဆို သားကောင်းမြတ်တစ်ယောက် အသည်းအသန်ပါပဲ။ အရင်ရည်းစားဟောင်းတွေ အောင်မအောင် ကြည့်ရတာ အမော။ ရည်းစားဟောင်းလေး နှစ်ယောက်စလုံးအောင်ကြပါတယ်။ စာဂျပိုးမလေး မေသစ္စာအောင်မြင့်လွန်းဆို ဒီငါးလုံးနဲ့တောင် အောင်သွားရှာတယ်။ ကောင်မလေး ပိန်သွယ်သွယ်လေးတစ်ယောက် သူရတဲ့ ဂုဏ်ထူးတွေတောင် သူထမ်းနိုင်ပါ့မလား မသိဘူး။ ချစ်ချစ်ဟောင်းလေးရဲ့ အောင်မြင်မှုကို မုဒိတာ ပွားရပါတယ်။ တကူးတကသွားပြီးတောင် ကွန်ကရက်ကျူလေးရှင်း လုပ်လိုက်ပါသေးတယ်။ ရည်းစားဟောင်းလေး မပိန်သွယ်က ပြောလိုက်သေးတယ်။

"ဟဲ့ သားကောင်းမြတ်၊ တက္ကသိုလ်တွေ ဖွင့်ရင် ငါတို့ ကျောင်းကိုလာလည်နော်။ ငါမုန့်ဝယ်ကျွေးမယ်။ နင်အခု ဘယ်သူနဲ့ တွဲနေလဲ။ နင်သာ ငါနဲ့မပြတ်ဘဲ ငါစာကျက်တဲ့အတိုင်း နင်ပါလိုက်ကျက်ရင်နင်လည်း ဂုဏ်ထူးတွေ အများကြီးပါမှာ ဟဲ့"

"နေပါစေ ကျောင်းအမရယ်၊ ကျေးဇူးတင်ပါတယ်။ ငါက အခုအချိန်မှာ ရည်းစားလက်မဲ့ပါပဲ။ နင်ရော လျှောက်လွှာအသစ်ထပ်မခေါ်သေးဘူးလား"

"တော်ပါပြီဟာ။ ရည်းစားလည်း မထားချင်တော့ပါဘူး။ ငါအခုကွန်ပျူတာသင်တန်းတက်နေတယ်။ အင်္ဂလိပ်စာ သင်တန်းလည်း တက်နေတယ်။ ပြီးတော့ ငါ့အမေက ငါ့ကို ပိန်တယ်တဲ့။ အဲဒါအချိန်ရတုန်း Body Fitness တစ်ခုခုလောက် တက်ဦးတဲ့။ ပြီးတော့ မိန်းကလေးဆိုတော့ အချက်အပြုတ်လေးပါ တတ်ထားမှဟ။ ဟာ မအားဘူးဟယ်။ အရေးကြီးတာတွေ လုပ်နေရတာနဲ့ ငါဝါသနာပါတဲ့ ပန်းချီသင်တန်း


www.burmeseclassic.com

www.burmeseclassic.com


တောင် ခဏနားထားရတယ်"

ဟူး၊ သူ့အစား မောလိုက်တာနော်။ ဒီလိုသင်တန်းတွေ ဖောက်သောက် လိုက်တတ်နေတာ မငေါက်သေးဘူးလား။ မပြောတတ်ဘူး။ မချောလေးက သားကောင်းမြတ်ကိုပါ အဖော်ဆွယ်နေပါသေးတယ်။

"နင်လည်း ဒီအတိုင်းမနေနဲ့လေ။ သင်တန်းလေး တစ်ခုခုတက်ဦး"

"အော်၊ ငါလည်း တက်နေပါတယ် ဟ"

"ဟုတ်လား၊ ဘာသင်တန်းလဲ"

"ရေသောက်နည်း သင်တန်းလေ၊ ဗိန္ဒောဆရာတစ်ယောက်ဆီမှာ။ ဒီအဆင့်အောင်ပြီး သွားရင် ရှူရှူပေါက်နည်းသင်တန်း တက်ရဦးမယ်။ အဲဒါပြီးသွားရင် အီအီးပါနည်း"

"ပေါက်ကရတွေတော့ လုပ်ပြီ"

"အော်၊ တကယ်ပြောတာ။ တို့တစ်သက်လုံး ရေသောက်လာတဲ့နည်းက မှားနေတယ် ဟ။ တို့တွေက ရေခွက်ကို ပါးစပ်ဆီယူပြီး သောက်တာ။ အမှန်က အဲဒီလို မသောက်ရဘူး။ ပါးစပ်က ရေခွက်ဆီ သွားပြီး ဒီတိုင်းထားသောက်ရမှာ။ ဒါမှ အဆုတ်အားကောင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တာ။ အဲဒီနည်းက နင်ရေကြိုက်သလောက်သောက် ဘယ်တော့မှ မသီးဘူး"

ကောင်မလေးက သားကောင်းမြတ် ပြောတာကို စဉ်းစားကြည့်နေပါသေးတယ်။

"ဟဲ့၊ နင်ပြောတဲ့ ပုံစံက လူသောက် သောက်တာမှ မဟုတ်တာ။ တိရစ္ဆာန်သောက်သောက်တာပဲ"

"အော်၊ နင်က မယုံဘူးကိုး။ အခုကိုရီးယားမှာ အဲဒီသင်တန်းတွေ ခေတ်စားနေတာ ဟ။ စပိုင်ချစ်သူထဲက မင်းသားတောင် အဲဒီသင်တန်း တက်နေပြီတဲ့။ ကဲသွားပြီ သင်တန်းချိန် နီးနေလို့"

သားကောင်းမြတ်က လက်လေးပြပြီး ထွက်လာခဲ့တယ်။ အချစ်ဦးတဲ့။ ပြန်တွေ့ကြတော့လည်း သူလိုကိုယ်လိုပါပဲလား။ ရင်လေး ဘာလေးတောင် ခုန်ဖော်မရဘူး။ လူများတွေ ပြောတော့ 'ငယ်ကချစ် နှစ်တစ်ရာ မမေ့သာ' တဲ့။ မမေ့တာက သတ်သတ် ရင်ခုန်တာက သတ်သတ်ထင်ရဲ့။ ကိုယ့်အချစ်ကပဲ မစစ်လေလို့လား မသိဘူး။ အမယ် ဟိုရှေ့က လာနေတာ မြမိုးအေး။ လှုပ်လီလှုပ်လဲ့နဲ့၊ မီကောင်မလေး


www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းတွေ ဘာတွေပြောင်းလို့၊ ဆံပင်တွေက ဖြောင့်စင်းပြီး အနားမညီ မညာလေးကို ဆေးဆိုးပြီး hilight ဖောက်ထားလိုက်သေး။ ပြီးတော့ ဂါဝန်ဖားဖားကြီးနဲ့ ကြိုးသေးတပ်ထားတဲ့ ဘလောက်လေးကို ခပ်ကျပ်ကျပ် ဝတ်ထားတယ်။ ဝင်းနေတဲ့ ပခုံးသားလေးက စွဲမက်ချင်စရာ။ စောစောက မခုန်တဲ့ရင်က အခုမှပဲ နည်းနည်းပါးပါး ခုန်ချင်လာပါတော့တယ်။ ဒင်းလေးက အတော့်ကို လှလာတာပါလား။ ကျောင်းတုံးကနဲ့ လုံးလုံးလည်းမတူ၊ ပြားပြားလည်း မတူတော့တာပဲ။ မပြောင်းလဲသေးတာက လက်ထဲက အချဉ်ထုပ်ပဲ ရှိတယ်။

"ကောင်း၊ ဘယ်သွားမလို့လဲဟင်"

အင်း၊ လေသံလေးတွေတောင် ပြောင်းလို့။ အရင်က မာတောင့်တောင့်သံလေးတောင် အတော့်ကို ချိုနွဲ့ချိုရီချိုမြလို့။ သားကောင်းမြတ် ရင်ထဲမှာလည်း ရှပ်ရှပ်၊ ရှပ်ရှပ်နဲ့။ အင်း ဇာတ်လမ်းတွဲလေး ဆက်ရိုက်ရင် ကောင်းမယ်ထင်တယ်။

"အလကားပါ၊ ဟိုနား ဒီနားပါပဲ။ မိုးရော ဘယ်သွားမလို့လဲ"

အခေါ်အဝေါ်တွေ၊ နာမ်စားတွေကတော့ အရင်အတိုင်းပါပဲ။ သူကလည်း ကောင်း၊ ကိုယ်ကလည်း မိုးပဲပေါ့။ မြမိုးအေးက လက်ထဲက အချဉ်ထုပ်ကို တစ်ကိုက်ကိုက်လိုက်ပြီး-

"ဟင်း ဟင်း၊ ကိုကိုနဲ့ ချိန်းထားလို့လေ။ မျှော်စင်ကျွန်းမှာ show သွားကြည့်မလို့။ မိုးက မသွားချင်ပါဘူး။ ကိုကို ချစ်သူဖြစ်တာ တစ်လပြည့် အမှတ်တရ လေးဆိုလို့။ ကိုကိုက မိုးကို အရမ်းဂရုစိုက်တာ။ သွားမယ်နော်။ ကိုကို စောင့်နေရမှာ စိုးလို့။ ကောင်းရော သီဟန် အစ်မနဲ့ပဲလား၊ ကဲ သွားပြီ"

မြမိုးအေးက ပြုံးပြုံးလေး နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ အောင့်သီးအောင့်သက်နဲ့ ကျန်ခဲ့တာက သားကောင်းမြတ်။ ခံရခက်လိုက်တာ နော်။ ပါးစပ်နား ရောက်ခါနီး ဟမ်ဘာဂါက ဖုတ်ကနဲ ပြုတ်ကျသွားသလိုပဲ။ စောစောက ရင်ခုန်တာလေးကိုတောင် နှမြောမိသေး။ ဒီကောင်မလေးက သူနဲ့တွဲတုံးကတော့ အိမ်ကတွေ့မှာစိုးတာနဲ့ လူတွေမြင်မှာ ကြောက်တာနဲ့ လက်လေးတောင် အကိုင်မခံဘူး။ အခုတော့လည်း show တို့ စုံတွဲခုတ်မလို့တဲ့။ လူသိမှာ မကြောက်တော့ဘူးနဲ့ တူတယ်။ မင်း အတော့်ကို လိုပါသေးလား သားကောင်းမြတ်ရယ်။ မိန်းမတွေ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com


စာတစ်မျက်နှာ နှစ်မျက်နှာ ဖတ်ဖူးတာလောက်နဲ့ ကိုယ့်ကိုယ် ကို ဆရာကြီးထင်နေတာကို။ ခံလိုက်ဦး သားကောင်းမြတ်ရေ။ သားကောင်းမြတ်က ခပ်လှမ်းလှမ်းရောက်နေတဲ့ မြမိုးအေးရဲ့ ကျောပြင်ကို လှည့်ကြည့်ရင်း မှတ်ချက်ချလိုက်ပါတယ်။

"ရှာစားကြီးမြေးလည်း Hip Hop နဲ့တွေ့တော့ ခိုက်သွားပြီထင်ပါ့"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


"နင်အခုတစ်လော ခြေငြိမ်လှချည်လား"

သားကောင်းမြတ်က မော်တော်ကား ရေဆေးနေရာက မော့ကြည့်လိုက်ပါတယ်။ အလဲ့ မိတီတာတို့ မလှစဖူးလှလို့။ ကောင်မလေးတွေကပဲ လှလာကြတာလား။ သားကောင်းမြတ်မျက်လုံးကပဲ လှတာလေးတွေ ပိုခံစားတတ်လာတာလား မသိဘူး။ ကောင်းကင်ကြီးလည်း လှ၊ တိမ်တွေကလည်း လှ။ အရိုးပြိုင်းပြိုင်းနဲ့ သစ်ခြောက်ပင်ကြီးတောင် ကဗျာဆန်သလိုလိုနဲ့ တီတာအောင်ချမ်းက ရှပ်အင်္ကျီအကွက်နီနီရဲရဲကြီးကို ခါးမှာစုချည်လို့။ ဂျင်းဘောင်းဘီခါးရှည်ကို ခေါက်ပြီး ဒူးရောက်အောင် ပင့်တင်ထားတယ်။ ကျောလယ်မရောက်တစ်ရောက် ဆံပင်ရှည်တွေက ဘာမှမစည်းမနှောင်ပဲ ခပ်ရိုင်းရိုင်းကျနေလေရဲ့။ သေသေချာချာကြည့်နေတဲ့ သားကောင်းမြတ်ကြောင့် တီတာအောင်ချမ်းက မနေတတ်မထိုင်တတ်ဖြစ်သွားပါတယ်။

"ဟဲ၊ ဘာလို့ ဒီလောက်တောင် ကြည့်နေရတာတုံး"

"အော်၊ ငါ့သူငယ်ချင်းလေး မလှစဖူး လှနေလို့"

"အမယ် နင်တော်တော် ဘိုင်ကျနေပြီ ထင်တယ်။ မချီးမွမ်းစဖူး၊ ငါ့ကို ချီးမွမ်းလို့"

"အထင်စမောလိုက်တာဟာ။ ဒီကားရေဆေးပြီးတာနဲ့ မုန့်ဖိုးရမှာ။ အခု ဖားသားကြီးက သူ့အလုပ်တွေ ကူရင် အပိုမုန့်ဖိုးပေးတယ်။ ကားရေဆေးတာတို့၊ ဆီသွားထုတ်တာတို့။ ဝပ်ရှော့သွားတာတို့က ငါပဲလုပ်နေရတာ။ တစ်ခါတစ်လေ နင့်အဖေဆီက spare part တွေ တောင်းပြီး ခပ်တည်တည်နဲ့ အိမ်မှာ ငွေတောင်းလို့ ရသေးတယ်။ အရေးပေါ်ဆို ဆီခိုးရောင်းလို့ ရသေးတယ်"

"ဒါဆို နင်အတော် ဝင်တည့်နေတာပေါ့"

"အေး၊ နင်အားတယ် မဟုတ်လား၊ ငါ မုန့်လိုက်ကျွေးမယ်"

"ကျားသားမိုးကြိုး၊ နင်သားကောင်းမြတ်အစစ်ပါနော်"

"အော်၊ စစ်သမှ စစ်စစ်နဲ့တောင် မြည်နေသေး။ နောက်နည်းနည်း


www.burmeseclassic.com

www.burmeseclassic.com

ဆုတ်၊ ကားဘီးရေပက်မလို့၊ စင်ကုန်လိမ့်မယ်”

တီတာအောင်ချမ်းက နောက်ဆုတ်ပေးလိုက်ပြီး အပေါ်အင်္ကျီချွတ်ကြီးနဲ့ ကားရေဆေးနေတဲ့ သားကောင်းမြတ်ရဲ့ ကျောပြင်ကို ကြည့်နေပါတယ်။ ဘာပဲပြောပြော သားကောင်းမြတ်က လူချောပဲ။ ဝင်းဖန့်နေတဲ့ အသားအရေနဲ့ ကျစ်လျစ်တဲ့ ခန္ဓာကိုယ်နဲ့ ငါးပေဆယ်လက်မလောက်ရှိမယ့် အရပ်နဲ့ဆိုတော့ မိန်းကလေးတွေ စိတ်ဝင်စားကြတာ ဘာဆန်းလဲနော်။ သားကောင်းမြတ်က ကျောပေးရင်းကပဲ-

“ဟိုကောင်မလေး၊ ငါ့ကိုကြည့်ရင်း ဘာတွေပြစ်မှားနေတာလဲ၊ ငါသိတယ်နော်”

“အောင်၊ အောင်မာ၊ ဟင်း”

တီတာအောင်ချမ်းခမျာ ဒေါသလေး ထွက်သွားရပါတယ်။ ကောင်စုတ်လေး၊ ဒါပြောစရာလား၊ သိရင်လည်း စိတ်ထဲမှာပဲ ထားပေါ့။ သားကောင်းမြတ်က ရယ်ပြီး တီတာအောင်ချမ်းဖက် လှည့်လာပါတယ်။

“ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်ဟ။ မိန်းကလေး ရှက်ဒေါသထွက်နေတဲ့အချိန်ဟာ ဆွဲဆောင်မှုအရှိဆုံးတဲ့။ အစကတော့ သိပ်မယုံဘူး။ အခုနင့်ကို ကြည့်ပြီး ယုံသွားပြီ။ နင့်လို ရုပ်ခပ်ဆိုးဆိုးတောင် အတော်ကြည့်ကောင်းသွားတယ်”

ဒါမြှောက်နေတာလား၊ ရှုံ့ချတာလား မပြောတတ်ဘူး။ ဒီနေ့အတွက် တီတာအောင်ချမ်း လှတယ်လို့ ပြောခံရတာ နှစ်ခါရှိသွားပြီ။ သားကောင်းမြတ်က ဆက်ပြီး ပြောပြန်တယ်။

“နင်က ကန်းထရီးစတိုင်တွေနဲ့ လိုက်တယ်။ ခပ်ရိုင်းရိုင်း ခပ်တင်းတင်း ပုံစံမျိုးနဲ့လေ။ လိုက်တယ်ဆိုပြီး မချွတ်တမ်းလည်း ဝတ်မနေနဲ့ဦး။ တော်တော်ကြာ ရပ်ကွက်က လူမိုက်ဆိုပြီး ဝိုင်းရိုက်နေဦးမယ်၊ ဟဲ ဟဲ”

“ကဲ နင်မပြီးသေးဘူးလား၊ ငါ့ကို မုန့်ကျွေးမယ်ဆို၊ တကယ်ကျွေးမှာလား”

“တကယ်ကျွေးမှာပါဆို၊ နင့် အိမ်ပြန်ပြီး စက်ဘီးသွားယူခဲ့၊ ကားနဲ့တော့ သွားလို့ မရဘူး။ ငါပင်ပင်ပန်းပန်း ရေဆေးထားရတာကဲ ငါ ရေချိုးလိုက်ဦးမယ်”

တီတာအောင်ချမ်းက အိမ်ကို အပြေးလေး ပြန်လာခဲ့ပါတယ်။ စက်ဘီးယူမလို့ လုပ်ပြီးမှ မယူသေးဘဲ အိပ်ခန်းထဲက မှန်တင်ခုံဆီ လာခဲ့


www.burmeseclassic.com

www.burmeseclassic.com

တယ်။ မှန်ထဲမှာ ပေါ်လာတဲ့ သူ့ရုပ်ကို ခပ်တင်းတင်း ကြည့်လိုက်တယ်။ တည့်တည့် ကြည့်တယ်။ တစောင်းကြည့်တယ်။ ကိုယ်တစ်ပတ်လှည့်ပြီး နောက်ပြန်ကြည့်တယ်။ ခါးထောက်ကြည့်တယ်။ မထီတရီလေး ပြုံးကြည့်တယ်။ ကိုယ့်ကိုယ်ကိုမို့လား မသိဘူး။ အတော့်ကို ကြည့်လို့ ကောင်းတာပါပဲ။ ပြီးတော့ သားကောင်းမြတ်ကလည်း ကန်းထရီးစတိုင်တွေနဲ့ လိုက်တယ်တဲ့။

"အဟင်း၊ ဟင်း၊ ဟင်း"

ကောင်မလေးက မှန်ကြည့်ရင်း တစ်ယောက်တည်း ရယ်နေပါတယ်။

"ဟဲ့ အပျိုမ၊ တစ်ယောက်တည်း မှန်ကြည့်ရင်း၊ ဘာအရူးထနေတာလဲ"

"အမယ်လေး၊ လန့်လိုက်တာ အမေရယ်"

ဘယ်အချိန်ကတည်းက ဝင်လာမှန်းမသိတဲ့ သူ့အမေက လှမ်းဟောက်လိုက်တာပါ။

"ညည်းနော် ညည်း အကဲကို မရဘူး ဟင်း"

ပါးစပ်ကပြောရင်း လက်ကလည်း ဗိုက်ခေါက်ဆီ ရောက်သွားတယ်။

"အား၊ အမေရဲ့ နာတယ်၊ ဟစ် ခစ်"

အော် နာတာတောင် တစ်ခစ်ခစ်နဲ့ ရယ်နိုင်သေး။ သူ့ကို ကျီစယ်နေတယ်လို့များ ထင်နေရော့လား မပြောတတ်ဘူး။

"ဒါ ဘယ်လမ်းသလားမလို့လဲ မိတီတာ"

"ဟိုလေ၊ သားကောင်းမြတ်ကလေ၊ သူ့အဖေကားထဲက ဆီတွေ ခိုးရောင်းပြီး သမီးကို မုန့်လိုက်ကျွေးမလို့တဲ့။ အဲဒါ သွားစားမလို့ အမေရဲ့ ဟင်း"

ဒေါ်တိုးတိုးက သူ့သမီးကို တည့်တည့်စိုက်ကြည့်နေပါတယ်။ သူ့သမီးလည်း မငယ်လှတော့ဘူးလေ။ သိပ်မကြာခင် တက္ကသိုလ်ပဲ တက်ရတော့မှာ။ တီတာအောင်ချမ်းက သူ့ကိုကြည့်နေတဲ့ သူ့အမေကို ပြန်မေးလိုက်ပါတယ်။

"မေမေ၊ သမီးလှလားဟင်"

"အော် သမီးရယ်၊ ဘယ်အမေမျက်လုံးထဲမှာမှ မလှတဲ့ သားသမီးရယ်လို့ မရှိပါဘူးကွယ်"

"သမီးကိုလေ၊ ဟင်း ဟင်း"


www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သားကောင်းမြတ်ကလေ ဒီပုံစံလေးနဲ့ လိုက်တယ်တဲ့ ဟီဟိ"

"အရူးမ၊ ဟိုက ညည်းကို မြှောက်ပေးပြီး၊ ဘာညာခိုင်းမလို့လဲ မသိတာ"

"အဟုတ်ပြောတာ အမေရဲ့၊ နှစ်ခါတောင်ပြောတာ"

"ကဲ စကားများနေတယ်၊ သွားစရာရှိတာသွား။ မြန်မြန်ပြန်လာခဲ့။ မေမေနဲ့ ညနေဈေးသွားရအောင်"

"ဟုတ်"

တီတာအောင်ချမ်းက သူ့အမေပါးကို ဆွဲလိမ်ပြီး ပြေးဆင်းသွားတယ်။ အော် စက်ဘီးမေ့ခဲ့ပြန်ပြီ။ တီတာအောင်ချမ်းက စက်ဘီးကို ထမ်းချလိုက်ပြီး လမ်းပေါ်မှာ တွန်းလာခဲ့ပါတယ်။ အိမ်ပေါက်ဝမှာတော့ သားကောင်းမြတ်က စိတ်မရှည်တဲ့ပုံစံနဲ့။ သူကလည်း စက်ဘီးတစ်စီးနဲ့။

"ဟာ စက်ဘီးသွားယူတာ၊ ဒီလောက်တောင် ကြာရလားဟ"

"အော် အမေနဲ့ စကားပြောနေလို့ပါ။ ကဲ နင်ဘာကျွေးမှာလဲ။ ငါ မနက်စာ စားပြီးသွားပြီဆိုတော့ ဆာတေးသွားစားရအောင်ဟာ။ ပြီးရင် အအေးသောက်မယ်။ နင်ရော ထမင်းစားပြီးပြီလား"

"မစားရသေးဘူး။ ဟိုကျမှပဲ တစ်ခုခုစားတော့မယ် သွားစို့"

သားကောင်းမြတ်က သူ့ပြိုင်ဘီးကို နင်းပြီး ထွက်သွားတယ်။ တီတာအောင်ချမ်းကလည်း နောက်က အမှီလိုက်နင်းလိုက်တယ်။ နှစ်ယောက်သား ယှဉ်နင်းနေရင်းက-

"သားကောင်းမြတ်၊ နင်ငါ့ကို တကယ်မုန့်ကျွေးမှာပါနော်"

အော် ဒီကောင်မလေးနှယ်၊ သံသယကြီးလှချည်လား။ သားကောင်းမြတ်က စိတ်တိုတိုနဲ့ လှည့်ကောထည့်လိုက်ပါတယ်။

"ကျွေးပါမယ်ဆိုမှ၊ ဘယ်လိုဖြစ်နေရတာလဲ"

"ငါက နင့်ကိုဆို အသေးအဖွဲ့ကအစ မယုံရဲဘူးဟ"

"မယုံလည်း မစားနဲ့လေ"

"နင်ကလည်း ဒေါသချည်းပဲ၊ စားမှာပေါ့လို့"

ပြောရင်းဆိုရင်း စက်ဘီးနင်းရင်းနဲ့ပဲ နှစ်ယောက်သား အကင်းဆိုင်ရှေ့ ရောက်လာပါတယ်။ စက်ဘီးနှစ်စီးကို ကြိုးတစ်ချောင်းတည်း ပူးပြီးသော့ခတ်ထားလိုက်တယ်။ ဆိုင်ထဲရောက်တဲ့အထိ တီတာအောင်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းက မယုံမရဲနဲ့။

"ငါ တကယ်မှာမှာနော်"

"မိတီတာ၊ မယုံရင်လည်း ပြန်တော့၊ တကတည်း ကျွေးရမယ့် လူက ခခယယနဲ့ ဟင်း"

"စိတ်မဆိုးပါနဲ့ဟာ၊ နင်နဲ့ငါ ဦးတဲ့လူ ချောက်တွန်းနေကြဉစ္စာ။ ငါမှာစားချင်လွန်းအားကြီးလို့သာ လိုက်လာရတာ။ ပိုက်ဆံတစ်ပြားမှ မပါဘူး။ ကျောင်းမတက်ရသေးတော့ အရင်လို မုန့်ဖိုး သိပ်မရတော့ဘူး။ မှာပြီးမှ နင်ထမပြေးရင် ငါဒုက္ခရောက်မှာ။ ငါအမုန်းဆွဲမှာနော်။ နင်သဒ္ဓါတယ် မဟုတ်လား။ အခုကတည်းက သေချာအောင် မေးထားရတာ"

ဒီတစ်ခါတော့ သားကောင်းမြတ်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပါတယ်။ ခွေးမလေး ပြောပုံဆိုပုံက သနားစရာတောင် ကောင်းနေသေး။ သားကောင်းမြတ်က ပိုက်ဆံအိတ်ကို စားပွဲပေါ် တင်လိုက်ပြီး-

"ကဲ အမိ၊ အမုန်းပဲဆွဲဆွဲ။ တစ်ဆုံးပဲ ဆွဲဆွဲ၊ ဆွဲချင်သလိုသာဆွဲ။ အကြိုက်ဆွဲ။ စားပိုးနင့်အောင်ဆွဲ။ စိတ်ချလက်ချသာဆွဲ။ နင်သာ ပိုက်ဆံအိတ် ယူမပြေးနဲ့"

ကောင်မလေးက ဝမ်းသာအားရ မှာစရာရှိတာတွေ မှာနေပါတယ်။ ဒီလိုဆိုတော့ သားကောင်းမြတ်က ဘယ်ဆိုးလို့တုံး။ ရည်းစားမရှိတဲ့ အချိန် တီတာအောင်ချမ်းကို သတိရဖော်ရသားပဲ။

"နင့်မမနဲ့ ပြတ်သွားပြီလား"

"နင့်ကြောင့်လေ၊ အဲဒီနေ့ကတည်းက ပြတ်သွားပြီ။ တော်သေးတာပေါ့။ လမ်းသွားလမ်းလာထဲက နားလည်တဲ့ သူပါပေလို့၊ ငါ့မှာ ပြုံးပြုံ သွားတာပဲ။ အိမ်ရောက်တော့ အတော့်ကို ဆေးယူကြောယူရတယ်။ အဲဒါကို ဖားသားကြီးက တွေ့သွားပြီး ငါ့ကို လိမ္မာတယ်၊ နောင်လည်း အမြဲတမ်းကားရေဆေးပေးဆိုပြီး မုန့်ဖိုးပေးသွားတယ်။ အဲဒီနေ့ကစပြီး ငါ့အတွက် ပဒေသာပင် ပေါက်တာပဲ"

"ဒါဆို နင်ကငါ့ကိုတောင် ကျေးဇူးတင်ရဦးမှာ၊ ဒီလိုမှန်းသိရင် အမဲဆီပါရောပြီး နယ်လိုက်ပါတယ်ဟာ။ ဒါမှ မီးခိုးပိုထွက်မှာ ဟား ဟား"

သားကောင်းမြတ်က စိတ်လွတ်ကိုယ်လွတ်ရယ်နေတဲ့ တီတာအောင်ချမ်းကို ခဏလောက်ကြာအောင် ငေးကြည့်နေပါတယ်။ ပြီးမှ တစ်လုံးချင်း-



www.burmeseclassic.com

www.burmeseclassic.com



"တီတာ၊ နင်အချစ်ဆိုတာ ဘယ်လိုနားလည်သလဲဟင်"

တီတာအောင်ချမ်းခမျာ ဝါးလက်စ အသားဖတ်က လည်ချောင်းထဲ နင်သွားတယ်။ ဘယ့်နှယ် အဆက်အစပ်မရှိ အကင်ကျွေးပြီး အချစ်အကြောင်း မေးရတယ်လို့။

"ရော်၊ နင်ပဲ လူလားမမြောက်ခင်ကတည်းက ရည်းစားတွေထားနေတဲ့ဥစ္စာ။ နင်က ပိုသိမှာပေါ့။ ငါက သန့်သန့်လေးနေတာ၊ ဘယ်သိပါ့မလဲ"

"အေး၊ ရည်းစားထားတာက ထားတာပဲ။ ချစ်တာမှ မဟုတ်ပဲ။ ငါ့စိတ်ထဲမှာ အချစ်ဆိုတာကို သိသလိုလို မသိသလိုနဲ့"

တီတာအောင်ချမ်းက တွေတွေလေး ငေးပြီး ကြည့်နေပါတယ်။ တစ်သက်လုံး တွေ့နေမြင်နေကျ သားကောင်းမြတ်ရဲ့ မျက်နှာက ချက်ချင်းလက်ငင်းကြီး သူစိမ်းတစ်ယောက်လို။

"နင် ဘယ်သူ့ကိုများ ချစ်နေလို့လဲ သားကောင်းမြတ်ရယ်"

တီတာအောင်ချမ်းရဲ့ အသံက တိုးတိုးလျလျ။

"ငါ မပြောသေးဘူးဟာ။ ဒါသံယောဇဉ်လား၊ အချစ်လား၊ တိတိကျကျ သိရမယ့်အချိန်ကျမှ ပြောမယ်။ ငါသဘောကျတဲ့ စာသားလေးတစ်ခု ရွတ်ပြမယ်။ 'စိစ်မှန်လေ၊ အချိန်ကြာလေ၊ တန်ဖိုးထားတတ်လေ' တဲ့။ ငါတို့ အချိန်ကို စောင့်ရဦးမယ်"

'ငါတို့' တဲ့။ တီတာအောင်ချမ်းရဲ့ ရင်ထဲ နွေးကနဲ ဖြစ်သွားတယ်။ ဒါပေမယ့် သူက မိန်းကလေးပဲလေ ခံစားချက်လေးကို ဖုံးတတ်ကွယ်တတ်တာပေါ့။

"ဒါနဲ့ စောင့်နေရတဲ့ အချိန်မှာ အလကားနေ၊ အလကားဆိုပြီး ရည်းစားတွေ ထပ်ထားဦးမယ်ပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ အဲ၊ အာမတော့ မခံနိုင်ဘူး။ မိတီတာ နင်ရော အဲဒီလို စောင့်နေရတာမျိုး ရှိလားဟင်"

သားကောင်းမြတ်က သိချင်စိတ်ပြင်းစွာနဲ့ မေးလိုက်ပါတယ်။ အတော်တရားကျဖို့ကောင်းတာပဲ။ သူ့ခံစားချက်တော့ ဖွက်ထားပြီး လူများခံစားချက်တော့ လိုက်မေးနေတယ်။ ဒါမျိုးတော့ ဘယ်ရမလဲ သားကောင်းမြတ်ရယ်။

"ငါက မိန်းကလေးဆိုတော့ နင်တို့ ယောကျ်ားလေးတွေလို အံ့ပုံကြီး



www.burmeseclassic.com

www.burmeseclassic.com

လုပ်မနေနိုင်ဘူး။ ချစ်လား မချစ်ဘူးလား။ မချစ်နိုင်ရင် get out ပဲ။ ချစ်တယ်ဆိုတာနဲ့ တစ်ခါတည်း ဂုတ်ဆွဲပြီး ပွဲကြမ်းပစ်လိုက်မှာပေါ့"

တီတာအောင်ချမ်းက ဗိုလ်အောင်ဒင်လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။ သားကောင်းမြတ်က ဩဘာပေးလိုက်ပါတယ်။

"အရှူးမ"

တီတာအောင်ချမ်းတို့နှစ်ယောက်ကြား အသံတွေ တိတ်သွားတယ်။ တီတာအောင်ချမ်းက ဆာတေးချောင်းလေးကိုင်ပြီး အချဉ်ထဲမှာ လှည့်ပတ်စိမ်ထားလိုက်၊ ပြန်ဆယ်လိုက်နဲ့။

"စားလေဟာ၊ မှာတုံးက အများကြီး မှာပြီးတော့"

"မကုန်တော့ဘူးဟာ၊ ပါဆယ်ထုပ်သွားမှရမယ်"

သားကောင်းမြတ်က ဘာရယ်မဟုတ် တီတာအောင်ချမ်းရဲ့ လက်ကလေးကို ကိုင်ထားလိုက်ပါတယ်။ တီတာအောင်ချမ်းရဲ့ ကိုယ်က ဆတ်ကနဲ တုန်သွားပါတယ်။ တီတာအောင်ချမ်းရဲ့ တိုးတိုး လျလျ အမေးသံလေး ပေါ်လာလေရဲ့။

"နင် ဘယ်အချိန်ကျတော့မှ သေချာမှာလဲ"

သားကောင်းမြတ်က ကိုင်ထားတဲ့ လက်ကို ပြန်လွှတ်လိုက်ပြီး-

"ငါ မသိသေးဘူး၊ ဒါပေမယ့် အကြောင်းတိုက်ဆိုင်ရင်ပေါ့. . ."

အဲဒီအကြောင်းကြီးရယ် အခုချက်ချင်းလက်ငင်းကြီး တိုက်ဆိုင်ပါတော့လား။ တီတာအောင်ချမ်းရဲ့ စိတ်ထဲက တွေးမိတာပါ။ အဲဒီအချိန်မှာပဲ. . .

"ဝုန်း"

"ဟာ စက်ဘီးလဲသွားပြီ၊ တောက်၊ နေရင်းထိုင်ရင်း လဲရတယ်လို့"

သားကောင်းမြတ် ခဏထသွားပြီး လဲနေတဲ့ စက်ဘီးနှစ်စီးကို ပြန်ထောင်နေတယ်။ အင်း ဒါလဲပဲ အကြောင်းတိုက်ဆိုင်တာ ထင်ပါရဲ့။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


"ရွှတ် ယူနာမည်က သားကောင်းမြတ် မဟုတ်လား။ အိုင့်နာမည်က နန့်စတယ်လာမိုးသွင်။ ယူနဲ့အိုင်နဲ့ roll-no ကပ်လျက်ပဲ"

ပရယ်တီကယ်ခန်းထဲ ဝင်အထိုင်မှာ သားကောင်းမြတ်ဘေးက ကောင်မလေးက ပြောလိုက်တာပါ။ တက္ကသိုလ်ဝင်ခွင့်တွေ ထွက်တုံးက သူ့ခုံနံပါတ်အထက်က နာမည်ရှည်ရှည်နဲ့ ကောင်မလေးကို လူချင်းတွေ့ရတော့လည်း လှရှာသားပဲ။ တက္ကသိုလ်တက်ခွင့်ရတော့ သားကောင်းမြတ်က physics မေဂျာရပါတယ်။ တီတာအောင်ချမ်းကလည်း physics ပါပဲ။ ဒါပေမယ့် ခုံနံပါတ်က အတော်ဝေးပါတယ်။ သားကောင်းမြတ်ရဲ့ ရည်းစားဟောင်းလေးတွေက ဆေးတက္ကသိုလ်ရောက်တဲ့လူရောက်၊ အဝေးသင်တက်တဲ့လူတက်ပါ။ အထက်တန်းကျောင်းတုံးက တွဲခဲ့တဲ့ သားကောင်းမြတ်သူငယ်ချင်းတွေလည်း တစ်ကျောင်းစီ တစ်ဌာနစီ ရောက်သွားပါတယ်။ နေရာသစ်မှာ လူသစ်စိတ်သစ်နဲ့ပေါ့။ ရည်းစားသစ်လေးပါ ရှိရင် ပိုတောင်ကောင်းသေး။

"နင်က ရှမ်းလား"

သားကောင်းမြတ်က ကောင်မလေးကို ပြန်မေးလိုက်ပါတယ်။

"ဟင့်အင်း၊ ငါ့နာမည်က နန်းမဟုတ်ဘူးဟ၊ နကိုနသတ်အောက်က မြစ် နန့်"

"အော်၊ နန့် . . . နန့် . ခေါ်လို့ ကောင်းတယ်။ နောက်ကို နင့်ကို နန့်နန့်လို့ပဲ ခေါ်မယ်။

ကောင်မလေးက ရှုံ့မဲ့သွားတယ်။ ဘယ့်နှယ် နန့်နန့်ရယ်လို့။ လှတောင် နည်းနည်းလောက် ခါတာတာ ဖြစ်သွားတယ်။

"အာ၊ စတယ်လာလို့ ခေါ်ပါကွယ်။ အဲဒီလိုမျိုးကြီး ခေါ်တာ မကြိုက်ပါဘူး"

"ဒီနာမည်ပဲ ခံတွင်းတွေ့တယ်၊ ဒါပဲခေါ်မယ်"

နန့်နန့်ဆိုတဲ့ ကောင်မလေးက နှုတ်ခမ်းလေးစူပြီး တင်းက်လှည့်သွားပါတယ်။ သားကောင်းမြတ်လည်း ရယ်ပြီး ပရယ်တီကယ်ခန်းထဲမှာ


www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ ကျောင်းသားကျောင်းသူတွေကို လျှောက်ကြည့်နေပါတယ်။ ခပ်လှမ်းလှမ်းက စားပွဲမှာ တီတာအောင်ချမ်း။ မျက်လုံးချင်း ဆုံမိတော့ တီတာအောင်ချမ်းက မျက်မှောင်ကျုံ့ပြတယ်။ သားကောင်းမြတ်ကလည်း ပြန်ပြီး နှာခေါင်းရှုံ့ပြလိုက်တယ်။

"မေသစ္စာက ဆေးကျောင်းရသွားတယ်နော်"

ဒါ နန့်နန့်က ပြောလိုက်တာပါ။ သားကောင်းမြတ်ခေါင်းက ပြန်လည်သွားတယ်။

"မေသစ္စာနဲ့ သိလို့လား"

"တစ်ခန်းတည်း တူတူတက်ခဲ့တာပဲဟာ"

အော်၊ အဲဒီကျောင်းက မိန်းကလေးတွေကို နာမည်ရှည်ရှည်ကြီးတွေ မှည့်ရမယ်လို့ အမိန့်များ ထုတ်ထားလား မသိဘူး။ မေသစ္စာ အောင်မြင်လွန်းတဲ့၊ နန့်စတယ်လာမိုးသွင်တဲ့။ သူတို့ အတန်းပိုင်ဆရာမဆိုရင် Roll call ခေါ်ရင် လျှာထွက်သွားနိုင်တယ်။ အဲ အခုမှ စဉ်းစားမိတယ်။

"ဒါဆိုရင် နန့်နန့်က ငါ့ကို အရင်ကတည်းက သိနေတာပေါ့"

"ဟုတ်တာပေါ့ သားသားရယ်"

ဒီတစ်ခါတော့ သားကောင်းမြတ် ခံလိုက်ရတယ်။ 'သားသား' တဲ့။ သူ့အမေတောင် သူ့ကို အဲဒီလိုမျိုး မခေါ်ဖူးဘူး။ ကြားရတာ တစ်မျိုးကြီးပဲ။

"ဟာ အဲလိုကြီး မခေါ်နဲ့လေ"

"ခေါ်မှာပဲ၊ ယူတောင် အိုင့်ကို နန့်နန့်လို့ ခေါ်သေးတာပဲ"

"ကဲ မခေါ်တော့ဘူးနော်၊ နန့်နန့်လည်း မခေါ်နဲ့တော့"

"မရတော့ဘူး၊ နန့်နန့်လည်း ဒီနာမည်ပဲ ခံတွင်းတွေ့တယ်"

ဇွတ်ကျနေတော့တာပါပဲ။ သားသားတဲ့။ ကိုယ်ကပဲ သူ့သားလေးလိုလို ဘာလိုလိုနဲ့။ မာမီနန့်လို့ ခေါ်လိုက်ရ မကောင်းပဲ ရှိတော့မယ်။ ထားလိုက်ပါတော့ ကိုယ့်နာမည်က သူ့နာမည်လောက် မဆိုးသေးပါဘူး။

"ဒီနေ့ ပရယ်တီကယ် လုပ်ဖြစ်မယ်မထင်ဘူး။ lab စာအုပ်တွေ ရောင်းတာနဲ့ ပြီးသွားမယ်ထင်တယ်။ ပြီးရင် နန့်နန့်နဲ့ သားသား ကင်တင်းလစ်ရအောင်"

"ကောင်းသားပဲ"


www.burmeseclassic.com

www.burmeseclassic.com


အင်း အကျိုးပေးမကုန်သေးဘူးနဲ့ တူတယ်။ သွားလေရာ မိန်းလေး လေးတွေနဲ့ တွေ့ရဆုံရပါစေလို့ ဆုတောင်းခဲ့ဖူးလား မသိဘူး။ မိန်းကလေး ဖက်က စပြီး ကမ်းလှမ်းတော့လည်း ငြင်းလိုက်ပြန်ရင်၊ မင်းထက်မိုက်တဲ့ လူ ဘယ်ရှိပါ့မလဲ သားကောင်းမြတ်ရယ်။ လိုက်ရတော့မှာပေ့ါ။ ကင်တင်း ဆိုလည်း ကင်တင်း။ super mart ဆိုလည်း super mart အင်္ဂလိပ်ဆို လည်း၊ အင်း အင်္ဂလိပ်ဆိုရင်တော့ နန့်နန့်ဆိုတဲ့ ကောင်မလေးကိုပဲ လွှတ်လိုက်တော့တယ်။

အဲဒီနေ့က သားကောင်းမြတ်တစ်ယောက် တီတာအောင်ချမ်းကို မေ့ပြီး နန့်စတယ်လာမိုးသွင် နောက်ကောက်ကောက်လေးပါသွားပါ တယ်။ တစ်ယောက်တည်း ယောင်လည်လည်ဖြစ်ကျန်ခဲ့တဲ့ တီတာ အောင်ချမ်းမှာတော့ စူပွပွနဲ့။

"ဟင်း၊ နင်က ငါ့ကိုအိပ်မက်တွေပေးပြီး ကိုယ်တိုင်က အချိုး မပြောင်းသေးပါလား၊ သားကောင်းမြတ်ရယ်"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com



"သား သားရေ၊ တီတီ့ကို ဌာနမှာ စာအုပ်တွေ ထုတ်ပေးပါဦး။ ပိုက်ဆံလေးပါစိုက်ခဲ့ပါနော်။ တီတီ့သားသားက အားကိုးမရဘူး။ ဒါတွေနဲ့ပဲ အချိန်ကုန်နေတာပဲ။ ဒါပဲနော်၊ တီတီ စိတ်ဆိုးမှာ"

အား ပေါ်တင်ကြီးပါလား။ သားကောင်းမြတ်နဲ့ နန့်နန့်နှစ်ယောက်သား ကင်တင်းထိုင်နေတုံး တီတာအောင်ချမ်း ရောက်လာပြီး တစ်တီတီ တစ်တွမ်တွမ် လာလုပ်နေတာပါ။ သားကောင်းမြတ်ကိုလည်း နန့်နန့်ခေါ်သလိုမျိုး 'သားသား'တဲ့။ ဒါ ဒီကောင်မလေး သက်သက်မဲ့ လာနှောင့်ယှက်တာပဲ။ သားကောင်းမြတ်နဲ့အတူ ထိုင်နေတဲ့ နန့်နန့်ကလည်း မကြည်သလို ကြည့်ပါတယ်။ နှစ်ယောက်တည်း ထိုင်နေတာကို၊ တမင်လာပြီး နှောင့်ယှက်တာဆိုတော့ ငြိမ်နေပြန်ရင်လဲ နန့်နန့်တို့ ညံ့ရာကျလိမ့်မယ်။

"သား သားရေ၊ နန့်နန့်နဲ့ မြို့ထဲသွားပြီး အခွေတွေ ရွေးပေးမယ်ဆို၊ ပြီးတော့ နန့်နန့် အကျီလည်း ရွေးရဦးမယ်။ ဟိုတစ်နေ့က သားသားပြောတဲ့ ရုပ်ရှင်လည်း သွားကြည့်ရအောင် သိလား။ ပြီးတော့ တစ်ခုခုစားပြီး အိမ်ပြန်ကြတာပေါ့နော်"

"သားသားရေ၊ တီတီ့ကို စတီဗင်ဂျရတ်နာမည်ပါတဲ့ ဂျာစီရှာပေးမယ်ဆို။ ဘယ်တော့ရှာပေးမှာတုံး။ သားသားနော် စိတ်ဆိုးလာပြီ။ တီတီစိတ်ကောင်းဝင်နေတာကို အခွင့်ကောင်းယူမနေနဲ့။ ဆွဲဆိတ်လိုက်မှာနော် ဟင်း"

"အား နာတယ်ဟ"

ပါးစပ်က ပြောတာတောင် နောက်ကျသေး။ လက်က ဆွဲဆိတ်ပြီးနေပြီ။ လုပ်ထားဦးပေါ့ တီတာအောင်ချမ်းရယ်။ သားကောင်းမြတ်မှာလည်း တစ်ဖက်နောက်တန်း လူနှစ်ယောက်က အသေကပ်နေရတဲ့ ရွှေ့တန်းသမားလို ဘယ်အပေါက်က ထွက်ရမှန်းမသိဘူး။ ဆူးကြားသီးတဲ့ ဆူးသီးဘဝလို မျိုးပါလားနော်။ ဒုက္ခအစိတ်သားလေးကို တက်ဖြိုဆင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"သားသားရေ၊ အခုမှ သတိရတယ်။ နန့်နန့်ကို ဗေဒင်ဆရာမက ဟောထားတာလေ။ အနှောင့်အယှက်ရှိတယ်တဲ့။ ယတြာချေရမယ်တဲ့။ အဲဒါ ဘုရားအရင်သွားရအောင်နော်။ နို့မဟုတ်ရင် အဲဒီအနှောင့်အယှက်က ခွာချလို့ရတော့မှာ မဟုတ်ဘူးတဲ့"

ဒါ တီတာအောင်ချမ်းကို စောင်းတာပေါ့။ ဘယ်ရမလဲ နန့်နန့်ရယ်။ ဒီလောက်တော့ ပျင်းတောင်ပျင်းသေး။ တီတာအောင်ချမ်းက ငူငူကြီး လုပ်နေတဲ့ သားကောင်းမြတ်ကို မေးစေ့ကိုင်ပြီး သူ့ဘက်ဆွဲလှည့်လိုက်ပြီး-

"သားသားရေ၊ တီတီ့ညက အိပ်မက်တွေ မကောင်းဘူး။ ညက အိပ်မက်ထဲမှာ သားသားတစ်ယောက် ဘုရားသွားရင်း ကားတိုက်ခံရလို့တဲ့။ အဲဒါ အူပွင့်ပြီး ကလီစာတွေကို သရဲမက နှိုက်စားသတဲ့။ အမယ်လေး ကြောက်စရာကြီး သားသားရယ်၊ အသွားအလာ အနေအထိုင် ဆင်ခြင်နော်"

"သားသားရေ"

နန့်နန့်က သားကောင်းမြတ် မေးစေ့ကိုင် သူ့ဘက်ဆွဲလှည့်ပြန်ပါယ်။ တီတာအောင်ချမ်းက နားရွက်ကို ဆွဲထားပြီး သူ့ဘက် ပြန်ဆွဲလှည့်လိုက်တယ်။

"သားသားရေ"

"သားသားရေ"

"တော်ကြပါတော့ဟာ၊ နင်တို့နှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ။ ငါ့ကို ဇာတ်မင်းသားများ အောင့်မေ့နေကြသလား။ ဟိုကဆွဲ ဒီကဆွဲနဲ့။ ဒီမှာ လည်ပင်း ဖြုတ်တော့မယ်"

ကင်တင်းမှာရှိတဲ့ ကျောင်းသူကျောင်းသားတွေကလည်း ပြုံးစိစိနဲ့။ မကြားတကြားနဲ့ ကောင်မလေးတစ်ယောက်က ပြောလိုက်တာ ကြားရသေးတယ်။ 'သိကြားခမောက်၊ မယားနှစ်ယောက်ဆိုပဲ။ တော်ပါပြီနော်။ အခုတောင် officially ဘာမှ မဖြစ်သေးဘူး။ တောင်ကတစ်မျိုး မြောက်က တစ်မျိုး နဲ့။ မင်းတုန်းမင်းတရားကြီး မိဖုရားတွေ အများကြီးကြား ဘယ်လိုပါရမီ မျိုးနဲ့များ နေရှာတာပါလိမ့်။ ကုန်းဘောင်ခေတ်ကို နောက်ပြန်သွားလို့ရရင် အသံဖမ်းစက်လေးကိုင်ပြီး အင်တာဗျူး သိက်ချင်သေးတယ်။ ပြီးတော့ စာလုံးကြီးကြီးနဲ့ 'How to manage



www.burmeseclassic.com

www.burmeseclassic.com



your wives' ဆိုပြီး ဘာသာစကားပေါင်းတစ်ရာနှစ်ဆယ့် လေးမျိုးလောက်နဲ့ စာအုပ်ထုတ်ပစ်ရမယ်။ ဒါတွေမသိသေးလို့ တစ်လင်တစ်မယားတို့၊ တစ်ပင်လဲတစ်ပင်ထူ မူဝါဒတွေ ခေတ်စားနေတာ ထင်ရဲ့။ အေးလေ ဒီခေတ်လူနေမှု စရိုက်နဲ့ ဒီဝါဒတွေပဲ ကောင်းပါတယ်။

"သားသားရေ တီတာကလေ"

"နန့်ပြောတာ ကြားရဲ့လ ား သားသားရဲ့"

သားကောင်းမြတ်ကို ဘုတ်တိုင်လုပ်ပြီး တစ်ယောက်တစ်မျိုးစီ နှိပ်စက်နေတဲ့ မိန်းကလေးနှစ်ယောက်ကို သည်းမခံနိုင်တဲ့အဆုံး သားကောင်းမြတ်တစ်ယောက် ထိုင်ရာက ထလိုက်ပါတယ်။

"ဘယ်သွားမလို့လဲ သားသားရဲ့"

"တီတီလည်း လိုက်မယ်လေ"

ကောင်မလေးတစ်ယောက်က လွယ်အိတ်ကို ဆွဲပြီး၊ နောက်တစ်ယောက်က ဘောင်းဘီစကို ဆွဲထားပါတယ်။ ရှန်းလေဆွဲလေပါပဲ။ သားကောင်းမြတ်ခမျာ ဇောချွေးတွေတောင် ပြန်လာပါတယ်။ ဟိုဟာမနှစ်ယောက်ကလည်း အတင်းဆွဲထားတယ်။

"လွှတ်ဆို"

"မလွှတ်ဘူးဆို"

"ငါ ငိုမှာနော်"

"ငိုချင်ရင်ငို မလွှတ်ဘူး"

"ကဲ မလွှတ်လဲနေဟာ"

သားကောင်းမြတ်က နန့်နန့်ဆွဲထားကဲ့ လွယ်အိတ်ကို လွှတ်ထားခဲ့ပြီး ဘောင်းဘီဆွဲထားတဲ့ တီတာအောင်ချမ်းခါးကို တို့လိုက်ပါတယ်။

"ဟဲ့ ယားတယ်"

အဲဒါကို အခွင့်ကောင်းယူပြီး သူ့ရှေ့မှာရှိတဲ့ စားပွဲပုပုကို လွှားကနဲကျော်လို့ လွှတ်ရာကျွတ်ရာကို ပြေးထွက်ခဲ့ပါတယ်။ အင်း အမေဖုံမိန်းမရိုင်းတွေလက်ထဲက လွတ်လာသလိုပါပဲ။ ဘုရား ဘုရားကံကြီးပေလို့။ နောက်မှာတော့ ရယ်သံတွေ တစ်ဝါးဝါး ကျန်ရစ်ခဲ့တယ်။ ဟိုမိန်းမနှစ်ယောက်က ထပဲချကြသလား။ ထိုင်ပဲ ချကြသလား။ ဘယ်လိုဖြစ်ကျန်ခဲ့လည်း မပြောတတ်တော့ဘူး။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"ရော့ နင့်လွယ်အိတ်"

မနေ့က လွယ်အိတ်ကို ထားခဲ့ပြီး ကိုယ်လွတ်ရုန်းခဲ့တဲ့ သားကောင်းမြတ်တစ်ယောက် အတန်းထဲ ငူငူကြီးထိုင်နေတုန်း တီတာအောင်ချမ်းက သူ့ဘေးဝင်ထိုင်ရင်း ပေးလိုက်တာပါ။ သားကောင်းမြတ်ထိုင်နေတာ သီရေတာခန်းရဲ့ နောက်ဆုံးမှာပါ။

"ဟင် စာအုပ်တွေရော"

"စာအုပ်တွေတော့ နင့်ဟာမလေး ယူထားလိုက်တယ်။ သူ့ဘာသာသူ ပေးမလို့တဲ့"

ရော်၊ လွယ်အိတ်နဲ့ စာအုပ်တောင် ကွာရှင်းပြတ်စဲခံရပါလား သားကောင်းမြတ်ရယ်။ လူများကျန်ခဲ့ရင် တစ်ခြမ်းစီ ခွဲယူကြမလား မသိဘူး။ သားကောင်းမြတ်က မိန်းကလေးတွေ ထိုင်လေ့ရှိတဲ့ ရှေ့တန်းကို လှမ်းကြည့်လိုက်တော့ နန်းနန်းက လှည့်ကြည့်နေတာနဲ့ တိုးပါတယ်။ တီတာအောင်ချမ်းကို နှုတ်ခမ်းကို ရွဲ့လိုက်ရင်း-

"ဟင်း ကြည့်လို့ကို မရဘူး"

အင်းကြည့်လို့မရတဲ့ လူဆီကတောင် လွယ်အိတ်တော့ ရအောင် ယူလာသေးတယ်။ အဲဒီအချိန်မှာ ဆရာက ဝင်လာပြီး စာသင်ပါတယ်။ သားကောင်းမြတ်က တီတာအောင်ချမ်းရဲ့ စာအုပ်ကို ယူပြီး ရေးနေတယ်။

"နင့်ဟာမလေး နင့်ကို ကြည့်နေပြန်ပြီ"

သားကောင်းမြတ်က စာရေးနေရာက မျက်လုံးလှန်ကြည့်လိုက်တယ်။ နန်းနန်းက ယောင်ယောင်လေး ပြုံးပြတယ်။ သားကောင်းမြတ်က မျက်စိမှိတ်ပြလိုက်တော့ ကောင်မလေးက လျှာထုတ်ပြီး ရှေ့ကို ပြန်လှည့်သွားတယ်။ ဆရာကတော့ အာဘောင်အာရင်းသန်သန်နဲ့ သင်ကောင်းတုန်းပါ။ တောက် လူတစ်ယောက်လုံး ဘေးထားပြီး အကြည်ခိုက်နေလိုက်တာများ။ ရင်တွေပူလာပြီနော် ဟင်း။

"သားကောင်းမြတ်"


www.burmeseclassic.com

 www.burmeseclassic.com 

"ဟင်"

"နင့်ရင်ဘတ်ထဲက ဥစ္စာကြီးက အဖြေအတိအကျ မရသေးဘူးလား"

တီတာအောင်ချမ်းက သားကောင်းမြတ် တစ်ခါက အကင်ဆိုင်မှာ ပြောခဲ့ဘူးတဲ့စကားကို ရည်ရွယ်ပြီး မေးလိုက်တာပါ။ မြောင်းပေးတယ် ပဲပြောပြော၊ ခုံကလှုပ်တယ်ပဲဆိုဆို၊ သားကောင်းမြတ်ဆိုတဲ့ မြင်းကြီးက အတိတ်မေ့သလိုလို၊ ရွှေပျောက်သလိုလို လုပ်နေမှတော့ နဲနဲလောက် လှုပ်လာအောင် မြောင်းသွယ်မှ ရတော့မယ်လေ။

"အော် ဒါလား၊ ဆရာဝန်ပြောတော့ အဆုတ်နည်းနည်း အအေးမိ သွားတာတဲ့။ အခုဆေးသောက်နေတယ်။ ချောင်းလည်းမဆိုးတော့ဘူး"

"ဘာရယ်"

တီတာအောင်ချမ်းခမျာ ဇဝေဇဝါနဲ့။

"ဟဲ့ ငါမေးတာက နင်ဆာတေးဆိုင်မှာ ပြောခဲ့တဲ့ နင့်ရင်ထဲမှာ အချစ်ကို သိသလိုလိုဆိုတဲ့စကားကိုမေးတာ။ နင်အခု ပြောနေတာက ဘာတွေတုံး"

"မသိဘူးလေ၊ နင်က ငါ့ရင်ဘတ်ထဲက ဥစ္စာဆိုတော့ ငါနေမကောင်း တဲ့ ကိစ္စကိုမေးတာ အောင့်မေ့လို့။ နင်ကလည်း မရှင်းမရှင်းနဲ့၊ ရင်ဘတ် ထဲဆိုတော့ အဆုတ်တို့ နှလုံးတို့ ကျောက်ကပ်တို့ပဲ ထင်တာပေါ့"

"ခစ်ခစ် ဟီဟီး"

သူငို့ရဲ့ ရှေ့တန်းမှာထိုင်နေတဲ့ ကောင်မလေးတွေဆီက ရယ်သံအုပ် အုပ်လေး ထွက်လာပါတယ်။ အော် သူတို့က ဆရာသင်တဲ့ လက်ချာကို နားမထောင်ဘဲ၊ တီတာအောင်ချမ်းတို့ နှစ်ယောက်၊ အီစီကလီ ရိုက်နေတာ ကို နားစွင့်နေတာပေါ့။ နှစ်ယောက်သား ခဏလောက် ငြိမ်သွားပါတယ်။ ခဏနေတော့ သားကောင်းမြတ်က-

"တီတာ၊ ငါကဗျာစပ်ထားတယ်၊ ဖတ်ကြည့်မလား"

စကားအဆုံး စာအုပ်ပါ ရှေ့ရောက်လာတယ်။ ဖတ်ကြည့်လိုက်တော့

'တီတာအောင်ချမ်း
သီတာသောင်ကမ်း
မပီကလာ ယောင်ယမ်း
မညီမညာ ပေါင်တန်း
ဂီဇ္ဈာဝေါင်ဝွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

တီတာအောင်ချမ်းက ပေတံစောင်းနဲ့ ခေါင်းကို ခေါက်လိုက်တာပါ။ ခွေးမလေး တစ်ကယ်လုပ်တယ်။ လူကို အီသွားတာပဲ။

"တီတာ နင်တကယ် လုပ်ရလားဟ၊ ငါပြန်လုပ်လိုက်ရ"

"လုပ်ရဲရင် လုပ်ကြည့်ပါလား"

"အောင်မာ မလုပ်ရဲဘူး ထင်လား"

ရှေ့တန်းက ကောင်မလေးတစ်ယောက်က လှည့်ကြည့်ပြီး တိုးတိုးလှမ်းပြောပါတယ်။

"ဟဲ့၊ ဟိုမှာ ဆရာကြည့်နေပြီ"

နှစ်ယောက်သား ခေါင်းမော့ကြည့်လိုက်တော့ ဆရာက စာသင်ရပ်ပြီး တည်တည်ကြီးနဲ့ တည့်တည့်ကြီးကြည့်လို့။

"ဟိုကျောင်းသားနဲ့ ကျောင်းသူခဏလောက် မတ်တပ်ရပ်ပါဦး"

"ဟိုက် သွားပြီ"

နှစ်ယောက်သား ရှုံ့မဲ့မဲ့နဲ့ မတ်တပ်ရပ်လိုက်ရပါတယ်။ တစ်ခန်းလုံးကလည်း သမင်လည်ပြန်၊ ခြသေ့ လည်ပြန်၊ လင်းတလည်ပြန်တွေကြည့်လို့။ ဟို နန့်နန့်ဆိုတဲ့ ကောင်မအကြည့်က အဆိုးဆုံးပဲ။ အမုန်းတရားတွေ လျှံထွက်နေတဲ့ အကြည့်မျိုးနဲ့။ ဆရာကတော့ သူ့ပုံစံအတိုင်း ခပ်တည်တည် ခပ်အေးအေးလေသံနဲ့ . . .

"တပည့်တို့နှစ်ယောက် အီရန် နယူကလီးယား ခါတ်ပေါင်းဖိုကိစ္စဆွေးနွေးနေတာနဲ့ တူတယ်"

အတန်းထဲက ရယ်သံတွေ ဝါးကနဲ ထွက်လာပါတယ်။

"ဒီလောက် အရေးကြီးတဲ့ကိစ္စ ဆွေးနွေးနေမှန်းမသိလို့ ဆရာစာသင်မိတာ။ ဆရာတောင်းပန်ပါတယ်။ ဒါဆရာ့အမှားပါ။ အဲဒီတော့ မင်းတို့နှစ်ယောက် ဆွေးနွေးစရာရှိတာ ဆက်ဆွေးနွေးကြပါ။ ဆရာနဲ့ ကျန်တဲ့ တပည့်တွေအားလုံး ငြိမ်ငြိမ်လေးထိုင်ပြီး နားထောင်ပေးပါ့မယ်။ ကဲ တပည့်တို့ရေ၊ သူတို့ဆွေးနွေးတာ တပည့်တို့ နားထောင်ချင်ကြလား"

"နားထောင်ချင်ပါတယ်"

အတန်းသားတွေဆီက တညီတညွတ်ထဲ အသံထွက်လာပါတယ်။ ရယ်သံတွေလည်း စီလို့။ သားကောင်းမြတ်ရော၊ တီတာအောင်ချမ်းရော၊ နှစ်ယောက်စလုံးကိုယ်အမြီးကိုယ်ကုပ်နေရတယ်။ နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွေလည်း နီရဲလို့။ ကြာကြာဆက်နေရင် ဒီအတန်းထဲတင် မျက်နှာမီးလောင်သွားနိုင်တယ်။ သားကောင်းမြတ်က မျက်နှာသေလေးနဲ့ ဆရာ့ကို လှမ်းတောင်းပန်ရပါတော့တယ်။

"ဆရာစာသင်တာ အနှောင့်အယှက်ပေးမိတဲ့ တောင်းပန်ပါတယ်ဆရာ။ ကျွန်တော် အတန်းပြင် ထွက်ပေးပါ့မယ်"

သားကောင်းမြတ်က သူ့လွယ်အိတ်ကို လှမ်းဆွဲပြီး အတန်းပြင်ထွက်ဖို့ ပြင်လိုက်ပါတယ်။ သီရေတာဆိုတော့ ထွက်ပေါက်က အတန်းရှေ့ဆုံးမှာ။ ထိုင်နေမိတာက အတန်းနောက်ဆုံးဆိုတော့ တစ်ခန်းလုံးဖြတ်ပြီး ထွက်ရတော့မှာပဲ။ ခေါင်းလေးငုံ့ပြီး တောင့်တောင့်ကြီး ရပ်နေတဲ့ တီတာအောင်ချမ်းဆီက ကမန်းကတန်း အသံထွက်လာတယ်။

"ဟဲ့၊ ခဏစောင့်ဦး၊ ငါပါလိုက်မယ်"

"ဝါး"

အခန်းထဲက ရယ်သံတွေ ထပ်ထွက်လာတယ်။ တီတာအောင်ချမ်းကဗျာကယာ ပစ္စည်းတွေသိမ်းပြီး သားကောင်းမြတ်နောက်က ကသောကမျော လိုက်ပါတယ်။

"ဟိုတစ်ယောက် ပိုက်ဆံအိတ် ကျန်ခဲ့ပြီ"

ရှေ့လိုင်းက ကောင်မလေးက ပိုက်ဆံအိတ်ထောင်ပြလိုက်ပါတယ်။ အရေးထဲ ပိုက်ဆံအိတ်က ကျန်ခဲ့ရသေးတယ်။ တီတာအောင်ချမ်းကလည်း တစ်လှမ်းချင်း လှေကားထစ်တွေကနေ ဆင်းနေတဲ့ သားကောင်းမြတ်လွယ်အိတ်ကို လှမ်းဆွဲထားလိုက်ပြီး ပိုက်ဆံအိတ်ကို ပြန်တက်ယူပါတယ်။ သားကောင်းမြတ်က ယက်ကန်ယက်ကန်နဲ့ နောက်ပြန်ကြီးပါလာတယ်။

"ဟာ ဘာလုပ်တာလဲ"

"ဝါး"

ကျောင်းသားတွေဆီက ရယ်သံတွေ ထွက်လာပါတယ်။ ဟုတ်တယ်လေ၊ အရှက်ကွဲပြီးမှတော့ နှစ်ယောက်စလုံးတူတူပေါ့။ ခွဲခြားခွဲခြားတစ်ယောက်တည်း အရှက်ကွဲခံလို့မှ မဖြစ်တာ။ သူတို့နှစ်ယောက်ရဲ့ ကိုယ့်ကားယား ပုံစံကိုကြည့်ပြီး ဆရာတောင် ပြုံးစေ့စေ့ဖြစ်သွားတယ်။ တီတာအောင်ချမ်းလည်း လှမ်းပေးတဲ့ ပိုက်ဆံအိတ်ကို လင်းဆင့်ကမ်းအပြေးသမားတွေလို မမှီမကမ်းနဲ့ လှမ်းယူပြီး သားကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



နောက်က ထပ်ချပ်မကွာ ဆင်းလိုက်လာပါတယ်။ ဘယ်သူက စလိုက်မှန်း မသိဘူး။ လက်ခုပ်တီးသံ ထွက်လာတယ်။ တစ်ယောက်က စလိုက်တော့ တစ်ခန်းလုံး ဝိုင်းတီးကြတော့တာပဲ။ အသံပြာပြာနဲ့ ကျောင်းသား တစ်ယောက်က အော်လိုက်သေးတယ်။

×××အခါတော်ပေးတာက×××ဆရာရေးတဲ့ရွှေစာ×××သိရေတာ တွင်း×××ကောင်းခြင်းခုချိန်ခါ××အာဟာဟာ"

"ဝါး ဟား ဟား ဟား"

"ရယ်ကြပါ၊ ရယ်ကြပါ၊ အားရအောင် ရယ်ကြပါ။ ဒီလိုအသံပြဲကြီးနဲ့ အခါတော်ပေးတဲ့ ကျောင်းသားလည်း စောင်းတန်းမှာ တောင်းစားရပါ စေဗျာ"

"ဝါး ဟား ဟား"

အခုမှပဲ အတန်းထဲမှာ လူရှင်တော်တွေ ဒီလောက်ပေါမှန်းသိတော့ တယ်။ တစ်ယောက်တစ်ပေါက် ပြက်လုံးထုတ်နေတာများ။ တီတာ အောင်ချမ်းတို့နှစ်ယောက်မှာ ရှက်လွန်းလို့ သိရေတာ အောက်ကျွံကျပါ စေလို့တောင် ဆုတောင်းရမတတ်ပဲ။ ဟို ငနာကောင်က ရှည်တာ။ မသိမသာ အတန်းထဲပေထိုင်နေရင် ဒီလောက် အရှက်ကွဲမှာ မဟုတ်ဘူး။ အခုတော့ ရှက်တာတွေ အားလုံးထက် ပိုပြီး ရှက်တယ်လို့ ပြောလို့ရမယ့် စကားလုံးအသစ်တောင် ရှာရတော့မယ်။ နှစ်ယောက်သား ထွက်ပေါက် ဆီရောက်တာနဲ့ အောင်းထဲက လွတ်တဲ့ မြင်းနှစ်ကောင်လို တစ်ရှိန်ထိုး ထွက်ပြေးသွားကြပါတယ်။ နောက်ဘက်မှာတော့ ရယ်သံတွေက တစ်လွင့်လွင့်။ ရယ်သံတွေ နည်းနည်းစဲသွားတော့မှ ဆရာက ချောင်းဟန့်လိုက်ရင်း-

"အဟမ်း၊ ဒီလောက်ဆိုရင် ရူပဗေဒသင်ရတာ၊ ဘယ်လောက် ပျော်စရာကောင်းလည်း ဆိုတာ တပည့်တို့ သဘောပေါက်ပြီလို့ ထင်ပါတယ်။ စာဆက်သင်လို့ စိတ်မဝင်စားမဲ့အတူတူ ဆရာ့သင်ခန်းစာ ကို ဒီနေရာမှာပဲ အဆုံးသတ်လိုက်ပါတယ်။

"ဟေး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


အဲဒီကိစ္စဖြစ်ပြီးတော့ သားကောင်းမြတ်နဲ့ တီတာအောင်ချမ်းတို့ ခပ်တန်းတန်း ဖြစ်ကုန်တယ်။ အတန်းထဲကလူတွေက တစ်ယောက်ချင်းတွေ့တာတောင် ပြုံးစိပြုံးစိနဲ့။ တီတာအောင်ချမ်းနဲ့ တန်းသွားတော့ သားကောင်းမြတ်လည်း နန့်နန့်နဲ့ ပိုတွဲဖြစ်နေတယ်။ ဘာပဲပြောပြော ဒီကိစ္စဖြစ်လိုက်တာ အတန်းထဲက ရုပ်ချောချော ကောင်မလေးတွေ ဖီလင်အောက်ကုန်တယ်။ ဘာကြောင့်လဲဆိုတော့ ယောကျ်ားလေးတွေက သူတို့ကိုကျော်ပြီး ရုပ်ခပ်ဆိုးဆိုး တီတာအောင်ချမ်းကို ဝိုင်းပြီး စိတ်ဝင်စား ကုန်လို့ပဲ။ ဟုတ်တယ်လေ၊ သီရေတာပေါ်က တစ်လှမ်းချင်း လျှောက်သွားတဲ့ တီတာအောင်ချမ်းရဲ့ စထရပ်ချာက မိနေတာကိုး။ ခါတိုင်းလူအများ နဲ့ ဆိုတော့ တော်ရုံသတိမထားမိကြဘူး။ အဲဒီနေ့က တီတာအောင်ချမ်း တစ်ယောက်ထဲ ထင်းထင်းကြီးဆိုတော့ ယောကျ်ားလေးတွေရဲ့ window မှာ တီတာအောင်ချမ်းဆိုတဲ့ icon လေး ပေါ်လာပါတယ်။ လူ့စိတ်ဆိုတာ အတော်ဆန်းတာပဲနော်။ တီတာ အောင်ချမ်း တစ်ယောက် စန်းပွင့်ချိန်တန်လို့ ထင်ပါရဲ့။ အခုနေ သားကောင်းမြတ်မခေါ်လည်း ဘာအရေးလဲ။ တီတာအောင်ချမ်း အတန်းထဲက ထွက်လာတာကိုက ဘယ်တစ်ယောက် ညာတစ်ယောက်နဲ့။

"တီတာ၊ နင့်နာမည် နို့တစ်ဘုတ်မှာ ကပ်ထားတယ်။ အုပ်ထိန်းသူ ဆရာမနဲ့ လာတွေ့ပါတဲ့"

သူနဲ့အတူပါလာတဲ့ ကျော်စွာဆိုတဲ့ ကောင်လေးက ပြောလိုက်တာပါ။

"ဟင် နို့တစ်ကပ်ထားတယ်။ ဟာ ဘာပြဿနာတက်လို့လဲ မသိဘူး။ ငါလည်း ဘာမှ မလုပ်မိပါလား။ ဒါနဲ့ အုပ်ထိန်းသူ ဆရာမက ဘယ်သူလဲ ဟင်။ သူက ဘယ်အချိန်က ငါ့ကို အုပ်ထိန်းလိုက်တာတုံး"

ဒီကောင်မလေးတော့ ကျောင်းရည်အတော်လည်တဲ့ပုံပဲ။ အုပ်ထိန်းတဲ့ ဆရာမတောင် မသိဘူးဆိုပဲ။ အထက်တန်းကျောင်းမှာတုံးကတော့ ဆရာမဆူတော့မလို့ခေါ်ရင် လက်ဝါးလေးဖြန့်ပြီး အပြစ်မရှိဘဲ မတရား


www.burmeseclassic.com

www.burmeseclassic.com

ခံရတဲ့ မျက်နှာသေလေးနဲ့ ဆရာမရှေ့ သွားရပ်လိုက်တာပဲ။ ဆရာမက ဆူစရာရှိဆူ၊ ရိုက်စရာရှိရိုက်ပြီး၊ ကျောလည်းခိုင်းရော၊ မျက်နှာ အော်တို စပရိန်မျက်နှာပြန်ဖြစ်တာပဲ . အခုဟာက စာတစ်တန်ပေတစ်ဖွဲ့နဲ့။ ကျောင်းနို့တစ်ဘုတ်မှာ အကပ်ခံရတယ်ဆိုတော့ ကျောချမ်းစရာပါပဲ။

"ကျော်စွာနဲ့ တင်အောင်မွန်၊ နင်တို့နှစ်ယောက်ပါ လိုက်ခဲ့ပါဟယ်။ ငါကြောက်လို့ပါ။ ဘာကိစ္စကြီးမှန်းလည်း မသိဘူး။ ဘယ်မှာ သွားတွေ့ရမှာလဲဟင်"

"ဌာနမှာလေ"

"ဌာနက ဘယ်နားမှာတုံး"

"ဟား ကျောင်းဖွင့်တာ သုံးလကျော်နေပြီ၊ ဌာနက ဘယ်နားမှန်း မသိသေးဘူးလား"

"Assignment တွေ သွားယူရတဲ့ နေရာလေ"

"ငါတစ်ခါမှ Assignment တစ်ခါမှ မထုတ်ဖူးဘူး။ ဟိုကောင် သားကောင်းမြတ်ပဲ ထုတ်ပေးတာ"

"ကဲလာ ငါတို့နောက်သာ လိုက်ခဲ့ပေတော့"

တီတာအောင်ချမ်းလည်း ကိုယ်ရံတော်နှစ်ယောက်ခြံရံပြီး ဌာနရုံးခန်းကို ရောက်သွားပါတယ်။ ဌာနရုံးခန်းအဝင်ကော်ရစ်တာမှာ ဟိုနေ့ကဆရာနဲ့တွေ့လို့ ကမန်းကတန်း ပြုံးပြလိုက်ရသေးတယ်။ ဆရာကတော့ ပြန်မပြုံးပါဘူး။ ခပ်တည်တည်နဲ့-

"ဘာကိစ္စတုံး"

ဆရာက သူ့လာတွေ့တယ် ထင်နေပုံပါပဲ။

"ဟို ဆရာ့ကို လာတွေ့တာ မဟုတ်ဘူး။ ဌာနက ဆရာမခေါ်တယ် ဆိုလို့။ ဆရာ့ကို လမ်းကြုံရင်း ပြုံးပြတာ ဟီး"

ပြုံးပြတာတောင် လမ်းကြုံလို့ ပြုံးပြတာနဲ့၊ တမင်ပြုံးတာ ရှိသေးတာ ကိုး။ ဌာနရုံးခန်းထဲ ဝင်မလို့ ပြင်နေတဲ့ တီတာအောင်ချမ်းကို ဆရာ က လှမ်းမေးလိုက်ပါတယ်။

"နေပါဦး၊ ညည်းနာမည်က ဘယ်သူတုံး"

"တီတာအောင်ချမ်းပါ ဆရာ"

ဆရာက ရှုပ်တည်ကြီးနဲ့ နေရာက တီတာအောင်ချမ်းကို စူးစူးစိုက်စိုက် ကြည့်ပြီး ပြုံးပြလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



"အော် အေးအေး၊ တီတာအောင်ချမ်း ဟုတ်လား၊ ခုနက သမီးက ဆရာ့ကို လမ်းကြုံပြုံးပြတာနော်၊ ဆရာက သမီးကို တမင်ပြုံးပြတာ၊ လမ်းမကြုံလည်း တကူးတကလာပြီး ပြုံးပြလို့ရတယ် ဟုတ်ပြီလား၊ ကဲ သွားမယ်"

"ရှင် ဟုတ် ဟုတ်ကဲ့"

ဆရာက ကော်ရစ်တာအတိုင်း ထွက်သွားပါတယ်။ တီတာအောင်ချမ်းခမျာ ခေါင်းစားကျန်ခဲ့တယ်။ ကျော်စွာနဲ့ တင်အောင်မွန်ကတော့ စပ်ဖြဲဖြဲနဲ့။

"ခုနက ဆရာက ဘာဖြစ်လို့ ဒီလိုမျိုးကြီး ပြောသွားတာလဲ"

"ဆရာပြောသွားတာကို နင်နားလည်လားဟင်"

"အဲဒါ နင်ပြောပုံဆိုပုံမတတ်လို့ ဟိုက တမင်ဖွဲ့သွားတာ။ နင်ကလည်း နင်ပဲ။ လမ်းကြုံပြုံးပြတယ်ဆိုတော့ ဆရာနဲ့တပည့် ဘယ်ကောင်းပါ့မလဲဟ"

"ငါလည်း ဘာတွေပြောမိမှန်း မသိပါဘူးဟာ"

တီတာအောင်ချမ်းက ခေါင်းလေးကုတ်ပြီး အခန်းထဲ ဝင်လိုက်ပါတယ်။ ဟိုနှစ်ယောက်လည်း လိုက်ဝင်လာကြတယ်။ တွေ့ပါပြီ တီတာအောင်ချမ်းရဲ့ အုပ်ထိန်းသူဆရာမ ဒေါ်သိင်္ဂီတင့်။ ဆရာမက ဝဝတုတ်တုတ်ကြီးပါ။ မျက်နှာကလည်း တင်းပါ့။ တီတာအောင်ချမ်းက ဆရာမရှေ့ ယို့ယို့လေး သွားရပ်ပါတယ်။ ဆရာမက ဖတ်လက်စ စာအုပ်ကို ချပြီး-

"ဆို"

ဆရာမရဲ့ အသံက မာဆတ်ဆတ်။

"သ သမီးက တီတာအောင်ချမ်းပါရှင်၊ ဆရာမ ခေါ်တယ်ဆိုလို့"

ဆရာမက တီတာအောင်ချမ်းကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။

"နောက်နှစ်လှမ်းဆုတ်"

တီတာအောင်ချမ်းလည်း ကြောက်ကြောက်နဲ့ နောက်နှစ်လှမ်း ဆုတ်လိုက်ပါတယ်။ အတူပါလာတဲ့ ကျော်စွာနဲ့ တင်အောင်မွန်တို့ကလည်း ...င်တူ နောက်ဆုတ်လိုက်ကြတယ်။ ဆရာမက သူတို့နှစ်ယောက်ကို ကြည့်ရင်း-

"မင်းတို့က တီတာအောင်ချမ်းလား"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ၊ မဟုတ်ပါဘူး ခင်ဗျ"

"ဒါဆိုရင် မင်းတို့နှစ်ယောက် ဟိုဘီဒိုဘေး သွားရပ်နေ"

"ခင်ဗျာ၊ ဟုတ်ကဲ့"

အဖော်လိုက်လာတာ မှားပြီထင်ရဲ့။ ငရုတ်သီးခေါင်းထောင်းတာ ကြက်သွန်နှစ်လုံးပါ အဆစ်ပါတော့မယ်ထင်တယ်။ ဆရာမဆီက အမိန့်သံထွက်လာတယ်။

"ညာလှည့်"

တီတာအောင်ချမ်းလည်း ကျောပိုးအိတ်လေး ပိုက်ရင်း ဆရာမ စကားနားထောင်လိုက်ရပါတယ်။

"ဟိုတစ်ယောက် လာစမ်း"

တင်အောင်မွန်က ကျော်စွာကို တွန်းထုတ်လိုက်တယ်။

"သူ့ဆီက ကျောပိုးအိတ်ကို ယူပြီး ဘီဒိုနား ပြန်ရပ်နေ"

ကျော်စွာလည်း တီတာအောင်ချမ်းရဲ့ ကျောပိုးအိတ်ကို လှမ်းယူပြီး ဘီဒိုနား ပြန်ရပ်လိုက်ပါတယ်။

"မတ်မတ်ရပ်စမ်း"

သုံးယောက်စလုံး ခါးကလေးတွေ ကိုယ်စီမတ်သွားပါတယ်။ ဘုရား ဘုရား။ ဆရာမ အမိန့်ပေးနေပုံက စစ်သင်တန်းပဲ တက်ခိုင်းမလို့လား အာကာသပဲ လွှတ်မလို့လားတော့ မပြောတတ်ဘူး။ အာကာသလွှတ်မယ်ဆိုရင်တော့ မဖြစ်မနေ ငြင်းရမှာပဲ။ ဒီက ယောက်ျားရဖူးသေးတာ မဟုတ်ဘူး။ အခြားဂြိုလ်မှာ ယောက်ျားလေးတွေ ရှိချင်မှရှိမှာ။

"ကိုယ်ကို တစ်ပတ်ပြည့်အောင်လှည့်"

တီတာအောင်ချမ်းက တစ်ပတ်ပြည့်အောင် လှည့်လိုက်ရပါတယ်။ ဟိုနှစ်ယောက်ကပါ လိုက်လှည့်နေလို့ ဆရာမက အံကြိတ်ကြိတ်လိုက်ပါတယ်။

"ရပြီ၊ ရှေ့ ပြန်လှည့်တော့"

တီတာအောင်ချမ်းက ဆရာမနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားပါတယ်။ အဲဒီတော့မှ-

"မင်းကို ဌာနကိုယ်စားပြု ကာယအလှမယ် ဝင်ပြိုင်ခိုင်းမလို့။ မင်း ကိုယ်လုံးကိုယ်ပေါက် လှတယ်ဆိုတာ ကျောင်းသူတွေဆီက တဆင့် ကြားလို့ ခေါ်ခိုင်းလိုက်တာ။ မနက်ဖြန် မင်းမိဘတွေဆီက သဘော


www.burmeseclassic.com

www.burmeseclassic.com


ကြောင်း စာပြန်ယူခဲ့။ ဆရာမ အကျိုးအကြောင်း စာရေးပေးလိုက်မယ်

အမယ်လေး၊ ဆရာမရဲ့။ လူကို ဖျားချင်သလိုလို ဖြစ်သွားတာပဲ။ ကာယအလှမယ် ဝင်ခိုင်းတာများ ရှေ့တန်းထွက်ခိုင်းမယ့်ပုံစံကြီးနဲ့ ပါလား။ တီတာအောင်ချမ်းက အခုမှပဲ အသက်ကို ရဲရဲရှူရဲပါတယ်။ နောက်တော်ပါနှစ်ယောက်လည်း သက်ပြင်းချလိုက်တယ်။ ဆရာမက တီတာအောင်ချမ်းကို ဆက်မေးပါတယ်။

"မင်းဘယ်မှာ ကစားတာလဲ"

"အိမ်နားမှာပါ ဆရာမ၊ အခုတော့ မကစားတော့ပါဘူး"

"ဘယ်လိုစနစ်တွေနဲ့ ကစားတာလဲ"

"စနစ်ကတော့ အစုံပါပဲ။ ၄-၄-၂ တို့၊ ၄-၃-၃ တို့၊ ၃-၅-၂ တို့။ နည်းပြပြောတဲ့ အတိုင်း ကစားတာပါ။

ဆရာမခမျာ မျက်လုံးပြူးသွားတယ်။ ကိုယ်ကာယ လေ့ကျင့်ခန်းထဲမှာ ဒီစနစ်တွေ တစ်ခါမှ မကြားဖူးသေးပါလား။ တစ်ခုခုတော့ လွဲနေပြီ ထင်တယ်။ ဆရာမက သေချာအောင် ထပ်မေးလိုက်ပါတယ်။

"မင်းသဘောကျတဲ့ လူတစ်ယောက်လောက် ပြောပြပါလား"

"ဒေးဗစ်ဘက်ဟမ်းလေ ဆရာမရဲ့"

ဆရာမခမျာ ပက်လက်လန်သွားပါတယ်။ မျက်လုံးထဲလည်း ဒေးဗစ်ဘက်ဟမ်းတစ်ယောက် ဘီကီနီလေးဝတ်၊ ရင်ကလေးချီ၊ တင်ကလေး နောက်ပစ်ထားတဲ့ပုံကို မြေးမြင်လိုက်တယ်။ ဒီကမ္ဘာကျော် ဘောလုံး သမားက ကာယအလှမယ်ပြိုင်ပွဲတော့ မဝင်လောက်ဘူးနဲ့ တူတယ်။

"နေစမ်းပါဦး၊ မင်းအရင်တုံးက ကစားတာ ဘာကစားနည်းလဲ"

"ဘောလုံးလေ ဆရာမရဲ့။ သမီးက အရမ်းကို ဝါသနာပါတာ။ အမေက နင်အပျိုဖြစ်ပြီ မကစားရတော့ဘူးဆိုလို့။ ကျောင်းမှာ အမျိုးသမီးဘောလုံးအသင်းရော မဖွဲ့ဘူးလားဟင်။ သမီးဝင်ပါချင်လို့ပါ"

ဆရာမက ကိုယ့်နဖူး ကိုယ်ရိုက်လိုက်ပြီး . . .

"သေလိုက်ပါတော့ သိဂီတင်ရယ်။ အဆီပိတ်ပြီးသာ သေလိုက်ပါ တော့။ ညည်းဘော်ဒီဗျူတီလုံးဝ မကစားဖူးဘူးလား"

"ဟင်အင်း"

ဆရာမခမျာ သူရွေးထားတဲ့ ကျောင်းသူတွေကို ကိုယ်ကာယအလှ သင်တန်းပဲ ပေးရမလား။ ဘောလုံးပဲ ကန်ခိုင်းရင်ကောင်းမလားလို့


www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသွားရပါတယ်။ အော်ဆရာမက ပိန်းကလေးဘော်ဒီလှတိုင်း ကာယအလှကစားတယ်ပဲ ထင်နေတာကိုး။ ဘောလုံးကန်ချင်လည်း ကန်မှာပေါ့။ တီတာအောင်ချမ်းက အမေမွေးထားတဲ့ ခန္ဓာကိုယ်အတိုင်း လှနေတဲ့ ဥစ္စာကို။ ဆရာမက ငူငူကြီး ထိုင်နေရာက-

"ကဲ ဟုတ်ပါပြီ၊ မင်းမိဘတွေဆီ စာရေးပေးလိုက်မယ်။ မနက်ဖြန်က စပြီး၊ စာသင်ချိန်ပြီးတိုင်း ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်ရမယ်။ လိုအပ်တဲ့ အဝတ်အစားတွေ အပိုထည့်လာခဲ့ ဟုတ်ပြီလား။ သေသေချာချာလည်း မှတ်သွားဦး။ အခုဝင်ပြိုင်ရမှာ။ ကာယအလှမယ်နော်။ ဘောလုံး မဟုတ်ဘူး"

အပြန်လမ်းမှာတော့ တီတာအောင်ချမ်းက မြောက်ကြွမြောက်ကြွနဲ့။ စကားပြောလိုက်တာများ ညံလို့။ ဘေးနားပါလာတဲ့ ကျော်စွာနဲ့ တင်အောင်မွန်တောင် ကိုယ့်နားကိုယ် ပိတ်ထားရတယ်။ တီတာအောင်ချမ်းတို့ ကံဇာတာတက်လာပြီလေ။ စင်ပေါ်တက်ပြီး လူလုံးတက်ပြရတော့မယ်။ အပြန်လမ်း ကော်ရစ်တာမှာ စောစောက ပြုံးပြတဲ့ ဆရာနဲ့ ထပ်ဆုံပါတယ်။

"ဆရာ၊ ဟီး ဟီး"

မြင်းဟီသလို ရယ်ပြနေတဲ့ တီတာအောင်ချမ်းကို ဆရာက "တပည့် ဟား ဟား" ဆိုပြီး ပြန်ရယ်မပြပါဘူး။ ပြုံးရုံလေးပဲ ပြုံးပြသွားတယ်။ အားမရလိုက်တာ ဆရာရယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"တီတာ၊ နင့်ကို ငါပြောစရာရှိလို့"

အချီတွေ နိဒါန်းတွေ ပဏာမတွေနဲ့ စကားပျိုးလာတဲ့ ကျော်စွာ့ကို တီတာအောင်ချမ်းက မော့ကြည့်လိုက်ပါတယ်။ သူတို့နှစ်ယောက် သူတို့နှစ်ယောက် ကင်တင်းထိုင်နေကြတာပါ။ တီတာအောင်ချမ်းခမျာ အခုလို စာသင်ချိန်တွေပြီးတိုင်း ကာယအလှမယ်ပြိုင်ပွဲအတွက် လေ့ကျင့်နေရတယ်။ လူများတွေ ကိုယ်စီ၊ ကိုယ်စီ အိမ်ပြန်ကြတဲ့ အချိန်မှာ သူကတော့ အခြားကျောင်းသူလေးငါးယောက်နဲ့ ကိုယ်ဟန်ပြနည်းတို့၊ လမ်းလျှောက်နည်းတို့ လေ့ကျင့်နေရတယ်။ တစ်သက်လုံး ကျားကျားလျားလျား၊ ကြမ်းကြမ်းတမ်းတမ်း နေလာခဲ့တဲ့ တီတာအောင်ချမ်းခမျာ အခုလို ဆင်မယဉ်သာ လျှောက်ခိုင်းတော့မှ ဒုက္ခအကြီးအကျယ် ရောက်နေပါတယ်။ အီညှောင့်၊ အီညှောင့် နေရတဲ့ဒုက္ခကလည်း မသေးပါလား၊ တော်သေးတာပေါ့။ လေ့ကျင့်ပြီးတဲ့ အချိန်မှာ ကျော်စွာတစ်ယောက် လာလာကြိုပေးနေတာ။ နို့မဟုတ်ရင် တစ်ယောက်တည်း ငေါင်စင်းကြီးနဲ့။ သူနဲ့အတူ လေ့ကျင့်တဲ့ ဟာမတွေကလည်း ဘာမှန်းလည်း မသိဘူး။ ခေါ်ချင်သလို အဖက်မတန်သလိုနဲ့။ သူတို့ကိုယ် သူတို့ မယ်စကြာဝဠာ ဝင်ပြိုင်ရမယ့် လူတွေများ အောင့်မေ့နေကြသလား မသိဘူး။ တီတာအောင်ချမ်းက စကားဆက်မပြောဘဲ သူ့ကို ငေးနေတဲ့ ကျော်စွာ့ကို ပြန်မေးလိုက်ပါတယ်။

"ဟဲ့၊ ပြောစရာရှိတယ်ဆို၊ ပြောလေဟာ"

"အင်း၊ အဲ၊ ဟို ဒင်း"

"ဒီလောက်တောင် အထစ် အထစ်ဖြစ်နေရတာ၊ နင်ငါ့ကို ရည်းစားစကား ပြောမလို့တော့ မဟုတ်ပါဘူးနော်"

တီတာအောင်ချမ်းက နောက်နောက်ပြောင်ပြောင် ပြောလိုက်တာပါ။ ကျော်စွာက ဝမ်းသာအားရနဲ့

"အေးဟုတ်တယ်၊ ငါနင့်ကို ရည်းစားစကားပြောမလို့ တစ်ခါမှ မပြောဖူးလို့ ဘယ်ကစပြောရမှန်း မသိဖြစ်နေတာ။ နင့်အခုလို စပေး


www.burmeseclassic.com

လိုက်တော့ အဆင်ပြေသွားတာပေါ့ဟာ"

အဲတော့၊ သူက တကယ်ပြောမလို့ဆိုပါလား။ ဒီက နောက်ရုံတင်လေး နောက်လိုက်တာ။ တီတာအောင်ချမ်းခမျာလည်း တစ်ကယ်အပြောခံရမယ်ဆိုတော့ ပူထူသွားတယ်။

"တီတာ၊ ငါနင့်ကို ချစ်တယ်ဟာ။ ဒါငါ့ရင်ထဲ အသဲနှလုံးထဲက လာတဲ့စကားပါ။ အဲဒါနင်ငါ့ကို ဘယ်လိုသဘောရလဲဟင်"

တီတာအောင်ချမ်းက စားလက်စ ဆီချက်ပန်းကန်ကို တူနဲ့ ဟိုမွှေဒီမွှေလုပ်နေပါတယ်။ ဒါ သူ့တစ်သက်မှာ ပထမဦးဆုံး ကြားဖူးတဲ့ရည်းစားစကားပဲ။ ကျော်စွာဆိုတဲ့ ပုဂ္ဂိုလ်လေးကလည်း ဆိုးတော့ မဆိုးပါဘူး။ ခပ်ဖြောင့်ဖြောင့်ပါပဲ။ မျက်လုံးလေး မဆိုစလောက် ပြူးတာကလွဲရင် ပေါ့လေ။ ပြီးတော့ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံကို ကြည့်ရုံနဲ့ အဆင့်အတန်းရှိတဲ့ မိသားစုက လာတယ်ဆိုတာ သိသာလောက်တယ်။ ဟိုကောင် သားကောင်းမြတ်လိုတောင် ပရမ်းပတာ မဟုတ်ဘူး။ ဈေးသည်တွေ ပြောသလို ပြောရရင် ကျော်စွာက တီတာအောင်ချမ်းအတွက် ဈေးဦးပေါက်ပဲ။ လာဘ်ဦးမပယ်ရဘူး ဆိုတဲ့ စကားရှိတယ်လေ။ အင်း ဈေးဦးလေး ပေါက်သွားအောင် discount လေး ပေးလိုက်ဦးမှပဲ။ အို ဘာတွေ တွေးနေပါလိမ့်။ ဒါ ဈေးရောင်းတာမှ မဟုတ်ပဲ။ အချစ်ရေးအချစ်ရာဆိုတာ ဈေးဦးပေါက်ရယ်၊ ဈေးပေါင်ကျိုးရယ်မှ မရှိတာနော်။ စဉ်းစားရင်း ပြုံးစိစိဖြစ်နေတဲ့ တီတာအောင်ချမ်းကို ကျော်စွာကအားမလိုအားမရနဲ့-

"တီတာ၊ နင်ဘာတွေ ပြုံးစိစိလုပ်နေတာလဲ။ ငါပြောတာ နင်စိတ်မဆိုးဘူး မဟုတ်လား"

"စိတ်မဆိုးပါဘူးဟာ၊ ဘာလို့စိတ်ဆိုးရမှာလဲ၊ ဒီဘဝမှာ ငါ့ကိုကြိုက်တဲ့လူ ရှိပြီဆိုပြီး ဂုဏ်တောင် ယူသေးတယ် ဟီဟိ"

"သေဟ"

ကျော်စွာခမျာ အောင့်သီးအောင့်သက်ရယ်။ ယောက်ျားလေးတွေကလည်း ခက်ပါတယ်။ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးကို အခြားငတေ့က စေ့စေ့ကြည့်တာမျိုးကိုလည်း မကျေနပ်တတ်ကြသလို ကိုယ့်ကောင်မလေးကို ကိုယ်ကလွဲလို့ ကြိုက်မယ့်လူ မရှိပြန်ရင်လည်း ဘဝင်ကျေ လှုပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောပုံကြီးကလဲဟာ။ ငါတောင် ဘာဆက်ပြောရမှန်း မသိဘူး။ ပါလင်အောက်ကုန်ပြီ"

"ဒါဆို ငါပဲပြောမယ် ကျော်စွာ။ နင်က ငါ့ကို တကယ်ချစ်တာလား၊ အပျော်ရည်းစားထားချင်တာလား သေသေချာချာ ပြန်စဉ်းစား လိုက်ပါဦး ကျော်စွာရယ်။ နင် တကယ် ချစ်တာဆိုရင်တော့ ငါလည်း အချိန်ယူစဉ်းစားလိုက်ဦးမယ်။ ရည်းစား ထားချင်တာ သက်သက် ဆိုရင်တော့ အခုအချိန်ကစပြီး နင်နဲ့ငါ ရည်းစားဖြစ်ပြီ။ ငါလည်း ဘစ်ခါမှ ရည်းစားမထားဖူးလို့ ထားကြည့်မလားလို့"

"ဘုရား ဘုရား"

"အော်၊ ဘုရားတမနေနဲ့။ အဟုတ်ပြောတာ။ နင်ရုပ်ရှင်တွေ ဗီဒီယို တွေထဲမှာ မကြည့်ဖူးဘူးလား။ မင်းသမီးနဲ့ မင်းသားကို မချစ်ဘဲနဲ့ သက်ထပ်လိုက်ရင် ပြောတဲ့စကားလေ။ တစ်ချိန်ချိန်ကျရင် ချစ်လာလိမ့် မယ်ဆိုတာမျိုး။ သူတို့ကနောက်ဆုံးကျရင် ချစ်သွားကြရောဟ။ နင်နဲ့ ငါလည်း အဲဒီလိုမျိုးပေါ့ဟာ။ အခုနေ ရည်းစားထားကြည့်ပြီး နောင်တစ် ချိန်ကျရင် နင့်ကိုငါက တကယ်ချစ်ချင်လည်း ချစ်သွားမှာပေါ့ မဟုတ်ဘူး လား ကျော်စွာရယ်"

ကျော်စွာက တီတာအောင်ချမ်းကို ရှုသိုးသိုးနဲ့ ပြန်ကြည့်ပါတယ်။ ဒီကောင်မလေး ယောကျ်ားတွေကို ဘာများ ထင်သလဲမသိဘူး။ ယောကျ်ားဆိုတာ အစွယ်ကြီးတာနဲ့ သေးတာပဲ ကွာတာ။ အားလုံးကိုက်တတ် တာချည်းပဲ။ လက်ညှိုးထည့်ရင် မကိုက်တတ်ဘူး ဆိုတာ အလကားပြော တာ။ အဲဒီလိုလူမျိုးက ကိုက်ရလွန်းအားကြီးလို့၊ သွားတွေကျိုးပြီး မကိုက် နိုင်တာပဲဖြစ်မယ်။ တီတာအောင်ချမ်းက ကျော်စွာကို ကြည့်ပြီး ရယ်ပါ တယ်။

"ဒီကောင်မလေး၊ ဒါမျိုးငါ့ကို ပြောတယ်ဆိုပြီး အထင်မသေးပါနဲ့ ကျော်စွာရယ်။ ငါက နင့်ကို တကယ်ယုံကြည်လို့ ဒီစကားမျိုးပြောတာပါ။ အနေလာလောဆယ် ငါအထီးကျန်နေတယ်ဟာ။ စိတ်လည်း လေနေ တယ်ပဲ။ ဘာပဲပြောပြော နင်ငါ့အနားရှိတော့ ငါအားရှိတာပေါ့ ဟယ်"

ကျော်စွာခေါင်းထဲမှာလည်း အူလည်ချာလည်ရယ်။ ချစ်သူနဲ့ရည်းစား ကွာသလား မသိဘူး။ မြန်မာစာဌာနက ဆရာတွေကို မေးမြန်းကြည့်ဦး မယ်။ ကျော်စွာလည်း လည်နေတဲ့ အတွေးတွေကို ခါထုတ်ပစ်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"နင်ငါ့ကို မချစ်ဘူး မဟုတ်လား၊ တီတာ"

တီတာအောင်ချမ်းတစ်ယောက် မှုန်မှုန်မှိုင်းမှိုင်းလေး ဖြစ်သွားရှာတယ်။ အာရုံထဲမှာသားကောင်းမြတ်ကို ဖျတ်ကနဲ တွေ့လိုက်ရသလိုပဲ။

"အချစ်ဆိုတာကို ငါကိုယ်၌က ကွဲကွဲပြားပြား မသိသေးတာ ကျော်စွာရယ်။ တောက် ညံ့လိုက်တာနော်။ ဒီအသက်အရွယ်မှာ အချစ်ဆိုတာလောက်တော့ သိသင့်တာပေါ့နော်"

တီတာအောင်ချမ်းက ရေသန့်ဗူးဖွင့်လိုက်ပြီး ပလုတ်ကျင်းလိုက်ပါတယ်။ ပြီးတော့ ရေကို တစ်ငုံသောက်လိုက်တယ်။ ပြီးတော့ စားပွဲထိုးခေါ်ပြီး စားထားတာတွေ ပိုက်ဆံရှင်းလိုက်ပါတယ်။ ပြီးတော့ မတ်တပ်လေးရပ်ပြီး အဝတ်အစားတွေကို သပ်ရပ်သွားအောင် ပြင်နေတယ်။ နောက် သူ့ကျောပိုးအိတ်ရော၊ ကျော်စွာ့ကျောပိုးအိတ်ကိုပါ ယူလိုက်ပြီး ငူငူကြီး ထိုင်နေတဲ့ ကျော်စွာလက်ကို ဆွဲထူလိုက်ရင်း-

"နင် အဆင့်တစ်တွေ၊ ပထမဆုတွေ ရဖူးလား"

"ဟင့်အင်း"

"အခုနေ နင်နဲ့ငါနဲ့ ရည်းစားထားရင် နင် နံပါတ်ဝမ်းဖြစ်မှာနော်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ တစ်ထောင်ထဲမှာ နံပါတ်ဝမ်းဖြစ်မှာ ဂုဏ်ယူလိုက်စမ်းပါ ဟင်းဟင်း"

ကျော်စွာက တီတာအောင်ချမ်းနောက် အားကုန်နေတဲ့ စက်ရုပ်ကြီးလို တရွတ်တိုက်ပါသွားပါတယ်။ အော် အဆင့်တစ်ရတောင် မပျော်နိုင်တဲ့ လူလည်း ရှိသေးသကိုး။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"တောက် ကြည့်လို့ကို မရဘူး"

ကျုပ်တိုရိုယယ်ပြီးလို့ ကင်တင်းထဲရောက်လာတဲ့ သားကောင်းမြတ်က သူ့အရင် ကင်တင်းထဲရောက်နေတဲ့ ကျော်စွာနဲ့ တီတာအောင်ချမ်းကို တွေ့ပြီး ကျိန်ဆဲလိုက်တာပါ။ ဒီနှစ်ယောက်က တစ်ကျောင်းလုံးအနှံ့ လျှောက်သွားနေကြတာလား မသိဘူး။ ဟိုနေရာလည်းတွေ့၊ ဒီနေရာလည်းတွေ့။ အေးလေ တစ်ခန်းတည်းတက်နေမှတော့ မတွေ့ချင်လည်း တွေ့နေရမှာပေါ့။ သားကောင်းမြတ်ကတော့ ကျော်စွာနဲ့ မျက်နှာချင်းဆိုင်မိတိုင်း ရှုတည်တည်နဲ့။ အခန်းထဲမှာတော့ တီတာနဲ့ကျော်စွာ ကြိုက်နေ ကြပြီဆိုတဲ့ သတင်းထွက်နေတယ်။ ဟုတ်လည်း ဟုတ်လောက်တယ်။ ဒီတစ်ခါတော့ သားကောင်းမြတ်တို့ နှုပ်ပစ်ခံလိုက်ရပြီပေါ့။ တီတာဆိုတဲ့ အိမ်ကြက်မလေး ဘယ်အချိန်ရိုက်သတ်စားစားဆိုပြီး ပေါ့ပေါ့နေခဲ့မိတယ်။ အရောင်းထိုင်းပစ္စည်းမို့ စိတ်ချထားခဲ့တာ။ အခုတော့ လူများ နောက်ပါတော့မယ် ထင်ပါရဲ့။ သူ့နှလုံးသားကပဲ ဇဝေဇဝါနိုင်လွန်းတာလား။ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းခဲ့တာပဲလား မသိဘူး။ ဟိုကောင်မလေးကလည်း သူ့ကိုမြင်တော့မှ ကျော်စွာနား ပိုတောင် ကပ်သွားသေးတယ်။ သားကောင်းမြတ် ရင်ထဲမှာတော့ ကျင်တင်တင် ရယ်။ သားကောင်းမြတ်က ခေါင်းကို ဘယ်ပြန်ညာပြန် ခါရမ်းရင်း လွတ်တဲ့ စားပွဲမှာ လှမ်းထိုင်လိုက်ပါတယ်။

"သားသား ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

သူ့ဘေးက နန့်နန့်ရဲ့ အသံကြားမှ သူကင်တင်းကိုလာတာ နန့်နန့် နဲ့ ပါလားဆိုတာ သတိရသွားတယ်။ သိစိတ်တွေတောင် ထုံထိုင်းနေပါလား၊ သားကောင်းမြတ်ရေ။ သားကောင်းမြတ်က ချော့လဲရောထိုင်လိုက် ပါတယ်။

"ဟုတ်တယ် နန့်နန့်ရာ၊ ခေါင်းကိုက်နေတာ။ ကျုပ်တိုရိုယယ်ထဲမှာ unseen ပါလာတော့ အတော့်ကို ခေါင်းစားသွားလို့"

"ဒါဆို ရှုဆေးရှုလိုက်ပါလား"


www.burmeseclassic.com

www.burmeseclassic.com


နန့်နန့်က သူ့လွယ်အိတ် မွှေနှောက်ပြီး ရှူဆေးဘူးလေး ထုတ်ပေးပြန်တယ်။

"နေပါစေဟာ၊ ငါ အဲဒါကြီးတွေ မရှူတတ်ဘူး"

"တို့ ဇက်ကြောဆွဲပေးရမလားဟင်"

"အင်း၊ ကောင်းသားပဲ"

သားကောင်းမြတ်က တီတာအောင်ချမ်းကို ရွဲ့ချင်တဲ့စိတ်လေးနဲ့ ဇက်ကြောဆွဲခံလိုက်ပါတယ်။ မသိမသာလေး ကြည့်လိုက်တော့ တီတာအောင်ချမ်းရော၊ ကျော်စွာပါ လှမ်းကြည့်နေတာ တွေ့လိုက်တယ်။

"အား၊ နာတယ်၊ လက်သည်းစူးတယ်"

သားကောင်းမြတ်ဆီက အော်သံပါ။

"ဟင်း မှတ်ပလား"

ဒါ နန့်နန့်ရဲ့စိတ်ထဲက အသံ။ သူ့ကို ဘေးနားထားပြီး တီတာအောင်ချမ်းကို သွားကြည့်နေတာ မသိဘူး အောင့်မေ့လို့။ မိန်းမပျက်စေ့ဘယ်လောက်လျှင်တယ်ဆိုတာ ဒင်းမသိသေးဘူးထင်တယ်။ မှတ်လောက်သားလောက်ရှိအောင် အားလေးပိုထည့်လိုက်ဦးမှ။

"အား ကျွတ်ကျွတ်၊ အား အား ရပြီ၊ တော်ပြီ"

သားကောင်းမြတ်က တွန့်ရင်း လိမ်ရင်း နန့်နန့်ကို လက်ကာပြလိုက်ပါတယ်။

"အို မရပါဘူး။ ခေါင်းကို စောင်းမထားနဲ့လေ။ တည့်တည့်ထားမှပေါ့။ ဒါမှ အကြောထိမှာ၊ ကဲ"

"အား ထိပြီ၊ ထိပြီ၊ တကယ်ထိတာ၊ အား သေပါပြီဗျာ"

ကင်တင်းထဲမှာ massage လာဖွင့်နေတဲ့ သားကောင်းမြတ်နဲ့ နန့်စတယ်လာကို ကြည့်ရင်း တီတာအောင်ချမ်း နှုတ်ခမ်းကြီးဆော်သွားပါတယ်။

"ဟင်း၊ ကဲကို ကဲတယ်"

မျက်စောင်းကြီး တစ်ချက်ထိုးထည့်လိုက်ပြီး ကျော်စွာဖက် လှည့်မေးလိုက်ပါတယ်။

"ကျော်စွာ၊ နင်ရော အက်ကြောလေးဘာလေး မထိုးဘူးလား"

"ဟင့်အင်း မထိုးပါဘူး၊ ထိုးလည်း မထိုးရဲဘူး။ ဟိုမှာကြည့်ပါလား သားကောင်းမြတ် ခရလည်နှာခံနေရတာ။ အဲဒါ တီတာ့ကို သားကောင်း


www.burmeseclassic.com

www.burmeseclassic.com

မြတ် လှမ်းကြည့်တာ နန့်စတယ်လာ သိသွားလို့ ပုံစံပေးနေတာ။ ကြားထဲက ငထွားခါးမနာပါရစေနဲ့ ဇက်ကြောလည်း မထိုးပါရစေနဲ့ တီတာရယ်"

"နင်က ဘယ်ဆိုးလို့လဲ မိန်းကလေးတွေရဲ့ စိတ်ကို ဖတ်တတ်သားပဲ"

"နင်က ငါ့ကို လူပေါကြီးလို့ ထင်လို့လား တီတာရယ်။ နင့်စိတ်ထဲမှာ ဘာတွေရှိနေတယ် ဆိုတာလည်း ငါသိပါတယ်ဟာ"

တီတာအောင်ချမ်းက ကျော်စွာ့မျက်လုံးထဲ သေသေချာချာကြည့်လိုက်တယ်။ ကျော်စွာကလည်း ပြန်စိုက်ကြည့်နေတယ်။ ကျော်စွာ့မျက်ဝန်းတွေက ရီဝေမှိုင်းညို့လို့။

"နင် ငါ့ကို စိတ်မဆိုးဘူးလား ကျော်စွာ"

"ယောကျ်ားလေးပဲဟာ၊ မခံချင်စိတ်တော့ ဖြစ်မိတာပေါ့။ ငါနွားဖြစ်ခံရတဲ့ကိစ္စပဲ။ ငါက နင့်ကိုတကယ်ချစ် နေတာကိုး။ ဒီခေတ်ကြီးထဲမှာ ငါ့အတွေးအခေါ်တွေက မော်ဒယ်များ အောက်နေသလားမသိဘူး။ ...တတ်နိုင်ဘူးဟာ။ ဒါကပဲ ငါ့ psycho ဖြစ်နေတယ်ထင်ရဲ့"

"ငါတောင်းပန်ပါတယ် ကျော်စွာရယ်။ နင် တကယ့်ကို လူကောင်းပါ။ နင်တစ်နေ့ ကံကောင်းမှာပါဟာ။ နင့်ကို တကယ်ချစ်တဲ့ မိန်းကလေးနဲ့ တွေ့မှာပါ"

"သိပ်လည်း အထင်မကြီးနဲ့ဦး။ ငါ့စိတ်ကို ငါအစိုးမရတဲ့ နေ့ကျရင်တော့ မတတ်နိုင်ဘူး။ နင်သတိသာထားနေ"

တီတာအောင်ချမ်းက ယဲ့ယဲ့လေးပြုံးတယ်။ မျက်ဝန်းထောင့်ထဲမှာ သားကောင်းမြတ်နဲ့ နန့်နန့်တို့ထပြန်သွားတာ တွေ့လိုက်ရတယ်။ အကြောအချင်တွေ ပြေသွားပြီထင်ပါရဲ့။ သားကောင်းမြတ်က ရှုတည်တည်ကြီးနဲ့ သူတို့ဝိုင်းကို ကြည့်သွားသေးတယ်။ ဒီသား ကောင်းမြတ်တော့ နောက်ထပ်ဇက်ကြောဆွဲခံချင်နေပြီထင်တယ်။ သားကောင်းမြတ်ရဲ့ နောက်ကြောကို တစ်ဆုံးလိုက်ကြည့်နေတဲ့ တီတာအောင်ချမ်းကို ကြည့်ပြီး ကျော်စွာက ခြောက်ကပ်ကပ်လေး ရယ်လိုက်ပါတယ်။

"ဟင်း ဟင်း၊ ဟိုနှစ်ယောက်က ရယ်ရတယ်။ နင်ပြောသလို အခုချိန်မှာ ငါက်ကောင်းချင်လည်း ကောင်းမှာပေါ့ဟာ။ ဒါပေမယ့် သေချာတာတော့ ငါ့နှလုံးသားကို ငါအလိုမလိုက်တော့ဘူး ဆိုတာပဲ။ အခုအချိန်မှာတော့ ငါက နင့်ကို ချစ်တဲ့အကြောင်းတွေ ပြောမယ်။


www.burmeseclassic.com

www.burmeseclassic.com

နင်က ငါ့ကို အခြားယောက်ျားတစ်ယောက်ကို ချစ်နေတဲ့ အကြောင်း ပြန်ပြောပေါ့ တီတာရယ်"

☺ ☺ ☺

www.burmeseclassic.com

www.burmeseclassic.com

၂၁ရာစုအတွင်း အထူးခြားဆုံး သတင်းတစ်ခု ကြားလိုက်ရပါတယ်။ တီတာအောင်ချမ်းတစ်ယောက် စေ့စပ်တော့မယ် ဆိုပဲ။ သူတို့ရဲ့ ဆွေမျိုးနီးစပ်တစ်ယောက်နဲ့ပါ။ အော် သူ့အဖေနဲ့ အမေက ဒီသမီးလေးတစ်ယောက်ကို ကျွေးထားရမှာစိုးလို့ မြန်မြန်အိမ်ထောင်ချပေးတာလား မသိဘူး။ ဒီသတင်းကို လာပြောတဲ့ သူက သားကောင်းမြတ်ရဲ့အမေ ဒေါ်သန္တာကိုယ်တိုင်ပါ။ ဒီသတင်းကြားကြားချင်း သားကောင်းမြတ် တစ်ယောက် မျက်စိတွေပြာပြီး နားထဲက လေတွေပါထွက်ကုန်တယ်။ ဟိုကောင်ကျော်စွာရော သိပြီးပြီလား မသိဘူး။ တီတာအောင်ချမ်းတစ်ယောက်ရော ဘယ်လိုများနေရှာပါလိမ့်။

"ဒီကိုအောင်ချမ်းတို့လင်မယားကလည်း ဘာတွေဘယ်လိုများ တွေးကြသလဲ မပြောတတ်ဘူး။ မကျွေးနိုင် မမွေးနိုင်တာလည်းမဟုတ်။ တီတာလေး သနားပါတယ်ကွယ်"

ဒေါ်သန္တာကိုယ်တိုင်ကလည်း တစ်ဖျစ်တောက်တောက်နဲ့။ သားကောင်းမြတ်ရဲ့ ရင်ထဲမတော့ ရှားမီးခဲနဲ့ ရဲရဲကင်ထားသလို ပူလှပါပြီ။ ဘယ်လိုမှ သည်းခံလို့မရတဲ့အဆုံး-

"အမေ၊ သားတီတာတို့ အိမ်သွားလိုက်ဦးမယ်"

"အေး အေး၊ လူကြီးတွေနဲ့ ကဏ္ဍကောစ မဖြစ်ခဲ့နဲ့ဦး။ ကိုယ့်ဆန္ဒနဲ့ မကိုက်ပေမယ့် သူတို့က မိဘတွေမဟုတ်လား။ ကောင်းတယ်ထင်လို့ လုပ်တာ ကိုယ်ကသွားပြောလို့ မဖြစ်ဘူးလေ"

"ဟုတ်"

သားကောင်းမြတ်ကလည်း သူ့အမေကို ခေါင်းညိတ်ပြပြီး တီတာအောင်ချမ်းတို့အိမ်ဖက်ကို ထွက်လာခဲ့ပါတယ်။ အိမ်ပေါက်ဝမှာ တီတာအောင်ချမ်းရဲ့အမေဒေါ်တိုးတိုးက တံမြက်စည်းတစ်ချောင်းနဲ့။

"အမေ့သားလေးတောင် ပေါ်မလာတာကြာလှပြီ။ ဘာလဲ အိမ်ဝေး သွားနေတာတယ်။ တီတာ့သတင်းကြားလို့ လာတာလား"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်၊ တီတာ့ကို ယောကျ်ားပေးစားတော့မယ်ဆို။ ဘယ်သူနဲ့လဲ ဟင်"

"ဟုတ်တယ်သားရဲ့။ အမေတို့နဲ့ ဆွေမျိုးနီးစပ်ထဲကပဲ၊ နိုင်ငံခြားပြန်လေ။ Ph.D ယူပြီး ပြန်လာတာပေါ့။ အဲဒါ အလှူတစ်ခုမှာ သူ့မိဘတွေနဲ့ စကားစပ်မိရင်း ကမ်းလှမ်းလာတာ သားရဲ့"

Ph.D တောင် ရနေပြီးမှတော့ တီတာအောင်ချမ်းနဲ့ အတော့်ကို အသက်ကွာမှာပါပဲ။ ဒီဘူဒါးကြီးကလည်း ဒီအသက်အရွယ်ထိ မိန်းမ မမြင်ဖူးဘူးလား မသိဘူး။ သားကောင်းမြတ်က မနေနိုင်မထိုင်နိုင် ပြောမိပါတယ်။

"အမေတို့ကလည်း ဘာမှန်းလည်း မသိဘူး။ တီတာက အခုမှ ကလေးရှိသေးတာ၊ ကျောင်းလေးဘာလေးပြီးအောင် တက်ပြီးရင် ဘွဲ့ရအောင်သင်ပါစေဦးလား အမေရာ။ မိတီတာ သနားပါတယ်။ ပြီးတော့ ဒီလောက်အသက်ကြီးကြီး လူကြီးနဲ့မှ"

"အော် သားရယ်။ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ သူတို့ဖက်က လိုလိုလားလား ကမ်းလှမ်းတုံး ကိုယ်က စေ့စပ်ထားလိုက်မှာ။ ဒီခေတ်မှာ အိမ်ထောင်တစ်ဖက်နဲ့ ကျောင်းတက်နေတဲ့ လူတွေလည်း ရှိတာပဲဉစ္စာ"

မဖြစ်မနေ စီစဉ်တော့မှာ ထင်ပါရဲ့။ တီတာအောင်ချမ်းလည်း မငြင်းဘူးလား မသိဘူး။ မစားရတဲ့အမဲ သဲနဲ့ပက်တာ မဟုတ်ပေမယ့် ဒီလူကြီးနဲ့တော့ မယူနိုင်အောင် လုပ်မှထင်တယ်။ ဒီလူကြီးနဲ့စာရင် ဟိုကောင်ကျော်စွာနောက် လိုက်သွားတာကမှ ဟုတ်ဦးမယ်။ ကိုယ်က သာ ကြားထဲက စိတ်ပူနေရတာ။ ဟိုနှစ်ယောက်က အစီအစဉ်တွေ ဘာတွေဆွဲပြီး နေလောက်ပြီ။ တီတာအောင်ချမ်းအမေက သားကောင်း မြတ်ရဲ့ ဆံပင်ကို သပ်လိုက်ရင်း-

"သားက တီတာလေးကို နှမြောနေတယ်ပေါ့။ အမေတို့လည်း နှမြောတာပါပဲသားရယ်။ မေမေတို့က တီတာလေးကို ထွန်းထွန်းပေါက် ပေါက် ဖြစ်အောင် မလုပ်ပေးနိုင်ခဲ့ပေမယ့် သူ့ဟာနဲ့သူ ဂုဏ်ဒြပ်ရှိတဲ့ အိမ်ထောင်ဖက်နဲ့ တင့်တောင့်တင့်တယ် ဖြစ်စေချင်တယ်။ တီတာလေး ဒုက္ခရောက်မယ့်ကိစ္စမျိုး အမေတို့ မလုပ်ပါဘူးကွယ်"

စကားအဆုံးမှာ သားကောင်းမြတ်တစ်ယောက် မျက်ရည်တွေ


www.burmeseclassic.com

www.burmeseclassic.com



ဝဲလာပါတယ်။ အရွယ်ရောက်ကတည်းက မင့်ဖြစ်တာကြာပြီ။ ဒီတစ်ခါတော့ ငိုပစ်လိုက်ရင် ကောင်းမယ်ထင်တယ်။ တကယ်တမ်း ငိုမယ်ဆိုတော့လည်း ဆို့နင့်ကြီး။ သားကောင်းမြတ်က တီတာအောင်ချမ်းအမေလက်မောင်းနဲ့ သူ့မျက်နှာပွတ်ပြီး မျက်ရည်တွေ သုတ်ပစ်လိုက်တယ်။

"တီတာရော မငြင်းဘူးလားဟင်"

သားကောင်းမြတ်က ငိုသံမပါအောင် စကားသံကို ထိန်းပြီး မေးလိုက်ပါတယ်။

"သမီးက ဘာမှမပြောရှာဘူး။ သဘောတူတယ် မတူဘူးလည်း တစ်ခွန်းမှ မပြောဘူး။ သူလည်း နည်းနည်းတော့ ဝမ်းနည်းနေမှာပေါ့။ သားသွားပြီး အားပေးလိုက်ပါဦး"

သားကောင်းမြတ်က တီတာအောင်ချမ်းအမေရဲ့လက်ကို သစ်လိုက်ပြီး တီတာအောင်ချမ်း အခန်းဖက် လျှောက်လာခဲ့တယ်။

"တီတာ ငါဝင်ခဲ့မယ်နော်"

ပြန်ထူးသံမကြားရဘူး။ သားကောင်းမြတ်လည်း ခန်းဆီးစအသာလှစ်ပြီး၊ အခန်းထဲဝင်လိုက်တော့ တီတာအောင်ချမ်းက ဘုကြည့်စားပွဲမှာ ခေါင်းငေါင်ကြီးထိုင်လို့။

"နင်စိတ်ညစ်နေလားဟင်"

တီတာအောင်ချမ်းက ပြန်မဖြေဘဲ စားပွဲပေါ် ချထားတဲ့ ဓါတ်ပုံတစ်ပုံကို သည်းသည်းမည်းမည်း ကြည့်နေလေရဲ့။

"ဒါ နင်နဲ့စေ့စပ်မယ်ဆိုတဲ့ လူလား"

သားကောင်းမြတ်က တီတာအောင်ချမ်းရဲ့ ပခုံးပေါ် လက်တင်လိုက်ပြီး မေးလိုက်ပါတယ်။ တီတာအောင်ချမ်းက ခေါင်းညိတ်ပြတယ်။

"ရုပ်ဆိုးလိုက်တာဟာ"

သားကောင်းမြတ်က ဓါတ်ပုံကို ယူကြည့်ပြီး ပြောလိုက်တာပါ။ ဓါတ်ပုံထဲမှာ အဲဒီလူကြီးက မြစ်ကမ်းနားလို့ ထင်ရဘဲနေရာတစ်ခုကို နောက်ခံထားပြီး ဟန်အပြည့်နဲ့ ရိုက်ထားတယ်။ နိုင်ငံခြားမှာ ရိုက်တာထင်ရဲ့။ ဒီလူ့ခမျာ တတ်ထားတဲ့ပညာနဲ့ မလိုက်အောင် ရုပ်ဆိုးရှာတယ်။ ဓါတ်ပုံထဲမှာ ရုပ်နေပုံက ရုပ်ရှင်ထဲက လူကြမ်းလိုလို၊ ဘာလိုလိုနဲ့။ လူကြမ်းကောင် ခေါင်းဆောင်ဖြစ်မယ့် အင်္ဂါရုပ်မျိုးမဟုတ်ဘူး။ နောက်လိုက်နောက်ပါဖြစ်မှာ။ မဆိုစကောင်း၊ မတွေးစကောင်း တီတာအောင်ချမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

သာ အိမ်ထောင်တွေကျပြီး သားသမီး ပွားစီးလိုက်ရင်တော့ ဘီလူးလေး၊ သဘက်လေးတွေ မွေးလာတော့မှာပဲ။

"နင့်အဖေနဲ့အမေက လက်မရှိ့လူသတ်သမားလက်ထဲ နင့်ကို ထည့်ပေးလိုက်တာပါလား"

သားကောင်းမြတ်က ခါတ်ပုံနောက်ကျောဖက် ဘာရယ်မဟုတ် လှန်ကြည့်လိုက်ပါတယ်။ အမယ်စာတွေတောင် ရေးထားသေးတယ်။

"ကိုကြီးက ရုပ်ဆိုးပေမယ့်
အသည်းက ဖြူပါတယ် ညီမလေးရယ်၊
ညီမလေးလည်း ကိုကြီးလို အသည်းဖြူမယ် မျှော်လင့်လို့
တစ်ဘဝလုံးစာ ရည်ရွယ်လိုက်ရပါတယ်" တဲ့။

"ခွီး၊ ခွီး"

သားကောင်းမြတ်ခမျာ ထိန်းထားတဲ့ကြားက ရယ်သံတစ်ခွီးခွီး ထွက်သွားတယ်။

"ဟားဟား နင့်လူကြီးက နိုင်ငံခြားမှာ အသည်းဖြူတဲ့ကိစ္စ သုတေသနလုပ်ပြီး Ph.D ရလာတာလားမသိဘူး။ ဟား ဟား"

တီတာအောင်ချမ်းလည်း စပ်ဖြီးဖြီး ဖြစ်လာတယ်။

"ပေး ဓါတ်ပုံ"

တီတာအောင်ချမ်းက ဓါတ်ပုံကို ဆွဲယူလိုက်ပြီး စားပွဲပေါ် ပစ်တင်လိုက်တယ်။ ပြီးတော့ ဘောလ်ပင်အနက်တစ်ချောင်းယူပြီး နှုတ်ခမ်းမွေး ဆွဲပေးလိုက်တယ်။ အဲဒီလူကြီးသာသိရင် ဘယ်လောက်တောင် ရင်နာလိုက်မလဲ မသိဘူး။

"ပါးသိုင်းမွေးလေးပါ ဆွဲလိုက်ဦး"

တီတာအောင်ချမ်းက သားကောင်းမြတ်အကြံပေးတဲ့အတိုင်း ပါးသိုင်းမွေးပါထည့်ဆွဲလိုက်ပါတယ်။ ပြီးတော့ နှစ်ယောက်သား ဓါတ်ပုံ ကြည့်ပြီး တဟင်းဟင်းနဲ့ သဘောကျနေကြပါတယ်။ ဟိုလူကြီးရုပ်က လည်း အင်္ဂလိမာလကို ကုတ်အင်္ကျီနဲ့နက်ကတိုင် ဝတ်ပေးထားတဲ့ ရုပ်ပေါက် သွားရှာတယ်။

"ပေး ငါလည်း ဆွဲဦးမယ်"

တီတာအောင်ချမ်းက သားကောင်းမြတ်လက်ထဲ ဘောလ်ပင် ထည့်ပေးလိုက်တယ်။ သားကောင်းမြတ်က ဓာတ်ပုံထဲက လူကြီးမင်းရဲ့


www.burmeseclassic.com

www.burmeseclassic.com

ပါးပြင်ပေါ်မှာ ပလတ်စတာနှစ်ခု ကြက်ခြေခတ်ပုံစံ ထပ်ဆဲ့လိုက်တယ်။

"ဟဲ့၊ မျက်လုံးတစ်ဖက်ကို အုပ်လိုက်ဦး"

နိုင်ငံခြားပြန် Ph.D လူကြီးလူကောင်းခမျာ သူတို့နှစ်ယောက်နဲ့ တွေ့မှ ပင်လယ်ဒမြဘဝ ထပ်ပြောင်းသွားပါတယ်။ စိတ်ရှိလက်ရှိ အမဲဖျက်လို့ ဝတော့မှ-

"နင် ဒီလူကြီးကို တကယ်ယူတော့မလို့လား"

"နင်က ငါ့ကို ယူစေချင်လို့လား"

တီတာအောင်ချမ်းက ပြန်ပြီး မေးခွန်းထုတ်တယ်။

"အား၊ မယူစေချင်ပါဘူး။ နင်ဒီလူကြီးကို မယူနဲ့ဟာ။ နင်အခုထိ မငြင်းသေးဘဲ ဘာလုပ်နေတာလဲ။ အပြတ်ငြင်းပစ်လိုက်ဟာ။ ငါပါ ကူငြင်းပေးမယ်။ အဲဒါမှ မရသေးရင် ငါ့အမေကိုပါ ကူငြင်းခိုင်းမယ်။ အမေကလည်း တီတာလေး သနားပါတယ်တဲ့"

တီတာအောင်ချမ်းက ဘာမှပြန်မပြောဘဲ ရှေ့တည့်တည့်ကိုသာ ကြည့်နေပါတယ်။

သားကောင်းမြတ်က မဝံ့မရဲနဲ့ တစ်ခွန်းထပ်မေးလိုက်တယ်။

"ကျော်စွာရော၊ ဒီကိစ္စ သိပြီးသွားပြီလား"

"အင်း"

"ဒါဆို၊ နင်တို့ ဘယ်လိုလုပ်မလဲဟင်"

တီတာအောင်ချမ်းက ပြန်မဖြေဘဲ သားကောင်းမြတ်ကို စေ့စေ့ ကြည့်နေပါတယ်။ ပြီးမှ-

"နင်ငါ့ကို ပြောစရာတစ်ခုခုများ ရှိလားဟင်"

"ငါက ဘာကို ပြောရမှာလဲ"

"တစ်ခုခုပေါ့ဟာ၊ ငါနဲ့သက်ဆိုင်တဲ့ တစ်ခုခုပေါ့"

တီတာအောင်ချမ်းက ထိုင်ရာက ထလိုက်ရင်း စာရေးစားပွဲပေါ် မှီလို့ သားကောင်းမြတ်နဲ့ မျက်လုံးချင်းဆိုင်ကြည့်နေပါတယ်။ သားကောင်းမြတ်ကလည်း တည့်တည့်ပြန်ကြည့်တယ်။

"ငါ့ရင်ထဲမှာ ပြောစရာတွေ အများကြီးပေါ့ဟာ။ ဒါပေမယ့် ငါဘာ ပြောရမှန်း မသိဘူး"

"နင်တစ်ခါက ပြောဖူးခဲ့တဲ့ အချစ်ဆိုတာကိုရော၊ အဖြေသအချာ သိပြီလား"


www.burmeseclassic.com

www.burmeseclassic.com



သားကောင်းမြတ်က စဉ်းစားသလို ငြိမ်နေလိုက်ပါသေးတယ်။ သူ့နှလုံးသွေးတွေက ငြိမ်သက်ပြီး ထုံထုံကြီးဖြစ်လို့။ ဦးနှောက်ထဲမှာလည်း ရှုတ်ယှက်ခတ်လို့။ ဘာအဖြေမှ မထွက်လာဘူး။ ဘာလုပ်ရမယ်မှန်းလည်း မသိဘူး။

"ငါ ဘာမှမပြောတတ်ဘူးဟာ။ ဘာမှလည်း စဉ်းစားလို့မရဘူး၊ နင်ဘာကို သိချင်နေရတာလဲဟင်"

တီတာအောင်ချမ်းက မဲ့ပြုံးလေးပြုံးပြီး ခေါင်းခါလိုက်ပါတယ်။ အလကား သားကောင်းမြတ်။ တကယ်တမ်းကျတော့ အဖြစ်မရှိဘူး။ အူကြောင်ကြောင်နဲ့။ တီတာအောင်ချမ်းက နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။

"နင့်ဆီမှာ ပိုက်ဆံစုထားတာရှိလား"

"အင်း ကွန်ပျူတာဝယ်မလို့၊ စုထားတာတော့ ရှိတယ်။ နင်ဘာလုပ်မလို့လဲ"

"ငါချစ်တဲ့လူနောက် လိုက်မလို့"

"ဟာ၊ နင်ပေါက်ကရတွေ မလုပ်စမ်းနဲ့။ နင့်အမေကို ဘကယ် မငြင်းသေးလို့ပါ။ နင့်အမေက အတင်းအကျပ် လုပ်မှာမဟုတ်ပါဘူး။ ဘာလဲ ဟိုကောင်က နင့်ကိုခိုးမယ်တဲ့လား။ နှစ်ယောက်စလုံး ပညာတစ်ပိုင်းတစ်စနဲ့ ဒုက္ခရောက်တော့မှာပဲ"

တီတာအောင်ချမ်းက ဘာမှပြန်မပြောပဲ အံဆွဲထဲက သူ့ရဲ့နိုင်ငံသားကတ်ကို စားပွဲပေါ် တင်လိုက်ပါတယ်။

"ငါ့ကို မန္တလေးရထားလက်မှတ်နှစ်စောင် ဝယ်ပေးစမ်းပါ။ နောက်တစ်စောင်ကို နင့်နာမည်နဲ့ဝယ်ခဲ့။ ပြီးတော့ နင့်ပိုက်ဆံတွေငါ့ကို ချေးစမ်းပါ။ ငါစုထားတာတွေက မယ်ပြိုင်ပွဲဝင်ရမယ်ဆိုလို့ အဝတ်အစားနဲ့ အလှပြင်ပစ္စည်းတွေ ဝယ်လိုက်တာ တစ်ထောင်ကျော်လေးပဲ ကျန်တော့တယ်"

"နင်ဒီလို လုပ်မယ်ဆိုရင် ငါနင့်အမေကို တိုင်လိုက်မှာနော်။ နင် ကျော်စွာနဲ့ လိုက်မသွားရဘူး"

"ဒါဆိုရင်လည်း၊ အဲဒီလူကြီးကိုပဲ မျက်စိစုံမှိတ်ပြီး ယူလိုက်ရတော့ ...ပေ"

"ဂျုတ်"



www.burmeseclassic.com

www.burmeseclassic.com

သွားကောင်းမြွတ်ရဲ့ပုံစံက အရှူးမီးဝိုင်း။ တီတာအောင်ချမ်းက သွားကောင်းမြွတ်ပြောလာမယ့်စကားကို မျှော်လင့်ချက်ကြီးစွာနဲ့ နားစွင့်နေတယ်။

"နင့် နှလုံးသားက ဘာတွေများ မှိုင်းမိပြီး ထုံထုံကြီး ဖြစ်နေရတာလဲ သွားကောင်းမြွတ်ရယ်။ နင့်ရင်ထဲက ချစ်နေတယ်ဆိုတဲ့ တစ်ယောက်ဟာ ငါမဟုတ်ဘူးလား ဟင်။ နင့်ပါးစပ်က ဒီစကားတစ်ခွန်း သေချာဖို့ ဘယ်လို ဒေတာတွေ၊ ကိန်းဂဏန်းတွေများ လိုနေသေးလို့လဲ။ နင့်ရင်ကို ဒီလောက်ထိ ဖွင့်မရအောင် ဘယ်လိုသော့မျိုးနဲ့များ ခတ်ထားမိလို့လဲ။ နင်ဒီအချိန်မှ မပြောရင် ဘယ်အချိန်မှ ပြောတော့မှာလဲ သွားကောင်းမြွတ်ရယ်"

ဒါတီတာအောင်ချမ်းရဲ့ရင်ထဲမှာ ရိုက်ခတ်နေတဲ့ ပဲ့တင်ထပ်သံတွေပါ။ သွားကောင်းမြွတ်ဆီက သက်ပြင်းချသံထွက်လာပါတယ်။

"ငါ. . ."

ဆက်မပြောဘဲ ရပ်သွားတယ်။ တီတာအောင်ချမ်းရဲ့နိုင်ငံသားကတ်ကို စားပွဲပေါ်က လှမ်းယူလိုက်ပြီး-

"ငါ. . . ရထားလက်မှတ်ဝယ်ပေးပါ့မယ်ဟာ။ နင်ကံကောင်းပါစေဟာ"

ပြောပြောဆိုဆို သွားကောင်းမြွတ်က တီတာအောင်ချမ်းရဲ့ အခန်းထဲကနေ ထွက်ခွာသွားပါတယ်။ တီတာအောင်ချမ်းခမျာလည်း တစ်ကိုယ်လုံး နွမ်းလျပြီး ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်တယ်။

"နင်ကံကောင်းပါစေတဲ့လား၊ သွားကောင်းမြွတ်ရယ်။ အခုအချိန်က စပြီး ငါကံဆိုးပြီဟ"

တီတာအောင်ချမ်းခမျာ မျက်ရည်တွေကျရင်း၊ ပါးစပ်က တစ်တွတ်တွတ် ရွတ်ရင်း ဟိုလူကြီးရဲ့ခါတ်ပုံကို တစ်စစီ ဆုတ်ဖြဲနေပါတော့တယ်။

"ငတုံး၊ ငအ၊ ငဒူ၊ လဘာကျာ၊ အရူး၊ သွားကောင်းမြွတ်၊ နင့်ကို မုန်းတယ် ဟီးဟီး"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန်ဘူတာကြီး'

ခရီးသွားမယ့်သူတွေ၊ ပစ္စည်းတွေ ပစ္စယတွေ ပျားပန်းခတ်မျှ ရှုတ်ထွေးလို့ နေပါတယ်။ ဆူညံနေတဲ့ လူအုပ်တွေကြားမှာတော့ တီတာ အောင်ချမ်း။ သူ့ဘေးမှာ ကျောပိုးအိတ်တစ်လုံးနဲ့။ ခရီးသည်တွေ နားနေဖို့လုပ်ပေးထားတဲ့ နေရာလေးမှာ ထိုင်နေလေရဲ့။ လက်ထဲမှာ တော့ ရထားလက်မှတ်နှစ်စောင်နဲ့ စာအိတ်အညိုရောင်တစ်အိတ်။ စာအိတ်ထဲမှာ ပိုက်ဆံနှစ်သိန်းနဲ့ စာတစ်စောင်။ တီတာအောင်ချမ်းက သူဖတ်ပြီးတဲ့စာကို နောက်တစ်ကြိမ်ထပ်ဖတ်လိုက်ပါတယ်။

"တီတာ

နင့်အတွက် ရထားလက်မှတ်၊ နိုင်ငံသားကတ်နဲ့ ပိုက်ဆံတွေ ထည့်ပေးလိုက်တယ်။ ငါဒီလိုမလုပ်ချင်ပေမယ့် နင်မချစ်တဲ့လူနဲ့စာရင်၊ နင်ချစ်တဲ့လူနဲ့ လက်တွဲရတာ ပိုကောင်း မယ်ထင်လို့ပါ။ အိမ်က စိတ်ဆိုးတော့လည်း ခဏပေါ့ဟာ။ မန္တလေးရောက်ရင် ငါ့ဆီဖုန်းဆက်ပါဦး။ ညဘက်ဆိုရင် ငါ နင့်ဖုန်းကို မျှော်နေမယ်။ နင့်အိမ်ကိုလည်း အခြေအနေကြည့်ပြီး ငါဖျောင်းဖျပေးပါ့မယ်။ တီတာလေး ပျော်ရွှင်ချမ်းမြေ့ပါစေ။

သားကောင်းမြတ်

"နင်ချစ်တဲ့သူနဲ့ လက်တွဲရတာ ပိုကောင်းမယ်ထင်လို့ပါတဲ့လား၊ သားကောင်းမြတ်ရယ်။ ငါချစ်တဲ့သူက နင်ပဲလေ။ နင်တကယ်မသိတာပဲ လား။ ရှုးချင်ယောင်ပဲ ဆောင်နေတာလား။ နင့်ရင်ထဲက တစ်ယောက် ဟာ ငါပဲ မဟုတ်တာလား၊ သားကောင်းမြတ်ရယ်"

ဒီစာနဲ့ ပိုက်ဆံတွေကို မနက်အစောကြီး သားကောင်းမြတ် လာပို့သွားတာပါ။ ညှို့မှိုင်းအုံ့မှောင်နေတဲ့ သားကောင်းမြတ်က စကားတစ်ခွန်းမှ မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်ပဲ ပြန်ထွက်သွားပါ တယ်။ သားကောင်းမြတ်ပေးသွားတဲ့ ပစ္စည်းတွေကို ကြည့်ပြီး တီတာ



www.burmeseclassic.com

www.burmeseclassic.com

အောင်ချမ်းခမျာ ဆို့နင့်သွားပါတယ်။ ကိုယ့်ကိုယ်ကို ဘာလုပ်ရမှန်း မသိဘူးဖြစ်သွားတယ်။

"နင့်ကို ငါဆုံးရှုံးရတော့မှာလား သားကောင်း မြတ်ရယ်"

ဒါပေမယ့် တီတာအောင်ချမ်းက လက်မခံနိုင်သေးပါဘူး။ နောက်ဆုံးအချိန်ထိ သချောချင်သေးတယ်။ ရထားထွက်မယ့်အချိန်ကို သားကောင်းမြတ်လည်း သိနေတာပဲ။ သူ့ရင်ထဲက အချစ်ဆိုတာက အချိန်မီလန့်နိုးခဲ့ရင် သူတို့နှစ်ယောက် ဆုံနိုင်သေးတာပဲ။ တီတာအောင် ချမ်းလည်း ကံကြမ္မာနဲ့ လောင်းကြေးထပ်ပြီး ဘူတာကြီးဆီ ထွက်လာခဲ့ တာပါ။ ဒီနည်းလမ်းဟာ သားကောင်းမြတ်ရဲ့ နှလုံးသားကို ထိုးထွင်း သိမြင်နိုင်မယ့် တစ်ခုတည်းသော နည်းလမ်းလေ။

"နင် ငါ့ဆီ သချောပေါက်လိုက်လာရမှာပါ သားကောင်းမြတ်ရယ်"

အခုတော့ တီတာအောင်ချမ်းခမျာ ခရီးသည်တွေ နားနေတဲ့ ထိုင်ခုံလေးမှာ တစ်ယောက်တည်း။ အချိန်တွေက စက္ကန့်ကနေမိနစ်၊ မိနစ်ကနေ နာရီဆီသို့တိုင် ကျော်ဖြတ်လာပါပြီ။ သားကောင်းမြတ်က အခုထိ ပေါ်မလာသေးပါဘူး။ စက္ကန့်တံလေး ခရီးသွားတာပဲ မြန်နေတာလား မသိဘူး။

"နင်မြန်မြန်လာပါတော့ သားကောင်းမြတ်ရယ်"

တီတာအောင်ချမ်းရဲ့ ရင်မှာ ဗလောင်ဆူလို့။ လက်ပတ်နာရီကို လည်း ခဏခဏ ကြည့်မိတယ်။

"စက္ကန့်တံလေးရယ်၊ မင်းမမောသေးဘူးလား။ ခဏလောက် နားပါဦးတော့လား။ ငါ့ချစ်သူလေး အချိန်မီ ရောက်လာရုံလေး နားပေး စမ်းပါ"

"အချိန်နဲ့ဒီရေသည် လူကိုမစောင့်" ဆိုတဲ့ စကားရှိပါတယ်။ အချိန် ကို စောင့်နေတဲ့ တီတာအောင်ချမ်းခမျာ ဆုတောင်းမပြည့်ရှာတော့ဘူး။ အသံချဲ့စက်က ခရီးသည်တွေ ရထားပေါ်ကို တက်နိုင်တဲ့အကြောင်း ကြေငြာသံလေးထွက်လာပါတယ်။ တီတာအောင်ချမ်းရဲ့ မျက်ရည်တွေက ကိုင်ထားတဲ့ ရထားလက်မှတ်ဆီပေါ် ပိုးပိုးပေါက်ပေါက်။

"နင်မလာသေးဘူးလား သားကောင်းမြတ်ရယ်။ ငါ့ကိုသံသ ယုံကြည်လွန်းနေတာလား။ တို့နှစ်ယောက် ရင်းနှီးခဲ့တဲ့ သံယောဇဉ် အတိုင်းအတာနဲ့တောင် ဒီလို ယုံကြည်ဖို့ မလုံလောက်သေးဘူးလား


www.burmeseclassic.com

www.burmeseclassic.com



ဒီကံကြမ္မာဆိုတဲ့ ဥစ္စာကြီးကို ငါရှုံးရတော့မှာလားဟင်"

ပတ်ဝန်းကျင်မှာတော့ ခရီးသည်တွေက လှုပ်လှုပ်ရွရွ။ တစ်ယောက်တည်း မလှုပ်မယှက် မျက်ရည်တွေဝဲနေတဲ့ ကောင်မလေး တစ်ယောက်ကို ခရီးသည်တွေက တစ်စေ့တစ်စောင်း အကဲခတ် သွားကြတယ်။ တီတာအောင်ချမ်းကတော့ ခေါင်းငိုက်စိုက်ကျပြီး၊ စကြံန်ပလက် ဖောင်းတွေဆီကိုပဲ ကြည့်နေတယ်။ ခြေထောက်တွေ၊ ခြေထောက်တွေ ဟိုက ဒီကို လူးလားခေါက်ပြန်သွားလို့။ တီတာအောင်ချမ်းကတော့ သူ့ဆီကို လှမ်းလာမယ့် ခြေထောက်တစ်စုံကိုပဲ မျှော်မိတယ်။ ဟော ဟိုမှာ သားကောင်းမြတ်စီးတတ်တဲ့ ဝေါ့ကင်းရှူးလေး။ ဝေါ့ကင်းရှူးစီးထား တဲ့ ခြေထောက်ပိုင်ရှင်က တီတာအောင်ချမ်းဆီ တန်းလာပါတယ်။ ကောင်မလေးက အသက်ရှူရပ်သွားမတတ်ပါပဲ။

"နင်တကယ်လာပြီလား၊ သားကောင်းမြတ်ရယ်"

တီတာအောင်ချမ်းက သူ့ဆီလှမ်းလာနေတဲ့ ဝေါ့ကင်းရှူးလေးကိုပဲ စူးစိုက်ကြည့်နေတယ်။ ဝေါ့ကင်းရှူးလေးက မျက်ရည်တွေကြား ဝေဝေ ဝါးဝါး။ 'ခြောက်လှမ်း၊ ငါးလှမ်း၊ လေးလှမ်း၊ သုံးလှမ်း၊ နှစ်လှမ်း၊ တစ်လှမ်း'

ဝေါ့ကင်းရှူးလေးက တီတာအောင်ချမ်းရှေ့ ခြေစုံရပ်သွားပါတယ်။ တီတာအောင်ချမ်းရဲ့ အမြင်အာရုံတစ်ခုလုံး မျက်ရည်တွေနဲ့ ဖုံးနေပါ တယ်။

"နင်တကယ်လာပြီပေါ့ သားကောင်းမြတ်ရယ်၊ ငါ ဝမ်းသာ လိုက်တာဟယ်"

တီတာအောင်ချမ်းက တုန်လှိုက်နေတဲ့ရင်နဲ့ သူ့ရှေ့က ရပ်နေတဲ့ သူ့ဆီ မော့ပြီး ဝမ်းသာအားရခေါ်လိုက်ပါတယ်။

"သား. . . ကောင်း. . . မြတ်"

ဖုံးလွှမ်းနေတဲ့ မျက်ရည်တွေက ပါးပြင်ပေါ်လိမ့်ဆင်းသွားတယ်။ တီတာအောင်ချမ်းရဲ့ အမြင်အာရုံမှာ တွေ့လိုက်ရတာက။ ဂျင်းဘောင်း ဘီ၊ ဂျင်းအင်္ကျီဝတ်ထားတဲ့ အသက် ငါးဆယ်လောက်ရှိမယ့် လူကြီး တစ်ယောက်။ လည်ပင်းက ဆွဲကြိုးကြီး ကလည်း ရထားကို လှမ်းဆွဲ သားလို့ရတယ်။ လက်ထဲမှာလည်း ရွှေဟန်း ချိန်းအကြီးကြီးနဲ့။ မြင်တော့ နေကာမျက်မှန်ကြီးတတ်လို့။

"ဟင်၊ သားကောင်းမြတ်လည်း မဟုတ်ဘူး။ ရှင်ဘယ်သူလဲ။ သားကောင်းမြတ်ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကနဲထပြီး၊ လက်ညိုးတည့်တည့်ထိုးပြီး မေးလိုက်တဲ့ တီတာအောင်ချမ်းရဲ့ ပုံစံကို ကြည့်ပြီး အန်ကယ်ကြီးက နောက်ဆုတ်သွားပါတယ်။

"သားကောင်းမြတ်၊ ဘယ်က သားကောင်းမြတ်လဲ၊ မသိဘူးလေ"

"ဒါဆို ရှင်ကြီးက ဘာလာလုပ်တာလဲ၊ ရှုတ်ရှုတ်မလုပ်နဲ့နော်၊ ကျွန်မ အော်လိုက်မှာ"

"ဟာ မအော်နဲ့လေ၊ တလွဲမထင်ပါနဲ့ အစ်ကိုကြီး. . . အဲ အန်ကယ်က အရေးကြီးကိစ္စနဲ့ မန္တလေးသွားရမှာ၊ အဲဒါလက်မှတ်ဝယ်လို့ မရဘူး ဖြစ်နေလို့။ ညီမလေး၊ အဲ သမီးက တစ်ယောက်တည်း လက်မှတ်နှစ် စောင်ကိုင်ထားပြီး ပုံစံကလည်း မလိုက်တော့မယ့် ပုံစံဖြစ်နေလို့ အဲဒါ ပြန်ရောင်းမလားလို့ လာမေးတာပါ။ မအော်နဲ့နော်"

အော်တီတာအောင်ချမ်းရယ်၊ ဝင့်ကြွေးကကြီးလှချည်လား၊ ဝမ်းနည်းကြေကွဲနေတာတောင် အနှောင့်အယှက်ပေးမယ့်သူနဲ့၊ အင်းလေ သူကလည်း လူထောင်သောင်းကြားထဲ လာပြီး ကြေကွဲနေတာကိုး။ ဘူတာကြီးက တာဝန်ရှိတဲ့ လူတွေကို အကြံလေးပေးချင်ပါရဲ့၊ လွတ်လွတ်လပ်လပ်ကြေကွဲလို့ရမယ့် နေရာလေးတစ်နေရာ စီစဉ်ပေးပါလို့။ ဘူတာဆိုတာ ခွဲခွာရမယ့်လူတွေအတွက် ဝမ်းနည်းကြေကွဲရမယ့် နေရာမဟုတ်လား။

"ကျေးဇူးပြုပြီး ကူညီပါ တူမလေးရယ်။ အန်ကယ်အရေးကြီးလို့ပါ၊ ကူညီမယ် မဟုတ်လားဟင်"

တီတာအောင်ချမ်းက ကိုင်ထားဆဲ လက်မှတ်နှစ်စောင်ကို ကြည့်လိုက်ပါတယ်။

"ဟိုလက်မှတ်မှာ နာမည်တွေနဲ့"

"ကိစ္စမရှိပါဘူး၊ တွဲစောင့်ကို နားလည်အောင် ပြောရမှာပဲ။ ဘာပဲ ပြောပြော ထိုင်စရာတစ်နေရာရရင်ပဲ အတော်ဟုတ်သွားပြီ။ ကြားဖူးတယ်မဟုတ်လား။ ပြေလည်အောင်ပြောရင် လေယာဉ်ပျံတောင် အလကားစီးလို့ရတယ်ဆိုတာလေ"

"ဒါဆိုလည်း တွဲစောင့်ကို ပြေလည်အောင် ပြောပြီး အလကား စီးသွားပါလား။ ဘာလို့ လက်မှတ်လာဝယ်နေသေးလဲ"

"အန်"



www.burmeseclassic.com

www.burmeseclassic.com

ဂျင်းဝ ်းဆက်နဲ့ အန်က ်ကြီးလည်း အီလည်လည်ဖြစ်သွား ရှာတယ်။ ဒါကြောင့် ပြောတာ ၊ အစားကို ကုန်အောင်စား၊ စကားကို ကုန်အောင် မပြောနဲ့လို့။ ခုတော့ ဘယ့်နှ ...ဲ့ရှိစ။ အန်ကယ်ကြီးလည်း အီလည်လည် မျက်နှာလေးကို အတတ်နိုင်ဆုံး ချိုနေအောင် ပြင်လိုက်ပြီး-

"ဟိုဒင်းလေ၊ ဟိုဒင်း ၊သားထွက်တော့မယ်။ ကူညီမယ်ဆိုလည်း မြန်မြန်လေး ကူညီပါ ညီမ ါ သမီးရယ်။ ဒီကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး။ အန်ကယ် ားနဲ့မှ အချိန်မီရောက်မသွားဘူးဆိုရင် အန်ကယ်ချစ်သူနဲ့ နောက်တစ်ခါ ထပ်ပြီးဝေးရပါလိမ့်မယ်ကွယ်။ ကူညီပါနော်။ ပိုက်ဆံပိုပေးပါ့မယ်"

ဒီစကားက တီတာအောင်ချမ်းရင်ကို တည့်တည့်ကြီး မှန်ပါတယ်။ ဒီလိုကြီးတောင့်ကြီးမားကြီးတောင် အချစ်ရဲ့နှိပ်စက်တာ ခံရတာပါပဲလား။ ဒီလက်မှတ်လေးနဲ့ ပါရမီဖြည့်ပေးရတော့မှာပဲ။ တီတာအောင်ချမ်းက လက်မှတ်ကို ထောင်ပြလိုက်ရင်း-

"ပေး ပိုက်ဆံ"

အန်ကယ်ကြီးက ပိုက်ဆံထုတ်ပေးပါတယ်။ လက်မှတ်ဖိုးနဲ့ ကွက်တိ

"အခုနက ပြောတော့ ပိုပေးမယ်ဆို"

အရေးထဲ ကောင်မလေးက ဈေးကွက်စီးပွားရေး ကျင့်သုံးနေပါသေးတယ်။ အန်ကယ်ကြီးက တစ်ထောင်တန်တစ်ရွက် ထပ်ထုတ်လိုက်ပါတယ်။ တီတာအောင်ချမ်း တစ်ထောင်တန်ကို မျက်စောင်းထိုးရင်း-

"အပြန်တက္ကစီငှားပြန်ရင် သုံးထောင်လောက် ပေးရမှာ။ နောက်ထပ်နှစ်ထောင် ထပ်ပေးဦး"

ဟိုလူကြီးခမျာ ရှုံ့မဲ့မဲ့နဲ့ ပိုက်ဆံထပ်ထုတ်ရပါတော့တယ်။ စပီကာက နေ ရထားထွက်တော့မယ်ဆိုပြီးတောင် ကြေငြာနေပါပြီ။ လက်ထဲကို ပိုက်ဆံရောက်လာတော့မှ တီတာအောင်ချမ်းလည်း လက်မှတ်တစ်စောင် ပေးလိုက်ပါတယ်။ ဟိုလူကြီးက ရထားလက်မှတ်ကို ဆတ်ကနဲ ဆွဲယူပြီး ဒရောသောပါးနဲ့ စကြံန်ထဲကို ဝင်သွားပါတယ်။ ရထားဘီးတောင် လိမ့်စပြုနေပါပြီ။ စိတ်ထဲကလည်း တီတာအောင်ချမ်းကို ကျိန်ဆဲသွားပါသေးတယ်။

"အလကား ဟာမလေး။ ရစ်စရာမရှိ ကြံဖန်ရစ်နေတယ်။ ဒါကြောင့်


www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့ မင်းနဲ့ ချိန်းထားတဲ့ကောင် ပေါ်မလာတာနေမှာ"

ရထားကြီးက ရှူးရှူးရှဲရှဲနဲ့ စတင်ထွက်ခွာနေပါပြီ။ လက်ထဲကျန်ခဲ့တဲ့ လက်မှတ်လေးကို ဘာရယ်မဟုတ် ဖတ်ကြည့်လိုက်တယ်။ သားကောင်းမြတ်တဲ့၊ မျက်ရည်တွေက ချက်ချင်းဝဲတက်လာတယ်။ ရင်ထဲမှာလည်း လှိုက်ကနဲ၊ လှိုက်ကနဲ။

"ငါပိုင်ဆိုင်ရတာ၊ ဒီလက်မှတ်လေးတစ်ခုပဲ ရှိပါတော့လား သားကောင်းမြတ်ရယ်"

မျက်ရည်တွေက အမြင်အာရုံကို ပြန်ပြီး ဖုံးလွှမ်းသွားပါတယ်။ နားထဲက တိုးတိတ်တဲ့ ခေါ်သံလေးကြားလိုက်ရတယ်။

"တီတာ"

ဒါ သားကောင်းမြတ်ရဲ့ အသံပဲ။ ဟုတ်တယ်။ ဒါသားကောင်းမြတ်ပဲ။ တီတာအောင်ချမ်းက မျက်ရည်တွေ ဝဲနေရာက သားကောင်းမြတ်ကို စူးစိုက်ကြည့်လိုက်တယ်။ ဘာလို့ ဒီလောက်တောင် နောက်ကျရတာလဲ သားကောင်းမြတ်ရယ်။ သားကောင်းမြတ်ရဲ့အသံက ခပ်တိုးတိုးလေး ထွက်လာပါတယ်။

"အိမ်ပြန်ကြရအောင်နော်"

"ဟင် ဒါဆိုရင်. . ."

တီတာအောင်ချမ်းရဲ့အတွေးမဆုံးခင်မှာဘဲ တစ်လောကလုံး မိုက်မှောင်ကျသွားပါတယ်။

"နင်ငါ့ကို မချစ်ဘူးပေါ့ သားကောင်းမြတ်ရယ်"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ကျော်စွာ၊ မင်းနဲ့ငါ စာရင်းရှင်းစရာရှိတယ်"

စာသင်ခန်းဝင်ပေါက်ကနေ ပိတ်ပြီးစောင့်နေတဲ့ သားကောင်းမြတ်ရဲ့ အသံက မာဆတ်ဆတ်။ ကျော်စွာက သားကောင်းမြတ်ကို ခပ်တင်းတင်းပြန်ကြည့်လိုက်တယ်။ ဒီကောင်ပြောစရာရှိတယ်ဆိုတာ တီတာအောင်ချမ်းရဲ့ အကြောင်းပဲ နေမှာ။

"ဘာပြောမလို့လဲ"

"ဒီမှာ မပြောဘူး၊ မင်းငါနဲ့ ခဏလိုက်ခဲ့"

ကျော်စွာက ခဏလောက် တွေနေပြီးမှ ခေါင်းညိတ်ပြလိုက်ပါတယ်။ နှစ်ယောက်သား စကားမပြောပဲ လျှောက်လာခဲ့တယ်။ စာသင်ခန်းတွေနဲ့ တော်တော်ဝေးလျှောက်မိပြီး လူရှင်းတဲ့ နေရာရောက်မှ . . .

"ခွပ်"

သားကောင်းမြတ်က မပြောမဆိုနဲ့ မျက်ခွက်ကို လက်သီးနဲ့ထိုးထည့်လိုက်တာပါ။ အလစ်ဆိုတော့ ကျော်စွာ့ခမျာ မြေကြီးပေါ် ပစ်လဲကျသွားတယ်။ နှာခေါင်းကနေ သွေးတွေပါ ကျလာတယ်။ သားကောင်းမြတ်က ကျော်စွာရဲ့ အင်္ကျီကော်လံကို စုဆွဲလိုက်ပြီး-

"မင်း အလကားကောင်၊ ဟိုနေ့က တီတာအောင်ချမ်း ဘယ်လောက်ခံစားသွားရတယ်ထင်လဲ၊ မိန်းကလေးတန်မဲ့ ခိုးရာလိုက်မလို့ဘူတာကြီးမှာ တစ်ယောက်တည်းစောင့်လို့။ မင်းပေါ်မလာမှန်းသိရော ပုံလျက်သားလေး သတိမေ့သွားတယ်။ တော်သေးတာပေါ့၊ ငါရောက်တဲ့အချိန်မှာဖြစ်လို့။ မင်းယောကျ်ားမဟုတ်ဘူး။ အစကတည်းက မခိုးနိုင်ရင်ချိန်းကတည်းက မလာနိုင်ဘူး။ မခိုးနိုင်ဘူး၊ ငြင်းလိုက်ပေါ့။ အဲဒါကမှ လူဆန်သေးတယ်"

"မင်း ဘာတွေလာပြောနေတာလဲ၊ တီတာအောင်ချမ်းက ငါ့ကို ဘယ်တုံးက ချိန်းလို့လဲ။ မင်း ဂေါက်နေလား"

"ဟော့ကောင် မင်း ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ မင်းတို့နှစ်ယောက်ခိုးရာလိုက်ဖို့ ငါကိုယ်တိုင် ရထားလက်မှတ်ဝယ်ပေးလိုက်ရတာ။

www.burmeseclassic.com

www.burmeseclassic.com


တကယ်လို့များဆိုပြီး ဘူတာကို ငါလိုက်သွားခဲ့တာ။ ဟိုမှာ ရထားက ထွက်သွားပြီး တီတာအောင်ချမ်းတစ်ယောက်တည်း ငိုကျန်ရစ်တာ။ မင်းက အဲဒီရထားနဲ့ပါသွားတယ်လို့ ပြောချင်သေးလို့လား"

ကျော်စွာက သူ့အင်္ကျီဆုတ်ထားတဲ့ သားကောင်းမြတ်ကို တွန်းထည့်လိုက်ပြီး-

"မင်း အရှုံးပဲ၊ မင်း ငကြောင်ပဲ သားကောင်းမြတ်။ တီတာအောင်ချမ်းကသာ ခိုးရာလိုက်မလို့ ငါ့ကို ချိန်းခဲ့ရိုးမှန်ရင် ရထားလက်မှတ် ငါ့ကို ဝယ်ခိုင်းမှာပေါ့။ ဘာကိစ္စ မင်းကို ဝယ်ခိုင်းရမှာလဲ။ မင်းကို ဝယ်ခိုင်းတယ်ဆိုတော့ မင်းကိုပဲ ခိုးခိုင်းတာ ဖြစ်မှာပေါ့"

"ဟေ့ကောင်၊ စကားကို လက်လွတ်စပယ်မပြောနဲ့။ မင်းနဲ့တီတာအောင်ချမ်းရည်းစားဖြစ်နေတာ တစ်ခန်းလုံးသိတယ်။ သူ့ရည်းစားကို မခိုးခိုင်းဘဲနဲ့ မင်းကြီးတော် လင်ကို ခိုးခိုင်းရမှာလားကွ"

ကျော်စွာက နှုတ်ခမ်းက သွေးစေးတွေကို လက်ခုံနဲ့ သုတ်လိုက်ရင်း-

"တီတာက သူ့ရည်းစားကို ခိုးခိုင်းချင်တာ မဟုတ်ဘူး။ သူ့ချစ်သူကို ခိုးခိုင်းချင်တာ"

"ဘာပြောတယ်"

သားကောင်းမြတ်ရဲ့ လက်က ပြေကျသွားတယ်။ ဒီကောင့်စကားက ဘာအဓိပ္ပာယ်လဲ။ တီတာအောင်ချမ်းနဲ့ နောက်ထပ် ဘယ်သူပတ်သက်နေသေးလို့လဲ။ ကျော်စွာကလဲ ကျနေရာက လူးလဲထလိုက်ရင်း-

"ဟုတ်တယ် သားကောင်းမြတ်၊ တီတာအောင်ချမ်းက မင်းကိုချစ်နေတာ။ ငါက သိသိကြီးနဲ့ ကံတရားဆိုတာကို လောင်းကြေးထပ်ပြီး နွားကျခံပြီး တွဲနေခဲ့တာ။ မင်းနှလုံးသားထဲက ဖုံးကွယ်နေတဲ့ ချစ်သူဆိုတာ သူပဲဆိုတဲ့ မျှော်လင့်ချက်တစ်ခုတည်းနဲ့ တီတာအောင်ချမ်းက ဘူတာကြီးထဲ သွားစောင့်နေခဲ့တာ။ မင်းက အရမ်းတွေဝေလွန်းတာကိုး။ မင်းဘက်က ပြတ်သားဖို့ သူတစ်ခုခုလုပ်ရတော့မယ်လေ။ do or die yes or no တစ်ခုခုပြတ်သားအောင် လုပ်ရတော့မယ်။ ကောင်းပါတယ်လေ။ အခုတော့ အားလုံးရှင်းသွားပြီ။ နောက်နောင် တီတာအောင်ချမ်းနဲ့ မင်း အကန့်ပြတ်သွားပြီ။ မင်းအမှန်ကို မြင်ပြီး အမြင်မှန်သွားအောင် ငါလက်ဆောင်ပေးခဲ့မယ်။ ကဲ"

"ခွပ်"


www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာရဲ့လက်သီးလက်ဆောင်ကြောင့် သားကောင်းမြတ်မျက်လုံးထဲ ကြယ်တွေလတွေတင်မကဘဲ၊ ဂြိုလ်သိမ်ဂြိုလ်မွှားတွေရောဥက္ကာခဲတွေပါ အကုန်မြင်သွားပါတယ်။ မိုက်ကနဲ ဖြစ်သွားရာကကြယ်တစ်စင်း အသစ်မွေးလာသလို လင်းထိန်သွားပါတယ်။

"နင်က ငါ့ကို ချစ်နေတာတဲ့လား တီတာလေးရယ်"

သားကောင်းမြတ်ရဲ့ ရင်ထဲမှာလည်း ပူနွေးပြီး ပျစ်ခဲနေတဲ့သွေးတွေက ရေခဲတောင်ကြီး ပြိုကျနေသလို တစ်ရှိန်းရှိန်းနဲ့ ပျော်ဆင်းလို့။ ဒါ ကမ္ဘာကြီး ပူနွေးလာလို့ မဟုတ်ပါဘူး။ ဒါအချစ်ကြောင့်ပါ။ ဟောနားထောင်လိုက်ကြပါဦး။ သားကောင်းမြတ်ရဲ့ နှလုံးခုံသံကလည်း 'တီတာ' 'တီတာ'တဲ့လား။ love Dub, love Dub လို့ မိရိုးဖလာအတိုင်း နှလုံးခုံသံကို နားယဉ်နေကြတဲ့ ပညာရှင်တွေအားလုံး ကျေးဇူးပြုပြီး ပြင်ဆင်ချက် ထုတ်ပေးကြပါ။ သားကောင်းမြတ်ရဲ့ ရင်ခုန်သံဟာ 'တီတာ' 'တီတာ' 'တီတာ' ပါလို့။

"ငါလည်း နင့်ကို ချစ်ပါတယ် တီတာရယ်။ ငါထုံခဲ့၊ အခဲ့၊ တွေဝေခဲ့တဲ့ အချိန်တွေအတွက် ငါတောင်းပန်ပါတယ်။ ငါ့အတွက် အချိန်မစေ့သေးဘူး မဟုတ်လား ဟင်။ အချစ်ကို စောင့်ရှောက်ကြတဲ့ နတ်မင်းကြီးတို့ရေ၊ ကျွန်တော်မျိုး သားကောင်းမြတ်ကို Injury time သုံးမိနစ်လောက် ပေးသနားကြပါ။ တီတာလေးရဲ့ နှလုံးသားထဲ အနိုင်ဂိုးသွင်းချင်လို့ပါဗျာ"

သားကောင်းမြတ်က လဲကျနေရာက လူးလဲထလိုက်ပါတယ်။ ဟိုခပ်လှမ်းလှမ်း ရောက်နေပြီဖြစ်တဲ့ ကျော်စွာကို လှမ်းအော်လိုက်ပါတယ်။

"ဟေ့ကောင်ကျော်စွာ"

ကျော်စွာက တုံ့ကနဲ ရပ်ရင်း လက်သီးကို ဆုတ်လို့ နောက်ပြန်လှည့်လိုက်ပါတယ်။ သားကောင်းမြတ်ဆီက စကားသံတစ်ခွန်းပဲ ထွက်လာတယ်။

"ကျေးဇူးပဲ ကျော်စွာ"

☺ ☺ ☺

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တီတာအရေးကြီးလို့ ငါနဲ့ အမြန်လိုက်ခဲ့စမ်းပါ"

တီတာအောင်ချမ်းတစ်ယောက် ဘူတာကြီးက ပြန်လာပြီးကတည်းက နေမကောင်းဖြစ်သွားလို့ ဒီနေ့မှ ကျောင်းပြန်တက်ရမှာပါ။ အိမ်ကိုတော့ မလိမ့်တစ်ပတ်ညာထားရတယ်။ ကာယအလှမယ်ပြိုင်ပွဲအတွက် လေ့ကျင့်တာ ပင်ပန်းသွားလို့ ဆိုပြီး။ သူ့အမေကတောင် ပြောနေပါသေးတယ်။ 'ဒီလောက်ပင်ပန်းရင် ဝင်မပြိုင်ပါနဲ့တော့လား' တဲ့။ တီတာအောင်ချမ်းလည်း အလောသုံးဆယ်၊ ဖုတ်ပူမီးတိုက်၊ ပျာယာခတ်နေတဲ့ သားကောင်းမြတ်နောက် ဘုမသိဘမသိနဲ့ လိုက်လာခဲ့ရတယ်။ နှစ်ယောက်သား ကားပေါ်ရောက်တဲ့အထိ ဘာမှ မပြောဖြစ်ကြဘူး။ သားကောင်းမြတ်ကတော့ ကားကို ဂရုတစိုက် မောင်းနေတာပါ။ တီတာအောင်ချမ်းခမျာ တွေးရခက်ကြီး။ အင်းလေ တစ်ကိုယ်လုံးနွမ်းလျပြီး ဘာမှလည်း အရေးတယူ တွေးမနေချင်တော့တာပါ။ ကားရဲ့ဦးတည်ရာက ကျောင်းဖက်ကို မဟုတ်ဘဲ တစ်ခြားလမ်း ဖြစ်နေတယ်။

"နင်အခု ဘယ်ကို သွားနေတာလဲ"

"ဘူတာကြီးကို၊ ဟိုမှာ ကျော်စွာ စောင့်နေလိမ့်မယ်"

"ဘာလုပ်ဖို့လဲ"

"ဟိုနေ့က နင်တို့နှစ်ယောက် ချိန်းတာ လွဲသွားတယ်လေ။ အခုကြားထဲက ငါပြန်ချိန်းပေးတာ ဒီတစ်ခါတော့ မလွဲနိုင်တော့ဘူး"

"ဟင်"

တီတာအောင်ချမ်းခမျာ 'ဟင်'တစ်လုံးပဲ ပါးစပ်က ထွက်နိုင်တော့တယ်။ ရင်ထဲမှာ ချက်ချင်းဆို့တက်လာရဲ့။ သူ့အတတ်ဆန်းမိတာ မှားပြီထင်ရဲ့။ သားကောင်းမြတ်ရင်ထဲက တစ်ယောက်ဆိုတာ တီတာအောင်ချမ်းမဟုတ်ဘူးဆိုတာ သိသာရုံနဲ့ အားမရသေးလို့ သက်သေပါပြချင်နေတာများလား။ တီတာအောင်ချမ်းခမျာ ဝမ်းနည်းစိတ်တွေဆို့တက်ပြီး မျက်ရည်တစ်သွင်သွင် ကျလာပါတယ်။

"ရပ်၊ အခုကားကိုရပ်၊ ငါမလိုက်ဘူး၊ ရပ်ဆိုရပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံရောနေတဲ့ တီတာအောင်ချမ်းရဲ့အသံက ပလုံးပထွေး။

"နင် စိတ်မဆိုးပါနဲ့တော့ တီတာရာ။ ဒီလိုပဲ တစ်ခါတစ်လေ အမှားအယွင်းဆိုတာ ရှိတတ်တာမျိုးပဲ။ ကျော်စွာနဲ့ ငါသေချာဆွေးနွေးပြီးသွားပါပြီ။ မပူပါနဲ့ဟာ အားလုံးအိုကေသွားမှာ"

အမှားအယွင်းက အခုမှစတာပါ။ နောက်တစ်ခါ ထပ်မှားလို့ မဖြစ်တော့ဘူး။ ဒီတစ်ခါသာ ထပ်မှားရင် တီတာအောင်ချမ်းနှလုံးသားက ဘယ်တော့မှ အကောင်းပကတိ ဖြစ်တော့မှာ မဟုတ်ဘူး။ တီတာအောင်ချမ်းက မျက်ရည်တွေထဲက အားယူရင်း-

"ငါချစ်တာ. . . . ကျော်စွာ့ကို မဟုတ်ဘူး ဟီးဟီး။ နင်ဒါကို မသိဘူး။ ဘယ်တော့မှလည်း သိမှာ မဟုတ်ဘူး။ နင်ကပဲ အတာလား။ ငါကပဲ တုံးတာလား မသိဘူး။ အီး။ နင့်ရင်ထဲက တစ်ယောက်ဟာ ငါပဲဖြစ်မယ်ဆိုပြီး ငါတစ်ထစ်ချ တွက်ထားခဲ့တာ။ နင်ငါ့အပေါ်မှာ ချစ်တဲ့ စိတ်နည်းနည်းလေးတောင် မှ မရှိဘူးလား သားကောင်းမြတ်ရယ်။ ကားရပ်ပေးပါဟာ။ ငါ့ကို သနားရင် ကားရပ်ပေးပါ။ ငါ့ကို ထားခဲ့ပြီး နင့်ရင်ထဲက လူဆီကိုပဲ သွားပါတော့။ ငါ့ကို ဘယ်တော့မှ လာမတွေ့ပါနဲ့တော့ဟာ ဟီးဟီး"

တီတာအောင်ချမ်းက သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီး၊ ဒက်ရှ်ဘုတ်ပေါ်မှောက်လို့ ငိုချလိုက်ပါတော့တယ်။ သားကောင်းမြတ်က ငိုနေတဲ့ တီတာအောင်ချမ်းကို ပြုံးစိစိနဲ့ ကြည့်ရင်း ကားကို ဆက်မောင်းလို့နေပါတယ်။

"အလကား ဟာမလေး၊ တတ်ယောင်ကားမလေး၊ သူ့ကိုယ်သူ ဆရာမကြီးလိုလို ဘာလိုလိုနဲ့၊ နင့်ကိုမှ ဘာကြောင့် ချစ်သွားရလည်း မသိဘူး။ အူကြောင်ကြားမလေးရေ"

သားကောင်းမြတ်စိတ်ထဲက တွေးရင်း ကားကို ဘူတာကြီးက ကားပါကင်ထဲ ဝင်ရပ်လိုက်ပါတယ်။

"ကဲ၊ ဆင်းတော့"

တစ်သိမ့်သိမ့်ရှိုက်နေတဲ့ တီတာအောင်ချမ်းက ဘေးဘီကို ကြည့်တယ်။ ဟင် ဒါတကယ်ပဲ ဘူတာကြီးကို ရောက်နေတာပါလား။

"ငါက ဘာလုပ်ဖို့ ဆင်းရမှာလဲ။ မဆင်းဘူး"

စောစောတုံးက သူပဲ ဆင်းမယ်ပြောပြီး၊ မဆင်းတော့ပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးပါလား မိတီတာလေးရယ်။
“မဆင်းဘဲနဲ့တော့ မနေပါနဲ့ဟာ။ ကျော်စွာနောက်ကို မလိုက်ချင်ဘူးဆိုလည်း အကျိုးအကြောင်းလေးတော့ ဆင်းပြီး ရှင်းပြဦးလေ။ ဒီလောက်လူတွေအများကြီးထဲ ကျော်စွာက နင့်ကို ဆွဲမပြေးရဲပါဘူး”
တီတာအောင်ချမ်းက ကားတံခါးကို ဖွင့်ပြီး ခပ်ကြမ်းကြမ်း ပြန်ပိတ်လိုက်ပါတယ်။ မျက်ရည်စီးကြောင်းတွေနဲ့ နှပ်ချေးကြောင်းတွေနဲ့ ဒီရုပ်ဆိုးဆိုး ကြောင်ချေးလူးမလေးကို ဘယ်လိုချစ်ရမှန်း မသိပါဘူး။ နေပေ့စေ။ မပြောဘဲထားလိုက်မယ်။ ဒီပုံစံနဲ့သာ မယ်ပြိုင်ပွဲ ဝင်ခိုင်းလို့ကတော့ အကဲဖြတ်ဒိုင်လူကြီးတွေက သူတို့ကို ရွဲ့တာလားဆိုပြီး စိတ်ဆိုးလိုက်မယ့် အမျိုး။ ပေပွ စုတ်ပြတ်တဲ့ ရုပ်ခပ်ဆိုးဆိုး ကောင်မလေးတစ်ယောက်နဲ့ ခပ်ချောချော ခပ်သန့်သန့် ကားသော့လေး ရမ်းပြီး ဝင်လာတဲ့ ကောင်လေးတစ်ယောက်ကို ဘူတာကြီးမှာရှိတဲ့ လူတွေက ကွက်ကြည့်ကွက်ကြည့်နဲ့။ အပူသည်ရုပ်နဲ့ ကောင်မလေးကတော့ ဒါတွေ သိထားပုံမရပါဘူး။ မျက်လုံးထဲလည်း ဘာမှ မြင်ပုံမရဘူး။ တွေ့ပါပြီ။ ဟိုမှာ ရထားလက်မှတ်ကိုင်ပြီး စောင့်နေတဲ့ ကျော်စွာ။ တီတာအောင်ချမ်းရဲ့ မျက်နှာကို ကြည့်ပြီး မျက်လုံးပြူးမျက်ဆံပြူးနဲ့။
“ဟာ ဘယ်လိုပုံစံပေါက်လာတာတုံး၊ အထုပ်အပိုးတွေရော”
“မလိုက်ချင်လို့တဲ့၊ လူကို မနည်းချော့ခေါ်လာရတာ၊ ကြည့်ပါလား ရုပ်ကို”
သားကောင်းမြတ်က အပြုံးမပျက်ပေမယ့် ကျော်စွာကတော့ သည်းမခံနိုင်ပါဘူး။
“တီတာရော့၊ တစ်ရှူး၊ နင့်မျက်နှာကို သုတ်လိုက်ဦး၊ ပေပွနေတာပဲ”
“အို၊ ပေပေပွပွ”
ကောင်မလေးက ဘုပြန်ပြောတယ်။ ပြီးမှ လေသံတိုးတိုးနဲ့။
“ဒီမှာ ကျော်စွာ၊ နင်ငါ့ကို တကယ်ချစ်မှန်း ငါသိပါတယ်။ နင့်ရဲ့ ခေတ္တာကိုလည်း ငါအသိအမှတ်ပြုပါတယ်။ နင့်ကို ငါဒီစကားပြောရတာ အားနာတယ်။ ငါ နင့်နောက်ကို မလိုက်နိုင်ဘူး”
“ဘယ်သူက ငါ့နောက်ကို လိုက်ခိုင်းနေလို့လဲ”
“ဒါဆို ဘာကြောင့် ငါ့ကို ဘူတာခေါ်လာတာလဲ”
“သားကောင်းမြတ်က နင့်ကို ခိုးမလို့။ အဲဒါ ကူညီပါဦးဆိုလို့”

www.burmeseclassic.com

www.burmeseclassic.com


"ဘာ ဘယ်သူက"

တီတာအောင်ချမ်းခမျာ အခုမှ ငုတ်တုတ်မေ့သွားတယ်။ သားကောင်းမြတ်က ပြောတော့ ကျော်စွာက ခိုးမလို့တဲ့ ။အခုကျော်စွာ ပြောတော့ သားကောင်းမြတ်က ခိုးမလို့တဲ့။ ဘာတွေလဲ။ ဘာဖြစ်နေကြတာလဲ။ ဘာတွေကို ယုံရမှာလဲ။ စိတ်ကြီးရယ် ရှုပ်လာပြီနော်။

"ငါက ဘယ်သူ့နောက် လိုက်ရမှာတုံး၊ နင်တို့ငါ့ကို အရူးလုပ်နေကြတာလား"

တီတာအောင်ချမ်းက စိတ်ပေါက်ပေါက်နဲ့ အော်ထည့်လိုက်ပါတယ်။ အော်သံက နည်းနည်းကျယ်သွားတော့ ဘေးက ခရီးသည်တွေကပါ ကွက်ကြည့်ကွက်ကြည့်နဲ့။

"ဟာ တိုးတိုးလုပ်ပါဟ၊ နင်ကလည်း ရှက်စရာကြီး"

ကျော်စွာက ဘေးဘီကို ကြည့်ရင်း ပြောလိုက်ပါတယ်။ စပီကာထဲက ကြေငြာချက် ထွက်လာပါတယ်။ မကြာခင် ရထားထွက်တော့မယ်ဆိုတဲ့ အကြောင်းပါ။ ခရီးသည်တွေ ရထားပေါ် တက်လို့ ရပြီဆိုတဲ့အကြောင်းပါ။ ကျော်စွာက သားကောင်းမြတ်ကို ပခုံးပုတ်လိုက်ရင်း-

"ကဲ သားကောင်းမြတ်၊ တီတာ ရထားပေါ်တက်တော့။ မင်းကားသော့ပေးခဲ့ဦး။ ပျော်ရွှင်ပါစေကွာ"

"ငါမင်းကို တကယ်ကျေးဇူးတင်ပါတယ်ကွာ"

"ရပါတယ်"

သားကောင်းမြတ်က တီတာအောင်ချမ်းလက်ကို ဆွဲပြီး ရထားရှိရာ လှမ်းသွားပါတယ်။ တီတာအောင်ချမ်းက နောက်ပြန်လေးကြည့်ရင်း ကျန်ခဲ့တဲ့ ကျော်စွာ့ကို နားမလည်သလို မေးလိုက်ပါတယ်။

"ဟဲ့ ကျော်စွာ၊ နင်ရော မလိုက်ဘူးလား"

"ငါက နင်တို့နှစ်ယောက်ကြား ဘာလိုက်လုပ်ရမှာလဲ"

ကောင်မလေးက ဇဝေဇဝါနဲ့ သူ့ကို ဆွဲခေါ်နေတဲ့ သားကောင်းမြတ်ကို တစ်လှည့်၊ ကျော်စွာကို တစ်လှည့် ကြည့်နေပါတယ်။ ဒီကောင်မလေးကယောင်ချောက်ခြားနဲ့။ သူ့ကိုယ်သူ ဘာလုပ်နေမှန်း သတိထားမိပုံမရပါဘူး။ သားကောင်းမြတ်က ဒီအူကြောင်ကြားမလေးကို မလွှတ်တမ်းဆွဲပြီး ထိုင်ခုံရှိရာ ခေါ်လာခဲ့ပါတယ်။ ရထားကြီးက ဥသြသံလေးပေးလို့


www.burmeseclassic.com

www.burmeseclassic.com



ဘီးစလိုမ့်နေပါပြီ။ စကြိန်ပေါ်မှာ ကျော်စွာတစ်ယောက် လက်ကလေး ပြလို့ ကျန်ရစ်ခဲ့ရှာတယ်။ ရထားကြီးက တဖြည်းဖြည်းနဲ့ မြန်လာပါပြီ။ သားကောင်းမြတ်က သူ့အကျႌအိတ်ထဲက စနိုးတာဝါကို ထုတ်လိုက်ပြီး တီတာအောင်ချမ်းကို ကမ်းလိုက်ရင်း-

"ရော့ မျက်နှာသုတ်လိုက်ဦး။ ကျော်စွာက တကယ်သဘောထား ပြည့်တဲ့ ကောင်၊ သူက နင့်ကို တကယ်ချစ်တာဟ။ တော်သေးတာပေါ့ ဟာ နင်နဲ့ငါ ဝေးတော့မလို့"

တီတာအောင်ချမ်းက သူ့မျက်နှာကို စနိုးတာဝါနဲ့ပွတ်ရင်းနဲ့ တစ်စုံတစ်ခုကို သတိရသလိုနဲ့ အလန့်တကြား သားကောင်းမြတ်ဖက် လှည့်လိုက်ပါတယ်။

"သားကောင်းမြတ်၊ ငါအခု ဒီရထားပေါ် ဘာလုပ်ဖို့ ရောက်နေ တာလဲ"

"နင်ငါ့နောက်လိုက်လာတာလေ၊ မဟုတ်ဘူးလား"

"ဘာ"

တီတာအောင်ချမ်းက ဘေးဘီကိုကြည့်တယ်။ ရထားကြီးက အရှိန်ပြင်းပြင်း။ ပြတင်းပေါက်က မြင်ရတဲ့ မြင်ကွင်းတွေက တရိပ်ရိပ် နဲ့ နောက်ချန်နေရစ်ခဲ့ကြတယ်။ ရထားကြီးက ရန်ကုန်နယ်နမိတ် မလွန်သေးပါဘူး။ တီတာအောင်ချမ်းက သားကောင်းမြတ်ဖက်လှည့်ပြီး သားကောင်းမြတ်ကို တဖုန်းဖုန်းမြည်အောင် ရိုက်ပါတော့တယ်။

"ဟာ၊ တီတာ နာတယ်ဟ။ နင်ဘာဖြစ်တာလဲ။ မရှက်ဘူးလား၊ လူတွေကြည့်ကုန်ပြီ"

"အို ကြည့်ကြည့်၊ နင်တော်တော် လူလည်ကျပါလား သားကောင်း မြတ်။ နင်မိန်းကလေးတစ်ယောက်ကို ချစ်တယ်ကြိုက်တယ်လို့ တစ်ခွန်း မှမပြောဘဲ မလိမ့်တစ်ပတ်နဲ့ ခိုးလာတာ။ ဒါသွေးဆောင်ဖြားယောင်းမှု ဟဲ့။ ငါမလိုက်နိုင်ဘူး ချက်ချင်းဆင်းမယ်"

အခုမှပဲ တီတာအောင်ချမ်းရဲ့ ဦးနှောက်က ပုံမှန်ဖြစ်သွားပါတယ်။ ရထားကြီးက တဂျုံးဂျုံးနဲ့ခုတ်လို့ မောင်းလို့ ကောင်းတုံးပါ။ တီတာကြီး တစ်ခုကို ကျော်ဖြတ်နေတဲ့ အသံက တစ်ဝုန်းဝုန်းနဲ့ပါ။

"အော် တီတာရယ်၊ တစ်ခါတစ်လေကျရင် စကားလုံးတွေမပါဘဲနဲ့ နလုံးသားချင်းပြောဖြစ်ကြတာတွေက ပိုပြီးထိရောက်ပါတယ်ဟာ။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် နင်နဲ့ငါ့ကြားမှာ ဘာစကားလုံးမှ မလိုပါဘူးဟာ"

"နင်ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ နင့်အတွက် မလိုပေမယ့် ငါ့အတွက်တော့ လိုအပ်တယ်"

"အော်ဒီလိုလား"

သားကောင်းမြတ်က တီတာအောင်ချမ်းကို သူ့ဘက်ပါအောင် ဆွဲယူလိုက်ပါတယ်။

"လွှတ်နော်၊ ငါအော်မှာနော်"

"မလွှတ်ဘူး"

တီတာအောင်ချမ်းက ခဏလောက် ငြိမ်သွားပြီး ဘေးဘီကို ကြည့်ပါတယ်။ ရှေ့ခုံက ခရီးသည်တွေရော၊ ဘေးခုံက ခရီးသည်တွေ ကပါ တစ်စေ့တစ်စောင်း ကြည့်လို့။ ဒါတောင် နောက်ကို လှည့်မကြည့် ရသေးဘူး။ အင်း၊ ရှက်လိုက်တာနော်။ ဒီလိုပုံစံမျိုးနဲ့ သားကောင်းမြတ် နောက်ကို လိုက်ရတော့မှာပါလား။ သားကောင်းမြတ်က တီတာအောင် ချမ်းကို ရင်ခွင်ထဲရောက်အောင် ဆွဲသွင်းလိုက်ပါတယ်။ ကောင်မလေးက တောင့်တောင့်ကြီးပါလာတယ်။ သားကောင်းမြတ်က ခေါင်းချင်းနီးသွား အောင် တိုးသွားပါတယ်။ ကောင်မလေးက

"နင့်နှာခေါင်းကြီး ငါ့နား တိုးမလာနဲ့နော်"

"ချစ်လို့ပါ တီတာရယ်"

"အိုဘာဖြစ်ဖြစ် တိုးမလာနဲ့"

ကောင်မလေးက ခေါင်းကြီးအတင်းစောင်းပြီး လက်ကာထားပါ တယ်။ ဒီလိုပြောရုံနဲ့ ရရိုးလား ကောင်မလေးရယ်။ ရထားကြီးက တံတားတစ်ခု အဖြတ်မှာ သားကောင်းမြတ်က လက်ဦးမှု ရယူလိုက်ပါ တယ်။

"ဟင်း လူဆိုး၊ ဘာမှန်းလဲမသိဘူး။ ငါဒေါသထွက်လာပြီနော်"

"ရထားက လှုပ်တာကိုးဟ"

ကောင်မလေးက ကောင်လေးရဲ့ ရင်ခွင်ထဲမှာ ခဏလောက် ငြိမ်သွားပါတယ်။ ပြီးမှ-

"နင်ငါ့ကို တကယ်ချစ်တာပါနော်"

"အော်၊ မြွေပွေးကိုက်ပါတယ်ဆိုမှ သွေးဆုံးကိုင်တာလား မေးနေရ သေးတယ်။ ချစ် ချစ်၊ အရမ်းချစ်၊ အားကြီးချစ်၊ နေလို့ထိုင်လို့မရအောင်


www.burmeseclassic.com

www.burmeseclassic.com


ချစ်"

"ဟီဟိ၊ ကိုပိုကြီး"

တကယ်ပြောတာပါ တီတာရယ်၊ ငါ နင့်ကို တကယ့်ကိုချစ်တာပါ။ နင်ယုံတယ်မဟုတ်လားဟင်"

ရထားကြီးက ဘယ်ယမ်းညာယမ်းနဲ့ ထပ်ပြီးလှုပ်သွားပြန်ပါတယ်။ ဘုံတားတစ်စင်း ထပ်ဖြတ်ပြန်ပြီထင်ရဲ့။ နှစ်ယောက်သား ခေါင်းချင်းနီး သွားကြပြန်တယ်။ ဒီတစ်ခါတော့ ကောင်မလေးက လက်လည်း မကာတော့ဘူး။ ခေါင်းလည်း မခါတော့ဘူး။

"သားကောင်းမြတ်"

"ဘာတုံး"

"ငါတို့ ရွှေဘုံတာရောက်ရင် ဆင်းရအောင်ဟာ"

"ဘာဖြစ်လို့ ဆင်းမှာတုံး"

"ငါက နင်နဲ့ဆိုရင် ခိုးရာမလိုက်ချင်ဘူးဟ။ သမီးရည်းစားဘဝနဲ့ နေချင်သေးတယ်။ ပြီးတော့ ကျောင်းလေးပြီးအောင် တက်ပြီး၊ နှစ်ယောက်စလုံး အခြေတကျဖြစ်တော့မှ မြန်မာပြည်မှာ အဆင့်အမြင့် ဆုံးဆိုတဲ့ ဟော်တယ်ကြီးမှာ ထိုင်မသိမ်းလေးဝတ်ပြီး ဟိုလျှောက်ဒီ လျှောက်၊ လျှောက်ပြချင်သေးတာဟ။ လိမ္မာပါတယ်ဟာ၊ ရွှေဘုံတာကျ ဆင်းရအောင်နော်"

"စိတ်လျှော့တော့ မမရေ။ ဒီရထားက တောင်ငူကျမှ ရပ်တော့မှာ၊ ပဲခူးမှာတောင် မရပ်ဘူး"

"ဟင်၊ ဒါဆိုရင် နင်မီးရထားမောင်းတဲ့ လူကို သွားပြောဟာ။ ပဲခူးမှာ ခဏယောက် အရှိန်လျှော့ပေးပါလို့။ လိမ်မာပါတယ်ဟာ။ ပြီးတော့ နောက်လေးရက်ဆို မယ်ပြိုင်ပွဲ ဝင်ရတော့မှာဟ။ အဲဒါလေး လည်း ပြိုင်လိုက်ချင်သေးတယ်"

အင်း အခုမှပဲ ကောင်မလေးက မိန်းမပီသနေပါတော့တယ်။ ဒါတွေကို သိလို့ ကျော်စွာနဲ့တိုင်ပင်ပြီး၊ ပဲခူးမှာတောင် မရပ်တဲ့ အထူး အမြန်ရထားလက်မှတ်ကို ရအောင် ဝယ်လာတာ။ စိတ်မကောင်းပါဘူး တီတာအောင်ချမ်းလေးရယ်။

"နော်လို့၊ ငါ့ကိုချစ်ရင် ရထားရပ်အောင် လုပ်ပေးဟာ၊ ငါတို့အိမ် ပြန်ရအောင်လို့နော်"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရော၊ ကိုယ်ပါ လျှော့လိုက်ပါတော့ အမိရေ။ အခုလောက်ဆို နှင့်အိမ်နဲ့ ငါ့အိမ်မှာ နှင်နဲ့ငါခိုးရာလိုက်သွားပြီဆိုတဲ့ သတင်းကြောင့် ပွက်လောရိုက်နေလောက်ပြီ"

ကောင်မလေးက စိတ်ညစ်ညစ်နဲ့ ကောင်လေး ရင်ခွင်ထဲ ရုန်းထွက်ပြီး ထိုင်ခုံပေါ် ဆောင့်ကြောင့်လေး ထိုင်နေပါတယ်။ ရထားကြီးက တစ်ဝေါဝေါနဲ့။ ရန်ကုန်နယ်နမိတ်တောင် လွန်လာပါပြီ။ မကြာခင် ဒါးပိန်ရောက်တော့မယ် ထင်ရဲ့။ သားကောင်းမြတ်ကတော့ ခပ်အေးအေးနဲ့ ထိုင်ခုံမှာ နောက်လှန်ပြီး မျက်လုံးလေး မှေးနေတယ်။ တီတာအောင်ချမ်းက ရထားတွဲထဲ လျှောက်ကြည့်တယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


မိုးရထားသံလမ်းတွေက အစီအရီ အပြိုင်အဆိုင် ရှိနေကြပါတယ်။ သံလမ်းတစ်ခုစီမှာတော့ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက် ငုတ်တုတ်ထိုင်လို့။ နေမင်းကြီးကလည်း ကြဲကြဲတောက်ပူလို့။

ကောင်မလေးက နောက်ကပြေးလိုက်လာပြီး ကောင်လေးရဲ့ ကျောကို အုံးကနဲ ထုလိုက်ပါတယ်။

"ဟာ အဆုတ်တွေ ကွာကုန်တော့မှာပဲ"

"ဒါဖြင့် စကားကို ပြန်ပြင်ပြော၊ ချစ်လားမချစ်ဘူးလားလို့"

ကောင်မလေးရဲ့ ရုပ်ကမချစ်ဘူးပြောရင် အသေသတ်မယ့် ရုပ်မျိုးနဲ့။ ကောင်လေးကလည်း အသက်သာ အသေခံမယ် မချစ်တော့ဘူး ဆိုတဲ့ ရုပ်မျိုးနဲ့။

"မချစ်ပါဘူး၊ ရုပ်လည်းဆိုးသေး။ စိတ်ကလည်း ပုတ်သေး။ လူများ မိန်းမခိုးလာတာ ဖျက်လိုဖျက်ဆီးနဲ့"

ကောင်မလေးက ကောင်လေးကို စိတ်ရှိလက်ရှိ လက်သီးနဲ့ လိုက်ထုပါတယ်။ ကောင်လေးက ကောင်မလေးလက်ကို လှမ်းချုပ်ထားလိုက်ပါတယ်။ ကောင်မလေးက ကောင်လေးရဲ့ ရင်ခွင်ထဲ ရောက်သွားပါတယ်။ နှစ်ယောက်သား မျက်လုံးချင်းဆုံတဲ့အချိန်မှာတော့ ကောင်မလေးက မျက်ရည်တွေ စီးကျလာပါတယ်။

BURMESE CLASSIC

"ဟီး ဟီး"

"ဟာ ဘာလို့ ငိုရတာတုံး၊ ငါက နောက်တာကို"

"မနောက်နဲ့ ဟီးဟီး"

"ကဲ မနောက်တော့ဘူး။ ရထားလမ်းပေါ်မှာ ငိုရင် မွေးလာမယ့် ကလေး သွားတွေ ပါမလာတတ်ဘူးတဲ့။ တိတ်တော့နော်၊ နင်အဲဒါ မကြောက်ဘူးလား"

"ဘယ်ကလေးက မွေးမွေးချင်း သွားပေါက်လို့လဲ။ နင့်ကလေးကျမှ အစွယ်တန်းလန်းနဲ့ မွေးခိုင်း"

"ငါ့ရဲ့ကလေးက နင်မွေးပေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com


"အုန်း"

ကောင်မလေးက လက်သီးနဲ့ အားရပါးရ ထုထည့်လိုက်တာပါ။ သူကလေးက အခုရယ်လိုက်၊ အခုငိုလိုက်၊ အခုဒေါသဖြစ်လိုက်နဲ့။ မျက်ရည်စိုနေတဲ့ ပါးနှစ်ဖက်ကလည်း နေရောင်ခြည်အောက်ဖိတ်ဖိတ် လက်လို့။ သားကောင်းမြတ်ရဲ့ ရင်ခုန်သံတွေ မြန်ဆန်လာပါတယ်။

"နင့်ကို သိပ်ချစ်တာပဲ တီတာအောင်ချမ်းရယ်"

"ငါလည်း နင့်ကို ချစ်ပါတယ် သားကောင်းမြတ်ရယ်"

အခုတော့လည်း တစ်ယောက်နဲ့ တစ်ယောက်က အပျောက်မခံနိုင်သလို မလွှတ်တမ်း မျက်လုံးချင်းဆိုင်ကြည့်လို့။ ခဏကြာတော့ ကောင်မလေးက မျက်လုံးလွှဲလိုက်ပြီး ကောင်လေးပခုံးကို အားပြုလို့ သံလမ်းဘောင်တစ်ခုကနေ မကျအောင် ထိန်းပြီး လျှောက်နေပါတယ်။

"ကဲ နင် ဟိုဘက်သံလမ်းပေါ်တက်။ ရုပ်ရှင်တွေထဲကလို ဟိုဘက်သံလမ်းနဲ့ ဒီဘက်သံလမ်းပေါ်ကနေ လက်ချင်းချိတ်ပြီး လျှောက်ရအောင်၊ ရွှေ့ကဘူတာရောက်တဲ့အထိ လက်တွဲမဖြုတ်ကြေးနော်"

ကောင်မလေးက အရမ်းကို ကဗျာဆန်နေပြန်ပါတယ်။ သားကောင်းမြတ်က အခြေအနေကို ကြည့်ပြီး ခေါင်းရမ်းလိုက်ပါတယ်။

"ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်။ ငါတော့ မလုပ်နိုင်ဘူး။ လျှောက်ချင်ရင် နင့်ဘာသာ တစ်ယောက်တည်းလျှောက်"

"ဘာဖြစ်ရပြန်ပြီလဲ"

ကောင်မလေးအသံက စိတ်မကြည်သလို မာဆတ်ဆတ်နဲ့။ ကောင်လေးက ဟိုးရှေ့ကို လက်ညှိုးထိုးပြလိုက်ပါတယ်။

"တို့လျှောက်မယ့် သံလမ်းတည့်တည့်မှာ ရထားတစ်စင်းလာနေတယ်"

လွင်မင်းအုံ

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com

# မျက်ပွင့်စာပေမှ ထုတ်ဝေဖြန့်ချိပြီး စာအုပ်များ

၁။ Guide Book For Using Internet
အင်တာနက်အသုံးပြုနည်းလမ်းညွှန် — မျိုးသူရ
၂။ Internet Security and Surfing — မျိုးသူရ
၃။ Guide to Using Email
e-mail အသုံးပြုနည်းလမ်းညွှန် — မျိုးသူရ
၄။ Hacking Google
အင်တာနက်မှ ရှာဖွေနည်းများ — မျိုးသူရ
၅။ Understanding PC Hardware
ကွန်ပျူတာတပ်ဆင် ပြုပြင်ထိန်းသိမ်းနည်းအခြေခံသဘောတရားများ — မျိုးသူရ
၆။ Modern American English Conversation
မော်ဒန်အမေရိကန်အင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၇။ Dictionary of Synonyms and Antonyms
အဓိပ္ပါယ်တူနှင့် ဆန့်ကျင်ဘက်စကားလုံးများအဘိဓါန် — ဦးခင်မောင်သန်း(ရွှေဆောင်)
၈။ Simplest Spoken English
အလွယ်ဆုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၉။ The Best Spoken English
အကောင်းဆုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၀။ A Practical English Conversation
လက်တွေ့အင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၁။ English Speaking for Hotel
ဟိုတယ်သုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၂။ English Speaking for Tourism
ခရီးသွားအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၃။ A Practical English Grammar
လက်တွေ့အင်္ဂလိပ်သဒ္ဒါ — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၄။ Student's Essay
ကျောင်းသားအင်္ဂလိပ်စာစီစာကုံးများ — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၅။ The Best Letter Writing
အကောင်းဆုံးအင်္ဂလိပ်စာရေးနည်း — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၆။ Let's Speak General English
အင်္ဂလိပ်စကားပြောကြမယ် — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၇။ Modern 900 + CD
၉၀၀ မော်ဒန် အင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဆောင်)
၁၈။ ကွမ်းစကား — သုမောင်
၁၉။ ပန်းကျောင်း — မင်းလူ
၂၀။ သစ္စာရှင့်မြို့သို့ — မြတ်ဆွေ
၂၁။ အဖြစ်များသော ရောဂါများနှင့်တိုင်းရင်းဆေး — စိုးအောင်(တိုင်းရင်းဆေးသိပ္ပံ)
၂၂။ ဆေးဆက်ဝင်သော အိမ်နောက်ဖေးချောင်း — စိုးအောင်(တိုင်းရင်းဆေးသိပ္ပံ)
၂၃။ ဆံပင်အန္တရာယ်ကာကွယ်ပြုစုနည်း — ဦးလှထွန်း
၂၄။ အစွမ်းထက်သည့် မြန်မာ့ဆေးနည်းအကျော်အမော်များ — ဦးလှထွန်း
၂၅။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနည်းပညာ — မြထွန်းအောင်
၂၆။ ကုန်ထုတ်လုပ်ငန်းနှင့် ဈေးကွက်စီမံခန့်ခွဲမှုနည်းပညာ — ဒေါက်တာစံထွန်းအောင်
(၂၀၀၇ ခုနှစ်ထုတ် လုပ်ထုံးလုပ်နည်းပုံစံများဖြင့်)

www.burmeseclassic.com